www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


# စောညို

## တစ်ကိုယ်တော်စိုးဒေဝါနှင့်သူလျှိုထိပ်ထား

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၆၁၀၂၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၉၇၀၃၁၀

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃
စောညို
တစ်ကိုယ်တော်စိုးဒေဝါနှင့်သူလျှိုထိပ်ထား/စောညို-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၉၆- စာ၊ ၁၂x၁၈ စင်တီ။
(၁) တစ်ကိုယ်တော်စိုးဒေဝါနှင့်သူလျှိုထိပ်ထား


BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



စီစဉ်သူ

မောင်ကျော်လှိုင်

(စေတနာစာပေ)

# တောညို



## တစ်ကိုယ်တော်စိုးဒေဝါနှင့်

# သူလျှိုထိပ်ထား

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူသိသိ၊ မသိသိ ငါ့နိုင်ငံအား ပျက်စီးအောင် ငါမလုပ်။

ဘယ်သူသိသိ၊ မသိသိ ငါ့နိုင်ငံအကျိုးရှိအောင် ငါ၏ စာပေဖြင့် ငါလုပ်မည်။

(ဇောညို၏ ခံယူချက်)

---

ငါသည် မှန်တိုင်း။

ငါသည် ဒီလှိုင်း၊

ငါသွားရာလမ်းကြောင်းမှာ၊

နိုင်ငံ၏ အဖျက်မှန်သရွေ့၊

ငါတိုက်ဖျက်ချေမှုန်းသွားမည်။

(တစ်ကိုယ်တော်စိုးဒေဝါ၏ခံယူချက်)

BURMESE CLASSIC .com



## ဇာတ်လမ်းစဉ်(၁)

"သက်သာရဲ့လား"

"သက်သာပါတယ်"

"နာတာကော"

"နာတာထက် စပ်နေတယ်"

"အရက်ပြန်အရှိန်က ရှိနေသေးတာကိုးကွ"

"ကောင်းတော့ကောင်းသွားမှာပါ"

"ရှပ်ထိသွားလို့ တော်သေးတာပေါ့"

"မနက်ဖြန် ဆရာဝန်ဆီသွားလိုက်ကွာ"

"အေတီအက်(စ်) တစ်လုံး ထိုးလိုက်ရင် အိုကေသွားမှာပါ"

"ဘယ်က ကောင်တွေလဲ"

"ဦးလေးရန် ဘယ်လိုထင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဝါသဘော ပြောရရင် ဒေါ်ရော်သီဝင်းမင်းရဲ့ လက်ဖွားလက်စွယ်တွေနဲ့ တူတာပဲ မောင်စိုး"

"ဟုတ်တယ် … ဒီဟာဝမကြီးလက်ချက်ပဲ"

"ငါပြောသားပဲ အပြတ်ဖြိုလိုက်ပါလို့"

"ခက်ပါတယ် ဦးလေးရန်ပြေရာ … ကျွန်တော် မိန်းမ တစ်ယောက်နဲ့ ဖက်ရန်မဖြစ်ချင်ပါဘူး … မိန်းမဆိုတာ ခွေးကလေးတွေ ကြောင်ကလေးတွေလိုပဲ … သူတို့က ကိုက်တတ် ကုတ်တတ်ပေမယ့် ကိုယ်က ရိုက်ရင် ဘာမှ မလုပ်နိုင်ဘဲ နာပြန်ရော … မိန်းမလည်း ဒီအတိုင်းပေါ့ဗျာ"

"အထင်တော့ မသေးနဲ့ … မာတာဟာရီဟာ ကမ္ဘာစစ်မှာ တိုင်လှုပ်သွားတယ် … ကလီယိုပတ်ထရာဘုရင်မဟာ ဖြိုင် ဘက်ဘုရင်တွေ စစ်သူကြီးတွေလို ရာဇပလ္လင်က ကျအောင် လုပ်နိုင်ခဲ့တယ် … မိန်းမကို အထင်သေးလို့ မရဘူး … ကြခတ်ဆူးကို မျှစ်စို့ထင်ပြီး သွားမနင်းလိုက်နဲ့ … ထုတ် ချင်းခတ်ပေါက်သွားမယ်ကွ"

"ကျွန်တော် စိုးဒေဝါပါ … ဘာကိုမှ မကြောက်တဲ့ စိုးဒေဝါပါ"

"ဘာကိုမှ မကြောက်လို့ ခုမင်းကို ငါ ဆေးထည့်ပေးရတာ ပေါ့ … ထိကရုံးဆူးကို ဆူးသေးဆူးမွှားရယ်လို့ အထင်သေး လို့တော့ ခံသွားရမယ် မောင်စိုးရေ … ထိကရုံးဆူးမှာလည်း သွေအဆိပ်နဲ့ သူပဲကွ"





ရိုယွန်းမီချောင်းက တစ်ခန်းလုံးတွင် ထိန်တောက် နေအောင် အလင်းရောင်လွှမ်းနေသည်။

ဆိုဖာတစ်လုံးထက်တွင် စိုးဒေဝါထိုင်နေသည်။ ကိုယ်အထက်ပိုင်းတွင် အဝတ်အစားမရှိ။ ပြင်ပမှ မိုးနံ့ရောနေသော လေနုအေးအေးက ပြတင်းပေါက်မှ ဖြတ်ဝင်၍ သူ့တစ်ကိုယ်လုံးကို တိုက်ခတ်နေသည်။

စိုးဒေဝါ၏ ကိုယ်မှာ ကြွက်သားတွေ အဖုအထစ် တွေနှင့် ပြီးနေသည်။ ခန္ဓာကိုယ် ကျစ်လစ်သလောက် သန်မာသော ကြွက်သားကြောတွေက ရင်အုပ်တွင်၊ ပခုံးတွင်၊ လက်မောင်းတွင် အမြောင်းလိုက် ဖောင်းကြွနေသည်။

အသားလတ်ဖြစ်စေကာမူ ရင်အုံဝမ်းဗိုက်တွင် အဝတ် ဝတ်ထားခဲ့သောနေရာမို့ လက်မောင်း လက်ပျံ ကုပ်လည် သားတို့နှင့် စာလျှင် အဲဒီနေရာက ပိုဝင်းဖန့်သည်။

ဝမ်းဗိုက်တွင် အဆီကင်းသည်။ ဘယ်လီကြောတွင် အမြောင်းလိုက်၊ အရစ်လိုက် ခုံးထနေသည်။ ဝမ်းဗိုက်မှာ ဆူဖြိုးဖို့ ဝေးဆွ အဆီမရှိဘဲ ပြားချပ်နေသည်။

ဘယ်ပခုံးတွင် ပတ်တီးဖြူဖြူတစ်ခုက နေရာယူ ထားသည်။

စိုးဒေဝါရုပ်က ချောသည်ဟု ဆိုခြင်းထက် ယောက်ျား ပီသသည်။ သန့်ပြန်သည်။ ခန့်ညားသည်။ တည်ကြည်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ့ရုပ်ကို မြင်လိုက်သူတွေအဖို့ လေးစားပြ[…] အားကိုးချင်စိတ်၊ ခင်မင်လိုစိတ် ဖြစ်ပေါ်လာစေသော မျက်နှ[…] ပေါက်ရှင်ဖြစ်သည်။ အထူးသဖြင့် မျက်လုံးနှင့် နှုတ်ခမ်း။

နှုတ်ခမ်းက လေးကိုင်းသဏ္ဌာန်မရှိသော်လည်း ပုံပန်း[…] ကျနလျက် ပိရိစေ့စပ်နေတတ်၏။ အဲဒီနှုတ်ခမ်းတွင် အပြုံးမရှိ။ အရာရာ[…] ကို ရင်ဆိုင်ရဲပြီး တိကျပြတ်သားစွာပြုမည့်ပုံက ထိုနှုတ်ခမ်းတွင် အဖြေပေးနေသည်။

နှုတ်ခမ်းပြီးတော့ မျက်လုံး။

မျက်ဝန်းလှသည်။ မျက်ဆန်က မည်းနက်တောက်[…] သည်။ မျက်လုံးတွေက သာမန်လူတွေ၏ မျက်လုံးတွေနှင့်မတူ[…]

စူးသည်။ တောက်သည်။ ဝင်းသည်။ အကြည့်ခံရ[…] အဖို့ နှလုံးသားထဲ ရေခဲရေ ပက်ဆမ်းသလို ခံရသည်။

မျက်လုံးအရှိန်အဝါကြီးမားသလောက် အတွင်း[…] သဘောက တည်ကြည်နိုင်မြဲမှု၊ ရက်စက်မှု၊ ပြတ်သားမှု၊ ရဲရင့်မှု[…] အကင်းပါးမှုတွေ ပြနေသည်။

ပေါ်လွင်တန်းဆင်းသွားသော နှာတံနှင့် မသိမသာ[…] ကားသော၊ ကြီးချွန်သော နားရွက်က ဉာဏ်ပညာထက်မြက်မှု[…] ဖော်ကျူးနေသည်။

သူ့အရပ်က ထိုင်နေတာတောင်ရှည်သည်။ ထ[…] လျှင် ငါးပေဆယ့်တစ်လက်မရှိသည်။





ဦးရန်ပြေက ရှေးဦးသူနာပြုသေတ္တာကလေးထဲသို့ အရက်ပြန်၊ တင်ချာအိုင်အိုဒင်း၊ ဂွမ်းတွေ၊ ပတ်တီးလိပ်တွေကို ပြန်ထည့်၏။

"ကျွန်တော့်ကို ဝိုက်လေဘယ်တူးပက်လောက် ဆော်ဒါနဲ့ စပ်ပေးပါ ဦးလေး ... ရေခဲမထည့်နဲ့"

ဦးရန်ပြေ လာပေးသော အရက်ကို သောက်ရင်း ပြီးခဲ့သော နာရီပိုင်းက အဖြစ်ကို ပြန်စဉ်းစားနေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမော်။

ပြည်ထဲရေးဌာနက အတွင်းဝန်။

သူ့သက်တမ်းက ၁၉၅၀ ခုနှစ်မှ ယခု ၁၉၅၅ခုနှစ်ထိ ဒီဌာနမှာပဲ လုပ်နေရဆဲ။

တစ်ချိန်က ဝတ်လုံတော်ရ။

နောက် ... နိုင်ငံရေးသမား။

အဲဒီနောက် ခရိုင်ဝန်။

ပြီးတော့ ပြည်ထဲရေးဌာနမှ အရေးတကြီးနေရာတွင် ထိုင်ရသော အတွင်းဝန်။

၁၉၅၅။

ပါလီမန်· ဒီမိုကရေစီခေတ်။

ပြည်တွင်း ပြည်ပ သောင်းကျန်းသူတွေ ရှုပ်ထွေးနေချိန်။





စိုးဒေဝါကို သူက ဆွေးနွေးစရာရှိသည်ဟု ဆိုသည်။ သူဆွေးနွေးလျှင် စိုးဒေဝါ မျက်ခုံးလှုပ်ရ၏။ နိုင်ငံနှင့် ပတ်သက်သော လူမျိုးနှင့် ပတ်သက်သော တာဝန်တစ်ခုခုပေးကတ်၏။

ကားစက်က ချို့ယွင်းနေသည်။ ဝပ်ရှော့ပို့ထားရသည်။ ချိန်းထားသော နေရာက ကုက္ကိုင်းဘက်က စားတော်ဆက်တစ်ခု။

အငှားဂျစ်ကားတစ်စီး ငှားရသည်။ ည (၇)နာရီတွင် အဲဒီ ရက်စတော့ရင့်သို့ သွားသည်။ ဖိမ်ခံမှန်ကားအချို့ ရက်စတော့ရင့်၏ ခြံဝတွင် ရပ်ထား၏။

သူဝင်သွား၏။

ဦးရွှေမော်ပြောထားသော အခန်းတစ်ခုတွင် ဖောင့်သည်။ စားပွဲထိုးမလေးတွေ ရောက်လာ၏။ ညတုတု ပြိတ်တီနှင့် လုပ်တတ်ကြသော သူမတို့ကို စိုးဒေဝါက အရေးမထား။

ကျော်နီဝါကား ဝီစကီပတ်၊ ဆော်ဒါ၊ ရေခဲ၊ ဘဲရှေပြား ကြော်တစ်ပွဲမှာသည်။ အဲဒါကိုပဲ ဖိမ်ဆွဲသောက်နေသည်။

၇နာရီ။

၇နာရီခွဲ။

ဦးရွှေမော်သည် အချိန်ကို လေးစားသည်။ ဘယ်တော့မှ နောက်မကျတတ်။



www.burmeseclassic.com

www.burmeseclassic.com



ခု ၇နာရီခွဲတာတောင် ပေါ်မလာတော့ သူ့ကို ဆက်စောင့်ဖို့ရန် မလို။

အပိုင်ဆုံးဖြတ်ပြီးသော စိုးဒေဝါဘော(လ်) စာရင်းရှင်းသည်။ အခန်းထဲက အထွက်

"အော် … ရှင်ကိုး"

သူ မတွေ့ချင်သည့် လူတစ်ယောက်နှင့် သွားမျက်နှာချင်းဆိုင်မိ၏။

အမျိုးသမီးတစ်ဦး။

မြန်မလို ဝတ်ထားသော်လည်း အရပ်က ရှည်သည်။ ငါးပေခြောက်၊ ငါးပေခုနှစ်လောက်ရှိမည်။ ရုပ်က ကပြားရုပ်။ အသက်က လေးဆယ်။

သူမ၏ ကောက်ကွေးနေသော နီကြောင်ကြောင် လည်ကုပ်ဆံပင်ပြတ်၊ ဖို့ထားသော မိတ်ကပ်နှင့် မျက်နှာတွင် ခြယ်သမှုတွေက သူမ၏ အသက်ကို လေးဆယ်ကျော် လျှော့ပါးစေသည်ဟု စိုးဒေဝါ ထင်၏။

"ခင်ဗျားကိုး"

စိုးဒေဝါက ခပ်တည်တည်။

"ရှင့်ကို ကျွန်မ မတွေ့ချင်ကာမှ လာတွေ့နေတယ်"

"ကျုပ်ကလည်း ခင်ဗျားကို ဒီမှာ လာတွေ့ရတာ အမင်္ဂလာ





ကို ဖြစ်သွားတာ ဒေါ်ရော်သီ"

သူနှင့် ဒေါ်ရော်သီက စီးပွားရေး ပြိုင်ဘက်။

သူ့လိုပဲ ပြည်တွင်း ပြည်ပ စိန်ရွှေရတနာ အရောင်းအဝယ်လုပ်နေသူ။

တစ်ခါက နီလာကျောက်တွေကို အပြိုင်ခွဲရာမှ ရန်သူဖြစ်သွားသည်။ ထိုသည့်နောက် ပြည်ပသို့ ကျောက်တွေကို ခိုးထုတ်နေသော ဒေါ်ရော်သီဝင်းမင်းကို စိုးဒေဝါနှင့် ပူးပေါင်း ဖမ်းပေးဖူးသည်။

ဒေါ်ရော်သီကိုယ်စား သူမ့မောင် ဖရက်ဒီက အစားဝင်ပြီး ထောင်ကျသွားခဲ့ဖူးသည်။ ဒေါ်ရော်သီက စိုးဒေဝါကို တွေ့ရာ သင်္ချိုင်း မားမဆိုင်းဟု ကြေညာထားသည်။

ထိုသည့်နောက်

စိုးဒေဝါ သေနတ်နှင့် ချောင်းအပစ်ခံရသည်။ သတိနှင့် ကံသီလို့ လွဲသွားသည်။ ပြီးတော့ ကားနှင့် လိုက်အတိုက်ခံရဖူးသည်။

သူ့လျင်မြန်မှုကြောင့် လွဲချော်သွားသည်။ ဒေါ်ရော်သီနှင့် သူ အခု လာရင်ဆိုင်နေခဲ့ရပြီ။

ဒေါ်ရော်သီ တစ်ယောက်တည်းတော့ မဟုတ်ပါ။ သူမနှင့်အတူ အင်္ဂလို အင်ဒီးယန်းတစ်ယောက် ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အရပ်ထောင်ထောင်မောင်းမောင်း၊ ကရူးကတ် (CREWCUT) ခေါ် သဘော်သားဆံပင်တိုနံ့နံ့နှင့် ငနဲဖြစ်သည်။

—— သူက စိုးဒေဝါကို ဘုကြည့် ကြည့်နေသည်။

"ရှင် နာရေး ကြော်ငြာကို ကျွန်မနေ့တိုင်း သတင်းစာထဲမှာ ကြည့်ကြည့်နေတာ ... ပါမလာက ဝမ်းနည်းစရာပဲ"

"ခင်ဗျား အကြည့်မှားနေပြီ ... ထိမ်းမြားလက်ထပ်ပြီးစီးခြင်း ကြော်ငြာမှာ ကြည့်လိုက်ပါ ... ကျုပ်အဲဒီနေရာမှာ တစ်နေ့ ပါလာလိမ့်မယ် ... ကျုပ်ကတော့ ခင်ဗျား မုန်းလေလေ အသက်ရှည်ရှည်နေဖြစ်မှာပါ"

ပြောပြီး အင်္ဂလိုအင်းဒီးယန်းကောင်ဘက် မျက်လုံးဝှေ့ကြည့်လိုက်သည်။

အင်္ဂလိုအင်းဒီးယန်းကောင်က ဒေါ်ရော်သီအား အင်္ဂလိပ်စကားနှင့် လှည့်ပြော၏။

"ဒေါ်ရော်သီ ... ဒါလင် အလိုမရှိဘူးဆိုရင် ဒီကောင့်ကို ကိုယ် ပညာပေးလိုက်မယ်"

အင်္ဂလိပ်စကားကို အရည်ကျိုသောက်နေသော စိုးဒေဝါက လန်ဒန်ကော်ကနေးသားအရပ်သား အင်္ဂလိပ်လေသံနှင့်

"ဟေ့ကောင် ... အသားမည်း ... မင်းဘောင်းဘီချွတ်ပြီး ကုလားပြည် ပြန်မပြေး... ချင်ရင် အာလူးတွေ လေလုံးတွေ





သိပ်ရိုက်မနေနဲ့ ... မင်းကောင်မရှေ့မှာ ရှိုးထုတ်မနေနဲ့"

သူ့စကားနှင့် လေယူလေသိမ်းက အင်္ဂလို အင်းဒီး ယန်းငနဲသားကို ခေတ္တတော့ ဖြုံသွားစေသည်။ သူ့မျက်နှာကို စိုးဒေဝါ စူးစူးစိုက်စိုက်ကြီး ကြည့်ပစ်လိုက်သည်။

ငတိအသည်းထဲ မျက်လုံးတွေက စူးဝင်သွားသလို ခံစားရဟန်တူသည်။ ခဏတော့ ငြိမ်ဆင်းသွားသည်၊ စိုက်ကြည့် ပြီးမှ ထွက်လာသည်။

—— အသံတော့ ကြားလိုက်ရသည်။

"မလုပ်နဲ့ ဒေးဗစ် ... မလုပ်နဲ့ ... ရုတ်ရုတ်သဲသဲဖြစ်ကုန်ရင် ဒါလင်တို့ကို ထိခိုက်ကုန်မယ် ... တော်ကြာ သတင်းစာထဲ ပါလာရင် ရှက်စရာကြီး"

နောက်ဘက်မှ ပြောသံက ကပြားမ ဒေါ်ရော်သီ၏ ပြောသံ။ ဒေးဗစ်က သူ့နောက်ကို လိုက်ဖိုက်ဖို့ အားထုတ်ဟန် တူသည်။ စိုးဒေဝါ မမှုပါ။ ဂရုလည်း မစိုက်။

ဟိုတယ်ပေါက်ဝတွင် မတ်တတ်ရပ်သည်။ အမေရိ ကန်လုပ် ချက်စတာဖီး(လ်)စီးကရက်တစ်လိပ်ကို နှုတ်ခမ်းထောင့် တွင် တွဲလောင်းခို ခဲရင်း မီးညှိသည်။

ကောင်းကင်တွင် ကြယ်ရောင်တွေကင်းမဲ့နေသည်။ မိုးသားမိုးတိမ်တွေ ခဲပြွတ်နေသည်။ ခြံထဲမှ အေးဆေးစွာထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခင်အခါတွေက ခြံရှေ့တွင် တက္ကစီအငှားကား တစ်စီး နှစ်စီးက ရှိတတ်စမြဲ။

ဒီညတွင်မူ ဘာတက္ကစီမှ မတွေ့။

ငါးမိနစ် မပြည့်တပြည့်စောင့်ကြည့်သည်။ တက္ကစီ လာတာ မတွေ့။

ကိစ္စမရှိ။

ဆယ်မိနစ်လောက်သည် လမ်းက ထွက်လျှောက် လိုက်လျှင် လှည်းတန်းသို့ ရောက်နိုင်သည်။ လှည်းတန်းဘက်မှ တက္ကစီရနိုင်သည်။ ရထားလုံး ရနိုင်သည်။

သူခပ်သုတ်သုတ်လျှောက်လာသည်။ သောက်လာ သော ဝီကစီဝမ်းပက်လောက်က သူ့တွင် ဘာမှ အရာမထင်။

ဦးရွှေမော်ကြီး သူ့အားချိန်းပြီး မလာတာကိုဘဲ တွေးလာသည်။ လှည်းတန်းမရောက်မီ ကားတစ်စီးက ကျော်တက် သွား၏။ အစိမ်းနုရောင်ဟော(လ်)မင်ကားလေးဖြစ်၏။ လမ်းဘေးက မီးရောင်တွေမှာ ထိုခေတ်ထိုကာလက မာကျူရီမီးလုံးတွေ မဟုတ် ဘဲ ဝပ်အားအသင့်အတင့် မီးလုံးတွေက အလင်းရောင်သာ ဖြစ်၏။

စိုးဒေဝါဘောင်းဘီက ဘေးအိတ်များထဲ လက်နှစ် ဖက်နှိုက်ရာ ထရပ်လိုက်၏။ နှုတ်ခမ်းထောင့်တွင် စီးကရက်ကို တွဲလောင်းခဲ၍ ခပ်ပေပေလေး ငွေကြည့်လိုက်၏။





သူရပ်လိုက်တာအကြောင်း ရှိသည်။

ဆင်းလာသူ သုံးယောက်အနက် အလယ်မှ ငနဲသား ဒေးဗစ်ဖြစ်နေသည်။

ဒေးဗစ်လက်ထဲတွင် ဘာမှ ကိုင်မထားသော်လည်း စ်ဖက်တစ်ချက်ရှိ သူ့လူနှစ်ဦးလက်ထဲတွင်တော့ ခဲသီးလုံး တပ် ဆင်ဓာဝီတုတ်တစ်ချောင်းစီကို ကိုင်ထား၏။

လူသုံးယောက် သူ့ဆီကို တန်းလျှောက်လာသည်။

ပတ်ဝန်းကျင်တွင် လူသူကင်းမဲ့နေ၏။

ဖိုက်ပွဲလေးလုပ်ရမှာပဲ။

"မကျေနပ်လို့လား"

မထီလေးစားအသံနှင့် မေးမိသည်။ စိုးဒေဝါ အမူ ရာကလည်း မခန့်လေးစားအမူအရာ။

လူသုံးယောက်ရပ်သွားသည်။

"မင်းကို ဖြိုမလို့"

ဒေးဗစ်က ကြိမ်းသည်။ လက်သီးကို ထောင်ပြ ည်။ ဘရပ်(စ်)နာကယ်(လ်) (BRASS KNUCKLE) ခေါ် ကြေး သီးစွပ်က သူ့လက်ချောင်းများထက်တွင် ဝင်းခနဲ လက်သွား ည်။

ဒီနေရာတွင် လူကြီးလူကောင်းပုံသဏ္ဍာန် ပုံဖမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



လို့ကတော့ ကိုယ်ပဲ ခံသွားရမည်။ ဒေးဗစ်လိုကောင်မျိုးတွေက အနောက်တိုင်းသွေးပါသလို သူတို့ကိုယ် သူတို့ ဘဝမြင့်ပြီး ခပ်ရွှာ ရွာကောင်တွေ။

"မင်း ဒီပွဲမှာ ဘာဆိုင်လို့ ပါချင်ရတာလဲ"

"ဟ ... ဒေါ်ရောသီက ငါ့ ..."

"ဖုန်း ..."

သူ့စကား မဆုံးသေးပါ။ စကားနှင့် အငိုက်သယ် လိုက်သူ စိုးဒေဝါက ဒေးဗစ်၏ ပေါင်ကြားထဲသို့ ရှူးဖိနပ် ညာခြေ ထောက်နှင့်ပင့်ပြီး တအားပိတ်ကန်ပစ်လိုက်၏။

ကောင်းကောင်းကို မိသွားသည်။ ဒေးဗစ်ပေါင်ခွ ကြားကို လက်နှင့် ဖိကိုင်ကာ ပါးစပ်က အော်တောင်မအော်နိုင်ဘဲ ခွေကျသွားသည်။ စိုးဒေဝါမြန်မြန်ဆန်ဆန် လှုပ်ရှားပစ်၏။ သူ့နှုတ် ခမ်းက စီးကရက်ကို ဆတ်ခနဲ ဆွဲယူပြီး ညာဘက်က ငနဲသား မျက်နှာကို ပေါက်ထည့်လိုက်သည်။

မီးရဲနေသော စီးကရက်က အဲဒီငနဲသား၏မျက်နှာ ကို ဆတ်ခနဲ သွားထိ၏။ ခံရချင်တော့ မီးခဲနှင့်မှ ဆုံမိသည်။

ငတိ လွှတ်ခနဲ အော်လိုက်သည်။ စိုးဒေဝါ ဘယ် ထောက် လက်သီး၏ မြန်ဆန်မှုနှင့် မာကျောမှုက ထိထိမိမိရှိလှ၏။

ဘယ်ဘက်က ငနဲ ထိုင်ဆင်းသွား၏။ စိုးဒေဝါ ညာ





တက်ဝါးစောင်းက ညာဘက်က စီးကရက်မီးနှင့် အပစ်ခံရသူ၏ ည်စောင်းထဲ ဒုတ်ခနဲ ခုတ်မိသည်အထိ လက်ပြန်ဝင်သွားတာ။ မြန်တာမှ သိပ်မြန်။

နှစ်ယောက်လုံး မြေတွင် ငြိမ်သက်နေ၏။

အသတ်အပုတ် ကျင်လည်နေသော စိုးဒေဝါကို သူတို့ သွားယှဉ်လိုက်တာ ဖားသူငယ်က ခြင်္သေ့ကို အန်တုသလို ခံသွားရပြီ။

မြေပြင်တွင် လိမ့်နေတာက ဒေးဗစ်။

"ထစမ်းကွာ ... ခွေးမသားကုလားချေးကောင်"

ဒေးဗစ်သာ ဆံပင်ရှည်လျှင် ဆံပင်ကို ဆွဲကိုင်ခံရ ည်။ ခုဆံပင်က တိုနေတော့ သူ၏ နက်(ခ်)တိုင် ကြောင်လျှာသီး တ်ကြိုးကို ဆွဲထူမလိုက်၏။

မြေပြင်နှင့် တစ်ပေကျော်ကျော် ကြွတက်လာ၏။

"ခွပ်"

လက်သီးတစ်လုံးက ဒေးဗစ်မျက်နှာထဲ စွတ်ဝင် သွားသည်။ ဒေးဗစ်မှာခါ ဆင်းသွားသည်။ နောက်တစ်လုံး ကပ် ဆင်းသွားပြန်သည်။ ဒေးဗစ်မျက်နှာမှာ သွေးရဲနေသည်။ အနောက် တိုင်းသွေးပါ ကပြားကောင်တွေမို့ စိုးဒေဝါ ငယ်ငယ်ကလေး ကတည်းက အမြင်ကတ်လာသည်မှာ ကြီးသည့်အထိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုယ် သူတို့ တို့သွေးပါသည်ဆိုပြီး ဘဝမြင့် ခင်ခေါင်းကျယ်လာကြသူတွေဖြစ်၏။ အထူးသဖြင့် ကုလားချေး ဆောင် ကုလားချေးမတွေက ပိုဆိုးသည်။

မြန်မာပြည် လွတ်လပ်ရေးရပြီးသည့်နောက်နိုင်း ခုချိန်ထိ သူတို့ဘဝင်မကျသေး။

ဒေးဗစ်ကို လွှတ်ချလိုက်၏။

လဲနေသူ သုံးယောက်အလယ်တွင် မားမားမတ် မတ် ရပ်ကာ လဲနေသူတွေကို ကြည့်၏။ ပခုံးတွေကို တွန့်လိုက်၏။

ဗြိတိသျှစစ်သည်တွေ ဆိုလေ့ဆိုထရှိသော (GODS-AVE THE KING) တေးသွားအလိုက် စိုးဒေဝါ လေချွန်လိုက် သည်။ ရပ်ထားသော ကားဆီသို့ ရောက်သွား၏။

ကားထဲတွင် အလင်းတစ်ဝက် အမှောင်တစ်ဝက် လွှမ်းနေသည်။

ကားထဲတွင် လူသူကင်းမဲ့နေသည်။

စိုးဒေဝါ ဒေါ်ရော်သီကို တွေ့ချင်သည်။ သူ့လူတွေ ဘယ်မျှလောက် အစွမ်းကောင်းကြောင်း ထုလုံးကလေးတွေ ပြော ချင်၏။

ဒေါ်ရောသီကို ကားရှေ့ခန်းတွင် မတွေ့လိုက်ရပါ။ နောက်ခန်းတွင်လည်း မမြင်။





ကားမှောင်က လွှမ်းနေ၏။

ငနဲမ ပုန်းများ ပုန်းနေမလား။

သိရအောင် နောက်ခန်းကားတံခါးကို ဝုန်းကနဲ ချဲ့ဖွင့်လိုက်သည်။ အဲဒီမှာ ဒေါ်ရောသီ၏ ဆင်လုံးကို ကြုံလိုက်ရ သည်။ ငနဲမက ဝပ်လျှောင်းနေရာမှ တံခါးအပွင့်တွင် အော်ဟစ်ပြီး ဆစ်ဟုန်ထိုးခုန်ထွက်လာသည်။ သူမလက်ထဲတွင် လက်ခနဲ မြင် လိုက်ရသည်။

ဓားသွားတစ်ခု၏ ကိုယ်ထည်။

စိုးဒေဝါ၏ ရင်ဝထဲသို့ တန်းဝင်သွားသည်။ ထိုသို့ ဖြစ်လိမ့်မည်ဟု စိုးဒေဝါ မမျှော်လင့်ပါ။

သို့လင့်ကစား အတွေ့အကြုံများပြီး လျင်မြန်သူဗိုဗို သူ့ခေါင်းတွင် နွဲ့ပြီး ညာပခုံးက နောက်ဆုတ်ကာ ကိုယ်လှည့်ရှောင် လိုက်၏။ ဓားသွားက ရင်ဝမှ ချော်သွားသည်။ ဘယ်လက်မောင်း ရှင် စူးခနဲ ပူခနဲ ဖြစ်သွား၏။

စိုးဒေဝါက မိန်းမသားရယ်လို့ စေတနာမထားပါ။ ဓားကိုင်လက်ကို ညာလက်ဝါးစောင်းနှင့် ခပ်ဆတ်ဆတ်လေး ချတ်ပစ် လိုက်၏။

“အမယ်လေး”

ဒီတစ်ချီတော့ ဘိုကပြားမ ဒေါ်ရော်သီမှာ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



လို မအော်နိုင်ရှာဘဲ မြန်မာလို အမယ်လေး တသွားသည်။

ဓားလည်း လွတ်သွားသည်။

"ကောင်မ"

စိုးဒေဝါက ရေရေလည်လည် မြန်မာလို ဆဲသူ့ည်
ညာလက်ဝါးနှင့် မျက်နှာကို ဝိတ်ရိုက်ပစ်လိုက်သည်။

ဇတ်မကို ကားထဲ ပြန်ဆောင့်တွန်းလွှတ်လိုက်
သည်။

ထိုသည့်နောက် လှည်းတန်းဘက် ဆက်လျှောက်
လာသည်။ မီးဖွားကလေးတွေက စိန်မှုန်တွေ ကျဲသလို ဖြန့်
ခုန်ဆင်းလာကြသည်။

ဘယ်လက်မောင်းမှ နာလာသည်။ လက်ခုံဘက်
စီးဆင်းလာတာက သွေးနီနီစွေးစွေးတွေ။

● ● ●





## ဇာတ်လမ်းစဉ်(၂)

ဒါက ဒေါ်ရော်သီလက်ချက်။

ပတ်တီးစည်းထားခြင်းခံရသော လက်မောင်းက
ဒဏ်ရာကို အတွေးရပ်ပြီး ငုံ့ကြည့်လိုက်သည်။ ဒဏ်ရာက ပြင်းပြင်း
ထန်ထန်တော့မရှိပါ။

တစ်ခုတော့ သိထားလိုက်သည်။ ဒေါ်ရော်သီသည်
ပေါ့ပေါ့ကလေး ဘေးဖယ်လို့ မရသော မိန်းမစားထဲတွင် မပါဘဲ
အတော်ဂရုစိုက်ရမည့် သတ္တဝါမပဲ ဖြစ်သည်။

ဒီညလွန်မြောက်လို့ နောက်တစ်နေ့။

ပန်းဆိုးတန်းလမ်းထဲရှိ သူ့ကျောက်မျက်ရတနာ
ဆိုင်သို့ မသွားမီ မနက်ရှစ်နာရီလောက်တွင် တယ်လီဖုန်း လူခေါ်
သံ တောင်းလောင်းသံက မြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စာရင်းတစ်ခု ကြည့်နေခိုက် ဖြစ်သည်။ စာရင်းစာအုပ်ချ၊ ဖုန်းကို ကိုင်၊ ဟုံးစံအတိုင်း ...

"ဟဲလို ... စိုးဒေဝါပါ"

"ကိုစိုးကြီး ... ကျုပ်ပါ ဦးရွှေမော်ရယ်"

"ဟာ ... ဝန်မင်းပါလား ... ဘယ်လိုလဲ ဝန်မင်းရယ် ညက"

"ဆောရီးပါပဲ ကိုစိုးကြီး ... ကျုပ် ခင်ဗျားကို တောင်းပန်ပါတယ်ဗျာ ... ညက ခင်ဗျားဆီ ကျွန်တော် လာမယ်လို့တုန်း နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ခုက တယ်လီဖုန်းဆက်ခေါ်တယ်ဗျာ ... သူက ကျွန်တော့်ကို တစ်ခုတင်ပြပြီး ညွှန်ကြားတယ်"

ဦးရွှေမော်စကားပြောလျှင် ကျုပ်ပြောလိုက် ကျွန်တော် ပြောလိုက်နှင့် ရောနေတတ်သည်။ ဒါက သူ့အကျင့်ပဲ ဖြစ်သည်။

"သူ့လူတစ်ယောက် နယ်စပ်မြို့တစ်မြို့မှာ ရောက်နေတယ် အဲဒီလူက အပျော်တမ်း ကော်လံစားသတင်းထောက် တစ်ဦးပါပဲ ... ဒီလူ ရောက်နေတဲ့ မြို့က နယ်စပ်မြို့ဆိုတော့ အကြမ်းဖက်သောင်းကျန်းသူတွေ ဝင်နေတယ် ... ဒီလူက အထွက်ရခက်နေတယ် ... သူ့ကို အကြမ်းဖက်သောင်းကျန်းသူတွေက စောင့်ကြည့်နေကြတယ်တဲ့ ... အဲဒါ တစ်နည်းနည်းနဲ့ ဆွဲထုတ်လာဖို့ နိုင်ငံရေးခေါင်းဆောင်ကြီးက ကျွန်တော့်ကို ပြောနေတယ်"

"ဒီသတင်းထောက်က သူ့ဟာသူ ထွက်မလာနိုင်ဘူးလား"





"မလွယ်ဘူးဗျ ... အဲဒီမြို့လေးမှာက အစိုးရဘက်ကရော တောတွင်းကရော အဝင်အထွက်ရှိနေကြတာ ... ခင်ဗျားလည်း ၁၉၅၅ ခု နိုင်ငံရေးခေတ်အကြောင်း သိတဲ့ အတိုင်းပဲလေ ... နိုင်ငံရေးသမားဆိုတော့ ဆရာကြီးတွေ သိပ်များတယ်ဗျာ ... အကြမ်းဖက်သောင်းကျန်းသူတွေကို ဘယ်လိုလုပ် အမြစ်ပြုတ်အောင် တိုက်နိုင်မှာတဲ့လဲ"

"ရှူး ... တိုးတိုး ... ခင်ဗျားကို ဆွဲသွားကြလိမ့်မယ် ... ဒါမှမဟုတ် ခင်ဗျား ကုလားထိုင်ပြုတ်သွားလိမ့်မယ် ဦးရွှေမော်"

"ပြုတ်ပြုတ် ... ဆွဲဆွဲဗျာ ... စိတ်ညစ်လာပြီ ... တော်ကြာဘာကိစ္စ တော်ကြာ ညာကိစ္စနဲ့ ခုကိစ္စလည်း ခေါင်းရှုပ်စရာကြီးဗျ"

ဦးရွှေမော် ခေါင်းစားနေပုံရသည်။ မကျေမနပ်ဖြစ်နေပုံ ပေါ်သည်။

"ဒါကြောင့် ... ညက ဝန်မင်းမလာနိုင်ဘူးပေါ့"

"ဒါပေါ့ဗျာ ... ညက အေးအေးလူလူ စကားလေး ဘာလေးပြောပြီး စားမယ်သောက်မယ်လုပ်ကာမှ"

"ဒါဆိုလဲ ပစ်ထားလိုက်ပေါ့"

"ပစ်ထားလို့ မရဘူးဗျ"

"ဘာဖြစ်လို့"

"ဒီလူက ယောကျ်ားမဟုတ်ဘဲ ... မိန်းကလေးသတင်းထောက်ဖြစ်နေလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ"

"အကြမ်းဖျင်း သိရတာကတော့ မိန်းကလေးနာမည် မြိုးဝေလင်း ... အသက်နှစ်ဆယ့်နှစ်နှစ် ... ဆယ်တန်းအောင် ပြီးပြီ ... အပျော်တမ်းသတင်းထောက်လုပ်လာတာ သုံးနှစ် ရှိနေပြီ ... လျှို့ဝှက်သတင်းထောက်ပဲ ... သူက ကျွန်တော့် ကို ခေါ်တွေ့တဲ့ နိုင်ငံရေးခေါင်းဆောင်ကြီးရဲ့ နိုင်းစေချက် အရ အဲဒီမြို့ကို ရောက်သွားတယ် ... ဒီမြို့ကနေပြီး အကြမ်း ဖက် သောင်းကျန်းသူတွေရဲ့ လျှို့ဝှက်သတင်းတွေယူပြီး ဒီကို ပို့တယ် ... နားလည်ပြီနော်"

"ဒီလိုလုပ်ပါလားဗျာ ... ဝန်မင်းနဲ့ ကျွန်တော် ဒီနေ့တစ်နေ့ရာ ရာမှာတွေ့ပြီး ဒီစကားပြောရအောင် ... ဖုန်းကြီးနဲ့ဆိုတော့ ကသိကအောင့်ဖြစ်ပါတယ်"

စိုးဒေဝါဆိုလိုချက်ကို ဝန်မင်း ရိပ်မိ၏။ ဒါတွေက လျှို့ဝှက်မှုဖြစ်ကောင်း ဖြစ်နိုင်၏။ ဦးရွှေမော် ချိန်းလိုက်၏။

"ခင်ဗျားကို အဓိကအရေးတကြီး ပြောရမယ် ... ခင်ဗျား အခု အိမ်က အဝတ်အစားတွေယူပြီး မြန်မြန်ထွက်ပါ ... အလုပ်ကိုလည်း မသွားနဲ့"

စိုးဒေဝါ တော်တော် အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ"

"ခင်ဗျား မေးခွန်းကို ကျွန်တော် တွေ့မှပဲ ဖြေတော့မယ် ကိုစိုးကြီး ... ခင်ဗျား ခုအချိန်ကစပြီး ကိုယ်ယောင်ဖျောက် လိုက်တော့





တစ်ဖက်မှ တယ်လီဖုန်းချလိုက်သည်။ ပထမ စကားစုများသည် စိတ်ဝင်စားစရာ မရှိသော်လည်း နောက်ဆုံး စကားရပ်တွေက စိတ်ဝင်စားဖွယ်ရာ လှုပ်ရှားဖွယ်ရာဖြစ်သည်။

စိုးဒေဝါသည် လွယ်လင့်တကူ စိတ်လှုပ်ရှားတတ်သူ မဟုတ်ပါ။ ဦးရွှေမော်၏ စကားကိုလည်း သူမယုံမရှိ။

ဘယ်လိုအကြောင်းကြောင့် ကိုယ်ယောင်ဖျောက် နိုင်းရသလဲ။

ဒီမေးခွန်းကိုပဲ သူအထပ်ထပ်မေးသည်။ အေးအေး လူလူနေလို့ကတော့ မဖြစ်။ ဦးရွှေမော်စကားကို နားမထောင်ဘဲ ဆက်နေက အန္တရာယ်တစ်ခုခုကြုံခဲ့သော် ဦးရွှေမော်က မိမိကို အပြစ်တင်ကောင်း တင်မည်။

ဆု(သ်)ကေ့ (SUIT CASE) ခေါ် အဝတ်ထည့် သေတ္တာထဲတွင် သူ့အဝတ်အစားတွေကို ထည့်သည်။ သူ့လက်ဆွဲ တော်တုတ်၊ ဓားနှင့် ပွိုင့်သရီးအိတ် ဆို့(လ်)အမျိုးအစား ခြောက် လက်မပြောင်းရှည် ခြောက်လုံးပြူးနှင့် ကျည်ဖူးများပါသည့် ဘူး နှစ်ဘူးကိုပါ ထည့်သည်။

လိုရမည်ရ မီးခံသေတ္တာထဲမှ ငွေတစ်သောင်းကို ယူသည်။ ဦးရန်ပြေကို အကျိုးအကြောင်းပြောပြလိုက်၏။

"မောင်စိုးရာ ... မင်းဟာကြီးကလည်း မတင်ရေမကျ စကားလုံးတွေနဲ့ ဘာကြီးမှန်းလည်း မသိ ... မင်း အခု ဘယ်မှာ သွားနေမှာလဲ"

"ကျွဲကုန်းလမ်းက ကိုကျော်လေးအိမ်မှာ သွားနေမယ်ဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဦးလေးရန်ပြေ ဒီအိမ်မှာ ကျွန်တော် သွားနေတာ ဘယ်သူ့ကိုမှ မပြောနဲ့ ... စိုကိုတောင် မပြောနဲ့”

စိုးဆိုတာ ချစ်ချစ်ကလေး စိုးချယ်ရီထွန်း

သူ့အလုပ်တိုက်တွင် သူ၏ အတွင်းရေးမှူးလုပ်နေသူ ဖြစ်သည်။

“ဦးရွှေမော်ကလည်း မင်းကို ဘာတွေ ထောင်လိုက်ပြန်ပြီလည်း မသိပါဘူးကွာ”

“သူကတော့ သိပ်အရေးကြီးတယ် ပြောသွားတာပဲ ... ခင်ဗျားဆီ ကျွန်တော် လေးနာရီခြားတစ်ကြိမ် ဖုန်းခေါ်မယ် ... အခြေအနေကို ပြန်ဖြေပေါ့ ... ဩော် နေဦး ... စိုးဆီကို ကျွန်တော် အရေးတကြီး ခရီးထွက်ရမယ့်အကြောင်း ဖုန်းဆက်လိုက်ဦးမယ်”

အိုမီဂါ လက်ပတ်နာရီကိုကြည့်သည်။ ဆယ်နာရီ ထိုးပြီးပြီလေ။

ဒီအချိန်ဆို စိုရောက်ပါပြီ။

စိုးဆီကို ဖုန်းဆက်၏။ သူခရီးထွက်ရမည့်အကြောင်းနှင့် အလုပ်တွေကို ဂရုစိုက်ရန်၊ နိုင်ငံခြားမှ မှာသည့်ရတနာတွေကို တင်ပို့ပေးရန်၊ ဘဏ်တွင် နိုင်ငံခြားငွေနှင့် လဲလှယ်ရေးကိစ္စများကိုပါ ညွှန်ကြားလိုက်သည်။

ခရီးထွက်ရမည်ဆိုတော့ စိုးက ဘာမှ မတားမြစ်။ စိုးဒေဝါ အန္တရာယ် ခရီးသွားလာနေတာ ထုံးစံပါပဲ။ ချစ်သူတို့ဘဝ





အထူးသတိဝီရိယနှင့် သွားဖို့ အထပ်ထပ်မှာကြားသည်။

ကမာရွတ်၊ ကျွဲကုန်းလမ်းတွင် စိုးဒေဝါနှင့် ကျောင်းနေဘက်သူငယ်ချင်း ကိုကျော်လေးရှိသည်။ ကိုကျော်လေးနှင့် မစန်းစန်းမြင့်မှာ အင်မတန် ရိုးသားအေးဆေးသော အိမ်ထောင်ရှင်တွေ ဖြစ်ကြသည်။

ကိုကျော်လေး သင ေ ၁ကောင်းသလို မစန်းစန်းမြင့်ကလည်း သဘောကောင်းသည်။ မစန်းစန်းမြင့်က ချောသည်။ အရုပ်အမောင်းကောင်းသည်။ ကိုကျော်လေးလို စကားသိပ်မပြောဘဲ အေးဆေးငြိမ်သက်သော လူ၀ ်ယောက်က ချောမောသည့် စန်းစန်းမြင့်ကို ရအောင် ဘယ်လိုယူခဲ့ပါလိမ့်ဟု တစ်ချို့က မေးတတ်တွေးတတ်ကြသည်။

စိုးဒေဝါ ကျွဲကုန်းလမ်းထဲရှိ အိမ်တစ်အိမ်သို့ ရောက်လာသည်။

ကိုကျော်လေး၏ အိမ်။

စိုးဒေဝါမှာ ကိုကျော်လေးနှင့် ရန်ကုန်တက္ကသိုလ်တွင် အဆောင်မှာ အတူတူ နေခဲ့ဖူးကြသည်။ ထိုသည်နောက် တက္ကသိုလ်မှာ အသီးသီးထွက်သွား၍ စိုးဒေဝါ အင်္ဂလန်ရှိ အောက်စဖို့ တက္ကသိုလ်တွင် B.Sc ဘွဲ့ ယူသွားပြီး ဗြိတိသျှတွေ ဖွဲ့စည်းထားသော ဘီစီအက်(ဖ်)အို လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့တွင် ဝင်အမှုထမ်းကာ ဗြိတိသျှတွေကို ကိုးလိုးကန့်လန့် လုပ်နေခိုက် ကိုကျော်လေးကလည်း ဝင်လုပ်နေသည်။

စိုးဒေဝါ ထိုဘီစီအက်(ဖ်)အိုတွင် တစ်နှစ်ပဲ နေပြီ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ကမ္ဘာစစ်ဖြစ်သည်။ ဂျပန်တို့ သုံးနှစ်နီးပါး မြန်မာ့မြေတွင် စစ်သံဖနောင့်နှင့် နင်းချေပြီး ထွက် ... ားသည်။

လွတ်လပ်ရေးရပြီး တစ်နှစ်တွင် ကိုကျော်လေးနှင့် စိုးဒေဝါ ပြန်ဆုံသည်။ ကိုကျော်လေးမှာ ချမ်းသာနေခဲ့ပြီ။ စိုးဒေဝါနှင့် ပြန်ဆုံပြီး နောက်တစ်နှစ်တွင် စန်းစန်းမြင့်နှင့် ကိုကျော်လေး ဘဝ ခြခတ်ပြီး အိမ်ထောင်ကျသွား၏။

"ရွှေကိုယ်တော်ကြီး ... ဒီတစ်ခါ လာတာ အထူးအဆန်း ပါလား"

"ကျော်လေးရေ ... ငါတော့ ဝရမ်းပြေးဖြစ်လာတာကွ ... မင်းအိမ်မှာ ခဏနေရမယ်"

ကိုကျော်လေးနှင့်ဆုံတော့ စိုးဒေဝါက အမေးကို ဖြေသည်။ မီးဖိုချောင်ထဲမှ စန်းစန်းမြင့်က အသံကြားလို့ ထွက်လာသည်။

"အသံကြားလို့ ထွက်ကြည့်တာ မှန်နေတာပါပဲလား"

"စန်းရေ ... ရွှေကိုယ်တော်က တို့ဆီမှာ သီတင်းသုံးမလို့တဲ့ကွ"

"ကောင်းပါ့ရှင် ... ဆွမ်းမှန်မှန်ကပ်ရတာပေါ့"

"မလုပ်ပါနဲ့ဗျာ ... ဝမ်းနှုတ်ဆေးမသောက်ဘဲ ဝမ်းလျှောနေပါဦးမယ်"

ကိုကျော်လေးတွင် သမီးအကြီးလေးတစ်ယောက်၊ ပုခက်ထဲက နို့စို့ကလေးတစ်ယောက်။

"ဦးဦး ... မီးမီးအတွက် မုန့်ပါသလား"





လေးနှစ်သာသာ အကြီးမလေးက ဆိုသည်။

"ဟာ ... ပါတာပေါ့ကွ"

လမ်းမှာ ဝယ်လာသည့် ဂိုလ်ဒင်းပတ်(ဖ်)မုန့်ဘူးကြီးကို သမီးအကြီးက လှမ်းပေးသည်။ မုန့်မှာ အင်္ဂလန်လုပ်ဖြစ်သည်။

၁၉၅၅ ခု။ ဒီခေတ်က မြန်မာ့စက်မှုလုပ်ငန်းရှင်တွေ ကြိုးစားနေဆဲမို့ ဘီစကွတ်တို့၊ ဝေဖာတို့၊ ဂိုးလ်ဒင်းပတ်(ဖ်)တို့ မထုတ်လုပ်နိုင်ကြသေးပါ။

နိုင်ငံခြားဖြစ်ဆိုလျှင် အင်္ဂလန်ကသာ အလာများသည်။ ဈေးလည်း ချိုသည်။

သူ ဘာကြောင့်လာရသည်ကို ကိုကျော်လေးတို့ ဇနီးမောင်နှံကို ပြောပြ၏။

"မင်းဘဝကတော့ ငြိမ်ငြိမ်သက်သက်နေရမယ့်ဘဝ မဟုတ်ပါဘူးကွာ ... ရေပတ်လည်ဝိုင်းသော ကုန်းမြေကို ကျွန်းဟုခေါ်သည်ဆိုသလို ရန်သူပတ်လည်ဝိုင်းသော လူကို စိုးဒေဝါဟု ခေါ်သည်လို့ ပြောရမှာပဲ"

"ဟုတ်ပါရဲ့ ကိုစိုးဒေဝါရယ် ... ရှင်ဟာ ချမ်းသာတယ် ... ကိုယ့်ဟာကိုယ် အေးအေးနေနိုင်လျက်သားနဲ့"

"ကျွန်တော့် ဝါသနာက စွန့်စွန့်စားစားလုပ်ချင်တဲ့ ဝါသနာရှိတယ် မစန်းမြင့် ... ပြီးတော့ ကိုယ့်နိုင်ငံပဲဖြစ်ဖြစ် ကိုယ့်လူမျိုးအတွက်ပဲဖြစ်ဖြစ် တတ်နိုင်တဲ့ဘက်က လုပ်ပေးချင်တဲ့ စေတနာလည်း ရှိတယ်"

"ဒါဆို မင်းမိန်းမ မြန်မြန်ယူလိုက်ကွာ ... စိုချယ်ငြိတွန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာပဲ ... မိန်းမယူရင် ငြိမ်သွားမယ်"

"မထင်နဲ့ ... ငါမိန်းမယူရင် ငါ့မိန်း...ခြမ်မြန် မုဆိုးမဖြစ်သွားမယ်ထင်တယ် ... ငါ့ ...နာဆိုတာ စွန့်ခဲနိုင်တယ်ကွ"

"မင်းကိုယ်မှာလည်း ဒဏ်ရာဒဏ်ချက်တွေ မနည်းတော့ပါဘူး"

"ဟုတ်ပါရဲ့ရှင် ... စိုချယ်ရီထွန်းလည်း သနားစရာပဲ ... သူ့ကို စောင့်ရလွန်းလို့ ခေါင်းမွေးဖြူတော့မယ် ... သွားတွေ ကျိုးတော့မယ်"

"ခေါင်းမွေးဖြူတော့လည်း ခေါင်းကို ဆီလိမ်းဖို့ မလိုတော့ဘူးပေါ့ဗျာ ... အဲဒီတော့လည်း ကိုယ့်မိန်းမကို အုန်းဆီကုန်သက်သာတယ်ဆိုပြီး တစ်မျိုး ချစ်ရတာပေါ့ ... သွားမရှိတော့လည်း ကိုးလ်ဂိတ် မလိုတော့ဘူးဆိုပြီး အကုန်သက်သာတဲ့အနေနဲ့ တစ်မျိုး ချစ်ရတာပေါ့ဗျာ ... မဟုတ်ဘူးလား"

"ရှင်ဟာလေ ... တည်တည်နေသလောက် ပေါက်ပေါက်ရှာရှာပြောတတ်တယ်"

တစ်ယောက်ကို တစ်ယောက် ရင်းနှီးနေကြသည်။ ပြောချင်တာ ပြောကြသည်။

ကိုကျော်လေး အိမ်မှာပဲ မနက်စာ ထမင်းစားလိုက်သည်။ တစ်ယောက်မကလို့ နှစ်ယောက် သုံးယောက်အဖို့ ကျွေးဦးတော့။ အပန်းမကြီးတဲ့ ခေတ်ကာလ။

ဆယ့်နှစ်နာရီခွဲတွင် စိုးဒေဝါ တက္ကစီနှင့် မြို့ထဲ





ထွက်လာသည်။

ဟောင်ကောင်ဟိုတယ်မှာ ဦးရွှေမော်နှင့် ချိန်းထားသည်။ ဟောင်ကောင်ဟိုတယ်၏ အခန်းလေးတစ်ခန်းတွင် ဦးရွှေမော် ဦးစွာ ရောက်နှင့်နေသည်။

နေ့လယ်ပိုင်းမို့ ယမကာမလို။

အအေးပဲ လိုသည်။

လင်မနစ်နှစ်လုံး။ အခြားစားသောက်စရာအနည်းငယ်လောက်ပဲ မှာလိုက်သည်။

"ခင်ဗျား ... ကျွန်တော်ပြောတဲ့အတိုင်း ကိုယ်ဖျောက်မင်းသားလုပ်လိုက်ပြီလား ကိုစိုးကြီး ... ဒါ ခင်ဗျားအတွက် မေးတာနော်"

"ဆိုစမ်းပါဦးဗျာ ... ဘာအတွက်"

လင်မနက်ကို ဖန်ခွက်ထဲထည့်သည်။ အချိုရည်ကို ရေခဲစိမ်ကာ အရသာခံသောက်ကြည့်ပြီးမှ ဦးရွှေမော်ဆေးပြင်းလိပ်တစ်လိပ်ကို သူ့သက္ကလတ်တိုက်ပုံအောင်းအိတ်ထဲမှ ထုတ်၍

"မနေ့ညက ကျွန်တော် အိပ်ကောင်းနေတုန်း တယ်လီဖုန်းလာတယ် ... ရဲဌာနတစ်ခုက ဆက်တာ ... တာဝန်ကျဂျူတီဝင်ရဲအုပ်တစ်ဦးက ဆက်လိုက်တာပဲ ... အမျိုးသမီးတစ်ယောက်နဲ့ အမျိုးသားတစ်ယောက်က တိုင်ချက်လာဖွင့်တယ်တဲ့ ... သူတို့ကိုယ်မှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ ဒေးဗစ်ဆိုတဲ့ လူဆိုရင် မျက်နှာမှာ ဒဏ်ရာအတော်ပြင်းထန်တယ်တဲ့ ... အမျိုးသမီးကတော့ မျက်နှာရောင်ကိုင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“တော်ပြီ … ကျွန်တော်သိပြီ … ဒါ ကျွန်တော်အုပ်လွှတ်လိုက်တဲ့ ဒေါ်ရော်သီနဲ့ သူ့အကောင်ပဲ … သူတို့က ရဲဌာနာ သွားတိုင်ကြတာကိုး”

“ဒေးဗစ်က အတွင်းလူနာတင်ရတယ် … ပုဒ်မ ၃၃၃နဲ့ ၃၃၂ ပဲဗျ … ဟိုကောင် မျက်လုံးတစ်ဖက် ပျက်လုနီးပါး ဖြစ်သွားတယ်လို့ ဆိုတယ် … ပုဒ်မ ၃၃၃ဆိုရင်တော့ အာမခံ မရနိုင်ဘူး … ဒါကြောင့် ခင်ဗျားကို လစ်ခိုင်းတာ … ရဲအုပ်ကိုတင်လှက ခင်ဗျားကို ကောင်းကောင်းသိသလို ဒေါ်ရော်သီတို့ ဘယ်လိုလူစားဆိုတာလည်း သိတယ် … တိုင်ချက်ဖွင့်တော့လည်း ခင်ဗျားကို ဖမ်းရတော့မယ် … ကျွန်တော်နဲ့ ခင်ဗျား ဘယ်လိုအဆက်အသွယ် ရှိကြတယ်ဆိုတာလည်း နားလည်ထားတယ်”

“ဒါကြောင့် ခင်ဗျားကို ဖုန်းဆက်တယ်ဆိုပါတော့”

“ကျွန်တော်က ချက်ချင်းမဖမ်းနဲ့ဦးလို့ ပြောလိုက်တယ် … ပြီးမှ မနက်က ခင်ဗျားကို အကြောင်းကြားတာ”

“ကောင်မက ကျွန်တော့်ကို ချည်ပြီး တုပ်ပြီးကို လုပ်လိုက်တာပါလား”

“ခင်ဗျားတို့ ဘယ်လိုဖြစ်ကြတာလည်း ကိုစိုးကြီးရာ”

“ကျောင်းတော်က ရန်စပေါ့ဗျာ … သူက ကျွန်တော့်ကို သတ်ချင်နေတာဗျ … သတ်လည်း သတ်ခဲ့ဖူးတယ် … ကျွန်တော် မသေလို့သာ ခင်ဗျားနဲ့ စကားပြောနေရတာ”





“ခင်ဗျားနဲ့ ဒေါ်ရော်သီ အကြောင်းတော့ သိပြီးပါပြီ … ညက ရဲဌာနာလာတိုင်တဲ့ အဖြစ်ကလေးကိုသာ ပြောပြစမ်းပါ”

“ဒီလို ဦးရွှေမော်ရေ … ဝန်မင်းချိန်းထားတဲ့နေရာကို ကျွန်တော် လာတာက စတာပါပဲ”

ဦးရွှေမော်ကို စိုးဒေဝါက ပြောပြသည်။ ဘီလပ်ရည်လေး သောက်လိုက်၊ ကြက်သားလုံးနှင့် ဘဲတောင်ပံကြော်ကို ဘားလိုက်၊ ချက်စတာဖီးလ်ကို ခဲလိုက်။

စကားလည်း ဆုံးရော ကြက်သားလုံးကြော် ဘစ်ပန်းကန်ဝက်နီးပါးပြောင်လို့ စီးကရက်လည်း တိုသွားရော။

အခန်းက ပရိုက်ဗိတ်ခန်းမို့ စကားပြောရတာ လွတ်လပ်သည်။ ဆေးပြင်းလိပ်ငွေ့တွေနှင့် စီးကရက်နံ့တွေ ရောထွေးပျံ့လွင့်နေသည်။

“ဒေါ်ရော်သီက တရားသူကြီးတစ်ယောက်နဲ့ရော နိုင်ငံရေးသမားကြီးတစ်ယောက်နဲ့ပါ ခင်တယ်ဗျ … နိုင်ငံရေးသမားကြီးဆီက အင်ပို့လိုင်စင်တွေကိုတောင် ရအောင်လုပ်နိုင်တာပဲလေ ကိုစိုးကြီး”

“သူ့ဘက်ဂရောင်းနဲ့ ကျွန်တော့်ကို မိမယ်ဆိုပါတော့”

“ဒီခေတ်မှာ ဒါပဲ ရှိတာပဲ”

“ကျွန်တော်လည်း ဘက်ဂရောင်းရှိတာပဲ”

“အဲဒီလိုလုပ်ရင် နှစ်ဦးနှစ်ဖက် ပဋိပက္ခဖြစ်ပြီး သတင်းစာထဲမှာ မဆိုင်တဲ့ပုဂ္ဂိုလ်တွေပါ ပါကုန်လိမ့်မယ် … ခင်ဗျား သူတို့ကို တီးလိုက်ရလို့ ကျေနပ်ပြီမဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"အခွင့်ရရင် ထပ်တောင် တီးချင်သေးတယ် ... ဒေးဗစ်ဆိုတဲ့ကောင်မှာ သွားတွေ ကျန်သေးတယ်ဗျ ... မည်းနေတဲ့ အရေခွံကို ချွတ်ပစ်ချင်သေးတယ် ... ဒေါ်ရော်သီကိုတော့ သွန်းကြောင်ကြောင်ဆံပင်တွေကို တစ်ချောင်းချင်း ဆွဲနုတ်ပြီးမှ သီလရှင်ဝတ်နိုင်းချင်တယ်"

ဒီစကားကို ကြားတော့ ဦးရွှေမော်က အသံထွက်အောင် ရယ်ပါလေသည်။

"ကိုစိုးကြီး ... ခင်ဗျားဟာ တစ်ခါတစ်ခါ ကလေးသိပ်ဆန်တာပဲ"

"ဘာဆိုင်လို့လည်း ဦးရွှေမော်"

"ကလေးဆိုတာ ရပြီးရင်လည်း လိုချင်တာပဲ ... ဘယ်တော့မှ မကျေနပ်တတ်ကြဘူး"

"ရန်ဖြစ်တာဟာ လူကြီးလူကောင်းတွေရဲ့ အလုပ်မဟုတ်ပါဘူးဗျာ ... လမ်းထဲ ဈေးထဲက ကလေကချေတွေရဲ့ အောက်တန်းကျတဲ့အလုပ်ပါ ... ကျွန်တော် သိပါတယ် ... ဒါပေမယ့် ရန်ပွဲဆိုတာ ရှောင်မရရင်တော့ တစ်သက်လုံး မှတ်သွားအောင် တီးရတယ်ဗျ ... ပန်းကလေးနဲ့ ပေါက်လို့ မဖြစ်ဘူး"

"ခင်ဗျား ... အချုပ်ခန်းထဲရောက်တော့မှာပဲ"

"စိုးဒေဝါဘဝမှာ အချုပ်ခန်းနဲ့လည်း ရေစက်ဆုံခဲ့ဖူးတယ် သေမင်းနှုတ်ခမ်းမှာလည်း လမ်းလျှောက်ဖူးတာပဲ ... ဘာထူးမှာလဲ"





"အခုပဲ ခင်ဗျားကို သေမင်းနှုတ်ခမ်းပေါ် လမ်းလျှောက်ခိုင်းရဦးမယ်"

"ဘာလုပ်ခိုင်းဦးမှာလဲ"

"မနက်က ကျွန်တော်ပြောတဲ့ အမျိုးသမီးသတင်းထောက် ဖြိုးဝေလင်းနဲ့ ပတ်သက်လို့"

"အင်း ... ခင်ဗျားစကား မဆုံးသေးဘူး ... အဲဒီစကားကို ဆွေးနွေးရအောင်"

"နယ်စပ်ဘက်မှာ ရှောင်စုံသောင်းကျန်းသူတွေရှိတယ် ... အဲဒီမှာ နာမည်ကြီးနေတာက သောင်းကျန်းသူ ခေါင်းဆောင် ဖြိုးမောင်နဲ့ သူ့ညီမ နိုင်မပဲ"

"နိုင်မ"

"ဟုတ်တယ် ... ခင်ဗျား သိပါလိမ့်မယ် ... တစ်ခါက မြို့သုံးလေးမြို့ကို အဲဒီနိုင်မဆိုတဲ့ မိန်းမခေါင်းဆောင်ပြီး တိုက်သွားတာ သတင်းစာထဲ ဖတ်ရမှာပေါ့"

"ဖတ်လိုက်မိတယ် ... အဲဒီ နိုင်မနဲ့ ဖြိုးမောင်တို့ နယ်စပ်ဘက်မှာ ကိုယ့်မင်းကိုယ့်ချင်း လုပ်နေကြတာ ကြားဖူးတယ်"

"ဖြိုးဝေလင်းကို သူတို့နယ်မြေထဲမှာ သူတို့ ဖိတ်ထားတယ် အလွယ်တကူထွက်လို့ မရဘူး ... ဒီဥစ္စာ ဟုတ်မဟုတ် အဲဒီ နယ်စပ်မြို့လေးဆီကို ခင်ဗျားသွားပြီး သတင်းစုံစမ်းပေးပါလား ကိုစိုးကြီး"

"တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာလို ဒေါ်ရော်သီလက်



www.burmeseclassic.com

www.burmeseclassic.com



ချက်နဲ့ ကင်းအောင် အဲဒီမြို့ဘက်ကို ကျွန်တော် သွားရှောင် တိမ်းရင်းနဲ့ နေထိုင်ရင်းက ဖြိုးဝေလင်းအကြောင်းပါ စုံစမ်း ရမယ်ပေါ့"

"ဟုတ်တယ်"

"ဖြိုးဝေလင်းအကြောင်း ဘယ်သူ သတင်းပို့လိုက်တာလဲ"

"သူက စာရေးပြီး အဲဒီမြို့ကလာတဲ့ လူနဲ့ အကြောင်းကြား လိုက်တာဗျ"

"ဒီစာကော"

"ကျွန်တော့် ဖိုင်ထဲမှာ ရှိပါတယ် … လိုချင်ရင် ရုံးခန်းကို မနက်ဖြန် လာကြည့်ဗျာ"

"အိုကေ"

"လုပ်မယ်မဟုတ်လား"

"ကျွန်တော့်အတွက် အကျိုးအမြတ်ကကောဗျာ"

"ဖြိုးဝေလင်းသတင်းမှန်နေရင်တော့ ခင်ဗျား ဆက်လက် ကူညီရလိမ့်မယ် … ဒီအတွက် ခရီးစရိတ် … စားစရိတ် အတွက် နှစ်ထောင်ဗျ … ကိစ္စပြီးလာရင် ခင်ဗျားကို အင်ပို့ လိုင်စင်သက်တမ်း ထပ်တိုးမြှင့်ပေးမယ့်အပြင် အင်ပို့လိုင်စင် တစ်ခုသပ်သပ်ထပ်ချပေးနိုင်အောင် သက်ဆိုင်ရာကို ကျွန်တော် ပြောပေးမယ် … ပြီးတော့ ဒေါ်ရော်သီအမှုကို လည်း ပိတ်နိုင်အောင် လုပ်ပေးမယ် … ကျေနပ်လား"

"အခုကိစ္စက ဝန်မင်းအတွက်နော်"

"ဟုတ်ပါတယ်"





"ကောင်းပြီ … စိန်လိုက် လက်ခံတယ်"

ပြတ်သားသော စိုးဒေဝါ၏အဖြေ။

ဦးရွှေမော် သက်ပြင်းကျိတ်ချသည်။ ဘိလပ်ရည်အေး ကို စောစောကထက် သွက်လက်စွာ ဖန်ခွက်လိုက် မော့ချလိုက် သည်။

စိတ်ပေါ့သွားပုံပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၃)

အဝေးတွင်ရော အနီးတွင်ပါ မြင်နေရတာက တောင်တန်းတွေ။

တောင်တန်းထက်တွင် ဝေညို့ဖြူမှိုင်းနေသော မြူတွေ အုံ့ဆိုင်းနေတတ်၏။

မိုးချုပ်ခါနီး တောင်တွေကို ရေးရေးသာပဲ မြင်ရအောင် ဒီမှာဘက်တွင် မိုးကြီးသည်။

ရောက်နေသော မြို့မှာ တောင်စခန်းမြို့ မဟုတ်ပါ။

တောင်ခြေများနှင့် ဆက်နေသော မြို့ဖြစ်သည်။ မြို့အပြင်တွင် ချောင်းလို့လည်း ခေါ်ကြသည်။ မြစ်လို့လည်း ခေါ်ကြသည်။ တစ်ဖက်နှင့် တစ်ဖက် ကိုက်လေးငါးရာဝေးသော ချောင်းသို့မဟုတ် မြစ်ကို ဖြတ်ကူးလိုက်လျှင် တစ်ဖက်နိုင်ငံ၏ နယ်နိမိတ်အတွင်းကို ရောက်သွားနိုင်၏။





မြို့မှာ စည်စည်ကားကားကြီးတော့ မဟုတ်ပါ။ ရှမ်း၊ ကရင်၊ မွန်၊ မြန်မာတိုင်းရင်းသားများ ရှိသလို တရုတ်၊ ကုလား၊ နိုင်ငံခြားသွေးပါသူများ အနည်းငယ်သာရှိသည်။

ထိုခေတ်က ဝန်ထမ်းအားနည်းသည့် ထိုမြို့တွင် စီးပွားရေးသမားတွေ များသည်။

ဒီမြို့က လူတွေ ဒီနိုင်ငံရေးကို စိတ်မဝင်စား၊ စီးပွားရေးကိုသာ စိတ်ဝင်စားကြသည်။

မြို့၏ မိုင်နှစ်ဆယ်အကွာလောက်တွင် ခဲမဖြူထွက်သော သတ္တုတွင်းတစ်တွင်းရှိသည်။ တစ်ချိန်က ဗြိတိသျှလူမျိုးပိုင်။

မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် မြန်မာပိုင်ဖြစ်လာသည်။ အဲဒီ သတ္တုတွင်းကို အမှီပြု၍ ရွာနီးစပ်ချုပ်မှလူတွေ သတ္တုတွင်း အလုပ်သမားတွေ ဖြစ်လာကြသည်။

ဒီသတ္တုတွင်းကိုပဲ အမှီပြုပြီး ရောင်စုံသောင်းကျန်းသူတို့ ရောက်လာကြသည်။ သတ္တုတွေကို ခိုးထုတ်သည်။ သတ္တုတွင်းအလုပ်သမားတွေဆီမှ ဆက်ကြေးတောင်းသည်။

မြို့နေ စီးပွားရေးသမားများ သွားလာလှုပ်ရှားမှုတွေ ကြားမှနေပြီး စီးပွားရှာသူတွေကို ဆက်ကြေးတောင်းခံသည်။

မြို့ထဲတွင် လည်းကောင်း၊ မြို့ပြင်တွင်လည်းကောင်း၊ လက်သည်မပေါ်သော လူသတ်မှုတွေ ဖြစ်တတ်၏။

ရဲဌာနတစ်ခုရှိသော်လည်း ရဲဝန်ထမ်း အင်အားနည်းသဖြင့် အမှုတွေကို ပေါ်အောင် မလိုက်နိုင်။

ပေါ်အောင် လိုက်ပြန်လည်း အကြမ်းဖက်သောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသူတွေနှင့် ရင်ဆိုင်ရပြန်၏။

လူသတ်မှုတွေမှာ စီးပွားရေးသမားချင်း သတ်ကြသော လူသတ်မှုတွေသာဖြစ်သဖြင့် စီးပွားရှာသူအချို့ အကြွမ်းဖက်သောင်းကျန်းသူများနှင့် ဆက်သွယ်ထားပြီး ကိုယ်လွတ်ရုန်းနိုင်စွမ်းရှိ၏။

ဒါတွေကို ဒီမြို့မလာခင်ကတည်းက စိုးဒေဝါ တီးခေါက်မိထားသည်။

မြို့မှာ ထွက်ကုန်မရှိ။

ဝင်ကုန်သာရှိသည်။ ရန်ကုန်မြို့နှင့် တခြားမြို့တွေမှ ဝင်ကုန်နှင့် အသက်ရှင်နေရသော မြို့။ သို့သော် ကုန်ဈေးနှုန်း မမြင့်မားလှပါ။ သင့်တင့်သော ကုန်ဈေးနှုန်းသာရှိသည်။

စိုးဒေဝါသည် မြို့ကိုရောက်တော့ ဦးအထောင်နှင့် တွေ့၏။ ဦးအထောင်မှာ ကားထောင်၍ ကုန်ပစ္စည်းပို့ကုန်လုပ်ငန်းကို လုပ်ကိုင်နေသော မွန်တရုတ်စပ်ပဲ ဖြစ်သည်။

မွန်သွေးတစ်မတ်သား၊ တရုတ်သွေး သုံးမတ်သား ဖြစ်သည်။ သူ့ရုပ်က တရုတ်နှင့်မတူ။ မွန်တိုင်းရင်းသားနှင့်တူ၏။ မြန်မာလို ဦးသန်းမြင့်ဟု ခေါ်သော်လည်း လူတွေက အထောင်ဟု ခေါ်သည်။

အကြောင်းက ကားထောင်သောကြောင့် ဖြစ်၏။

စိုးဒေဝါ ဒီမြို့ကို ရောက်လာပြီး အထောင်နှင့် ဆက်သွယ်မိအောင် ဦးရွှေမော်က ဖန်တီးပေးခဲ့၏။

ဘာစ်ချိန်က အထောင်သည် ဦးရွှေမော်ဆီက အကူ





အညီများစွာ ရခဲ့ဖူးသည်။ ဒါကြောင့် စိုးဒေဝါက ဦးရွှေမော်၏ စာကို ပေးလိုက်တော့ ပျာပျာသလဲ ဖြစ်နေသည်။

သူ့တွင် စားသောက်ဆိုင်ကြီးတစ်ဆိုင်နှင့် တည်းခိုနိုင်သော အခန်းများကို တရုတ်ပီပီ လာဘ်မြင်စွာ ဖွင့်ထားပြီးဖြစ်သည်။

စိုးဒေဝါကို ယင်းစားသောက်ဆိုင်ကြီး၏ အထက်က အခန်းများအနက် အခန်းတစ်ခန်းတွင် တည်းခိုစေသည်။ ဂျစ်ကား တစ်စီးလည်း ပေးထားသည်။

စိုးဒေဝါ အဆင်ပြေသွား၏။

သူ ပထမစုံစမ်းချက်ကို အထောင့်ဆီမှ ရယူခဲ့သည်။

သောင်းကျန်းသူခေါင်းဆောင် ပြုံးမောင်နှင့် နိုင်မတို့ အကြောင်းပဲ ဖြစ်သည်။

"ပြုံးမောင်နဲ့ နိုင်မကတော့ ဒီမြို့ကို လာခဲပါတယ် ... သူတို့ လာခဲပေမယ့် သူတို့ကိုယ်စား သူ့လူတွေပဲ တစ်ခါတစ်ခါ ရောက်လာတတ်တယ် ... သူတို့နဲ့ မတည့်တဲ့ တခြား အဖွဲ့အစည်းက သောင်းကျန်းသူတွေနဲ့ မြို့ပြင်မှာ တိုက်ချင်တိုက် ... မြို့ပြင်မှာ တိုက်ဖြစ်ရင် မြို့ထဲမှာ ချကြတာပဲ ကိုစိုးဒေဝါ"

"ခဏခဏ ဖြစ်သလား"

"တစ်ခါတစ်ရံမှပါ"

"မြို့က လူတွေ တော်တော် လန့်မှာပဲနော်"

"ဆူဆူပူပူကြားထဲနေတော့လည်း ရိုးသွားပါပြီ ... ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကတော့ ဘယ်နေရာတွေ ဘယ်လောက်ဆူဆူ အေးအေးပဲနော်"

"ရန်ကုန်မြို့က မြန်မာနိုင်ငံရဲ့ ပထမတန်းခါးပေါက်မြို့ဆိုတော့လည်း အေးအောင်ထားရတာပေါ့ ... ဒါပေမယ့် အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ဒဏ်ကို မခံနိုင်လို့ တောကပြေးလာတဲ့လူတွေက ရန်ကုန်မှာ များလာပါပြီ ... နောင်အနှစ်သုံးဆယ်လောက်ဆိုရင်တော့ လူဦးရေပေါက်ကွဲမှုများဖြစ်မလားမသိဘူး ... အဓိကကတော့ အကြမ်းဖက်သောင်းကျန်းသူတွေပါပဲ"

"တိုးတိုးပြောနော် ... ကိုစိုးဒေဝါ ... အပြင်မှာများ သွားမပြောလိုက်နဲ့ တောထဲက လူတွေက သူတို့ကို ရှုတ်ချတာလက်ခံတာမဟုတ်ဘူး"

"ဟိုမောင်နှမ နှစ်ယောက်ကကော"

"ခင်ဗျားက အတော် စိတ်ဝင်စားသလား"

"ဆယ်နှယ်စရာလေးတွေ ရှိနေလို့ပါ"

စိုးဒေဝါ ဘာကိစ္စနှင့် လာတာကို အထောင်သိပြီးသားပဲ။ သူတို့နှစ်ယောက်စကားပြောနေတာ မီးဖိုခန်းထဲက စားပွဲတစ်လုံးမှာ ဖြစ်သည်။

အပြင်တွင် မိုးစိမ့်စိမ့်နှင့် မိုးအေးသည်။ မိုးအေးသည်ကို ကာကွယ်နိုင်အောင်ဆိုပြီးတစ်ဖက်နိုင်ငံက အလွယ်တကူဝယ်နိုင်သော အနီတစ်ပုလင်း ထောင်နေကြခြင်းဖြစ်၏။

အထောင်တွင် သူ့မိန်းမနှင့် ကလေးများ ရှိသော်





လည်း မိန်းမနှင့် ကလေးကို ရန်ကုန်တွင် ထားခဲ့ကာ ဒီနယ်မှာ တစ်ကိုယ်တည်း စီး...းလာရှာနေသူဖြစ်၏။

သူ့တွင် အပျော်ထားသော မယားဘစ်ယောက်ရှိသည်။ တစ်ဖက်နိုင်ငံမှ နိုင်ငံခြားသူလေးဖြစ်၏။ သူတို့နိုင်ငံသည် အဲဒီအချိန်က အတော်ဆင်းရဲကြသည်။

လူတိုင်း အလုပ်မ...ပ်နိုင်သလို အလုပ်အကိုင်ကလည်း ရှားသည်။ မိန်းကလေးတွေဆို ကိုယ်နှင့် ရင်းနှီးစားသောက်သူတွေက များသည်။ ဒီဘက်ကို ရောက်လာသော မိန်းကလေးတစ်ယောက်ကို အထောင်က အပျော် ကောက်ယူသား၏။

ကောင်မလေးက ရုပ်မလှပေမယ့် ကိုယ်လုံးကိုယ်ပေါက်က ဖွံ့ဖြိုးသည်။ လူကြမ်းကြိုက်၊ ကာလသားကြိုက်ဖြစ်သည်။

သူတို့ပုလင်းပွဲကို ဒီကောင်မလေးကပဲ ဂြိုင်ပေးသည်။ သူမအမည်မှာ ခွန်ဒီဆင်မန်ဖြစ်သည်။ အထောင်က ပထမတော့ နောက်ဆုံးနှစ်အရ ဆင်မန်ဟု ခေါ်ရာက ကြာတော့ ဆင်မဟုပဲခေါ်သည်။

ဆင်မအမည်နှင့် လိုက်ပါသည်။

သူမ၏ အသားလေးတွေက ညိုကာ မျက်လုံးတွေက ဆင်မျက်စိလို သေးသေးကျဉ်းကျဉ်းဖြစ်၏။

"ပြုံးမောင်နဲ့ နိုင်မက ရက်စက်တယ် ... နိုင်မက တပ်ကွဲပြီး ဒီကို ရောက်လာတာ ... အစက သူတို့တပ်က ဖြူးနဲ့မိတ္တီလာမှာပဲ ... အစိုးရတပ်တွေက တိုက်တော့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းသူတွေ တကွဲတပြားဖြစ်ပြီး ရှုံးနိမ့်သွားတယ် သောင်းကျန်းသူတပ်တွေ ဖ.ဆ.ပ.လ ဖြစ်ခဲ့တာကို ဗဟိုက မကျေနပ်ဘူး ... အဲဒါနဲ့ နိုင်မက သူ့အစ်ကိုရှိတဲ့ ဒီနယ်ဘက်ကို ပြေးလာရာက ဒီနယ်မှာ လာမင်းမူတာပဲ”

“ဘာလို့ နိုင်မ ခေါ်တာလဲ”

“သူ့နာမည်ရင်းက ခင်စောနိုင်ပါ ... လွန်ခဲ့တဲ့ သုံးလေးလလောက်က သူခေါင်းဆောင်ပြီး ဟိုတိုက် ဒီတိုက်နဲ့ နိုင်လို့ နိုင်မလို့ ပေးကြတာပဲ ... ဘယ်သူက စပေးသလဲတော့ မသိပါဘူး”

“ချောသလား”

“ကျွန်တော် တစ်ခါ ခရီးထွက်တော့ ကျွန်တော့်ဆီ သူကိုယ်တိုင်ခေါင်းဆောင်ပြီး ဆက်ကြေးလာကောက်တာပဲ ... သောင်းကျန်းသူဆိုတဲ့ နာမည်နဲ့ မလိုက်အောင် အတော်ချောတာပဲ”

“နှမြောစရာဗျာ”

“လှလို့လား”

“ဟုတ်ပ”

“ဘာသဘောနဲ့ ပြောတာလည်း ကိုစိုးဒေဝါ”

“ဟာ ... အထောင်ရာ ... လှတဲ့ကောင်မလေးတွေဆိုရင် လင်ကောင်းသားကောင်း ရထိုက်တယ်မဟုတ်လား”

“နိုင်မက တစ်ခါက လင်ရခဲ့ဖူးတယ်လို့ ကြားတယ်ဗျ”

“ဒါဖြင့် အခုဟာ မုဆိုးမလား ... တစ်ခုလပ်မလား”





“ဒါတော့ ကျွန်တော် မသိဘူး ... သိချင်ရင်တော့ သူတို့စခန်းကို ရှာပြီး သွားမေး ... ဟိုကလည်း ခင်ဗျားရုပ်မြင်တာ နဲ့ ဆိတ်မ ကြိုးပြတ်သလို ဖြစ်သွားမှာပါ ဟဲ ... ဟဲ ... ဟဲ”

အထောင်က ရယ်သည်။ စိုးဒေဝါမရယ်ပါ။ ဒီတော့ အထောင်အရယ်ရပ်သွားသည်။ တည်နေသော စိုးဒေဝါမျက်နှာကို ကြည့်ကာ ဒီလူ ဘယ်လိုပါလိမ့်ဟု စဉ်းစားနေ၏။ အနည်းငယ်ကြာမှ ...

“ခုတော့ နိုင်မနဲ့ သူ့အစ်ကို အဆင်မပြေဘူးလို့ ကြားတယ်”

“ဘာကြောင့်လဲ”

“ဒါတော့ မသိဘူး ... အလျှင်ကလို မောင်နှမနှစ်ယောက် စိတ်တူ သဘောတူ မဟုတ်ဘဲ စိတ်ဝမ်းကွဲနေကြတယ်လို့ သတင်းသိုးသိုးသန့်သန့်ကြားတာပဲ”

စိုးဒေဝါ ဖန်ခွက်ထဲက အရက်ကို တစ်ခွက်ချင်း သောက်နေသည်။ စိတ်က ရန်ကုန်ကို ရောက်နေ၏။ ပြီးတော့မှ သူသိချင်တာကို ထပ်မေးသည်။

အမျိုးသမီးသတင်းထောက်လေး ဖြိုးဝေလင်း အကြောင်း။

ဒါကိုတော့ သူမသိပါဟု အထောင်က ဖြေ၏။

ခက်သည်။

ဖြိုးဝေလင်း ဘယ်မှာနေသည်မသိ။

သူ့ကိုလည်း ဦးရွှေမော်က ဓာတ်ပုံမပေးလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမော်က ပုံပန်းပြောသော်လည်း စိုးဒေဝါ ခန့်မှန်းလို့မရ။

တစ်ခုတော့ သိ၏။

ဒီမိန်းကလေးချောမည် ဆိုတာကိုပဲ။

စကားစ ပြတ်သွားသည်။ ဦးအထောင်၏ ကွစ်ကားနှင့် တစ်မြို့လုံး လိုက်လျှောက်ကြည့်သည်။ ဈေးထဲကို ရောက်သည်။

တစ်ဖက်နိုင်ငံမှ ဆင်းရဲသားအချို့ ဈေးထဲလာပြီး သစ်သီးသစ်နှံတွေ ရောင်းချသည်။ ၁၉၅၅ ခုနှစ်တွင် လူဝင်မှုအက် ဥပဒေရှိသော်လည်း နယ်စပ်လူဝင်လူထွက်ကို ဖိဖိစီးစီး ဘာမှ မလုပ်နိုင်သေး။

ကိုယ်က တစ်ဖက်နိုင်ငံသွားသည်ထက် တစ်ဖက်နိုင်ငံကသာ ကိုယ့်ဆီ လာတတ်ကြသည်။

ဟိုဝင်ဒီထွက်၊ ဟိုကြည့် ဒီကြည့်၊ ဟိုဟာလေ့လာ၊ ဒီဟာလေ့လာ။

တစ်နာရီခွဲလောက်တော့ ကြာသည်။ မြို့က မကျဉ်းမကျယ်။

အိမ်တွေက အကွက်ကျကျ မဆောက်ထားပဲ တောင်ကုန်း၊ တောင်စောင်းမြေပြန့်များတွင် ဟိုတစ်လုံး ဒီတစ်လုံး ဆောက်ထားသည်။

တစ်ဖက်နိုင်ငံကို ခြားထားသော မြစ်၏ ဤမှာဘက်တွင် အကောက်ခွန်ရုံးတောင် မရှိ။

နိုင်ငံ ျးပြဿနာနှင့် လုံးထွေးနေသော နိုင်ငံရေးသမားကြီးများ၊ နိုင်ငံရေးခေါင်းဆောင်ကြီးများသည် ပြည်တွင်း





ရောင်စုံသောင်းကျန်းသူများနှင့် ပြည်ပကူမင်တန် ရန်စွယ်ကြောင့် နယ်စပ်ကို ထိထိမိမိလုံးပမ်းမိဟန်မတူဟု စိုးဒေဝါ မှတ်ချက်ချသည်။

အထောင်၏ အိမ်သည် ပြည်ထောင်စုလမ်းတွင် ရှိသည်။ ပြည်ထောင်စုလမ်းသည် မြို့အဝင်လမ်းမကြီးမှ ခွဲထွက်သွားသော လမ်းတစ်လမ်းဖြစ်၏။

သူ၏ စားသောက်ဆိုင်နှင့် တည်းခိုခန်းက မြို့လယ်ဈေးနားတွင် ရှိသည်။ အမှတ် (၁) တောင်ကုန်းဟု ခေါ်သော တောင်ကုန်းတွင် ရှိ၏။ တောင်ကုန်းသာဆိုသော်လည်း လမ်းဖောက်ကာ ဈေးနှင့် ယင်းလမ်းက ဆက်နေ၏။ ပတ်လည်တွင် ထင်းရှူး၊ ကုက္ကို၊ ပင်လယ်ကဗွီး၊ ပိတောက်ပင်တွေရှိသည်။

အဲဒီနေရာမှာ ရှားတာက အုန်းပင်၊ တစ်မြို့လုံးမှ အုန်းပင်သုံးလေးပင်သာရှိ၏။

စားသောက်ဆိုင်ရှိရာ တောင်ကုန်းအမှတ် (၁) လမ်းအတိုင်း သူမောင်းလာသည်။ သူ့ဘေးမှာ ကရင်အမျိုးသားတစ်ယောက်က လားစီး၍ သွားနေသည်။ ဝါးခြင်းကြီးတစ်ခြင်းကို လား၏ လည်ပင်းနားတွင် ချိတ်ထား၏။

ဟောင်းနွမ်းသော သင်တိုင်းရှည်ကြီးဝတ်၍ ဒန်တို ခဲထားသည်။ ရိုးသားသော အသွင်သည် အပြင်ကင်းစင်မှုအဖြစ် သူ့မျက်နှာတွင် ပေါ်လွင်နေသည်။

ခြံက ကြီးပါသည်။

သရက်ပင်၊ ပိတောက်ပင်တွေ အုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသဲမှာတာ စားသောက်ဆိုင်။

ဒီနေရာကို မနေ့ကတည်းက သူရောက်ခဲ့ပြီးပြီ။

နေသည် မိုးသားတို့ ဖုံးနေသော်လည်း ဝင်တော့မည့်ဟန်ရှိနေသည်။

မိုးပေါက်တို့ ကင်းစင်သဖြင့် ပန်ဝန်းကျင်တစ်ခုလုံး သာယာနေသည်။ ဖားအော်သံတအုံအုံ တအင်အင်ကြားနေရသည်။

အသည်းနှလုံးနှင့် စိုးဒေဝါ။

ရန်ကုန်ကိုပဲ လွမ်းသလိုလို၊ စိုးကိုပဲ အောက်မေ့လွမ်းဆွတ်တသလိုလို။

သောက်လာသော အရက်ရှိလေးကြောင့် ရီဝေနေသည်။ ကားသော့ကွင်းကို လက်ညှိုးတွင် စွပ်ကာ ဝှေ့ယမ်းလျက် စားသောက်ဆိုင်ခန်းထဲ ဝင်လာသည်။

အထဲတွင် လူသုံးလေးဦးရှိသည်။

ဝိုင်းဖွဲ့ပုလင်းထောင်နေကြသည်။ ခုနေ မိုးအေးချိန်နှင့် ဒီနေရာ ဒီဌာနမျိုးမှာ ပလောင်ထင်းတာ မဆန်းပါ။

ဆန်းတာက သူ့နာမည်ခေါ်လိုက်သံပဲ ဖြစ်သည်။ အထက်ထပ်သို့ တက်ရန် တာစူသော စိုးဒေဝါခြေလှမ်းတွေ တန့်သွား၏။

လှည့်ကြည့်သည်။

"ကိုစိုးဒေဝါ မဟုတ်လား"

စားပွဲဝိုင်းတွင် ခွေးခြေလေးငါးလုံး ချထားသည်။ လူလေးယောက်က ထိုခွေးခြေများပေါ်တွင် သူတို့၏ ကိုယ်ခြံ-





ည်တွေကို တင်ထားသည်။

မေးလိုက်သည့်မေးခွန်းရှင်က မျက်နှာပြဲပြဲ၊ မျက်စိမှေးမှေး၊ ထိပ်ပြောင်ပြောင်၊ ဗိုက်ရွဲရွဲနှင့် ရာဝင်အိုးကိုယ်လုံးပိုင်ရှင်။

"ဟုတ်တယ် ... ကျုပ် စိုးဒေဝါပဲ"

စိုးဒေဝါအသံက အေးပေမယ့် ပြတ်၏။

"ဟာ ... ခုမှ မိတ်ကောင်းဆွေကောင်းကို လာတွေ့နေရတာပါပဲလား"

သူက ဝမ်းသာအားရလေသံနှင့် ပြောသည်။ စားပွဲမျက်နှာပြင်ကို လက်ဝါးထူထူကြီးနှင့် ဖြန်းခနဲ ရိုက်သည်။

ကောင်တာက ငွေသိမ်းစာရေးမတောင် အဲဒီအသံကြောင့် လန့်သွားသည်။ စိုးဒေဝါ ဒီလူကို မြင်ဖူးသလိုလိုရှိသည်။

စာမျက်နှာတွေကို ထုတ်နုတ်ကြည့်၏။

နိုး။ မမှတ်မိဘူး။

"ခင်ဗျား ... ဘယ်သူလဲ"

"မမှတ်မိဘူးလား ... ကိုယ့်လူရဲ့"

ငနဲသားက ရယ်ဖြဲဖြဲဆိုသည်။ သတိတော့ ထားမှ။ ငနဲလေသံက အထက်စီးလေသံ။

"ဟင့်အင်း"

စိုးဒေဝါ ခေါင်းယမ်းပြသည်။ နှုတ်က ဟင့်အင်း လိုက်မိသည်။ အဲဒီမှာ သူ့အိုက်တင်ပျောသွားသည် ထင်မိ၏။

မျက်နှာပြဲပြဲလူက စားပွဲကို လက်နှင့် ထောက်၍ ရပ်သည်။ အမူအရာလေးကန်မှု၊ လှုပ်ရှားမှု လေးကန်မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သိပ်တော့ စိုးရိမ်စရာမလို။

သူထွက်လာ၏။ သုံးလေးပေအကွာမှ ရပ်လိုက်သည်။

"ကျုပ်မျက်နှာကို သေသေချာချာ ကြည့်စမ်း ... နေဒွန်းလေ နေဒွန်း"

နေဒွန်း။

အင်း ... ဒီနာမည်ကို ကြားဖူးသလိုလိုပဲ။

"ခင်ဗျား ... မမှတ်မိရင် ပြောပြရသေးတာပေ့ ... အပေါင်းအသင်းရယ် ... ပြီးခဲ့တဲ့ တစ်နှစ်လောက်က ခင်ဗျားအမှု တစ်ခုနဲ့ ပတ်သက်ပြီး ကျုပ်ကို ဆွဲခဲ့တယ်လေ ... သဃ်န်းကျွန်းက မိန်းမလည် စိန်ချယ်အမှုလေ"

သိပါပြီ။ စာမျက်နှာတွေ အတော်များများထဲက တစ်မျက်နှာကို ပြန်လှန်ကြည့်၏။

အမှုတစ်ခုအတွက် သဃ်န်းကျွန်း ဂဖူးရပ်ကွက်ဘက် [illegible]ောက်သွားသည်။ မစိန်ချယ်က မကောင်းသောအလုပ်ကို ပြည့်တန်ဆာမလေးတွေနှင့် လုပ်စားနေသူ။

နေဒွန်းက မစိန်ချယ်ရဲ့ ယောက်ျား။

ရပ်ကွက်လူမိုက်။

အမှုတစ်ခုအတွက် နေဒွန်းနှင့် မစိန်ချယ် ပါဝင်နေသော စိုးဒေဝါက ရဲနှင့် ပေါင်းစပ်၍ သူတို့ကို ဖမ်းသည်။

မစိန်ချယ်ကို မိသည်။

နေဒွန်းက ထွက်ပြေးသွားခဲ့တာ ဒီနေ့အထိ။





ဝရမ်းထုတ်ထားခဲ့တာ ပြန်တောင် မသိမ်းသေး။

နေဒွန်းထက် သူဘာကောင်ဖြစ်သည်ကို လူသိသွားမှာ စိုးဒေဝါ စိုးရိမ်သည်။

"မှတ်မိပြီးလား ကိုစိုးဒေဝါ"

စိုးဒေဝါ ခေါင်းကို ညိတ်ပြသည်။ နေဒွန်းသွားဖြဲလိုက်သည်။ သူက သူ့လူတွေဘက် စောင်းငဲ့ကြည့်လိုက်၏။ ပြီးတော့မှ လေသံကိုနှိမ့်၍

"ဆရာ စိုးဒေဝါ ... ဆရာ ဒီကိုလာတာ ဘာကြောင့် လာသလဲဆိုတာ ကျွန်တော် မသိပေမယ့် အကြောင်းထူးတစ်ခု ရှိလို့လာတယ်ဆိုတာတော့ ကျွန်တော် သိပါတယ်ဗျာ"

"မင်း ဘာလိုချင်သလဲ နေဒွန်း"

တည်တည်အေးအေးပင် မေးလိုက်။ စူးစူးရှရှ မျက်လုံးတွေနှင့် ဝဝပြဲပြဲမျက်နှာကြီးကို စိုက်ကြည့်လိုက်သည်။ မျက်လုံးတွေ၏ အရှိန်အဝါက တစ်ဖက်သားသည်းထဲ နှလုံးထဲကို ထောက်ဝင်သွားဟန်တူသည်။ နေဒွန်းမျက်လွှာချလျက်

"အခု ကျွန်တော် ဒီမှာ အလုပ်မရှိဘဲ ... အသုံးအစွဲကျပ်နေတယ်ဆရာ ... ဒီတော့ ကျွန်တော့်ကို ဟိုဟာလေ ... "

လက်ညှိုးနှင့် လက်မဆက်ပြီး ဝိုင်းပြ၏။ သားစားသီလူးယစ်ကောင်ကို တောင်းချေပြီ။

"မင်းကို ပေးလိုက်ရင် ဘာအကျိုးဖြစ်လာမှာလဲ နေဒွန်း"

"နေဒွန်း ပါးစပ်ပိတ်နေမယ်လေ ... ဆရာ စိုးဒေဝါ ဘယ်သူဆိုတာ မပြောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါ ငြိမ်နေသည်။ နေဒွန်းက မျက်လုံးတွေနှင့် ကြည့်ကာ မဝံ့မရဲနှင့်

"ဒီနေရာက ဥပဒေမဲ့မဟုတ်ပေမယ့် လူကို သတ်လို့ လွယ်တယ် ... ဘိုးတောတွေ (သောင်းကျန်းသူ တောခိုသူတွေကို သူတို့မြို့က ဒီလိုပဲ ခေါ်တတ်ကြသည်)က ဒီမှာ မင်းမှုနေတော့ ဆရာ့လို အစိုးရဘက်သားဆို သိပ်အလိုရှိမှာပဲ"

အာလေး လျှာလေးနှင့်ပြောပြီး သူ့လည်ပင်းကို လက်ညှိုးနှင့် ရစ်သည်။ ထစ်ခနဲအသံ လုပ်ပြသည်။

"မင်းကို ငါ သတ်ပစ်လိုက်ရင်"

"ဩော် ... ဆရာရယ် နေဒွန်းက တစ်ယောက်တည်းမှ မဟုတ်ဘဲ ... အပေါင်းအသင်းတွေ ရှိပါတယ် ... ဟိုမှာ တွေ့လား ... အဲ သူတို့က ဘယ်နေလိမ့်မလဲ"

ထိုင်နေသူတွေကို မေးငေါ့ပြသည်။ သူတို့အသံက မတိုးမကျယ်မို့ ထိုင်နေသူတွေ ကြားဟန်မတူ။ ဒီဘက်ကိုတော့ ကြည့်နေကြ၏။

နေဒွန်းကို မမှုပါ။

သို့သော် သူ့လုပ်ငန်းတွင် စိုးဒေဝါ အနှောင့်အယှက် ဖြစ်မည်ကို မလိုလား။

ငွေတစ်ရာတန် တစ်ရွက်ကို ထုတ်ပေးလိုက်ပါသည်။

"ဟာ ... သိပ်ကျေးဇူးတင်တာပဲ အာစရိရာ ... တစ်ချိန်က အာစရိနဲ့ ကျွန်တော် ဖြစ်ခဲ့တာတွေကို ဘွာခေတ်လိုက်ပါပြီ"

"ပါးစပ်ကိုသာ ကျပ်ကျပ်ပိတ်ထား နေဒွန်း ... ငါ့စကား နားမထောင်ရင်တော့"

"စိတ်ချပါ အာစရိရယ် ... အာစရိလည်း ကျွန်တော့်ဆီ လိုတဲ့ အကူအညီတောင်းပါ"

စိုးဒေဝါ အထက်ထပ်လှေကားသို့ တက်လာစဉ်တွင် သူ့ဘော်ဒါတွေအား ပြောနေသော နေဒွန်း၏ စကားသံကို သဲ့သဲ့ ကြားလိုက်ရ၏။

"ဒါ ငါ့ဆရာပေါ့ကွ ... သူက သိပ်သဘောကောင်းတာ ... ရန်ကုန်က ထွက်ပြေးလာတဲ့ ဘိန်းကုန်သည်တစ်ယောက်ပဲ ပိုင်တောင့်တယ်ကွ"

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၄)

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်"

ခေါက်လိုက်သော တံခါးသံကြောင့် လန့်နိုးသွားသည်။ မျက်လုံးတွေက ပွင့်ပွင့်ချင်း ဦးစွာ အလင်းရောင်နှင့် မိတ်ဖွဲ့လိုက်သည်။ ရာသီဥတုက အေးမြနေသည်။

အလင်းရောင်ရှိစေကာမူ နေမပွင့်ပါ။ မိုးသားတို့ နေကို ဖုံးသိမ်းထားသည်။

ခြုံထားသော ဂွမ်းစောင်ကို ကိုယ်ပေါ်မှ ဖယ်ရှားလိုက်သည်။ ပြတင်းသံတိုင်တွေကြားကနေပြီးတော့ ဝင်လာသည်။ ငှက်အော်သံ တကျိုကျိုမြည်သံလေးတွေက သူ့ပတ်ဝန်းကျင်ကို သတိရစေ၏။

စိုးဒေဝါလက်က ခေါင်းအုံးအောက် ရောက်သွားသည်။ မာကျောသော အထိအတွေ့တစ်ခုနှင့် အရာဝတ္ထုကို ဆွဲထုတ်လိုက်ပြီး ဖြစ်သည်။





ကို့(လ်) ခြောက်လုံးပြူး။

"ဘယ်သူလဲ"

သူက အသံကျယ်ကျယ်နှင့် လှမ်းမေးသည်။

ပြန်ဖြေသံမကြားရ။

ခုတင်ပေါ်မှ အသံမမြည်အောင် ထသည်။ သေနတ်ကို တင်ပါးနောက်တွင် ဖိုက်လိုက်၏။ တံခါးရှက်ရှိရာသို့ ခြေလှမ်းကျဲကြီးများနှင့် အသံမမြည်အောင် တိုးကပ်သွားသည်။

တံခါးရွက်မှ တံခါးချက်ကို အသာကလေး ဘယ်လက်နှင့် အသံမထွက်အောင် ကျိတ်ဖွင့်သည်။ အပြင်သို့ ချောင်းကြည့်နိုင်ရန် တံခါးတွင် အပေါက်တို့ အကြိုအကြားတို့ဆိုတာက နတ္ထိ။

ဆတ်ခနဲတံခါးရွက်ကို ဖွင့်လိုက်၏။

ရန်သူပဲဖြစ်ဖြစ်၊ မည်သူပဲဖြစ်ဖြစ် မြူနီးစားကြီးတံခါး ပွင့်သွားလျှင် ကြောင်သွားစေရန်ဖြစ်၏။

လန့်လည်း လန့်သွား၏။

တံခါးအပြင်မှ ရပ်နေသူထံမှ ဟင့်ခနဲ အသံထွက်လာ သည်။

အံ့စရာပေပဲ။

မိန်းကလေးတစ်ယောက်။

လှလှပပနှင့် သက်နုငယ်ချောအရွယ်။

စိုးဒေဝါ ကြောင်ဆင်းသွားသည်ထင်ရသော်လည်း မကြောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားလည်း အန္တရာယ်ပြုနိုင်သည်။ သူတို့က ဗိုလ်တောင်အကွက်ရိုက်နိုင်သေးသည်။

"ဒါ ... ဒါ ဖြိုးဝေလင်း"

သူမက အထစ်ထစ် အငေါ့ငေါ့ပြောပြီးမှ

"ဟင် ... ဒါ ဖြိုးဝေလင်းလည်း မဟုတ်ဘူး"

သူမက မျက်နှာကလေးက ကြောင်တောင်တောင်။

"ဒါ တို့အခန်းပါ ... မင်းက ဘယ်သူလဲ"

"ဟင် ... ဒါဆို ဖြိုးတော့ အခန်းမှားပေးလိုက်ပြီထင်တယ်"

ဖြိုးဝေလင်းတဲ့။

အတော်စိတ်ဝင်စားစရာကောင်းတာပဲ။

"ဖြိုးဝေလင်းဆိုတာ ဘယ်သူလဲ"

"အို ... ဘယ်သူမှ မဟုတ်ပါဘူး"

သူမက လှည့်ထွက်သွားသည်။ မျက်နှာကလေးပေါ်တွင် စိတ်ပျက်သွားပုံရသည်။

စိုးဒေဝါလှမ်းထွက်လိုက်၏။ သူမရှေ့တွင် ပိတ်ရပ်သည်။ တခြားအခန်းတွေ ပိတ်နေပြီး လူသူမရှိပါ။ ဒါကြောင့် စိုးဒေဝါက လုပ်ရဲခြင်းဖြစ်၏။

"နေဦးလေ ... အခန်းကို ခေါက်ပြီးမှ လှည့်ထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ"

"ရှင်"

"မင်း ... ဖြိုးဝေလင်းအမည်ကို ပြောခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်"





"ဖြိုးဝေလင်းဟာ မိန်းကလေးသတင်းတောက်လုပ်နေတယ်လေ"

"ရှင် ... ဘာပြောတယ်"

"ဖြိုးဝေလင်းဟာ တို့ပြောသလိုပဲ မဟုတ်လား"

မိန်းကလေးက သူ့ကို စိုက်ကြည့်နေပြီးမှ ခေါင်းညိတ်ပြသည်။

"ဒါဆို အခန်းထဲ ဝင်ပါဦး ... ဆွေးနွေးရအောင်"

"ဘာရှင့် ... ဘာဆွေးနွေးရအောင်လဲ ... ရှင် ကျွန်မကို ဘာထင်လို့လဲ"

"အို ... အထင်မလွဲပါနဲ့ကွာ ... မင်းပြောတဲ့ ဖြိုးဝေလင်း အကြောင်း ဆွေးနွေးမလို့ပါ"

"ရှင်နဲ့ ဖြိုးဝေလင်းနဲ့ ဘာဆိုင်လို့လဲ"

"တို့ ဖြိုးဝေလင်းကို လိုက်စုံစမ်းနေတာပါ ... ဖြိုးဝေလင်း ဘယ်မှာ နေသလဲဆိုတာ သိချင်တယ်"

စိုးဒေဝါအသံက တည်သည်။ မျက်နှာကလည်း တည်ငြိမ်အေးဆေးသည်။ သူ့ရုပ်သွင်က လူတကာယုံကြည်စရာ အားကိုးစရာဖြစ်စေသော ရုပ်ဖြစ်သည်။

ကောင်မလေး ယုံကြည်စိတ်ချဟန်နှင့် ခေါင်းကလေးကို ညိတ်လိုက်၏။

စိုးဒေဝါသေနတ်ကိုင်လက်ကို ဝှက်သည်။ အခန်းထဲ ပြန်ဝင်လာသည်။ အထဲတွင် ကုလားထိုင်တစ်လုံးတည်းရှိသော ကြောင့် ခုတင်ပေါ်တွင်ပဲ ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးက ဝင်လာ၏။ စိုးဒေဝါက ကုလားထိုင်ကို မေးငေါ့ရင်း ...

"တံခါးကို ပိတ်လိုက်ပါ ... တို့ မင်းကို ဘာမှ မလုပ်ပါဘူး တို့ပြောတာတွေကို အပြင်က ကြားသွားမှာစိုးလို့"

မိန်းကလေးက ခဏမျှ တွေစဉ်းစားပြီးမှ တံခါးကို နောက်ပြန်ပိတ်သည်။

ချက်ကိုတော့ မထိုးပါ။ တံခါးရွက်မှာ ဘောင်နှင့် အပြည့်မို့ ချက်ထိုးဖို့ မလိုဘဲ ပိတ်ပြီးသားဖြစ်သွားသည်။

စိုးဒေဝါကို သူမ ရဲရဲတင်းတင်းကြည့်၏။

ကြောက်စရာမလိုပါဘူး။

"မင်း ဒီမှာ ဖြိုးဝေလင်းနဲ့ တွေ့ဖို့ ချိန်းထားတာလား"

"ဟုတ်တယ်"

"ဖြိုးဝေလင်း ဒီကို လာမှာလား"

"သူလာမယ်တဲ့ ... ဒီအခန်းနံပါတ် (၇)က စောင့်နေမယ်တဲ့"

"မင်းဘယ်သူလဲ"

"ရှင်ဘယ်သူလဲ"

"တို့မေးတာ ဖြေဖို့ ကောင်းတယ်"

မိန်းကလေး ခဏငြိမ်နေပြီးကာမှ

"ကျွန်မ ခင်သက်ထားဦး"

"ခင်သက်ထားဦး ... အတော်လှပါလား ... မင်းနဲ့ လိုက်တဲ့ နာမည်ပဲ"





ကောင်မလေး နှုတ်ခမ်းလေးက ရွဲ့သွား၏။ ဒါကို စိုးဒေဝါက မြင်တော့ ...

"မင်းကို ငမ်းပြီး ပြောတယ်လို့ မထင်နဲ့ အမိ"

"ကျွန်မကို ငမ်းလို့လည်း ရမှာမဟုတ်ဘူး ... ကျွန်မက လင်နဲ့"

"ကောင်းတယ်"

"ရှင် ... ဘာ"

"ဩော် ... ဩော် ... မင်းပြောလိုက်တဲ့စကားလေးက ကောင်းတယ်လို့ ပြောတာပါ ... ဘယ်သူကမှ အပင်ပန်းခံပြီး ကာမေသုမိစ္ဆာစာရကံကို မကျူးလွန်ကြတော့ဘူးပေါ့"

"ကျွန်မ ရှင်နဲ့ စကားအခြေအတင်ပြောဖို့ လာတာမဟုတ်ဘူး ... ရှင်က ဘယ်သူလဲ"

"တို့နာမည် စိုးဒေဝါ ... ဖြိုးဝေလင်းလိုပဲ သတင်းထောက်တစ်ယောက်ပါ ... ဖြိုးဝေလင်းနဲ့ တို့နဲ့က ရန်ကုန်မှာကတည်းက သိခဲ့ကြဖူးတယ် ... နောက် သူဒီကိုလာတယ်ကြားတယ် ... တို့လည်း ဒီမြို့ကိုရောက်တုန်း ဖြိုးဝေလင်းကို တွေ့ချင်လို့"

"ရှင် တကယ်ပြောတာလား"

"ဘယ်သူက နောက်နေလို့လဲ"

ဒီလိုတော့လည်း စိုးဒေဝါကို မချောလေးက ယုံစားရရှိသည်။ ကုလားထိုင်ဟောင်းတွင် ဝင်ထိုင်လိုက်သည်။

"သူနဲ့ ကျွန်မ ခင်မင်ကြတဲ့ သူငယ်ချင်းတွေပါ ... သူ့အနေ



www.burmeseclassic.com

www.burmeseclassic.com



အကျပ်အတည်းဖြစ်နေတယ်"

"ဘာဖြစ်နေတာလဲ"

"ရှင် ကူညီနိုင်မလား"

"တို့ တတ်နိုင်ရင် ကူညီပါ့မယ်"

ခင်သက်ထားဦး ခေါ် မိန်းကလေးက အသံကို နှိမ့်ပြီးလျှင်

"သူအခု ... အကျပ်အတည်းဖြစ်နေတယ်ရှင့်"

"ဆိုပါ ... ခင်သက်ထားဦး"

"ဒီမြို့က ထွက်မရဘူး ဖြစ်နေတယ် ... သူ့ကို သောင်းကျန်းသူ မောင်နှမက လူလွှတ်ပြီး စောင့်ကြည့်ခိုင်းထားတယ်"

သောင်းကျန်းသူမောင်နှမဆိုကတည်းက ပြုံးမောင်နှင့် နိုင်မကို သတိရလိုက်သည်။ မသိဟန်ဆောင်ပြီးတော့ ...

"သောင်းကျန်းသူ မောင်နှမဆိုတာ ဘယ်သူလဲ"

"ပြုံးမောင်နဲ့ နိုင်မပါ ... သူတို့က တောတွင်းအဖွဲ့ခေါင်းဆောင်တွေလေ"

"ဘာဖြစ်လို့ စောင့်ကြည့်ခံရတာလဲ"

"ဖြိုးဝေလင်းက ဒီမြို့ကို လာတယ် ... မြို့အခြေအနေတွေနဲ့ သောင်းကျန်းသူ အခြေအနေကို သတင်းစာတိုက်တွေမှာ ပေးပို့နေတယ် ... ဒါကို ပြုံးမောင်တို့ရော တခြားသောင်းကျန်းသူအဖွဲ့အစည်းတွေကရော မကျေနပ်ဘူး"

"သိပြီ"

"ပိုဆိုးသွားတာက ပြုံးမောင်တို့က ရတဲ့ ဆက်ကြေးတွေနဲ့





တစ်ဖက်နိုင်ငံက ရွှေချောင်းတွေကို ခိုးသွင်းရာက ဖြိုးဝေလင်းတစ်ယောက် ဒီရွှေချောင်းတွေကို ရသွားတာပဲ ... အဲဒါကို ပြုံးမောင်တို့က ဒေါသထွက်ပြီး ဖြိုးဝေလင်းကို အသေသတ်ဖို့ လိုက်ရှာနေတယ် ... ဖြိုးဝေလင်းလည်း နေရာအတည် တကျ မနေနိုင်ဘဲ လျှောက်လျှောက်ပုန်းနေရတယ်"

"ဖြိုးဝေလင်း အခု ဘယ်မလဲ"

"သိရိမြိုင်မှာ ရှိနေတယ်လို့ သူက ပြောခဲ့တာပဲ ... အဲဒီကမှ တစ်ဆင့် ဒီအခန်းကို သူလာမယ်ပြောပြီး ကျွန်မကို ချိန်းခဲ့တာပါ"

"ဘာအတွက်"

"သူထွက်ပြေးချင်တယ် ... ကျွန်မ ကူညီနိုင်မလားလို့ပေါ့ ရှင် သူ့ကို ဒီနယ်က လွတ်အောင် ကူညီနိုင်မှာလားဟင်"

"ဖြိုးဝေလင်း ရှိတဲ့နေရာကို တို့မှမသိတာ"

"ကျွန်မ ရှင့်ကို ခေါ်သွားပေးပါ့မယ်"

"ဖြစ်နိုင်ပါ့မလား"

"ရှင် ဘယ်လိုလူစားဆိုတာတော့ ကျွန်မ မသိဘူးရှင့် ... ဒါပေမယ့် ရှင့်မျက်နှာမြင်ရတာက ကူညီနိုင်မည့် လူစားထင်တာပဲ"

"ဖြိုးဝေလင်းလက်ထဲမှာ ရွှေချောင်းတွေရှိတယ် ... အင်းဒါဆိုရင်"

စိုးဒေဝါ နှာခေါင်းကို ပွတ်စဉ်း●ားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ထားဦးက သက်ပြင်းလေးချပြီးမှ

"ကျွန်မ သူ့ကိုယ်စား ပြောပါ့မယ် ... သူ့ကို ဒီမြို့ကနေပြီး အန္တရာယ်ကင်းတဲ့နေရာအထိ ထုတ်သွားခဲ့နိုင်ရတော့ ဖြိုး ရထားတဲ့ ရွှေချောင်းတွေထဲက ရှင့်ကို တစ်ဝက်ခွဲပေးရမှာပဲ"

"လုပ်လှချည်လား ... မင်းက ဒီလို အပိုင်ပြောနိုင်လောက် အောင် ဘာမို့လဲ"

"ကျွန်မက သူနဲ့ ခင်တဲ့ သူငယ်ချင်းလို့ ပြောခဲ့ပြီးပြီကောရှင်"

စိုးဒေဝါ လက်ဝါးချင်းပွတ်သည်။ ထသည်။

"ကဲ ... ဒါဆို သီရိမြိုင် ဘယ်နေရာမှ ဖြိုးဝေလင်းရှိတယ်ဆို တာ ပြောပြ"

ဘယ်မှာ ရှိသည်ဆိုတာကို သူမက ပြောပြသည်။ ခေါင်းလေး မသိမသာစောင်း၊ မျက်လုံးများကို မျက်လွှာချ၍ စိုးဒေဝါ နားထောင်သည်။

"ဒါဆို မှတ်မိပြီ"

"ရှင်တစ်ယောက်တည်း သူ့ဆီမသွားပါနဲ့ ... ကျွန်မကိုင်တိုင် သူ့ဆီ လိုက်ပို့မယ် ... ဒါမှ သူယုံကြည်မှုရှိမယ် ... ကျွန်မ သူ့ကို ဒီမှာ မတွေ့ရပေမယ့် သူ့နေရာကို ကျွန်မ အခုလိုက် သွားပြီး ရှင် သူ့ကို သယ်ထုတ်သွားမယ့်အကြောင်းလည်း ကြိုပြောထားလိုက်မယ်"

"ဒါကတော့ မင်းသဘောပဲ"

"တစ်ခုတော့ ကျွန်မ ကြိုတင်ပြောထားမယ် ... ဒီစကား ကြားရလို့ ဖြိုးပေါ်မှာတော့ ရှင်ဘယ်လိုမှ အထင်မသေး





ပါနဲ့"

"ဘာများမို့လဲ"

ခဏမျှ သက်ထားဦးက ထိုင်စဉ်းစားနေသည်။ ထိုမှ ငါ်းကလေးခါကာ

"ဘာမှ မဟုတ်ပါဘူး ... ကျွန်မ ဘာတွေများ ပြောနေမိပါ လိမ့်"

သူမ၏ စကားကို စိုးဒေဝါအလေးအနက် မထားပါ။ ဝေလင်းကိုသာ တွေ့လိုသော ဆန္ဒရှိနေသည်နှင့်အညီ

"မင်းစကားက ရှုပ်ချည် နှပ်ချည်နဲ့ ဘာတွေလည်း မသိဘူး မင်းမပြောချင်လည်းနေ ... ဖြိုးဝေလင်းကို ငါဘယ်အချိန် လာတွေ့ရမှာလဲ"

"ဒီညနေ ငါးနာရီခွဲကို သီရိမြိုင်က မြရာတောကိုသာ လာခဲ့ ပါ ... ကျွန်မ စောစောက ပြောတာ ရှင်မှတ်မိပါပြီ"

စိုးဒေဝါ မျက်လုံးတွေကို လက်ချောင်းများနှင့် ပွတ် လိုက်သည်။ အိပ်ရာထထချင်း ထိုမျှလောက် လက်ခံစကားပြော ဘာနှင့်ပဲ ကျေနပ်လောက်ပါပြီ။

သူစားပွဲပေါင်းပေါ်မှ ကိုးလ်ဂိတ်သွားတိုက်ဆေး နှင့် သွားပွတ်တံကို ထယူလိုက်သည်။ ကောင်မလေးက ထရင်း

"ရှင် မျက်နှာမသစ်ရသေးဘူးလား"

"မင်းကို အာပုပ်ရေ တစ်ပိသာလောက်နဲ့ စကားပြောနေ တာ"

ကောင်မလေးက ခစ်ကနဲ အသံကလေးနှင့် ရယ်ပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရှင့်ကြည့်ရတာ မျက်နှာသစ်ပြီးထားတဲ့ လူအတိုင်းပဲ ဆောရီးပါရှင် ... မနက်စောစောစီးစီး လာဒုက္ခပေးမိနေပြီ"

"သွားတော့မလား"

"သွားမယ်ရှင်"

"အောက်ထပ်မှာ တစ်ခုခု လိုက်စားဦးလေ ... ဒီဆိုင်က မနက်ဆို ကော်ဖီတို့ လက်ဖက်ရည်တို့ ရနေတာပဲ"

"ကျေးဇူးတင်ပါတယ် ... တော်ပါပြီ"

သူမ ခေါင်းကလေးညွှတ်ကာ အပြုံးကလေးနှ... နှုတ်ဆက်ထွက်သွား၏။ ခင်သက်ထားဦး ဘယ်မှာနေသည် ဘယ်လို မိန်းကလေးလည်း ဆိုတာကို စိုးဒေဝါ သိခွင့်မရလိုက်...

တစ်ခုတော့ ကျေနပ်စရာ ရှိနေပါသည်။

သူလိုက်ရှာရမည့် ဖြိုးဝေလင်းကို လွယ်လွယ်ကူ... တွေ့နိုင်မည့်နေရာအား အလိုအလျောက်သိခွင့်ရလာတာကို... ကံကြမ္မာကို ကျေနပ်စရာဖြစ်နေသည်။

ကောင်းကောင်း တွေ့နိုင်ပါစေ။

စိတ်ထင်တိုင်း ဖြစ်မလာ။

ဒီညနေ ငါးနာရီခွဲ။

သီရိမြိုင်ဟု သူကြိုတင်သိထားသော ရပ်ကွက်ဘ... ကို ကားမောင်းချလာသည်။ မြို့၏ အရှေ့မြောက်ဘက်တွ... ရှိသည်။

မြစ်နှင့် နီးကပ်သည်။ တောင်ကတုံးတွေ၊ တောင်ပူ...





...ရို့ပေါ်တွင် ပျဉ်ထောင်အိမ်လေးတွေ၊ အင်ဖက်မိုးအိမ်လေးတွေ၊ ...တစ်ကွက် ဒီတစ်ကွက်ဆောက်ထား၏။

ဒီမှာဘက်တွင် ညောင်ပင်ကြီးတစ်ပင်ကို လိုက်ရှာ... မိုးမရွာပါ။ ဝင်လုဆဲနေက အနောက်တောင်တန်းတွေကြားတွင် ...ကြက်ဆဲ။

ဂျစ်ကားကို တစ်နေရာတွင် ရပ်လိုက်၏။ အဝေး...တွင် သဏ္ဌာန်တစ်ခုတွေ့ရသည်။ သာမန်မျက်လုံးနှင့်ဆိုလျှင် ...ယောကျ်ားမိန်းမ မကွဲပြားနိုင်သော အကွာအဝေးတွင်ဖြစ်သည်။

နေရောင်သည် အားနည်း၏။ ထိုအားနည်းသော နေရောင်များကိုပင် သစ်ပင်တို့၏အကိုင်း၊ အခက်အလက်အရွက် ...တွေက ကာထားပြန်သည်။

အင်း ... ဘယ်သူပါလိမ့်။

သူ့ဂျစ်ကားဒက်ရှ်ဘုတ်ထဲတွင် ရန်ကုန်မှာကတည်း...က သူယူလာခဲ့သော အမ်(မ်)အိပ်(က်စ်)ခုနစ် (MX-7) မှန်ပြောင်း ...တစ်လက် ထည့်ထားခဲ့ပြီးဖြစ်သည်။

ယူသည်။ ကြည့်သည်။ အကွာအဝေးကို ညှိယူလိုက်သည်။ ဖျော့တော့တော့အလင်းတန်းထဲတွင် လူလုံးသဏ္ဌာန်သည် ...င်းခနဲ ဝင်လာသည်။ အံ့သြသွားသည်။

မိန်းကလေး။ ပြီးတော့ ခင်သက်ထားဦး။

ညောင်ပင်ကြီးတစ်ပင်။

သူမ ကတိတည်သားပါပဲလား။

ဂျစ်ကားကို စက်နှိုးသည်။ ဂီယာပြောင်းချိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ညာဘက်က တောင်ကုန်းအောက်ကို ပတ်ဆင်းလိုက်သည်။

တောင်ကုန်းပေါ်တွင်ရှိသော အိမ်နှစ်အိမ်ကို ကျော်ပတ်ပြီးဖြစ်သည်။ ညောင်ပင်ရှိရာက မိုင်ဝက်နီးပါးရှိသည်။ သုံးဖာလုံလောက်ဟု ပြောလျှင်လည်း ရပါသည်။

ကားကို ခဏပြန်ရပ်၏။

အဝေးတွင် ဖုန်လုံးတစ်လုံး ထသွား၏။ မိုးမရွာသဖြင့် ခြောက်သွေ့သောနေရာတွင် ဖုန်ထခြင်းဖြစ်မည်။

စိုးဒေဝါ မှန်ပြောင်းကို ပြန်ယူသည်။ ပြန်ကြည့်၏။ သူ့ကားလိုပဲ ဂျစ်ကားတစ်စီး၊ အရောင်သဏ္ဍာန်ကတော့ မကွဲပြား။ ဒီကားက ညောင်ပင်အောက်ကို သွားနေသည်။

အတွေ့အကြုံသည် စိုးဒေဝါကို နှိုးဆွပြီးဖြစ်သည်။ စိုးရိမ်စိတ်ဖြစ်ပေါ်လာသည်။ ညောင်ပင်အောက်က မိန်းကလေးအတွက်ပေပဲ။

ဟော ... ထင်သည့်အတိုင်းပဲ။

ကားပေါ်တွင် လူလေးယောက်ပါသည်။ ကားနှင့်လူလေးယောက်ကိုမြင်တော့ ခင်သက်ထားဦးက ရပ်နေရာကထွက်ပြေးသည်။

ဟုတ်ပြီ ... ပြေး ... ပြေး။

ဂျစ်ကားသည် သူမနောက်ကို တန်းတန်းမတ်မတ်မောင်းလိုက်သွားသည်။ ကားက ရပ်သွားသည်။

လူသုံးယောက်ကားပေါ်မှ ခုန်ဆင်းသွား၏။ ခင်သက်ထားဦးနှင့် ဒီလူသုံးယောက်လုံးလား ထွေးလားဖြစ်နေတာ





င်းထင်းကြီးကို မြင်နေရသည်။

ဟော ... ဟော ... သုံးယောက်က အောင်ပွဲခံယူသွားပါပြီ။

ခင်သက်ထားဦးကို ချုပ်ကိုင်ထားကြကာ ကားရှိရာသို့ တရွတ်ဆွဲခေါ်သွားကြသည်။

စိုးဒေဝါ ဟီးရိုးလုပ်ချင်စိတ်မရှိပါ။ ခင်သက်ထားဦးသည် သူ့ကိစ္စတွင် အကျုံးဝင်နေသူမို့ ဟီးရိုးမလုပ်ချင်သော်လည်း ဟီးရိုးလုပ်ကိုလုပ်ရမည်။

စက်နှိုးလိုက်သဖြင့် ကားက အသက်ဝင်လာသည်။ စိုးဒေဝါသည် လူနေအိမ်ခြေမရှိသော အဲဒီမြေပြန့်ဘက်ကို ဘယ်ဘက်တစ်ဖက်တည်းဖြင့် စတီယာရင်ကို ထိန်း၍ မောင်းချသွားသည်။

လမ်းကြောင်းသည် တည့်တည့်မဟုတ်။

အကွေ့အပတ်တွေရှိသည်။ ဒါကပဲ ကောင်းနေသည်။

တောင်ကုန်းတွေ၊ ကမူတွေကို ကွေ့ပတ်မောင်းနေသဖြင့် သူ့ကားကို တစ်ဖက်လူ မမြင်နိုင်အောင် တောင်ကုန်းတွေ၊ ကမူတွေက ကာထားပေးသည်။

သစ်ပင်တွေကို ကျော်မောင်း၏။ တောင်ကုန်းပတ်လမ်းတစ်ခုကို တက်လိုက်၏။ မညီညာသော ချိုင့်ခွက်တွေရှိသော လမ်းမှ ခုန်ခုန်သွား၏။

ဟော ... ညောင်ပင်ကြီးမြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆင်းသည်။ မြေပြန့်။

တစ်နာရီ မိုင်ခြောက်ဆယ်လောက် ပြေးနေသော ကားမှာ တန်ရုံလူ ဒီလမ်းမျိုးတွင် အထိန်းရခက်၏။ မိုးရွာလျှ ရွံ၊ နေပူလျှင် ဖုန်ဖြစ်နေသော လမ်းကြမ်းတွင် ကားမောင်းကျ လည်နေသူမို့ စိုးဒေဝါ ကားကို မမှောက်အောင် အသာလေး ထိ နိုင်သည်။

စိုးဒေဝါနှင့် လူတစ်စု။

အနားကို ကပ်သည်။ ဘယ်လက်က စတီယာရင် ထိန်း၍ ညာလက်က နောက်ခါးကြားထဲတွင် ညှပ်ထားသော ဗို သုံးဆယ့်ရှစ်ကို(လ်) ခြောက်လုံးပြူးကို အဆင်သင့် ဆွဲထုတ် ဖြစ်သည်။

ကားစက်သံကျယ်သည်။ ဖုန်လုံးတွေ ထလာသ ကြားမှ ကားကိုလည်း မြင်နေကြရသည်။ လူသုံးယောက်သ ခင်သက်ထားဦးကို တွန်းပစ်လိုက်ကြ၏။

ပြုပြင်မထားသော လမ်း၏နံဘေးတစ်နေရာ ဝိစပ်ပင်၊ ထောလပတ်ပင်တွေကြားထဲ သူမအားလှားထိုးစိုက် သွားသည်။

လူသုံးယောက်သည် ဂျစ်ကား၏ နောက်ပိုင်းထဲ သေနတ်တွေ ဆွဲထုတ်လိုက်ကြ၏။

တစ်ယောက်၏ လက်ထဲတွင် စတင်းဂန်း။

နောက်တစ်ယောက်လက်ထဲတွင် ပွိုင့်သရီးအိုသ စစ်သုံးရိုင်ဖယ်။





ကျန်တစ်ယောက်လက်ထဲမှာက ပစ္စတိုလ်။

သေနတ်ဆိုတာ ချက်ချင်းကိုင်ပြီး ချက်ချင်းပစ်လို့ ာမဟုတ်။ လုံခြုံရေးခလုတ်ကိုဖြုတ်။ ပြီးမောင်းတင်။ နောက်မှ ။

ဒါကပဲ အကျွမ်းကျင်ဆုံးဖြစ်အောင် နှစ်စက္ကန့် ုံးစက္ကန့်တော့ကြာသည်။ စိုးဒေဝါကမူ နဂိုမူလကတည်းက သေနတ်ကို လက်ဦးအောင် လုပ်လာခဲ့သူ။ ခြောက်လုံးပြူးမှာ ခုကောင်းတာက မောင်းတင်ဖို့ မလို။

ထိုးပစ်ဖို့ပဲ လို၏။

ဘယ်လက်က ကားကိုထိန်း၊ ညာလက်က သေနတ်ကို လူသုံးယောက်ဘက် ဘေးတိုက်ချိန်ကာ ကားမောင်း း တန်းဖြုတ်ချလိုက်၏။

"ဒိုင်း"

သေနတ်သံသည် ကျယ်လောင်၏။ သူတွားဂက်ပစ် ည်း လုပ်ထားသူကို ကိုက်နှစ်ဆယ်အတွင်းမှာ မှန်အောင်ပစ်နိုင်၏။

စတင်းဂန်းကိုင်လူမှာ လက်နှစ်ဖက်မြှောက်တက်၍ ကိုယ်လုံးတစ်ခုလုံး နောက်ကို လန်တက်သွားသည်။

"ဒိုင်း ... ဒိုင်း"

သူ့ပစ်ခတ်မှုထက် နှစ်စက္ကန့်လောက် နောက်ကျပြီး သေနတ်သံတွေက တစ်ဖက်က ထွက်လာသည်။

ဂျစ်ကားကို ကွေ့ကွေ့ကောက်ကောက် မောင်းနေ ဖြင့် ကျည်ဆန်တွေ ချော်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်သည် ဂျစ်ကားပေါ် ခုန်တက်လိုက်ကြသည်။ စိုးဒေဝါက သူတို့ကို ပတ်မောင်းနေတာသိသဖြင့် တစ်ယောက်က စိုးဒေဝါနောက်ကို လိုက်ရန် ကားမောင်းသူကို အော်ပြောသည်။

လက်နက်ကိုင် လူသုံးယောက်စီးနေသော ဂျစ်ကားက စိုးဒေဝါဂျစ်ကားနောက်သို့ ဦးတည်လိုက်လာတော့သည်။

စိုးဒေဝါ သူ့ကားကို ကွေ့ပတ်မောင်းနေရာမှ နောက်မှ လိုက်လာသော ကားကို လှည့်ပြီး ထိုးပစ် ပစ်လိုက်၏။

သူပစ်လိုက်သော ကျည်ဆန်က ဂျစ်ကား၏ လှုပ်ရှားမှုကြောင့် နောက်ကားကို မထိမှန်ဘဲ လွဲချော်သွားသည်။

စိုးဒေဝါ သစ်ပင်တွေကြားထဲ မောင်းဝင်သွားသည်။ အဲဒီမှာကမှ တစ်ဆင့် ညောင်ပင်ဘက် ပြန်ဦးတည်သည်။

ဖြစ်ချင်တော့ ကားက ချိုင့်တစ်ခုထဲကို ရှေ့ဘီးတစ်ဘီး ထိုးကျသွားသည်။ အဲဒီနေရာက ဖွက်တွေနှင့်။

• • •





## ဇာတ်လမ်းစဉ်(၅)

ကားဘီးကို အထက်သို့ တင်မရ၊

စက်ကို သတ်သည်။ ကားပေါ်မှ ခုန်ဆင်းသည်။ သစ်ပင်တွေကြားထဲက ပေါ်လာသော နောက်က ကားမှာ သူနှင့် ကိုက်နှစ်ဆယ်ကျော်ကျော်လောက်ပဲ ဝေး၏။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

ကားထက်ရှိ လူသုံးယောက်အနက် နှစ်ယောက်က ပစ်သည်။ စိုးဒေဝါ ကျည်ဆန်တွေကို ဂရုမစိုက်။

ကားလာရာ လမ်းတည့်တည့်ရှေ့တွင်သွား၍ ခြေနှစ်ဖက်ကားရပ်လိုက်သည်။ သူ့ကို(လ်)ခြောက်လုံးပြူးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားသည်။ ကားလာရာဘက် ချိန်သည်။

အသက်ကို အောင့်သည်။ တစ်ဖက်မှ ကျည်ဆန်တွေဝင်လာသည်။

သူ့ခေါင်းထက်နှင့် မျက်နှာဘေး၊ ကိုယ်ဘေးမှ ဖြတ်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါ မောင်းညှစ်ချလိုက်သည်။

"ဒိုင်း"

သေနတ်ပေါက်ကွဲသံတွေ ရောထွေးနေသည်။ ပစ်ကွင်းက ထိထိရောက်ရောက်ခရီးပေါက်သွားသည်။ ကျည်တိုကို သုံးရသော ပွိုင့်သရီးအိတ်ကို့(လ်)ခြောက်လုံးပြူး၏ ခြောက်လက်မ အရှည်ပြောင်းတွင်းမှရစ်၍ ထွက်သွားသော တစ်ရာလေးဆယ့် ခြောက်ဂရိမ်လေးသည် ကျည်ဆန်ထိပ်ဖူးက တစ်စက္ကန့်လျှင် ခုနစ် ရာ့သုံးဆယ်ပေနှုန်းဖြင့် လေထဲဖြတ်ထွက်ကာ ကားမောင်းသူ၏ နဖူးထဲကိုကောမှန်မှ ဖြတ်လျက်ဝင်သွားသည်။

နဖူးတွင် အမည်းပေါက်ကလေးတစ်ပေါက်ဖြစ်သွားသည်။ တစ်မုဟုတ်ချင်း ထိုအပေါက်တွင် နှင်းဆီနီပန်းပွင့်သွားသလို သွေးတွေ ရဲခနဲလျှံထွက်လာ၏။

ခေါင်းစိုက်ကျသွားသည်။

စိုးဒေဝါ ဒီနောက် မောင်းထပ်မညှစ်နိုင်မီ တစ်ရှိန် ထိုးဝင်လာသော ဂျစ်ကားထိပ်ဦးမှ လွတ်စေအံ့သောငှာ ဘယ် ဘက်ကို ဒိုင်ဗင်ထိုးရှောင်လိုက်သည်။

ကားက သူ့ကို ကျော်ထွက်သွားသည်။ စက်ခေါင်း က ယမ်းသွား၏။ သစ်ပင်တစ်ပင်နှင့် ဒိုင်းခနဲ ဝင်ဆောင့်သည်။

ကားပေါ်မှ ရန်သူနှစ်ယောက်မှာ အရုပ်ကလေး တစ်ရုပ်ကို လွှင့်ပစ်လိုက်သလို လေထဲ သူတို့ ဒြပ်ထည်တွေ မြောက် တက်သွားကြ၏။ ပြီးတော့ မြေပြင်တွင် ကိုင်ရိုက်သလို ပစ်ကျသွား သည်။ နောက်ထပ် လှုပ်ရှားမှုတွေ ပေါ်မလာတော့ပါ။





မြေပြင်တွင် စိုးဒေဝါ လူးလဲထ၏။

သူကျရာနေရာက ချုံတွေကြားဆဲမို့ အကျသက်သာ သည်ဟု ဆိုရမည်။ ဒိုင်ဗင်ကို ကြောင်လိုမ်နည်းနှင့် ထိုးခဲ့တာမို့ ခန္ဓာကိုယ်နာကျင်မှုတောင် မဖြစ်ခဲ့။

သေနတ်ကို တွဲလောင်းချကိုင်ပြီး ရပ်ကြည့်၏။ လှုပ်ရှားမှုမမြင်။ အသံတွေ မကြားရ။ အားလုံးတိတ်စေ။

သူ့ရန်သူတွေ မှောက်သွားပြီကို သိ၏။

သူနှင့် နှစ်ကိုက် သုံးကိုက်ဝေးသည့်နေရာမှ ပိစပ်ပင် တွေ လှုပ်ရှားလာသည်။ မျက်စိထောင့်စွန်းမှ ဖျတ်ကနဲမြင်လိုက် သဖြင့် ကောင်းဘွိုင်တွေ သေနတ်ပစ်သလို ကိုယ်တစ်ဝက်လှည့်၍ သေနတ်ပြောင်းကို ထိုးချိန်လိုက်၏။

"အမေ့"

ကြောက်လန့်မှု ရောယှက်သော အော်သံလေး။

အဝတ်အစားတွေ ပြဲဆုတ်နေသည်။ မျက်နှာက လေးက သွေးရောင်ဆုတ်နေသည်။ မျက်လုံးကလေးတွေက ကြောင်စီစီ။

"မင်းကို တို့မပစ်ပါဘူး ... ခင်သက်ထားဦး ရန်သူထင်လို့ပါ"

လှမ်းပြောသည်။ စိုးဒေဝါ လျှောက်သွားသည်။ ကောင်မလေးကိုယ်မှာ ဆတ်ဆတ်တုန်နေသည်။

အဲဒီနောက် စိုးဒေဝါကို လှမ်းဖက်လိုက်သည်။ ရှိသမျှအင်အားတွေ သူမကိုယ်မှ ရုန်းထွက်သွားသည့်နှယ် ပျော့ခွေ သွားရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါ အလိုက်သင့် ပြန်ဖက်ထားသည်။ ဒါကြောင့်သာ မြေပြင်ကို ခွေမကျသွားခဲ့တာပဲ။

"မိန်းကလေးရယ် ... ဒီကောင်တွေ စန့်ကုန်ပါပြီ ... သိပ်ကြောက်မနေပါနဲ့တော့"

"ကျွန်မ ... ကျွန်မ ... သိပ်ကြောက်သွားတယ်ရှင်"

သူမ ကြောက်သည်ကိုတော့ သူမ ဝန်ခံသား။

စိုးဒေဝါ ခင်သက်ထားဦးကို ဖက်တွယ်၍ ကားဘက်ဆီ လျှောက်လာသည်။

ဒီစဉ်တွင် ကားပေါ်မှ ကျသွားသူ နှစ်ယောက်ထဲမှ တစ်ယောက်က လှုန့်လူးလာသည်။ သတိရလာသည်။

ကျောခိုင်းထွက်သွားသော စိုးဒေဝါနှင့် ခင်သက်ထားဦးကို မြင်သည်။ တစ်နေရာတွင် လွတ်ကျနေသော ရိုင်ဖယ်သေနတ်ကို မြင်သည်။

သူတလှုန့်လှုန့်သွားသည်။ သူ့မျက်နှာတွင် ဒဏ်ရာမှ သွေးစီးကြောင်းတွေ။ ကိုယ်မှာလည်း နာကျင်နေသည်။

ရိုင်ဖယ်ကိုရသည်။ အားယူထ၏။ စိုးဒေဝါကို နောက်ကျောဘက်မှနေပြီး ဒယီးဒရိုင်နှင့် ထချိန်သည်။ ဆယ်ကိုက်လောက်ပဲ ဝေးမည်။

သူ့ဂျစ်ကားနားရောက်မှ ဂျစ်ကား၏ဘေးမှ နောက်ကြည့်မှန်ထဲတွင် ရန်သူ၏ လှုပ်ရှားမှုကို အမှတ်မထင် မြင်လိုက်ရသည်။

ညာလက်က သေနတ်ကို ပခုံးထက်မှာ လက်





နောက်ပြန်ကွေးကာ နောက်ဘက်ကို မကြည့်ဘဲ ပစ်ချလိုက်သည်။

"ဒိုင်း"

"အမလေး"

"သိပ်မအော်နဲ့လေ ... မကြောက်နဲ့ ခင်သက်ထားဦး ... မြွေတစ်ကောင်တွေ့လို့ ပစ်ချလိုက်တာပါ"

ခင်သက်ထားဦးကို နှစ်သိမ့်လိုက်သည်။ နောက်ကြည့်မှန်တွင် ရန်သူကို မမြင်ရတော့။

ငနဲသား ခုဆို သေမင်းတံခါးဝမှာ ရောက်နေပြီပဲ။

ကားဘေးတွင် သူမကို ထိုင်ခိုင်းလိုက်၏။ ကြောက်စာကြောင့် သူမဒူးတွေ ယိုင်နေသော ခင်သက်ထားဦးမှာ ထိုင်ချခြင်းမှတစ်ပါး မစွမ်းနိုင်။

အင်း ... မနက်က ခင်သက်ထားဦးနှင့်တခြားစီပါလား။

ဂျစ်ကား၏ ရှေ့စက်ခေါင်းအောက်ကို စိုးဒေဝါတစ်ယောက်တည်းနှင့် ကိုင်ထားသည်။ ရွံ့ဗွက်ထဲက မြေမာပေါ် ဘီးရောက်အောင်တင်သည်။

သူ့လက်ဖျံနှင့် လက်မောင်းမှ သန်မာသော အကြောမျှင်တွေ မြှောင်းမြှောင်းထနေသည်။

သူဘယ်လောက် သန်မာသလဲ။

မြေမာပေါ်ကို ဂျစ်ကားတင်လိုက်ပြီးပြီ။ ကားပေါ်တက်ကာ ကားကို နောက်ပြန်ဆုတ်လိုက်သည်။

အမှောင်ဝင်စ ပြုလာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မခင်သက်ထားဦး"

ကားပေါ်မှပင် လှမ်းခေါ်သည်။ ဒီလောက်ဆိုရင် တော့ အကြောက်ပြေလောက် ကောင်းပြီ။

ခန့်မှန်းချက် မှန်ကန်သည်။

မချောလေး ထရပ်သည်။

တဖြည်းဖြည်းချင်း အနားလှမ်းလာ၏။ စိုးဒေဝါဘေး တွင် တစ်ဖက်မှ တက်ကာ ဝင်ထိုင်သည်။

"အိုကေသွားပြီလား"

ကောင်မလေးက ခေါင်းညိတ်၏။

"မနက်က သတ္တိနဲ့တော့ တခြားစီပဲ"

သူ့အသံက စသလို ရိသလိုလို။

"မနက်က လူက လူကောင်းကိုးရှင့်"

အင်း ... သူ ဖြတာက ကျေနပ်စရာပဲ။

"ဒီကောင်တွေကို သိသလား"

"မသိပါဘူး ... ကျွန်မရှင့်ကို စောင့်နေတုန်း ဖြုန်းစားကြီး ဆွဲတာ"

"ဘာလုပ်မယ်ထင်သလဲ"

ကားစက်သော့ကို သွင်း၍ သော့ဖွင့်သည်။ စတတ် တာကို နှိပ်သည်။ စက်နိုးစပြုလာသည်။

"သူတို့ ကျွန်မကို ပြန်ပေးဆွဲမလား ... တစ်နေရာပဲ ဖမ်း သွားတော့မလားတော့ မသိဘူး ... သူတို့ကြည့်ရတာ သောင်းကျန်းသူတွေနဲ့ တူပါတယ်ရှင်"





"သောင်းကျန်းသူတွေမှ သောင်းကျန်းသူတွေ အစစ်ပဲ ... မခင်သက်ထားဦး ... ခင်ဗျား ကံကောင်းတယ်"

"ရှင်နဲ့ တွေ့လို့ပါ ကိုစိုးဒေဝါ"

"အဲဒါ ကံကောင်းတာပေါ့"

သူက ပြောရင်း ကားကို ပစောက်ပုံကွေ့သည်။ လာလမ်းအတိုင်းပေါ့။

"ဘယ်ကို မောင်းရမှာလဲ"

"ဟိုးဘက်ကိုမောင်း"

ခပ်လှမ်းလှမ်းက တောင်ကုန်းတစ်ခုဘက် ညွှန်ပြ သည်။ သေနတ်သံတွေ ထွက်ပေါ်လာခဲ့သော်လည်း သေနတ်သံ တွေကို ကြားနေကျဖြစ်သော ဒီမြို့သားတွေအဖို့ ရိုးနေကြဟန် တူသည်။ လှည့်လို့တောင်မကြည့်။ လာလို့တောင်မတွေ့။ ရှုတ်ရှုတ် သဲသဲလည်း မဖြစ်။

အင်း ... ဒါလည်း ခပ်ကောင်းကောင်းပဲ။

လူတွေလာလျှင် ရှင်းနေရဦးမည်။

"အခုကောင်တွေဟာ မင်းနဲ့ဖြိုးဝေလင်းအတွက် အန္တရာယ် ကောင်တွေပဲ ... ဖြိုးဝေလင်းနဲ့ ပတ်သက်ပြီး မင်းကို ဖမ်းကြ တာပဲဖြစ်မယ် ခင်သက်ထားဦး"

"ကျွန်မကို သက်ထားလို့ပဲ ခေါ်ပါ ကိုစိုးဒေဝါ ... ကျွန်မကို ခင်တဲ့လူတွေက သက်ထားလို့ပဲ ခေါ်ပါတယ်"

"တို့ကိုလည်း ကိုစိုးလို့ ခေါ်ပေါ့ ... ကိုစိုးဆိုတာ ရင်းနှီးတဲ့ လူတွေက ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မိန်းမလည်း ပါမှာပဲနော်"

"တို့မှာ အိမ်ထောင်ရှင်မိန်းမဆိုလို့ ဆေးဖော်ဖို့တောင် မရှိဘူး ... အချစ်ရေးပြဖို့တောင် ခပ်ခက်ခက်"

မြန်မာမိန်းကလေးတွေပီပီ သူတို့ကြိုက်လာလေးစားကြည်ညိုလာသောလူကို လူပျိုဖြစ်စေချင်သည်။ သူမ၏သွယ်ဝိုက်သော စကားကို စိုးဒေဝါက သွယ်ဝိုက်သောစကားနှင့်ပင်ပြန်ပြောချလိုက်သည်။

မိန်းကလေးက မျက်လုံးကလေး ဇွေကြည့်၏။ မျက်နှာကလေးကို စိုးဒေဝါ သတိထားကြည့်မည်ဆိုက ကျေနပ်သွားပုံပေါ်သည်။

"အင်း ... ယောကျ်ားတွေက တစ်နယ်တစ်ကျေးရောက်ရင် ဒီလိုပဲ ပြောကြတာပါပဲ"

"တို့ ငါးပါးသီလတော့ လုံချင်မှလုံမယ် ... ဒါပေမယ့် မိန်းမလှလေးတွေနဲ့ တွေ့ရင်တော့ မုသာဝါဒကံကို ထိန်းတတ်ပါတယ်"

သက်ထားက နှုတ်ခမ်းနီလေးတွင် အပြုံးဝေ့ဝေ့ကလေးတင်လိုက်သည်။

စကားပြောကောင်းတဲ့ ကိုသူရဲကောင်းကြီးရယ်။

"ကိုင်း ... ဘယ်သွားရဦးမှာလဲ ... ဖြူးဝေလင်းဆိုတဲ့ မိန်းကလေးဟာ မိုးပေါ်ထိတော့ မနေကောင်းပါဘူး"

"လူမနေတဲ့ နေရာမှာပဲ"

"မိုးဖိုပေါ်က ဒယ်အိုးထဲမှာလား"





ကောင်မလေးက အသံကလေးထွက်အောင် ရယ်ာလိုက်သည်။ ရန်ကုန်မှာ ရလာသော ဓားဒဏ်ရာက လှုပ်လှုပ်ရှားရှားလုပ်မှုကြောင့် စိုးဒေဝါမှာ နာတာတာ ခံစားလာရသည်။

ကောင်မလေး သူ့ဘယ်လက်မောင်းကို ပုတ်လိုက်ပြီး စကားပြောမည်ပြု၏။

"အား"

စိုးဒေဝါ ကားမောင်းလျက်က မတိုးမကျယ်လေး ာသံထွက်သွားသည်။ ကားစတီယာရင် အနည်းငယ် ယိမ်းသွားသည်။ ကားပါခါသွားသည်။ ကားမီးဖွင့်၏။ မှောင်စပြုလာပြီ။

"ဟင် ... ရှင်ဘာဖြစ်တာလဲ"

"မင်းက လက်မောင်းကို အရမ်းရိုက်လိုက်တာကိုး ... တို့လက်မောင်းမှာ အနာရှိတယ်"

"အို ... ဆောရီး ... ဆောရီးပါရှင်"

"နောက်တစ်ခါ ကြည့်လုပ်ခံရတဲ့လူ မသက်သာဘူး"

"ရှင်ကလည်း နော် ... တောင်းပန်ကာမှ"

ကားက ချိုင့်ကျင်းတစ်ခုထဲ ဒိုင်းကနဲ ကျသွားပြန်သည်။ ခုန်သွား၏။ မျက်နှာနှစ်ခု ပူးကပ်ပွတ်သွား၏။ စိုးဒေဝါ င်အရေးယူလိုက်၏။

သူ့နှာခေါင်းချွန်ချွန်နှင့် မိန်းကလေး၏ ပါးပြင်လေး နမ်းလိုက်သည်။ ကောင်မလေးရင်ထဲမှာ သွက်သွက်ခါသွားသည်။ မျက်နှာလေး ရဲသွားသည်။ ဒါက ရှက်သွေးကြွယ်တာလေ။

"အို ... ဆောရီး ... ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါက မတော်တဆ ထိမိသလိုလိုနှင့် ကောင်
ပန်သည်။

"ရှင်ကြည့်မောင်းမှပေါ့ ... ခံရတဲ့လူ မသက်သာဘူး"

ကောင်မလေးက အမိပ္ပါယ်တစ်မျိုးနှင့် ရှက်ကြ
လေး ကြိမ်းသည်။ စိုးဒေဝါ တမင်နမ်းတာကို သူမ သိသည့်သဘေ
တွေ စကားမှာ သက်ဝင်နေ၏။

"မင်းကလဲကွာ တောင်းပန်ကာမှ"

"ကျွန်မက မိန်းကလေးရှင့် ... အပဲ့မခံနိုင်ဘူး"

စိုးဒေဝါမျက်လုံးတွေ မြင့်သည်။ ပခုံးတွန့်ပြ၏။

ကားက ဝါးရုံတောထဲ တိုးဝင်သည်။ ဝါးရုံတေ
ကျော်တော့ ...

"ဟာ"

အသံမထွက်ဘဲ မနေနိုင်။ စိုးဒေဝါ မျက်လုံးတွေ ပြ
သွားသည်။ ဝါးရုံတောစပ်၏ ဟိုမှာဘက်က သချိုင်း။

ကားမီးရောင်ထဲမှာ တန်းဝင်လာတာက သချိုင်
က မှတ်တိုင်နှင့် မြေပုံတွေ။ သချိုင်းမှာ မှောင်မည်းနေ၏။ တ
နေရာတွင်တော့ မီးကလေး မှိတ်တုတ်မြင်နေရသည်။ ရေနံဆီ
ခွက်က မီးတောက်လေး ဖြစ်မည်။

"ဒါ သချိုင်းပဲ"

"ဟုတ်တယ် ... ကားကို ရပ်လိုက်"

တအံ့တသြ ဖြစ်မိရာက ကားကို ရပ်လိုက်မိသည်
မီးကိုတော့ ဆက်လက်ထွန်းထားဆဲ။





"လူတစ်စု ရှင်ပြောသလိုပါပဲ ... ကျွန်မကို ဖမ်းဖို့ ကြိုးစား
ခဲ့ပါတယ် ... ကျွန်မကို မိရင် ဖြိုးဝေလင်းရဲ့နေရာကို သိရ
မယ်မဟုတ်လား"

"မင်းပြောတော့ သိရှိမြိုင်ဆို"

"ရှင့်ကို စတွေ့ကာစဆိုတော့ နေရာအမှန်ဘယ်ပြောရဲပါ့
မလဲ"

"ခုလို သချိုင်းက ခေါ်လာတော့ ဒီမိန်းမက သချိုင်းထဲမှာ
မို့လို့လား"

"ဟုတ်တယ်"

"တစ္ဆေမလား ... ဘီလူးမလား"

"မိန်းမပါ"

"စဏ္ဍာလသမီးလား"

"သတင်းထောက်လေ"

"သတင်းထောက်က ဒီကိုလာမလားကွာ ... မင်းအတော်
အူတာပဲ"

"အူရအောင် ကျွန်မ ခွေးမဟုတ်ဘူးရှင့် ... ဟိုမှာ မီးတောက်
ကလေးမြင်နေရတယ် မဟုတ်လား"

"မြင်တယ်"

"အဲဒီမှာ သူရှိတယ် ... ရှင့်ကားမီးကို သုံးချက်လောက်
ဖွင့်ချည် ပိတ်ချည်လုပ်လိုက်စမ်းပါ"

ခိုင်းသလိုပဲ စိုးဒေဝါ လုပ်လိုက်သည်။

မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော မီးရောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွား၏။ ဟော ... ပြန်ပေါ်လာသည်။ ဟော ... ပျောက် သွားပြန်ပြီ ... ဟယ် ပေါ်လာပြန်ပြီ။

ဟိုဘက်မှာလည်း မီးရောင်မှာ ပျောက်လိုက် ပေါ်လိုက် သုံးကြိမ် သုံးခါပြသည်။

"ကဲ ... ရှင်ဆင်း"

အမိန့်တော်မြတ်ကို နာခံပြီး သချိုင်းထဲက ကမူတွေ မှတ်တိုင်တွေကြားထဲ စမ်းတဝါးဝါးနှင့် လျှောက်လာရသည်။

တဲတစ်တဲ၏ ပုံသဏ္ဌာန်ကို ဝိုးတဝါးမြင်လာရ၏။

"ကျွီ ... ကျွီ ... ကျွီ"

မှောင်ထဲတွင်ပင် သက်ထားက ငှက်အော်သံပြုလုပ် ပြသည်။ ဘာငှက်သံမှန်းတော့မသိ။ တော်မလေး တော်သည်။

"တူး ... တူး ... တူး ... ခါး ... ခါး"

အထဲကလည်း ငှက်သံပြန်လာ၏။

"အား ... စိတ်ချရပြီ ကိုစိုး ... တဲထဲမှာ ဖြိုးဝေလင်း ရှိ တယ်"

တဲတံခါး မရှိပါ။

တဲထဲဝင်သွား၏။ စောင်ကြီးခေါင်းမြီးခြုံကာ ထိုင် နေသူတစ်ယောက် တွေ့ရ၏။

ခပ်မြင့်မြင့် ဝါးကြမ်းခင်းပေါ်မှာဖြစ်သည်။ သူ့ဘေး တွင် ခြေတံရှည် ရေနံဆီမီးခွက်ကြီး ထွန်းထားသည်။

"လင်း ... သူ့ကို ခေါ်လာခဲ့ပြီ"

ကြားလောက်အောင်ပင် သက်ထားက ဆို





စောင်ကြီးကို ခေါင်းမြီးခြုံထားသူသည် ဆတ်ခနဲ စောင်ကို ဖြုတ်ချ လိုက်သည်။

စိုးဒေဝါ စေ့စေ့ကြည့်နေမိသည်။

ခင်သက်ထားဦး ချောသလို သူမကလည်း လှပ သည်။ ခင်သက်ထားဦး အသားက ဖြူဝင်းပြီး၊ သူမအသားက ည်းငယ် ညိုသယောင်ရှိ၏။

ရေနံဆီမီးအလင်းရောင်ကြောင့်လို့ပဲ ထင်သည်။

၏ ဆံပင်တွေ နက်မှောင်ကာ နောက်သို့ ဝိဝိရိရိဆွဲယူပြီး ဂျပန် ထုံးသဏ္ဌာန် ထုံးထားသဖြင့် နဖူးမှာ ပြေပြေပြစ်ပြစ်ဖြစ်ပေါ်နေ

မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းလေးတွေမှာ အပြစ်ဆို မရှိ။ ခင်သက်ထားဦးတွင် မရှိသော အရည်အသွေးတစ်ရပ်က တွင်ရှိသည်။

ဆန့်ကျင်ဘက်ယောက်ျားတို့အား စိတ်ကြွစေရန် ခေါ်နေသော မျက်လုံးနှင့် မျက်နှာသွင်ရိပ်ဖြစ်သည်။

စောင်အတွင်းမှ ထွက်လာသော ခန္ဓာကိုယ်က တောင့်တင်းသည်။ လက်တွင် ပိုင့်တူးဖိုက်ဝီဘာရက်တာ ာက်မက်တစ်ပစ္စတိုလ်လေး တစ်လက် ကိုင်ထား၏။

"ဖြိုးဝေလင်းက သူလား"

စိုးဒေဝါ ပစ္စတိုလ်ကို စိုက်ကြည့်ရင်းက မေးသည်။ းက ဘေးမှ သက်ထားကိုသာ ရည်ညွှန်းသည်။

"ဟုတ်တယ် ... ကျွန်မ ဖြိုးဝေလင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်ထားကိုယ်စား စောင်ခြုံမိန်းကလေးက ဖြေ
သည်။ ပြီးတော့ သက်ထားဘက်လှည့်၍

"သူလား ကိုစိုးဒေဝါ"

"ဟုတ်တယ် ... လင်း"

"မင်းက တို့ကို သိသလား"

သက်ထားမှာ အသက်နယ်ဆယ်ကျော်လေးရှိမည်
ဖြိုးဝေလင်းက အသက်ထားထက် သုံးလေးနှစ်ပိုကြီးပုံရသည်။

"ရှင် ရန်ကုန်ကလာတယ် ... ဘယ်သူဆိုတာကို ကျွန်
သိခဲ့တာပဲ ... ဒါကြောင့် သက်ထားကို တစ်ဖက်လှည့်
ခေါ်ခိုင်းတာ ... ဩော် ... ထား ... စောစောက သေနတ်
သံတွေ ကြားတယ် ... ဘယ်လိုလဲ"

"လူတစ်စု လိုက်လာတယ် ... တို့ကိုဖမ်းတယ်ကွ ... တို့
မိရင် မင်းကို မိမယ်မဟုတ်လား ... မရပါဘူးကွာ ...
ကိုစိုးဒေဝါက တို့ကို ဝင်ကယ်ခဲ့တာပဲ ... ဟိုလူတစ်စုက
တော့ ကြွသွားပြီ"

ခဏတော့ ဖြိုးဝေလင်း ငေးသွား၏။ ပြီးမှ

"အင်း ... ဘယ်တတ်နိုင်မှာလဲလေ"

ညည်းသံကလေးနှင့်ဆိုပြီးမှ စိုးဒေဝါအား

"ရှင် ကျွန်မကို ဒီမြို့က ထုတ်နိုင်မှာလား"

"မင်းက သတင်းထောက်လား"

"ဟုတ်တယ် ... ကျွန်မ ရန်ကုန်ကို သတင်းပို့လိုက်တယ်
ကျွန်မမှာ အကျပ်အတည်းတွေ့နေတယ် ... နိုင်မ





ပြုံးမောင်က ကျွန်မကို အသေသတ်နိုင်ဖို့ပဲ ဖြစ်ဖြစ် ...
လက်ရ ဖမ်းဖို့ပဲဖြစ်ဖြစ် ကြိုးစားနေကြတာ"

"မင်းကို ကယ်နိုင်ရင် တို့ဘာအကျိုးအမြတ်ရမလဲ"

"ရှင့်ကို ဟောဒီသေနတ်ထဲက ကျည်ဆံတွေ ပေးမယ်"

စိုးဒေဝါ ကြောင်သွား၏။ သူမက ပြုံးလိုက်သည်။
သူမ အပြုံးသည် သက်ထားလောက် မသိမ်မွေ့ပါ။ သို့သော်
ဆွဲဆောင်မှုရှိ၏။

ပြုံးကာမှ သူမ၏ အလှမျက်နှာက ပိုတောက်သွား

"ရှင့်ကို နောက်တာပါ ကိုစိုးဒေဝါ ... ရှင် ကျွန်မကို ရန်ကုန်
အထိ ပို့ပေးနိုင်ရင်တော့ ရှင့်ကို ကျွန်မရထားတဲ့ ရွှေချောင်း
တွေထဲက တစ်ဝက်ခွဲပေးမယ် ... ရှင်လက်ခံမလား"

သူမ၏အမေးနှင့် စကားက ပြတ်သည်။

"မင်းအခု ဘာသတင်းတွေ ရထားသေးလဲ"

"အခုလား ... အင်း နိုင်မနဲ့ ပြုံးမောင်တို့ စိတ်ဝမ်းကွဲနေ
တဲ့သတင်း ... နိုင်မက တစ်စင်ထောင်မယ့်သတင်း ...
နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ယောက် ဒီနယ်ဘက်
ဆင်းလာရာမှာ နိုင်မက လုပ်ကြံသတ်ဖြတ်မယ့်သတင်း"

စိုးဒေဝါလန့်သွားသည်။

"မင်းသတင်းတွေက အရေးကြီးတဲ့ သတင်းတွေပဲ ...
ရန်ကုန်ကို မပို့ဘူးလား"

"ကျွန်မ အဆက်အသွယ်ပြတ်သွားပြီ ... ဒီမှာ ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ကူညီနိုင်တာ ဟောဒီ သက်ထားတစ်ယောက်ရှိတယ် ... သူလည်း ဒီသတင်းတွေကို ရန်ကုန်က သက်ဆိုင်ရာကို ပို့နိုင်တဲ့ အစွမ်းမရှိဘူး"

သူမက သေနတ်ကို ထမီခါးကြားထဲ ထိုးလိုက်သည်။ သတင်းထောက်ဖြစ်သော်လည်း သေနတ်ကလေး ဘာက လေး ကိုင်တာကို စိုးဒေဝါ သဘောကျသွားသည်။

"မင်း ... သေနတ်ပစ်တတ်သလား"

"ဘယ်ပစ်တတ်မှာလဲရှင် ... ဖြိုးက ဘေးဆီးရန်ကာ ဆိုလို့ ဟန်ကိုယ်ဖို့ ဟန်သူဖို့ ထားပြီး ကိုင်ရတာပဲ"

"သေနတ်က ဘယ်က ရတာလဲ"

"တစ်ဖက်နိုင်ငံကို လှို့ဝှက်မှာလိုက်ရင် အဲဒီက လိုသလောက် ရတယ် ... အဲဒီနိုင်ငံက ငွေကြေးဆင်းရဲပေမယ့် လက်နက် ကတော့ မဆင်းရဲပါဘူး"

စိုးဒေဝါမျက်နှာကို မသိမသာရှုံ့ပစ်လိုက်သည်။ မေးကို လက်နှင့် ပွတ်စဉ်းစားနေ၏။ သူ့တာဝန်က ဖြိုးဝေလင်းကို ခေါ်သွားရမယ့်တာဝန်။

"ဒီလိုလုပ် ... မင်းအခု ဒီမှာရောက်နေတာ ဘယ်သူ သိသလဲ"

"ဒီတဲထဲမှာနေတဲ့ မသာတွင်းတူးတဲ့ အလုပ်သမား လင် မယားက လွဲပြီး ဘယ်သူမှ မသိဘူး"

"ဒီလင်မယားကော"

"ဟိုသချိုင်းဇရပ်ပေါ်မှာ သွားအိပ်နေကြတယ်"





"စိတ်ချရပ့ါမလား ... ဒီလင်မယားကို ပြောနေတာ"

"ကျွန်မ သူတို့ကို ကျေနပ်လောက်အောင် နှုတ်ပိတ်ခငွေ တွေ ပိတ်ထားတာပဲ"

"အေး ... ဒါဆို မင်းကို တို့သယ်ထုတ်သွားမယ် ... ဒါပေမယ့် ဒီနယ်မြေက သောင်းကျန်းသူတွေ ဝင်ထွက်သွားလာနေ တယ်ဆိုတော့ မင်းအတွက် စိတ်မချရဘူး ... မင်း ယောကျ်ားလေးလို့ ဝတ်ရမယ် ... မင်းကိုယ်မင်းလည်း ယောကျ်ားလေးလို ပြောရဆိုရမယ် ... မင်းစကားပြောရင် လေသံက မာတယ် ... ယောကျ်ားလေးလုပ်ရင် ရပါတယ်"

"ဖြစ်နိုင်ပါတယ်"

"မင်း အဲဒီလိုဝတ်စားပြီးရင် ငါနေတဲ့ စားတော်ဆက်က တည်းခိုခန်းကို သက်ထားနဲ့အတူ လာခဲ့ ... သက်ထားက ကော"

"ကျွန်မက ဘားအံဘက်ကို ပြန်မယ်"

"သက်ထားက ဘားအံကလား"

"မော်လမြိုင်ကပါ ... မော်လမြိုင် အစိုးရတန်းမြင့်ကျောင်း မှာ ဆယ်တန်းအထိ နေခဲ့ဖူးပါတယ် ... လင်းနဲ့ ကျွန်မက လည်း ကျောင်းနေဘက်တွေပါပဲ ... ဒီမြို့ရောက်မှ ဆုံမိ ကြလို့"

"သက်ထားအတွက်လည်း သတိထားနော် ... ရန်သူက အနံ့ရနေပြီ"

"ဒီကိစ္စပြီးရင် သက်ထားလည်း လစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို့ ဒီမှာ ကြာကြာနေလို့တော့ မရဘူး ... ဖြူးဝေလင်း မနက်ဖြန် ဆယ်နာရီအရောက်လာပါ"

"ကောင်းပါပြီ"

စိုးဒေဝါ ဒီထက်ပိုပြီး မှာစရာမရှိ။

သူ့ခါးနောက်က သေနတ်ကို ထုတ်ကိုင်သည်။ သက်ထားကိုခေါ်သည်။

သက်ထားက ဖြူးဝေလင်းအား မှာစရာရှိတာတွေကို မှာနေသည်။

ညအမှောင်ထုက နက်ရှိုင်းသည်ထက် နက်ရှိုင်းလာခဲ့ချေပြီ။

စိုးဒေဝါ ရင်ပေါ့သွားသည်။

ဖြူးဝေလင်းကို ရှာရမည့်အလုပ်တစ်ခုက ပြီးသွားခဲ့ပြီကိုး။

● ● ●





## ဇာတ်လမ်းစဉ်(၆)

ဂျစ်ကားကို ထားခဲ့ရ၏။

ကုန်တင်ကားကို စောင့်ခဲ့ရ၏

ယောကျ်ားလေးလို ဝတ်လာသော ဖြူးဝေလင်း။

အင်မတန်ချောလှသော ယောကျ်ားလေးတစ်ယောက်ဟု ထင်ရသည်။

နက်မှောင်သောဆံပင်တွေကို ယောကျ်ားလေးတစ်ယောက်လို ဗလင်တီနိုကေ ခုတ်ထားသည်။ ဆံစများလည်း နက်နှာသွယ်သွယ်လေးထိပ်တွင် အမောက်ဖြစ်ပြီး ဘေးသို့ ခွဲကြောင်းနှင့် ကျသွား၏။

ဆေးမဆိုးသော နှုတ်ခမ်းလေးမှာ နီမြန်နီနေသည်။ မို့ထားသော တင်းအိသော ရင်သားတို့ ရုပ်အကျီအနီကွက်ကြား၊ အကျီအတွင်းမှ ထကြွခြင်းကို မသိစေရန်အတွက် သားရေဝေ့စကုတ် အကျီပွပွ ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက်တွင် တစ်ဖက်နိုင်ငံမှလာသည့် အမေရိကန်ကောင်းဘွိုင်ပုံစံ သားရေတုဘောင်းဘီကို ဝတ်ထားသည်။

ပခုံးတွင် အဝတ်ထည့်သားရေလွယ်အိတ်ကြီး တစ်လုံးနှင့် ကျောတွင် ကျောပိုးအိတ်တစ်လုံးပါ လွယ်လိုက်သေးသည်။

ထိုကျောပိုးအိတ်ထဲတွင် ရွှေချောင်းတွေပါသည်ဟု သူမက ဆို၏။

လမ်းတွင် အစစ်ဆေးဆိုလို့ ဘားအံရောက်မှပဲ အစစ်အဆေးခံရမှာ သေချာသည်။

ကားက ချိုင့်ခွက်မ်းတွေ ပြည့်နေသော ကားလမ်းအတိုင်း မောင်းချလာသည်။

ကားမှာ အထဲတွင် ကုန်ဗလာဖြစ်ပြီး လူတွေသာ ကုန်အစား ပါလာတတ်သည်။ ပြန်တက်မှ ဆန်တွေ ပြန်တင်လာမည်ဖြစ်သည်။

ကားထဲတွင် လူနှစ်ဆယ်လောက်ရှိမည်။ လော်လီကားအဟောင်းကြီးဖြစ်သည်။

ကိုယ်ထည်မှာ ခနော်နီ ခနော်နဲ့နှင့် ကားသွားတိုင်း တကျွိမ်းကျွိမ်းမြည်ပြီး လှုပ်ယမ်းနေသည်။ အမိုးအကာမရှိပါ။

အထက်က မိုးချုပ်လျှင်တော့ ရွှဲရွှဲစိုဖို့သာ ရှိ၏။

စစ်ပြီးခေတ်သည်မှာထက် မဖွံ့ဖြိုးသေးသော နိုင်ငံတစ်နိုင်ငံထဲတွင် မြန်မာနိုင်ငံသည်လည်း ၁၉၅၅ ခုနှစ်အထိ ပါနေသေး၏။ စစ်အတွင်းက အကြွင်းအကျန်တွေကိုပဲ သုံးနေရသေး





သည်။

ဘယ်တတ်နိုင်ပါ့မလဲနော်။

ကားပေါ် တအိအိ။ တစ်ချို့လူတွေက တငိုက်ငိုက်။ ကားကြမ်းခင်းထဲတွင်ပဲ ထိုင်စရာခုံမပါ။ ထိုင်လိုလျှင် နင်းကြမ်းထဲမှာပဲ ထိုင်။ ကားပေါ်မတတ်တပ်ရပ်ပြီး တောင်ကြို့တောင်ကြားတွေဘက်၊ သစ်ပင်တွေ တောအုပ်တွေဘက် ငေးကြည့်နေသည်။

တစ်ချို့ကလည်း ငေးကြည့်နေ၏။

ယောက်ျားလေးအသွင်ဝတ်ထားသော ဖြိုးဝေလင်းကို သိပ်ချောတဲ့ကောင်လေးပါလားဟူသော အကြည့်နှင့် ငေးကြည့်နေကြခြင်းဖြစ်၏။ ညက သူ့အခန်းထဲမှပဲ ဖြိုးဝေလင်း အိပ်ရသည်။ ဖြိုးဝေလင်း ညနေ နေဝင်ခါနီးမှ ယောက်ျားလေးလိုဝတ်ပြီး ရောက်လာခဲ့ခြင်းဖြစ်သည်။

ခင်သက်ထားဦးက ပါမလာခဲ့။

သူမဆီ လာမည်ဟု ယမန်နေ့ညက ဆိုခဲ့သော်လည်း သချိုင်းထဲမှ သူမထွက်လာသည်အထိ ခင်သက်ထားဦး ရောက်လာခဲ့ပါ။

ခင်သက်ထားဦး အန္တရာယ်ဝင်တွေ့နေပြီလား မဆိုနိုင်။

ဆက်လက်ပြီး စောင့်ဆိုင်းရန် ဖြိုးဝေလင်း မတတ်နိုင်ပါ။

သူမ၏ အသွင်အပြင်ကို မြို့ထဲတစ်နေရာတွင် စိတ်ချရသော နေရာ၌ သွားဖန်တီးပြီးမှ စိုးဒေဝါစောင့်နေသော တည်းခို



www.burmeseclassic.com

www.burmeseclassic.com



ခိုခန်းသို့ သွားရ၏။

ရင်ထဲမှာတော့ သွေးခုန်နှုန်းတွေ မြန်လို့ပေါ့။

စိုးဒေဝါနှင့် တွေ့သည်။ ခင်သွက်ထားဦးမလာသည့် အကြောင်းတော့ ပြောပြလိုက်သည်။ စိုးဒေဝါကလည်း ကုန်ကား တစ်စီးမနက်ဖြန် ဘားအံဘက်သွားမည့်အကြောင်း ပြောပြသည်။

ထိုညတွင် အိပ်စရာမရှိ။

အိပ်ခြင်းအိပ် စိုးဒေဝါအခန်းမှာပဲ အိပ်ရမည်။ စိုးဒေဝါ ကလည်း ယောကျ်ားလေးလို ဝတ်စားစေကာမူ ဖြိုးဝေလင်းကို လူမြင်မခံဝံ့ပါ။

ထိုညက စိုးဒေဝါအခန်းမှာပဲ အိပ်ဖြစ်သည်။ စိုးဒေဝါ က ယောကျ်ားတို့၏ ဖြစ်လေ့ဖြစ်ထ ပြုမူလေ့ပြုမူထဖြစ်သော ထုံးစံ အတိုင်း ဖြိုးဝေလင်းကို ခုတင်ပေါ်တွင် အိပ်စေသည်။

သူကတော့ ကြမ်းပြင်ပေါ်မှာပဲ။

ဖြိုးဝေလင်း စိုးဒေဝါကို စိတ်မချ။ သေနတ်ကိုင်ကာ တစ်ညလုံး သတိနှင့် အိပ်သည်။ ကြက်အိပ်ကြက်နိုး။

သူမ စိုးဒေဝါအကြောင်းကို မသိ။

စိုးဒေဝါသည် တစ်ဖက်လူ မိန်းကလေးတွေကို ဘယ်တော့မှ မစော်ကားတတ်ပါ။ အဲ ... တစ်ဖက်လူက အလိုတူ လျှင်တော့ ဘာသားနဲ့ ထုထားတာမို့လဲ။

သူ့နည်း သူ့ဟန်နှင့် လွမ်းသလေမောင်ကြီး ဖြစ် အောင် စွမ်းဆောင်နိုင်သည်။

တစ်ညလုံး စိုးဒေဝါ အိပ်လိုက်တာ မနက်မိုးလင်း





ကာနီးမှ နိုးသည်။ သူတို့နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ်ပင် ဈေးထိပ်ရှိ ကုန်ကားရှိရာကို ထွက်ကြသည်။

နေအာရုဏ်ကွယ်ပျောက်အလင်းတွေ ရောက်ခါနီး မှာ ကားထွက်လာသည်။ မြို့ထဲက ရပ်ကွက်တွေကို ပတ်လမ်းမကြီး အတိုင်း ထွက်လာချိန်တွင် တောင်တန်းတွေကို ဖြိုးဝေလင်း ငေးကြည့်နေသည်။

မျက်ဝန်းတို့တွင် ကြေကွဲမှုအရိပ်အယောင်တွေ ဟပ်နေသည်ဟု ထင်ရသည်။ စိုးဒေဝါ မရိပ်မိလိုက်။

တစ်လမ်းလုံးလည်း သူတို့စကားပြောမလာ။

ကိုယ့်အတွေးနှင့် ကိုယ်။

ကားသည် မြို့နှင့် လေးငါးမိုင်လောက်ဝေးလာ သည်။ လေးငါးမိုင်လောက်ဝေးပြီဆိုလျှင် မိုင်းကို ကြောက်ရသည်။ သူတို့က တစ်ခါတစ်လေ ကားလမ်းကို ဒုက္ခပေးတတ်သည်။ မိုင်း ဗုံးတွေ မြှုပ်ထားတတ်၏။

ဒါကို ကြောက်ရတာမို့ လော်လီကားကြီးက လမ်း အခြေအနေကို ကြည့်၍ တအိအိမောင်းနေသည်။ ဘေးတွင် ကွင်း ပြင်တွေ၊ သစ်ပင်တွေ။

“ဒိုင်း”

သေနတ်သံတစ်ချက်။

ဆူးဆူးရှရှ ရှိလှသည်။ ပတ်ဝန်းကျင်တောတွေ တောင် တွေ ကြားထဲ ရိုက်ဟည်းပဲ့တင်ထပ်သွား၏။

သစ်ပင်တွေ ကြားထဲက လူတစ်စု ပြေးထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရပ်"

တစ်ယောက်က ရိုင်ဖယ်ကို မြှောက်၍ **အော်လိုက်**

**သည်။**

ကားသည် ထပ်အမိန့်ပေးဖို့မလို။ **အလိုအလျောက်**ပင် ရပ်သွားပြီးဖြစ်သည်။ ကားပေါ်တွင် ပါလာကြသူ **ယောကျ်ား**တွေ မိန်းမတွေမှာ တစ်ယောက်တစ်ပေါက် **အော်မိကြသည်။**

စိုးဒေဝါသည် ရင်ထဲတွင် ထိတ်ခနဲ **တုန်ကာ** **ဖြိုးဝေလင်း၏** လက်တစ်ဖက်ကို ဆုပ်ကိုင်မိသည်။

လက်နက်ကိုင်လူတွေမှာ စုစုပေါင်း **ဆယ်ယောက်** **ရှိသည်။** ရပ်သွားသော ကားကို ဝိုင်းရံလိုက်ကြပြီးဖြစ်သည်။

"အမယ်လေး ... အမေရေ"

"ဘုရားကယ်ပါတော် ... ဘုရားကယ်ပါ"

မိန်းမတွေ၏အသံများကြားမှ ကလေး**တစ်ယောက်** **ငိုသံက** ကျီခနဲ ကျယ်ကျယ်လောင်လောင်ထွက်လာ**၏။**

"ဟေ့ကောင် ... ဆင်း"

ကားဒရိုင်ဘာကို တစ်ယောက်က လည်ကုပ်**အကျီ**ကို ဆွဲကိုင်ပြီးဆွဲချသည်။

"ကျွန် ... ကျွန်တော့်ကားမှာ ... အ ... အရပ်သား**တွေပဲ** ပါလာပါတယ် ခင် ... ခင်ဗျာ"

ဒရိုင်ဘာ၏အသံမှာ တုန်တုန်ယင်ယင်**ရှိလှသည်။** **တစ်ကိုယ်လုံး** တဆတ်ဆတ်တုန်နေသည်။





ဖြိုးဝေလင်း ချီးမွမ်းဖို့ကောင်းသည်။ တည်ငြိမ်မှု

"မင်းတို့ကို ကားမထွက်ရဘူးလို့ အမိန့်ပေးထားတယ် မဟုတ်လား"

တစ်ယောက်က ဒရိုင်ဘာကို ခက်ထန်သောအသံ ပြောလိုက်လျှင်. ကျန်တစ်ယောက်က

"ဟေ့ ... ဟေ့ ... သူတို့လေသံကို သွားမသုံးနဲ့ ... တို့က သူတို့အယောင်ဆောင်ရင် တို့အဖို့ ပိုဆိုးသွားဦးမယ် ... တို့ဟာ မားပြပဲ ... ကိုင်း ... ကားပေါ်ကလူတွေ အားလုံး ဆင်း ... အောက်မှာတန်းစီ"

လူတွေ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆင်းကြသည်။ ယောက်က သူ့ဖော့ဦးထုပ်ကို ချွတ်၍ ပက်လက်လှန်ကာ

"ကဲ ... ကဲ ... ရှိသမျှ အလှူအတန်း ထည့်သွားကြ ... ရှူ လို့ကတော့ တွေ့ရင်ဖြင့် ဘုရား တရားသာ အောက်မေ့ပေတော့"

သူတို့ ဒီလိုပဲ ပြောလေ့ရှိကြစမြဲ။ သူတို့အလှူခံတယ် ကြောက်စရာကြီး၊ သေနတ်ကြီးတွေ တချိန်ချိန်နှင့်။

ယောကျ်ား မိန်းမများ၏ ဝတ်ဆင်ထားသော ရွှေ ဆွဲ့ည်းလေးတွေ၊ လက်ပတ်နာရီတွေ၊ ငွေတွေက ဖော့ဦးထုပ် ရောက်ကုန်ကြသည်။

စိုးဒေဝါသည် ဖြိုးဝေလင်းအတွက် စိုးရိမ်သွားသည်။ လင်းမှာ ရွှေချောင်းတွေ ပါသည်။ သူမ၏ ကျောပိုးအိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြစ်သည်။

ခရီးသည်တွေ တန်းစီရာတွင် ဖြိုးဝေလင်း
ဆယ့်ငါးယောက်မြောက်ဖြစ်၏။

ငွေတွေ၊ ရွှေတွေကို တစ်ယောက်ပြီးတစ်ယော
ထည့်ရာ ဆယ်ယောက်မြောက်၌ မိန်းမတစ်ဦးဖြစ်၏။

အဲဒီမိန်းမက သူမနားတွင် ပန်ထားသော ရွှေ
ကပ်ကလေးကို တုန်တုန်ယင်ယင်နှင့် ချွတ်နေသည်။ ကြောက်
ကြောင့် ရုတ်တရက် ချွတ်မရဖြစ်နေသဖြင့် စိတ်မရှည်သော ကို
ဓားပြက

"ဟာ ... ဒါလောက်ကြာနေရသလား ... ပေးစမ်း"

"အမယ်လေး"

အမျိုးသမီးက အော်လိုက်တာ ယိုသံပါသွားသည်
နားရွက်လွှန်းသဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ မျက်နှာမဲ့
သွား၏။ ဓားပြလက်ထဲတွင် နားကပ်တစ်ဖက်မှာ အသား
သွေးရဲရဲနှင့် ပါသွားသည်။

စိုးဒေဝါတို့ တန်းစီသူတွေ ရုတ်ရုတ်သဲသဲဖြစ်
သည်။

"ဟေ့ ... မလှုပ်ကြနဲ့ ပစ်သတ်ပစ်မယ်"

တစ်ယောက်က အော်သည်။ ရိုင်ဖယ်ကိုထောင်
လေထဲ ဒိုင်းခနဲ ပစ်သည်။ သူ့ကိုမြင်တော့ စိုးဒေဝါ မျက်လုံး
ကျယ်သွားသည်။ ဒီနေ့မှာ ဦးထုပ်စုတ်ကြီးတစ်လုံးကို မျက်နှာ
ခြမ်းကို မြင်ရုံနှင့် ဘယ်သူဆိုတာကို သိလိုက်သည်။





"ဟေ့ ... ဟေ့ ... နေဒွန်း"

သူက ဝမ်းသာအားရ ခေါ်လိုက်သည်။

တကယ်လို့သာ သူ နေဒွန်းကို မခေါ်ဘဲ အမှတ်တမဲ့
နေလိုက်လျှင် သူ့ခရီးစဉ်သည် ဓားပြတိုက်ခံရရုံလွဲပြီး ဖြောင့်ဖြောင့်
တန်းတန်းရှိလိမ့်မည်။

ကြောက်စရာကောင်းသော အန္တရာယ်တွေလည်း
ရမည်မဟုတ်။

ဦးထုပ်စုတ်ဆောင်းထားသော နေဒွန်းသည် စိုးဒေဝါ
ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

"ဟာ ... အာစရိပါလား"

သူ့အသံက ဝမ်းသာအားရအသံပင်ဖြစ်သည်။
ဒေဝါနား ကပ်လာသည်။

"ဒါ မင်းတို့ အဖွဲ့လား"

"ဟုတ်တာပေါ့ အာစရိရယ်"

အားရပါးရ ပြောလိုက်သံနှင့်အတူ နေဒွန်း၏ရိုင်ဖယ်
ပြောင်းက စိုးဒေဝါ၏ ရင်ဝထဲကို ဆတ်ခနဲဝင်သွားသည်။

"အွန့်"

စိုးဒေဝါလည်ချောင်းမှ လေဟပ်သံတစ်ချက်
ထွက်လာသည်။ ခန္ဓာကိုယ်က ပုဇွန်တုပ်ကွေး ကွေးသွားသည်။

"မင်းအိတ်ကို ပြစမ်း"

ကောင်ချောလေးတစ်ယောက်လို ပစ္စည်းနှင့်ငွေ
တောင်းနေသော ဓားပြက ဖြိုးဝေလင်းကို ထင်မှတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဝေလင်းက သူမတွင်ရှိသော ငွေကို ထည့်ပြီးပြီ။ ဓားပြက မကျေနပ်သေးဘဲ ကျောပိုးလွယ်ထားသော အိတ်ကို ဖွင့်ပြခိုင်းနေ၏။

"အထဲမှာ အဝတ်အစားတွေပါဗျ"

ဖြိုးဝေလင်းက အသံဖျက်၍ လည်ချောင်းသံနှင့် ပြောသည်။

ဒီစဉ် နေဒွန်း၏အသံက ထွက်လာ၏။

"အပေါင်းအသင်းတို့ရေ … ဟောဒီမှာ ပုလိပ်စုတ်ဟောင်း တစ်ကောင်ကို မိထားတယ်ဟေ့"

သူ့အသံက ကျယ်သည်။

အားလုံး၏ အာရုံက စိုးဒေဝါနှင့် နေဒွန်းဘက်သို့ စိုက်လာ၏။ ဖြိုးဝေလင်းဘက်မှ ငနဲသားမှာလည်း အာရုံပြောင်းသွားသည်။ မြေပေါ်မှ စိုးဒေဝါကို နေဒွန်းက အင်္ကျီလည်ကုပ်မှ ကိုင်မပြီးတော့ ဆွဲထူလိုက်၏။

"ခွေးမသား စိုးဒေဝါ … မင်းဘယ်လောက် လူပါးဝ နောက်ဆုံးတော့ ငါ့လက်ထဲ ရောက်ရတာပဲ မဟုတ်လား"

သူ့မျက်နှာက တင်းမာခက်ထန်နေ၏။

အသံကလည်း ကြောက်ခမန်းလိလိမာကျောတသည်။

စားတော်ဆက်မှာ တွေ့ခဲ့ရသော လေသံနှင့် မျက်နှာက ဒီမှာနှင့် တခြားစီ။

"ဟေ့ကောင် စိုးဒေဝါ … ငါပြောတာ မဟုတ်ဘူးလား"





ဝမ်းထဲတွင် အူတွေ အလိပ်လိုက် ထလာတော့ ယောင် အောင့်နာနေသော ဝေဒနာကို စိုးဒေဝါ ခံစားနေရသည်။

သူအံကြိတ်သည်။

"မအေပေး … နေဒွန်း … မင်း … မင်း"

"ခွေးမသား … ပုလိပ်သတင်းပေး … ပုလိပ်စုတ်ဟောင်း"

ထိုသည်ကာလက ရဲကို ပုလိပ်ဟု ခေတ်ဟောင်းသုံးစကားနှင့် ခေါ်တတ်ကြသူတွေရှိသေးသည်။ အဲဒီဝေါဟာရကို နေဒွန်းက သုံးနေဆဲပဲ။

"ဒီကောင် ဘာကောင်လဲ … နေဒွန်း"

"ကိုဘချော … ဒီကောင် တစ်ချိန်က ပုလိပ်ဘက်က ကောင်တွေ … စုံထောက်လိုလို … ပုလိပ်အရာရှိလိုလိုကောင်ပဲ သူ့ကြောင့် ကျုပ်တို့လို ခင်ဗျားတို့လို လူမျိုးတွေ အတော်ဒုက္ခရောက်ကြတာပဲ … ကျုပ်ကိုလည်း ထောင်ထဲသွင်းတာ ဒီကို ထွက်ပြေးလာနိုင်လို့ပဲ"

"ဒါဆို ဒီကောင့်ကို သစ်ပစ်လိုက်ပေါ့"

ကိုဘချောမှာ သူတို့အဖွဲ့ထဲတွင် ခေါင်းဆောင်ဖြစ်ဟန်တူသည်။ စိုးဒေဝါ၏ အဝတ်ထည့်သေတ္တာကို ဆွဲယူလိုက်သည်။

သေတ္တာသော့အိမ်ကို လက်ထဲက ပစ္စတိုလ်နှင့် ထုချိုးလိုက်သည်။ သေတ္တာထဲတွင် အဝတ်အစားတွေ ဖွရာသည်။ စိုးဒေဝါသုံးရန် ထည့်ထားသော ငွေတွေ ထွက်လာသည်။ ကိုဘချော လေချွန်လိုက်၏။

ဖြိုးဝေလင်း၏ ကျောပိုးအိတ်ကို ရှာဖို့ ဓားပြမှ



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးအိတ်ကို ရှာရန် မေ့သွားသည်။ ကျန်လူတွေဆီကသာ ပစ္စည်းနှင့် ငွေတွေကို ကမန်းကတန်း လိုက်တောင်းလိုက်သည်။

မှန်းတီသော သွေးဆာသော မျက်လုံးများနှင့် နေဒွန်းက စိုးဒေဝါကို ကြည့်သည်။

"ဟေ့ စိုးဒေဝါ ... မင်းကို ငါက မတတ်သာလို့သာ အောင့်အီးပြီး အချိုသတ်စကားတွေ ပြောခဲ့တာကွ ... မင်းကို ကြောက်လို့တော့ မအောက်မေ့နဲ့ဟေ့ ... မအေပေးကောင်"

စိုးဒေဝါမျက်နှာကို လက်သီးတစ်ချက်ကျွေးသည်။ ဆောင့်တွန်းပစ်လိုက်သည်။

စိုးဒေဝါ လဲသွားလျှင် ပစ်သတ်ရန် ရိုင်ဖယ်နှင့် ထိုးချိန်လိုက်သည်။

"ဟေ့ နေဒွန်း ... နေဦး"

ကိုဘချောက နေဒွန်းပခုံးကို ကိုင်လိုက်သည်။ နေဒွန်းမှာ စိုးဒေဝါကို လက်စားချေရန် စိတ်ထက်သန်နေသည်။

"ကိုဘချော ... ဘာလဲဗျ"

"မင်း ... ဒီကောင့်ကို မသတ်လိုက်နဲ့ဦးကွ ... ကိုပြုံးမောင်တို့ နိုင်ငံရေးသမားတို့လက်ထဲကို ထည့်လိုက်ရင် တို့အတွက် ဟိုဟာ ဒီဟာလေး အခွင့်အရေးရနိုင်တယ်ကွ ... နောက်ဆုံး ဒီကောင် ဟိုရောက်ရင်လည်း သေမှာပဲ"

"ဟာဗျာ ... ဒီကောင့်ကို ကျုပ်လက်နဲ့ သတ်ချင်နေတာ ကိုဘချော"

"ငါ့စကား နားထောင်စမ်းပါကွာ"





"ခင်ဗျား ... ဒီကောင့်အကြောင့် မသိဘူးနော် ... စိုးဒေဝါဆိုတဲ့ ကောင်ဟာ ရေထဲထားရင် မိကျောင်းထက် ကြောက်စရာကောင်းတယ် ... ကုန်းပေါ်ထားရင်လည်း ကျားထက်ကြောက်စရာကောင်းတယ် ... အဆိပ်ဆိုလည်း မြွေဆိပ်ထက် ပြင်းတယ်"

"ဒီလောက်တောင်ပဲလားကွာ ... အေး ... ဒီလိုကောင်မျိုးတွေကို ကိုပြုံးမောင်တို့ နိုင်မတို့က လိုချင်နေတာပဲ မဟုတ်လား ... ဒီကောင် ဒီကို ဘာလာလုပ်သလဲ ... ဘာတွေနဲ့ဆက်သွယ်မလဲဆိုတာ သူတို့ သိရသလို သူတို့ဆီက တို့အတွက် အခွင့်အရေးရမှာပဲ"

ကိုဘချောမှာ လူသေးသေးသွယ်သွယ်နဲ့ နာမည်နဲ့ ...တ်အောင် ချောသူ။

သူ့ကို ဓားပြခေါင်းဆောင်ဟု ထင်စရာမရှိ။ အသက် ... လေးဆယ်နှင့် ငါးဆယ်ကြားရှိမည်။

"ကျုပ်ကတော့ ဖြောင်ပစ်မှာပဲ ... ကဲ ပြောနေကြာတယ်"

"ဟေ့ နေဒွန်း ... မလုပ်ပါနဲ့ကွာ"

"ခင်ဗျား ဝင်မရှုပ်နဲ့ ကိုဘချော ... ဒီကောင့်ကြောင့် ကျုပ်ဝရမ်းပြေးဖြစ်လာရတာဗျ"

စိုးဒေဝါ ခါးကြားထဲတွင် သေနတ်ရှိ၏။ ထိုသေနတ်... သူ့ဂျာကင်အင်္ကျီနောက်မြီးက ဖုံးထားသည်။ သူ့ဝေဒနာ ...တ်သာလာသည်။

ပြောစကားတွေ ကြားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကို ကိုင်ဖို့ မြေပြင်တွင် လဲနေရာမှ စိတ်ကူးလိုက်သည်။

ဒီစဉ်တွင် ဗိုင်းခနဲ သေနတ်သံတစ်ချက်ကြားလိုက်သည်။ ကော်ဒိုက်ယမ်းနံ့တွေ နှာခေါင်းထဲ စူးဝင်လာ၏။

နေဒွန်းနောက်ကို ယိုင်သွားသည်။ သွေးတွေ ...တက်လာသော သူ့ရင်အုံတစ်ဖက်ကို ငုံ့ကြည့်၏။ အဲဒီနောက် မ...မရပ်နိုင်သော စူးအောင့်သောဝေဒနာက သူ့ရင်အုံမှ တစ်ခုလုံးကို လွှမ်းခြုံလာသည်။

သေနတ်မကိုင်နိုင်အောင် အကြောတွေ ထုံကျဉ်လာသည်။ မျက်လုံးထဲ ဘာမှ မမြင်ရလောက်အောင် မှောင်လာသည်နှင့်အမျှ သူ့နှာခေါင်းမှာ အသက်ရှူမရတော့။

လဲသွားသည်။ မေးတစ်ချက်ထိုး ပါးစပ်ဟကာ အသက်ထွက်သွားသည်။

ကိုဘချော၏ ပစ္စတိုလ်ပြောင်းဝမှ ပြာလဲ့လဲ့ မီးခိုးတန်းလေး ထွက်နေသည်။

"ဟေ့ကောင် ထ ... လက်တွေမြှောက်"

စိုးဒေဝါကို ခြေထောက်နှင့် ကိုဘချောကန်သည်။ စိုးဒေဝါ ထသည်။ လက်တွေမြှောက်ထား၏။ သေနတ်ကို ဆွဲယူ...စိတ်ကူးကို လျှော့လိုက်၏။

"ကျောက်ခဲ ... ဒီကောင့်ကိုယ်ပေါ်ကို ရှာစမ်း"

ရှာပြီဆိုကတည်းက စိုးဒေဝါ ကိုယ်ပေါ်မှ သေနတ်နှင့် တုတ်ဓားကို ကျောက်ခဲက တွေ့သွားပြီဖြစ်သည်။ နေဒွန်း၏





ကားက ပိုမိုနိုင်မာသွားစေသည်။

ငွေနှင့် ပစ္စည်းတွေကိုလည်း ရပြီ။ ရဲထွက်စိုးဒေဝါကိုလည်း မိပြီဟူသော အတွေးက ကိုဘချောကို နှစ်သိမ့်သွားစေသည်။ ...ီးသည်တွေကို မေ့သွားစေသည်။

ဖြိုးဝေလင်းသည် မျက်နှာကို လွှဲထားသည်။ သူသတ်မှု၊ ဓားပြတိုက်မှု၊ စိုးဒေဝါကို ဖမ်းခေါ်သွားမှုများသည် သူ့မှ အတွက်သတင်းဖြစ်စေမည့် အတွေ့အကြုံတစ်ခုဟု ထင်မှန်နေဟန်ရှိ၏။

စိုးဒေဝါဘက်ကို စောင်းငဲ့တောင် မကြည့်ဘဲ သူ့များနည်းတူ ကားပေါ်တက်လိုက်သည်။ ကိုဘချောက သူ့သေနတ်ကို မြှောက်ပြရင်း

"တို့သွားမယ် ... မင်းတို့ကားကို မထွက်ကြနဲ့ဦး ... အေး စကားနားမထောင်ဘဲ ကားစက်နှိုးသံကြားရင်တော့ အားလုံးအသေပဲ"

ကြောက်နေသော ခရီးသည်တွေက ဘာမှ ပြန်မပြော။ ဒရိုင်ဘာမှာ မျက်နှာငယ်ကလေးနှင့် ရပ်နေ၏။

"ဒီပုလိပ်စုတ်ဆိုတဲ့ကောင်ကို လက်ကြိုးချည်ပြီး ခေါ်ခဲ့ကြဟေ့ ... လမ်းမှာ ထွက်ပြေးရင် ပစ်သာသတ်လိုက်"

ဒါက ကိုဘချော၏ နောက်ဆုံးအမိန့်ပေးလိုက်သံ။

ဖြစ်ရလေ စိုးဒေဝါရယ်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၇)

နေ့ဝက်လောက် တောက်လျှောက်လိုက်ရ၏။

ရွာကလေးတစ်ရွာကို ရောက်သည်။

ရွာဆိုရသော်လည်း တွေ့ရသော အိမ်ခြေက ဆယ်အိမ်တောင် မပြည့်။

ဓားပြရွာဖြစ်သည်။

ဒီခေတ်က သောင်းကျန်းသူများနှင့် ရောင်တော်ပြန် ရောလွှတ်နေသူတွေ အများကြီးရှိသည်။

တစ်ချို့က သူတို့ကိုယ် သူတို့ ရဲဘော်ဖြူစိုလ်၊ အလံနီဗိုလ်၊ အလံဖြူကွန်မြူနစ်ဗိုလ်၊ ကေအင်ဒီအိုဗိုလ်၊ ဘာဗိုလ် ညာဗိုလ်နှင့် ပုံမှားရိုက်ကာ ဆက်ကြေးယူ၊ သူများသားသမီး ခြေတော်တင်၊ ဟိုပစ္စည်း၊ ဒီပစ္စည်းလိုက်ယူ စသည်ဖြင့် လုပ်တတ်ကြသည်။

သူတို့ကို ဘယ်သူကမှ ဗိုလ်မတပ်။





သူတို့ဘာသာ သူတို့ ဗိုလ်တပ်နေကြခြင်းသာ ဖြစ်သည်။

ကိုဘချောက သူ့ကိုယ်သူ ဗိုလ်ဘွဲ့မခံ။

လက်မရွံ့ ဘချောလို့ အများက ဘွဲ့ပေးတာတော့ ...က်ခံသည်။

စိုးဒေဝါကို ဝါးပိုးတိုင်ကြီးတစ်တိုင်တွင် ကြိုးနှင့် ...ည်သည်။ အိမ်တစ်အိမ်၏ မြေကွက်လပ်တွင် ဖြစ်သည်။

"ထမင်းလေး ဘာလေး မကျွေးတော့ဘူးလား"

စိုးဒေဝါ တကောယ်ထမင်းဆာနေသည်။

"အောင်မယ် ... မကြာခင် မသာဖြစ်မယ့်လူက ထမင်း စားချင်သေးလား"

ကိုယ်ရော ခြေထောက်ပါ ဝါးပိုးတိုင်နှင့် တွဲချည်နေ ...သူ ဓားပြက ပြန်ပြောသည်။ ဝါးပိုးတိုင်မှာ မြေတွင် စိုက်ထားသော ...ဖြစ်၏။

"လူပဲဗျာ ... မသာဖြစ်တာတောင် ဝဝကလေးစားပြီးမှ လှလှကလေး သေချင်တာပေါ့ ... ထမင်းမစားရတော့ မသာက ချောက်နေရင် ထမင်းမစားရလို့ သေတဲ့မသာလို့ အချိုးမွမ်းမခံပါရစေနဲ့ ကိုယ့်လူရယ်"

"အေး ... မင်းကို ကျွေးခြင်းကျွေးရင် ဟိုးသင်းပဲကျွေးမယ်"

"အဲဒီ ဟိုသင်းလေး စားရရင်လည်း ကုသိုလ်ကံထူးလို့ စားရတယ်ပဲ အောက်မေ့ပါတယ်ကွာ"

"မင်းကြီးတော်ကြီးပဲ ကျွေးမယ်"



www.burmeseclassic.com

"ကြီးတော်ကြီးက စားလို့ မရဘူး ဟိုသင်းပါနေတယ် ... ထဘီ ... ထဘီ ... ထဘီပါနေတယ်"

"ခွပ်"

စိုးဒေဝါ ပါးစပ်ကို စားပြက လက်သီးတစ်လုံးနှင့် ဖိတ်လိုက်သည်။

"အလိုလေးလေး ... မင်းကျွေးတဲ့ထမင်းလုံးကြီးကလည်း မည်းမည်းကြီးနဲ့ အယ်နေတာပါပဲလား ... ပါးရှက်ဆိတ်လေးလို့ ဆင်တောင်ချိုနိုင်မှာ မဟုတ်ဘူး"

"ဟိတ်ကောင် ... တိတ်"

"ထမင်းကျွေးပါဗျို့"

စိုးဒေဝါ ကုန်းအော်သည်။

"ဟာ ဟေ့ကောင် ... မသာကောင် တိတ်ကွာ"

"ထမင်းဆာတယ်ဗျို့ ... ထမင်းကျွေးပါ"

"ဟာကွာ ... မင်းအမေ့လင်"

"မင်းအမေ့လင်ကြီးပဲ ပေးပါဗျို့"

အမြင်ကတ်ကတ်နှင့် စိုးဒေဝါ ကြုံးအော်သည်။ ဟိုစားပြများ ဆက်မထိုးတော့ပဲ ဆဲရေးတိုင်းထွာ၍ ထွက်သွားသည်။

"ထမင်းကျွေးပါဗျို့ ... ထမင်းပေးပါဗျို့ ... ဗိုက်ဆာတယ်ဗျို့ ... ထမင်းကျွေးပါဗျို့"

စိုးဒေဝါ အသံကုန် အော်နေသည်။ အိမ်တစ်အိမ်မှ ထွက်ကြည့်သည်။ မိန်းမတစ်ယောက်က ကြည့်ကာ ရယ်နေသည်။





"မင်းဘာတွေ အော်နေတာလဲ"

ကိုဘချော ရောက်လာသည်။

"အော်နေတာ မဟုတ်ဘူး ... ထမင်းတောင်းနေတာ"

"ဟင်း ... တို့တောင် မစားရသေးဘူး ... မင်းက ရာရာစစ ထမင်းတောင်းလား ဘာတောင်းလားနဲ့"

"ထမင်းပဲ တောင်းတာပါ ... ဘာမတောင်းပါဘူး စားပြကြီးရယ်"

"တိတ် ... မအေပေး"

"ဗိုက်ထဲမှာ ပိုးမျိုးရှစ်ဆယ်ရှိတယ်ဆိုတာ မကြားဖူးလား ကျုပ်တို့ခင်ဗျားတို့ ခင်ဗျားမကျွေးရင် ကျုပ်ဗိုက်ထဲက ပိုးမျိုးရှစ်ဆယ်သေသွားမယ် ... အဲဒီပိုးတွေ သေသွားရင် ခင်ဗျားငရဲကြီးသွားမယ် ... ကိုကျောက်ကျော ... အဲ ကိုဘချော"

"ဘာပြောတယ် ... ငရဲ ဟုတ်လား ... ဟား ဟား ဟား ဟေ့ ဒီမှာ ငါ့မျက်နှာကြည့်"

ကိုဘချောက လက်ညှိုးနှင့် မျက်နှာကို ပြန်ထိုးပြသည်။

"ဒီမျက်နှာက ဘာမျက်နှာလဲ ... သိလား"

"ဘာမျက်နှာလဲဆိုတော့ လမ်းကြိုလမ်းကြားက ဖိနပ်စုတ်လိုက်ကောက်တဲ့ ခုနှစ်ရက်ဘိန်းမစားရတဲ့ ထဘီခိုးတဲ့ ဘိန်းစားမျိုးရဲ့ မျက်နှာ"

"ဘာကွ"

"ဘိန်းမစားရတဲ့ ဘိန်းစားမျိုးရဲ့ မျက်နှာနဲ့ ခင်ဗျား မျက်နှာ

www.burmeseclassic.com



ဟာ တခြားစီပါပြောမလို့"

"မင်းသတိထားနော် ... ဟင်း ဟင်း ... မင်းသတိထား

ငါ့မျက်နှာမျိုးဟာ ငရဲကြောက်တဲ့ မျက်နှာမဟုတ်ပါဘူး"

"ဟုတ်ပါတယ် ... နောက်ဆုံး ငရဲမီးထဲလေးဖက်ထောက်

ကုန်းဝင်သွားတတ်တာပဲ"

"ဟိုင်းကွာ"

"အင့်"

ဝမ်းဗိုက်အလယ်ထဲ ကိုဘချောလက်သီးဝင်သွား

သည်။ စိုးဒေဝါသာ သူ့ဘယ်လီကြောတွေကို တောင့်မထားခဲ့လျှင်

ခွေသွားလောက်သည်။

"ထမင်းဆာပါတယ်ဆိုမှ ခင်ဗျားက ဗိုက်ချောင်အောင်

လုပ်နေပြန်ပြီ ကိုဘချောရယ် ... ထမင်းကျွေးနိုင်မှ ဗိုက်ထိုး

ဗျာ"

"ထိုးမှာပဲ"

"ဗိုက်ထိုးဆိုတာ ဘာလဲ သိလား"

"မင်းကြီးတောပဲ သိမယ်"

"ကျုပ်ကြီးတော်က ကုလားစကားမတတ်ဘူးဗျ ... ဗိုက်ထိုး

ဆိုတာ ကုလားစကားဗျ ... ဗမာလိုတော့ ထိုင်လို့ပြော

တာ"

"တောက်"

ကိုဘချောလက်ရွယ်သည်။ စိုးဒေဝါမျက်လုံးများက

သူ့မျက်နှာကို စိုက်ကြည့်နေသည်။ အသည်းထဲ ရင်ထဲဝင်မွေ့ခံရသလို





မိသားပြီး ကိုဘချောမှာ ကျောတွေ စိမ့်သွား၏။

ရိုက်ရန် လက်ကို မရိုက်ရဲတော့ဘဲ လက်ကို ပြန်ချ

သည်။ အဲဒီနောက် ရှုသိုးသိုးမျက်နှာနှင့် ပြန်လှည့်ထွက်သွားသည်။

စိုးဒေဝါ ဆက်မအော်တော့ပါ။

နောက်တစ်နာရီအကြာတွင် မိန်းမတစ်ယောက်၏

အော်ပြောသံက စိုးဒေဝါရှိရာဘက်လွင့်လာသည်။

"ရှင်တို့ သတ်ချင်လည်း နောက်မှသတ်တာပေါ့ ... ဒါပေမယ့်

သေမယ့်လူတစ်ယောက်ကို ထမင်းကျွေးဖို့တော့ ကောင်း

ပါတယ် ... ရှင်ဓားပြတိုက်ပြီး ငွေတွေစားလို့ရမလား ...

ထမင်းတော့ အချိန်တန်စားတာပဲ မဟုတ်လားတော့်"

"အေးပါကွာ ... အေးပါကွာ"

ကိုဘချော၏ စိတ်တိုတိုနှင့် ပြန်ပြောသံ။

နောက်ပိုင်းတွင် စိုးဒေဝါရှေ့သို့ သံပန်းကန်နှင့်

ထမင်းမွဲရောက်လာပါတော့၏။

လူတကာကို ဓားပြတိုက်ရဲသော ဓားပြကြီး

ကိုဘချောမှာ သူ့မယားအပေါ်မှာတော့ ဓားပြမတိုက်ရဲရှာပါ

တကား။

သနားစရာပဲနော်။ ကျွတ် ကျွတ် ကျွတ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာသည်။

တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုလို့။

မမှုပါလေ။

ဒီဒဏ်တွေက တစ်သက်လုံးမှာ ခံရပေါင်းများပြီ။

လျှပ်မီးတွေ ဝင်းခနဲ ဝင်းခနဲ လက်လက်သွား၏။ စိုးဒေဝါ၏ ခေါင်းမှ ရေပေါက်တွေက မျက်နှာမှ လည်တိုင်ကို စီးဆင်းနေသည်။

ညနေပိုင်းက နှိပ်စက်ထားသောဒဏ်တွေက ခုလို မိုးရေနှင့် အေးတဲ့အချိန်မှာ ပိုမိုအစွမ်းပြနေသည်။

စိုးဒေဝါ၏ ခန္ဓာကိုယ် ကြီးမားသန်စွမ်းမှု စိတ်ဓာတ်၏ ခံနိုင်ရည်အားတို့ကြောင့်သာ သူဗုန်းဗုန်းလဲမသွားခြင်းဖြစ်သည်။

သူ့မျက်လုံးတွေမှာ ဖိတ်လုနီးပါး ရောင်ကိုင်းနေသည်။ နှာခေါင်းမှ သွေးခဲတွေနှင့် ပိတ်နေသည်။ နှာခေါင်းမှ အသက်ရှူကျပ်သဖြင့် ပါးစပ်နှင့်ပဲ အသက်ရှူနေရ၏။





ဝမ်းဗိုက်ကြော၊ ပေါင်မကြော၊ နံရိုးတွေက နာကျင်နေသည်။ လှုပ်လိုက်တိုင်း တုတ်တစ်ချောင်းနှင့် ရိုက်သလို ခံစားရသည်။ ဒါတွေကို အရေးမထား။

ယခု မိုးရွာချိန်တွင် သူ့အတွက် လွတ်မြောက်ရေးကို ကြံစည်ရမည်။ ကြိုးစားရမည်။

အခြေအနေသည် မိမိအတွက် ပေးအပ်နေသည်ဟု ထင်သည်။

မိုးက ရွာနေသည်။

မိုးရွာသဖြင့် တံခါးပေါက်မရှိသော အိမ်များတွင် ခေါက်ကို အဖော်ပြုပြီး လူတွေ အိပ်နေကြကုန်ပြီ။

တစ်နေရာတွင် ကင်းသမားသည် သစ်ပင်တစ်ပင် အောက်မှာ ဆောက်ထားသော တောထန်းလက်မိုး၊ တောင်ထန်းလက်ရွက်ကာ တဲထဲမှာ မိုးအေးအေးနှင့် အိပ်ပိုက်နေပြီ။

မိုးသံ လေသံတွေက တဝေါဝေါ ဆူညံနေသည်။

သူတိုင်မြှုပ်ရာ မြေမှာ မိုးရေတွေကြောင့် ပျော့အိနေသည်။

ဒီကာလသည် မိမိအတွက် လက်သင့်ခံစရာ အကောင်းဆုံးအချိန်ပဲ။

စိုးဒေဝါသည် သူ၏ ရှိသရွေ့ခွန်အားတွေကို သုံးပြီး ဝါးပိုးဝါးကို နှဲ့သည်။ နှဲ့ပါများတော့ မြေပျော့ထဲတွင် ဝါးပိုးက ယိုင်ထိုးလာသည်။ ဆယ်မိနစ်နီးပါးကြာအောင် နှဲ့ရ၏။

အထဲတွင် အတော်နက်နက်ဝင်အောင် စိုက်ထား

www.burmeseclassic.com



တာလည်း ပါသည်။

ဝါးပိုးဝါးတိုင်ကို သူ့ကိုယ်ကို အထက်သို့ခုန်ပြီး နှ... သည်။ ကြိုးချည်ထားသော လက်များနှင့် တင်ပါးကို ဝါးပိုးဝါးတိုင် နှင့် ညှပ်ပြီး ကပ်ထားသည်။

သူခုန်တော့ မြေတွင် ချောင်နေသော ဝါးပိုးဝါးကြီး က မြေတွင် ကျွတ်ပါလာသည်။ ထိုအချိန်တွင် မိုးရေများ ကျဆင်း... က လျော့ပါးသွားသည်။

လေတိုက်သံလည်း ပါးသွား၏။

တစ်လောကလုံး မည်းမှောင်ကာ လျှပ်ရောင်... တဝင်းဝင်း မိုးချုန်းသံ တဒိန်းဒိန်းနှင့် စိတ်ချောက်ချားစရာကော... နေသည်။ အတွေ့အကြုံများပြီးသော စိုးဒေဝါမှာ ထိတ်လန့်မှု မ... နောက်ပြီး လွတ်မြောက်ရေးကိုသာ အားစိုက်နေရသဖြင့် ကြောက်... လန့်ဖို့လည်း စိတ်မရှိ။

ဝါးပိုးကျွတ်သွားသော ကိုယ်ကိုမြေကြီးတွင် ဝါး... ကို ထောက်ကာ ထိုင်ချသည်။ ဝါးပိုးတိုင်အောက်သို့ ပူးချည်... သော လက်တွေကို လျှောချ၏။

ဝါးပိုးတိုင်အောက်ဆုံးရောက်တော့ ထလိုက်... အဆုံးတွင် အနည်းငယ် ထစ်နေသည်။ ဝါးပိုးတိုင်ကို ခါချပစ်လိုက်... ရသည်။

ကျွတ်ထွက်သွား၏။

တင်ပါးနောက်မှ ပူးချည်ခံရသော လက်တွေ... တင်ပါးရွှေ့ထုတ်ရတာ စိုးဒေဝါအတွက် ငှက်ပျောသီးအခွံ...





သလောက်ရှိသည်။

ဟော ... လက်တွေက ပေါင်ရှေ့သို့ ရောက်လာ သည်။

မြေပြင်တွင် လဲလျောင်းကာ အိမ်တွေဘက် အကဲ ခတ်သည်။ လျှပ်စီး ဝင်းကနဲလက်သွား၏။ လျှပ်ရောင်အောက်တွင် အိမ်တွေကို ဖြိုးဖြိုးပြက်ပြက်အလင်းရောင်နှင့် တွေ့လိုက်ရသည်။

ကင်းတဲဘက်ကို အလေးပေး စဉ်းစားသည်။ ထင်းသမားသည် အစရာဖြစ်သည်။

သူသည် ကင်းတဲဘက်ကို မိကျောင်းလို တွားသွား သည်။ ကင်းတဲမှာ ရှေ့ပေါက်သာရှိ၍ နောက်ရော ဘေးပါ အလုံ ဖြစ်သည်။ စိုးဒေဝါ တွားသွားရသည် ကင်းတဲ၏ နောက်ကျောဘက် သာဖြစ်သည်။ နောက်ကျောထရံကို မိုးရေတွေ တဖြန်းဖြန်းပက်နေ သည်။

တောင်ထန်းလက်ရွက်တွေကို လက်နှင့်အားစိုက် ဖြဲလိုက်သည်။ ကင်းတဲထဲတွင် မှောင်နေသည်။

လျှပ်ရောင်က ဖြိုးဖြိုးပြက်ပြက်လက်သွားသည်။ စိုးဒေဝါမျက်လုံးတွေက တဲထဲကို ကောင်းကောင်းမြင်လိုက်ရ၏။

တဲ၏ ထန်းရွက်ထန်းလက်ထရံကို လူတစ်ယောက် မှီကာ ဆောင့်ကြောင့်ထိုင်၍ ဒူးများထောင် လက်နှစ်ဖက်ကွေး၍ ထင်းလက်များပေါ် ခေါင်းတင်ကာ အိပ်ပျော်နေသည့် အနေအထား တွေ့ရသည်။

စိုးဒေဝါ ဖျတ်ခနဲ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ သူ့အတွက် အခွင့်အရေး။

တစ်ကိုယ်လုံး နာကျင်မှု ဝေဒနာခံစားနေရသော်လည်း အဲဒီနေရာကို ဖျောက်ပစ်၏။ တံပေါက်ဝကို အမြန်ဆုံးသွားသည်။ လျှပ်စီးရောင် ထပ်လက်သွားသည်။

တံထရံတွင် ထောင်ထားသော သေနတ်တစ်လက်ကိုပါ မြင်ရပြန်၏။

"ဒိန်း ... ဒိန်း ... ဒိန်း"

မိုးထစ်ချုံးသံက ကြောက်ခမန်းလိလိပေါ်လာသည်။ တံထဲက လူသည် မှောင်ထဲတွင်ပင် မိုးထစ်ချုန်းသံကြောင့် လန့်နိုးသွားသည်။

မှောင်ထဲတွင် ချောင်းတစ်ချက် ဟန့်လိုက်သည်။ နောက်တစ်ကြိမ် လျှပ်စီးရောင် ပြက်သွား၏။

မည်းမည်းသဏ္ဌာန်ကြီးတစ်ခု သူ့ရှေ့လာရပ်သည်ကို အလင်းရောင်နှင့် မြင်လိုက်ရ၏။

"ခွပ်"

အသံတစ်သံထွက်လာသည်။ အရာဝတ္ထုတစ်ခုက သူ့ခေါင်းတွင် အရှိန်နှင့် ဝင်ဆောင့်သွားသည်။ မျက်လုံးထဲတွင် လျှပ်ရောင်ထက်ပြင်းသော မီးပွင့်ကြီးများကို မြင်လိုက်ရ၏။

အမှောင်ထက်ဆိုးသော ပိုမှောင်သည့် အမှောင်ကို တွေ့လိုက်ရသည်။

မှောင်ထဲတွင် ကင်းသမားကို စမ်းကြည့်သည်။ လှုပ်ရှားမှုဆိုတာ ဝေးစွ။





စိတ်ချသွားရပြီ။

သေနတ်မှာ သေနတ်ရှည်ကြီးဖြစ်၏။ ရိုင်ဖယ်လည်း မဟုတ်၊ နှစ်လုံးပြူးလည်း မဟုတ်။ လက်တွေ့၏ စမ်းသပ်တွေ့ထိမှုအရ လုပ်သေနတ်ဖြစ်ကြောင်း သိနိုင်သည်။

သူ့လွတ်လမ်းအတွက် ရပါပြီ။

ကြိုးထုံးကို ပါးစပ်နှင့် မှောင်ထဲမှာ ကိုက်ဖြေသည်။ သေနတ်ကို လက်နှစ်ဖက်နှင့် ဆုပ်ထားဆဲ။

နောက်တစ်ကြိမ် လျှပ်ပြက်သွားသည်။ လက်ထဲမှ ကြိုးလည်း ပြေသွားသည်။

လွတ်တာတော့ ဟုတ်ပါပြီ။

သူ့ပစ္စည်းတွေ လိုသေးသည်။ အဝတ်အစား၊ လက်ပတ်နာရီ၊ ငွေတွေကိုတော့ မမျှော်လင့်ပါ။ ငနဲတွေ ခွဲဝေယူဆောင်ပြီးဖြစ်မည်။ အရေးကြီးတာက သူ့သေနတ်နှင့် တုတ်ဓားဖြစ်သည်။ ဒါတွေကတော့ ကိုဘချောဆီမှာပဲ ရှိနေရမည်။

တံအိမ်ပေါင်း ခြောက်လုံး ခုနှစ်လုံးတွင် ကိုဘချော၏ တံအိမ်ကို သိထားပြီးပြီ။

ကိုဘချောတွင် ကလေးမရှိ။

မယားကြီးလား၊ မယားငယ်လား၊ နောက်အိမ်ထောင်ပြုမယားလား မသိရသော မိန်းမတစ်ယောက်သာရှိသည်။

သူမကပဲ စိုးဒေဝါကို ထမင်းကျွေးနိုင်းသည်။ သူမတို့နေသော တံဘက်မှ ပြေးသွားသည်။

သူ့လက်က လုပ်သေနတ်ကြီးက ကိုးရို့ကားရား



www.burmeseclassic.com

www.burmeseclassic.com



နိုင်လှ၏။ သေနတ်ကြီးကို လွှင့်ပစ်ဖို့တော့ စိတ်မကူး။

လုံးဝသေနတ်မရှိတာနှင့်စာလျှင် သေနတ်တစ်လက် ရှိနေသည်က အားကိုးရာဖြစ်သည်။

တဲထဲကို လှမ်းကြည့်၏။

မှောင်နေတော့ အထဲကို အရမ်းဝင်ဖို့ရာ ခက်နေသည်။ တဖြည်းဖြည်း တဲလှေကားကို နင်း၏။ တဲတွင် ဖိနပ်ချွတ်မထားပါ။ တက်လိုက်သည်နှင့် တောက်လျှောက် ဝင်နိုင်သော တိုးလျှိုးပေါက်အခန်းပဲ။

လျှပ်ရောင်ပြက်သည်။

လင်းခဲနဲ အတွင်းဘက်ဝင်သွား၏။ လူနှစ်ယောက် အိပ်နေသည်။ တစ်ယောက်က မှောက်ခုံ၊ နောက်တစ်ယောက်က ပက်လက်၊ ဘယ်ဟာ မိန်းမ၊ ဘယ်ဟာ ယောကျ်ား ခွဲခြားလို့ မသိနိုင်။

ပက်လက်က မိန်းမ။

မှောက်ခုံက ယောကျ်ား

မှောင်ထဲတွင် မျက်စိတွေကို လေ့လာ၏။ မှောင်ထဲတွင် ညကြည့်မှန်ပြောင်းလို အစွမ်းမထက်တောင် လေ့ကျင့်အားကြောင့် အသင့်အတင့်မြင်နိုင် ကြည့်နိုင်သော မျက်လုံးတွေက မည်းမည်းသဏ္ဌာန်ကို ခွဲခြားသိခဲ့ပြီးပြီ။

သူအသာ လှမ်းတက်လိုက်သည်။

မိုးချုန်းသံတွေ လိမ့်ထွက်လာသည်။ အဲဒီ မိုးချုန်းသံတွေနှင့် ထပ်တူထပ်မျှ မှောက်အိပ်နေသော ယောကျ်ား၏ ခေါင်း





ထို သေနတ်ဒင်နှင့် ထုချပစ်လိုက်သည်။

ထုသံ၊ ညည်းသံများသည် မိုးထစ်ချုန်းသံနှင့် ရောနှောသွားသည်မို့ တစ်ဖက်တွင် ပက်လက်အိပ်ပျော်နေသော မိန်းမမှာ အသံမကြားနိုင်ပါ။

သူ့တဲထရံတွင် သွားကပ်နေသည်။

လျှပ်ရောင်တစ်ခါ ထက်ပြက်သည်။ ရှင်းပြီး ဖျတ်လတ်စူးရှသော မျက်လုံးများနှင့် လိုက်ကြည့်၏။

အိုး ... ဝမ်းသာလိုက်တာ။

တဲတစ်နေရာတွင် သူအဝတ်ထည့်သော သေတ္တာကြီးကို ချထားသည်။ ယင်းပေါ်မှာက သူ့သေနတ်နှင့် သူ့တုတ်ဓား။

ကြမ်းခင်းမှာ ဝါးလုံးတွေနှင့် လုပ်ထားသော ကြမ်းခင်းဖြစ်သည့်တိုင်အောင် စိုးဒေဝါ ခပ်ဖွဖွနင်းလိုက်သော ခြေသံနှင့် ဝါးကြမ်းခင်းက ကျိုးကျိုးကျည်ကျည် မမြည်ပါ။

သူသည် မိန်းမသားတွေကို ဒုက္ခမပေးချင်။

အဝတ်ထည့်သေတ္တာကို ပေါ့ပါးစွာ ကိုင်ဆွဲ၍ သူ့တဲထဲက ထွက်လာသည်။ တဲတွေကို လွန်မြောက်လာသည်။

မိုးသည်းသည်းက စဲပြီး မိုးဖွဲကလေးသာ ရှိတော့သည်။ မိုးရေဒဏ်၊ ဟိုနေ့တွေ ရိုက်နှက်ထားသောဒဏ်က အတော်ကလေး နာနေသည်။

"လက်မြှောက်"

သစ်ပင်တစ်ပင်နားအရောက် သစ်ပင်တွေကြားထဲက မည်းမည်းသဏ္ဌာန်တစ်ခု ထွက်လာသည်။ ထန်မာစွာ အမိန့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ အသံကို ကြားသည်နှင့် တုန့်လှုပ်သွားသည်။ ကိုဘချော

"ခင်ဗျား"

"အေး ... မင်းတဲပေါ် တက်သွားတာ ငါမြင်တယ်ကွ ... နေဦးနှ်းပြောတာ အမှန်ပဲကိုး ... မင်းဟာ ရေထဲက မိချောင်း ... မြွေဆိပ်တက် ကြောက်စရာကောင်းတယ်ဆို တာ"

သူ့စကားတောင် မဆုံးသေးပါ။ စိုးဒေဝါ ညာခြေက ငနဲသားဘချော၏ ဝမ်းဗိုက်အောက် ဆီးခုံကို ကြုံးကန်ပစ်လိုက်၏။

တည့်တည့်မတ်မတ် တိုက်ရိုက်ထိသွားသည်။ အိမ့် ကို ခြေထောက်က ဝင်ကို ဝင်သွားတာ။

ကိုဘချော ဘိုင်းခနဲ လဲသွား၏။ စိုးဒေဝါခြေ ထောက်မှ ရှုးဖိနပ်က ငတိ၏ မေးဖျားကို ဆတ်ပင့်ခတ်ပစ်သည်။

ဘယ်ကို ထိသည်မသိ။

ထိတော့ ထိ၏။

စိုးဒေဝါမှောင်ထဲကို ခွတ်ပြေးသည်။ ပြေးရင်း တစ်ခုခုနှင့် တိုက်မိလျှက် ဟပ်ထိုးဟပ်ထိုးဖြစ်သွား၏။ ဆင်ကန်း တောတိုးပြေးရတာကိုး။

သူ့ကိုယ်သူ ထိန်းသည်။

နောက်က လိုက်လာမည့်သေနတ်သံနှင့် ကျည်ဆန် ကို နားစွင့်သည်။ ကိုက်လေးငါးဆယ်ပြေးသော်လည်း သေနတ်သံ မကြားရပါ။

လျှပ်ရောင်သည် သူပြေးရာဘက်ကို ညွှန်ပြပေး





သော မတည်မငြိမ်အလင်းရောင်ပင်ဖြစ်၏။

သူကိုက်ပေးငါးရာရောက်မှ ဒိုင်းခနဲ မြည်သော သေနတ်သံကို ပွဲတင်ထပ်အောင် ကြားလိုက်ရသည်။ ကျည်ဆံက ထိုက်လိုနိုင်စွမ်းမရှိပါ။

ကိုဘချောသည် အတီးခံလိုက်ရသောဒဏ်ကြောင့် သည်းကောင်း ဒါမှမဟုတ် လက်က လွတ်ထွက်သွားသောသေနတ် သံကြောင့် လည်းကောင်း ချက်ချင်းမပစ်နိုင်ခဲ့ခြင်းဖြစ်ပုံရ၏။

ခုသေနတ်သံသည် မိမိလွတ်သွားကြောင်း သူ့လူ တွေအား သတိပေးသော သေနတ်သံဖြစ်လိမ့်မည်သာ။

ငနဲကြီးက အကင်းပါးသည်။

သူ့တဲပေါ်တွင် သူ့လူတစ်ယောက် သို့မဟုတ် အခြား လင်မယားနှစ်ယောက်ကို အိပ်ခိုင်းပြီး သူက တစ်နေရာ တွင် သတိနှင့် အိပ်၍ မိမိကို စောင့်ကြည့်ကောင်း စောင့်ကြည့်နေ သည်။

ခုတော့ အစွန်းထွက်တန်ဖိုးလေး ရသွားပြီကော။

စိုးဒေဝါ တောထဲရောက်နေသည်။

ဘယ်ရောက်လို့ ဘယ်ပေါက်မည်မသိ။

ဒီစဉ် တစ်နေရာမှ မည်းမည်းသဏ္ဍာန်တစ်ခုက စိုးဒေဝါပေါ် ခုန်ချလိုက်၏။

• • •



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၈)

ရေတွေ စွတ်စိုနေသော မြေပြင်တွင် လုံးထွေးသွား ကြသည်။

မည်းမည်းသဏ္ဍာန်က အပေါ်မှ။

စိုးဒေဝါက အောက်မှ။

လျှပ်ရောင် ဝင်းခနဲ လက်သွားချိန်တွင် အပေါ်မှ လူကို စိုးဒေဝါ တွေ့လိုက်ရသည့်နည်းတူ ယင်းလူ လက်တွင် ကိုင်ထားသော ဓားကိုလည်း သူ့မျက်နှာပေါ် တန်းဆင်းအလာမှာ ရုတ်ခနဲ မြင်မိ၏။

ဓားသမား၏ လက်ကို သူ့လက်နှစ်ဖက်နှင့် ကြက်ခြေခတ်ဆီးခံ၏။ အော်လည်း ပြောမိသည်။

"ဟာ ဟေ့ မလုပ်နဲ့ ဖြိုးဝေလင်း ... မလုပ်နဲ့"

သူ့အသံက ကျယ်သည်။





တစ်ဖက်က အပေါ်စီးရထားသူမှာ ဖြိုးဝေလင်းပဲ ဖြစ်၏။ စိုးဒေဝါ၏အသံကို ဖြိုးဝေလင်း ကျက်ထားမိခဲ့သည်။

သူမ၏ တိုက်ခိုက်မှုက မဆက်တော့။

စိုးဒေဝါ အပေါ်မှ ချက်ချင်းထပြေးသည်။ မှောင်ထဲမှ တုန်ယင်သံနှင့်

"အစ် ... အစ်ကို စိုးဒေဝါလား"

မခေါ်စဖူး အစ်ကိုဟု ခေါ်နေသည်။

"ဟုတ်တယ် ... တို့ပဲ"

လျှပ်ရောင်ပြက်သွား၏။ နှစ်ယောက်လုံး၏မျက်နှာတွေကို ထင်းထင်းလင်းလင်းကြီး ဟပ်သွားသည်။

"ဟာဗျာ ... အစ်ကိုပဲ ... လင်းက ရန်သူမှတ်လို့ ... တစ်ခါတည်း ဖြိုတော့မလို့ ကြံလိုက်တာ အစ်ကိုရယ်"

ယောကျ်ားလေးတစ်ယောက်လိုပဲ လင်းက ပြောနေချေသည်။ မှောင်ထဲတွင်ပင် သူတို့နှစ်ယောက် ရပ်တည်နေကြသည်။

"မင်း ... ဘယ်လိုရောက်လာတာလဲ ... လင်း"

လင်းလို့ပဲ ရဲရဲတင်းတင်းခေါ်လိုက်သည်။ ဒီလိုခေါ်ခြင်းနှင့် ပတ်သက်ပြီး လင်းတွင် ခံစားမှုမရှိပါ။

"အစ်ကို့ကို ဓားပြတွေ ဖမ်းသွားတာ လင်းစိတ်မချလို့ နောက်ယောင်ခံလိုက်လာတာ ... ဒီရောက်တော့ အစ်ကို့ကို ချုပ်ထားတာတွေ့တယ် ... ဒီညမှာ ဝင်ကယ်မယ်ဆိုပြီး အခြေအနေစောင့်ကြည့်နေတာပါ ... အစ်ကိုလာတာတွေ့



www.burmeseclassic.com

www.burmeseclassic.com



တော့ ရန်သူထင်ပြီး ... ”

“ဟာ ... မင်းကလေးဟာ တကယ့်ကို ရိုးကျူးစရာပါလား လင်းရာ ... မင်းသတင်းထောက်မှ ဟုတ်ရဲ့လား ... မင်းလုပ်ပုံက သတင်းထောက်တစ်ယောက်နဲ့တောင် မတူဘူး”

“သတ္တိရှိလို့တော့ မထင်နဲ့အစ်ကို ... နှစ်ယောက်အတူ ထွက်လာရာမှာ တစ်ယောက်က ဘေးတွေ့နေချိန်မှာ ထွက်ပြေးတဲ့လူ ... သစ္စာမရှိတဲ့လူလို့ အခေါ်မခံချင်ဘူးရှင့်”

“ကြိုက်သွားပြီ”

စိုးဒေဝါ မည်းမည်းသဏ္ဍာန်နှား လျှောက်သွားသည်။ သူမ၏ လက်ကလေးတစ်ဖက်ကို ဖမ်းဆွဲ၍ သူ့ညာလက်နှင့် နှုတ်ဆက်လှုပ်ယမ်းသည်။

“မင်းကို လေးစားသွားပြီ လင်း ... မင်းဟာ မိန်းကလေးနဲ့ မတူတဲ့ မိန်းကလေးပဲ ... ဒီလိုနေရာမှာ ဒီလိုအန္တရာယ်ကြားကို ဘယ်မိန်းကလေးမှ ဝင်တိုးရဲမှာ မဟုတ်ဘူးကွ”

လျှပ်စီးရောင်တွင် သူတို့ပန္နည်းတွေကို သူတို့ မြင်ကောက်သည်။

“အစ်ကို စိုးဒေဝါ ... စောစောက သေနတ်သံ ကြားလိုက်တယ်”

သေနတ်သံကို ပြန်သတိရလာသည်။

“ဟုတ်တယ် ... ဓားပြခေါင်းဆောင် ဘချောရဲ့ သေနတ်သံပဲ ... သူတို့ လိုက်လာကြလိမ့်မယ် ... မြန်မြန်သွားကြစို့”





စိုးဒေဝါ တွက်ဆတာ မှန်သည်။

ရေရေလည်လည်လည် ခံလိုက်ရသော ကိုဘချော။ ရင်ထဲတွင် ဒေါသပုန်ထနေသည်။ လွတ်ကျနေသော သေနတ်ကို ဝေဒနာကြားမှ သူသတိပြန်ရလာလျှင် လာခြင်း တွေ့သည်။

စိုးဒေဝါ သူ့မျက်စိအောက်မှာ လုံးဝမတွေ့တော့ပါ တော့ လေထဲကို သေနတ်ပြောင်းထောင်ပြီး လေသေနတ်သံ လိုက်၏။ အိပ်ပျော်နေသော ဓားပြတွေ ရုတ်ရုတ်သဲသဲဖြစ်ကုန် မိုးချုန်းတုန်းက မနိုးပဲ သေနတ်သံကြောင့် နိုးလာသော ဓားပြ တွေ၏ နားကြောမှာ အုံ့ဩဖို့ကောင်းသည်။

ကင်းသမားမှာ မှောက်နေသည်။

သူ့ကို သတိရအောင်လုပ်သည်။ ဘချောက မအေ နှမရောဆဲဆိုပြီး ကင်းသမားကို နားပန်ကျင်းပစ်သည်။

“ငါ ကျောက်ခဲနဲ့ သူ့မိန်းမကို ငါ့အိမ်ပေါ်တင်ထားပြီး တခြားတဲမှာ ငါခင်စိန်နဲ့ သွားအိပ်တယ် ... ဒီစိုးဒေဝါဆိုတဲ့ကောင် တကယ်လျင်တာပဲကွ ... နေဒွန်းပြောတာ အမှန်ပဲ ... ငါဒီကောင် ဒီလောက်လျင် ဒီလောက်ကြောက်စရာကောင်းလိမ့်မယ်လို့ အစက မထင်ခဲ့ဘူး ... ဘယ်လိုကနေ ဘယ်လို ကျောက်ခဲတို့ အိပ်နေတဲ့ တဲပေါ် တက်သွားလည်း ငါမသိဘူး ... ငါတရေးနိုးတော့ အဲဒါပဲ မြင်လိုက်တယ် ... ငါကလည်း အိမ်တွေကြားထဲက ထွက်စောင့်ပြီး အပိုင်ကိုင်မယ် စိတ်ကူးတာ”



www.burmeseclassic.com

www.burmeseclassic.com



ကိုဘချော သူ့လူတွေကို ပြောနေရာတွင် ဤနေရာမှ ခေတ္တအားလပ်ချိန်ပေးလိုက်၏။ အမှန်ပြောသော သူဆက်ပြောနေလျှင် ရှိသရွေ့ သိက္ခာလေး ပွဲရချေရဲ့။

စကားကို ပြင်ပြောသည်။

"ငါ စောင့်ကြည့်နေတုန်း ... ဘယ်က လစ်သွားလဲ မသိဘူး"

ဓားပြခေါင်းဆောင် ဝီသပါသည်။ ဓားပြခေါင်းဆောင်ဆိုတာ ကိုယ်နာတာ ကိုယ်ခံရတာကို ဘယ်တော့မှ ထည့်ပြောလေ့မရှိ။ ကိုယ်ကသာ သူများ ခံရတာကို လိုက်ကြည့်ပြောနေတတ်တာ မဟုတ်လား။

"မအေပေး ဖေသွင် ... သူ့ကာင်းစောင့်ခိုင်းကာမှ ကန္တာမှောက်မတတ်ကို ဖြစ်သွားတာ ... နင့်အပေါက်ထဲ ကျည်ဆန်ပစ်မသွင်းသွားတာ ကံကောင်း ... ကျောက်ခဲဆိုတဲ့ကောင်လည်း အိမ်ပေါ်လူတက်လာတာ မသိဘူး ... ခံရတာတောင် နည်းသေး ... ထွီ"

ကိုဘချော တံထွေးအထွေးကောင်းလွန်းသဖြင့် အနားရှိ လူနှစ်ယောက်မှာ မျက်နှာတံထွေးကပ်သည်ကို ရေဆေးရန် ပြေးထွက်သွားသည်။

"ရှင်ကရော ဘာဖြစ်လို့ အိပ်နေရတာလဲ ... ဒီလူ ဒါလောက် လျင်တယ်ဆို ရှင်မအိပ်ဘဲ စောင့်နေပါလား"

လူကြီးအပေါ်တွင် လူကြီး။ ကြွက်ပေါ်တွင် ကြောင် လုပ်တတ်သော မခင်စိန်။





အိမ်ကြီးရှင် ကျေးဇူးရှင်မကြောင့် ဘာပြောရမှန်း မသိဖြစ်သွားမှ သူမျက်စောင်းထိုး၍

"မင်း ဒီကောင့်ကို ထမင်းကျွေးလိုက်တာကြောင့် ဒီကောင် အားရှိပြီး ပြေးနိုင်တာကွ ... ဒါ မင်းကြောင့်"

"ရှင်က သူ့လောက် အားမရှိတော့ဘူးလား ... အေးလေ ဘယ်အားရှိတော့မလဲ ... အားမရှိတဲ့အလုပ်တွေ ရှင် လျှောက်လုပ်နေတာကိုး"

"အံမာ ... တိရစ္ဆာန်မ ... တော်"

"ရှင် ကျုပ်ကို ဘယ်တုန်းကများ ဆဲဖူးလို့တုန်း ... ကျုပ်သာ ရှင့်နေရာမှဆို ထဘီခါးတောင်းကျိုက်ပြီး ဒီစိုးဒေဝါနောက်ကို လိုက်ပြီး"

"ထဘီတော့ ခါးတောင်းမကျိုက်လိုက်ပါနဲ့ဗျာ ... ဂျတ်တွေ မြင်နေရပါဦးမယ်"

ဓားပြတစ်ယောက်က ဝင်လာ၏။ လူတစ်စု၏ ရယ်ပွဲလေး ဖန်လာသည်။ ကိုဘချောသည် သူ့မိန်းမနှင့် ဆက်ရန်မဖြစ်အားပါ။

"စိုးမောင် ... ဘဦး ... တုတ်ကြီး ... မင်းတို့ ငါနဲ့ ဒီကောင့်ကို လိုက်ရှာဖို့ လိုက်ခဲ့ကြ ... ဒီကောင် လွတ်သွားရင် မလွယ်ဘူးကွ ... တို့နေရာကို သူက သိသွားပြီး ... ရဲနဲ့ စစ်တပ်ကို သတင်းသွားပေးရင် ဒီလာလို့ လေးဖက်ထောက် ပြေးနေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဘချော ချက်ချင်းလိုက်ဖို့ ပြင်တော့။ တောင်တောင့်တင်းတင်း သန်သန်မာမာ လူသုံးယောက်ကို ရွေးလိုက်သည်။

အဲဒီလူတွေက သတ်ရဲ ဖြတ်ရဲသူတွေ။

• • •





သင့်တော်သော တစ်နေရာတွင် အိပ်လိုက်ကြသည်။

မိုးရေတွေ ခန္ဓာကိုယ်ကို ပက်ဆမ်းခြင်းခံရမှ လန့်နိုးကြသည်။

သစ်ပင်တစ်ပင်အောက်တွင် ဖြစ်၏။

ညကအဖြစ်သည် နိုးစတွင် အိမ်မက်လိုလို စိုးဒေဝါထင်သော်လည်း သူ့အလှင်နိုးပြီးသော ဖြိုးဝေလင်း၏ ရုတ်တရက်အော်သံလေးကြောင့် အိပ်မက်မဟုတ်မှန်းသိသည်။

ကျွဲမျှော့တစ်ကောင်က ဖြိုးဝေလင်း၏ ပါးတွင် ကပ်သည်။ ဖြိုးဝေလင်း မိန်းမပီသစွာ ကြောက်လန့်ရှာ၍ အော်နေသည်။

စိုးဒေဝါ သူ့မနားကပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ထက်မှ ကျဲမှေ့ဒုကြီးကို သူ့လက်နှင့် ခွာပြီး

လွှင့်ပစ်လိုက်သည်။

"အမယ်လေး ... အမယ်လေး"

သူမ မျက်လုံးကလေးတွေ မှိတ်ကာ ညည်းအော်သံ

ကလေး အော်နေလေသည်။

"မရှိတော့ပါဘူး ... မချောရယ် ... ဒါလောက်လည်း

မကြောက်ပါနဲ့တော့"

ဒီတော့မှ မျက်လုံးကလေးတွေ ဖွင့်လာနိုင်သည်

စိုးဒေဝါ၏ အကျီတွေက စုတ်ပြတ်ကာ မျက်နှာတွင် ဖူးရောင်ညို

မည်းသော ဒဏ်ရာတွေက မနည်းပါ။

"ကျွတ် ... ကျွတ် ... ကိုဘချောတို့ အတော်ကလေး

ဝိုင်းဆွမ်းကြီးလောင်းလိုက်ကြတာပဲ"

"လင်းက မျှော့နဲ့ ကြွက်ဆိုရင် ကြောက်တယ် အစ်ကိုရဲ့"

"ဟာ ... သိပ်ကြောက်ထိုက်တာပေါ့ ... ကြွက်က ကို

တယ် ... မျှော့က သွေးစုပ်တယ်"

"အစ်ကို့မျက်နှာလည်း အာလူးတွေပြည့်လို့"

"ဒုဿဂိရိခေါင်းဆယ်လုံးတောင် ဒီအာလူးသီးတွေလော

မများပါဘူး"

ပြောသည်။ သူ့အဝတ်သေတ္တာကို ဖွင့်ကြည့်လို

သည်။ အထဲတွင် ဘောင်းဘီတစ်ထည်၊ စပို့ရှပ်တစ်တည်၊ ရှပ်အ

တစ်ထည်က ကျန်နေပါသေး၏။

"အင်း ... ကိုဘချောတို့ လူစု ဝိုင်းသနားတော်မူလိုက်





ရှိရှိသမျှ ကုန်လုနီးပါးဖြစ်သွားပါရောလား"

ညည်းသံပေးသည်။ သူ့အဝတ်အစားမလဲပါ။

အကျီစုတ်နှင့်ပဲ ခရီးဆက်ထွက်လာသည်။ သူ့နားမှာ ဖြိုးဝေလင်း

ိုက်လာသည်။ သူမကိုယ်သည် ယိမ်းယိုင်ချည့်နဲ့နေသည်၊ မနေ့ည

ာ ဖျတ်လတ်သလောက် ရဲရင့်သလောက် ဒီမနက်တွင် သူမ၏

ှုပ်ရှားမှုတွေကက လေးကန်ချည့်နဲ့သလို ကြောက်စိတ်တွေ

ောင် လွှမ်းနေသလိုလို။

မျက်လုံးတွေက ကျီးကြည့်ကြောင်ကြည့်။

သွားရသောလမ်းမှာ မညီမညာရှိသည်။

နေထွက်ရာဘက်ကိုကြည့်ပြီး နေ၏ ဆန့်ကျင်ဘက်

ုပ်ကို ဦးတည်လျှောက်ကြသည်။ တောင်ကုန်းတွေတက်၊ လျှို

ှကို ဖြတ်ကျော်။

အမယ်လေးဟဲ့နော်။ မောလိုက်တာ။

ဟိုကလေးမလေး မျက်နှာရှုံ့မဲ့နေတာများ ကြွေ

းတော့မလားထင်ရသည်။ သူမကို နောက်ပိုင်းမှနေပြီး တစ်ခါ

ခါ အကဲခတ်နေသည်။

"ဘာကြည့်တာလဲ"

မလုံမလဲ သူမ လှည့်မေးသည်။

"မိန်းမကလေးတစ်ယောက်ကို သောင်းကျန်းသူတွေရှိတဲ့

အရပ်က ကယ်ထုတ်လာပြီး သူ့အကြောင်းကို တို့မသိသေး

လို့ စဉ်းစားနေတယ်"

"ဘယ်လိုထင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ရပ်စောင့်နေသည်။ ဘောင်းဘီရှည်ခြေထောက်တွေလို အောက်နားစလိပ်ပြီး ဒူးခေါက်ခွက်အထိ တင်ထားသည်။ ခြေသလုံးတွေက လှလှပပတော့ မရှိပါ။ ညိုညိုတုတ်တုတ်ဖြစ်သည်။

"မိန်းကလေးပေမယ့် အကြမ်းပတမ်းတော့ ခံနိုင်တယ်"

"ဒက်ဒီက ငယ်ငယ်ကလေးတည်းက လင်းကို အားကစားရော စိတ်ဓာတ်ရော သိမ်းသွင်းပေးထားတာ ... လင်း ငယ်ငယ်တုန်းက စွာတယ် ရှင်ရဲ့"

"စွာဘွဲ့ရတယ်ပေါ့လေ"

"ငိုဘွဲ့လည်း ရတာပဲ"

"ဘုရားရေ ... ဘာကြောင့်"

"ကိုယ်က အနိုင်လိုချင်တယ် အစ်ကိုရဲ့ ... မနိုင်ရရင်လည်း ငိုတတ်တယ်"

"ကောင်းပ"

"လင်းငယ်ငယ်တုန်းက ယောက်ျားကလေးတွေနဲ့လည်း ဖက်သတ်တာပဲ"

"အခု သတ်ချင်ရင် အဲ ... ဖက်သတ်ချင်ရင် တို့ကို ပြော... တို့က ဒါချို့ဆို နဂိုကတည်းက အရှုံးပေးပြီးသတ်မှာ"

"သွားပါ"

သွားရင်းလာရင်း ရင်းနှီးလာပြီမို့ စိုးဒေဝါက ထုံး... အတိုင်း ရိတ်တိတိလုပ်သည်။

"ကိုယ့်မျက်နှာမှ ကိုယ်အားမနာဘူး ... ဒီဒဏ်ရာအ...





နောက်ထပ်ဒဏ်ရာရရင် အစ်ကို့မိန်းမက အိမ်မှာကောင်လက်ခံမှာ မဟုတ်ဘူး"

"တို့က နှောင်ကြိုးမဲ့ကမ္ဘာက လူသားပါ ... အိမ်ထောင်ရှင်မကို အရှပ်ရေးပြတောင် ဘာမှန်းမသိဘူး"

"သွားစမ်းပါ ... အစ်ကို့ရုပ်က လူလည်ကြီးရယ်"

ပြောကာ တခစ်ခစ်ရယ်သည်။ စိုးဒေဝါက တည်တည်ကြီး။ ဒါကို မကျေနပ်သလို သူမက မျက်စောင်းလေးထိုး၍

"ဟင် ... သူများပြောဟာ ရယ်လည်း မရယ်ဘူး"

"တို့က ရယ်ရင် ဗိုက်ထဲမှာပဲကွ"

သူမတို့နှစ်ယောက် လမ်းတွဲလျှောက်သည်။ ကိုယ့်...ည်းတွေ ကိုယ်ထမ်းပိုးကြကိုင်ကြသည်။ သူမသည် ကားပေါ်မှာ ...ိုက်လာစဉ်ကလို အဝတ်ထည့်အိတ်ကြီးလွယ်။ ကျောပိုးအိတ်နှင့်။

"ဆာလိုက်တာ ... ဘာမှလဲ စားစရာမရှိဘူး အစ်ကို"

"ရွာတစ်ရွာတော့ ရောက်မှာပါ ... ဒီနေရာကို ရောက်ဖူးပလား ... လင်း"

"ကြုံကြုံဖန်ဖန် အစ်ကိုရယ် ... ဘယ်ရောက်ဖူးမလဲ ... ဒီလိုတောထဲ တောင်ထဲသွားတာ ဒါပထမအကြိမ်"

"လင်း ... ရန်ကုန်ကပဲလား"

လင်းကို မွေးတော့ ဖျာပုံမှာပါ ... ကြီးတော့ ရန်ကုန်မှာပဲ"

"လင်းမှာ ညီအစ်ကိုမောင်နှမတွေရှိသလား"

"လင်းကို လင်းမိဘတွေက တစ်ယောက်တည်းမွေးခဲ့တာ"

"သိပ်ဆိုးမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ဆိုလိုတာလဲ အစ်ကို"

လင်းအသံက မောဟိုက်သံပါနေ၏။ မျက်လုံးကလေးတွေက ဂနာမငြိမ်။

ဟိုကြည့်ဒီကြည့်။

"မိဘတွေဟာ သားသမီးတစ်ယောက်တည်းဆို သိပ်ချစ်တယ် ... အဲဒီအခါ အဲဒီတစ်ယောက်တည်းဟာ ပိုဆိုးလာတတ်တယ်"

"လင်းမဆိုးရဲပါဘူး ... ဆိုးရင် ဒက်ဒီက ပိတ်ပိတ်တီးတာ မာမီကလည်း ဘာမှမပြောဘူး"

"ဒါဆိုတော့လည်း သနားစရာလေးပေါ့နော် ... လင်း ဒက်ဒီက ဘာလုပ်သလဲ ... ဘယ်သူလဲ"

လင်းက သူ့အဖေ၏ နာမည်နှင့် အလုပ်အကိုင်ပြောပြတော့ စိုးဒေဝါ အံ့အားသင့်သွားသည်။ ဤနိုင်ငံရေးခေတ် ပါလီမန်ဒီမိုကရေစီခေတ်တွင် သူမ၏ ဖခင်သည် နိုင်ငံရေးသမားတို့နှင့် ဆက်နွှယ်နေသော နာမည်ကြီး သတင်းစာအယ်ဒီတာတစ်ယောက်ဖြစ်နေတာကြောင့်ပဲ။

"အို ... လင်းဟာ ဒီပုဂ္ဂိုလ်ကြီးရဲ့ သမီးကိုး"

"ဒါကြောင့် ... သတင်းထောက်တစ်ယောက်ဖြစ်လာတာပေါ့"

သူမ၏ အသံက ဝင့်ကြွားသံပါသည်။

"စကုသတင်းရယူပုံ ရယူနည်းတွေတော့ လင်းသိမှာပေါ့"

"ဒက်ဒီက လင်းကို သင်တန်းတောင် ပေးခဲ့သေးတာပဲ"





"ကောင်းတာပေါ့ဗျာ"

"လင်းကို ဘယ်လိုထင်သလဲ အစ်ကို"

"လင်းဟာ လှတယ် ... လင်းကြည့်ရတာ သတင်းထောက်လက် ကြမ်းကြမ်းတမ်းတမ်းအလုပ်ကို ငုံလုပ်ချင်ပုံရတယ် စာကယ်ဆို လင်း ဒီသတင်းထောက်လုပ်တာတက် ရဲဘက်ကို ဝင်လိုက်ရင် သိပ်ကောင်းမယ်"

"ကြမ်းကြမ်းတမ်းတမ်းလုပ်ပေမယ့် လင်းသတ်တာ ပုတ်တာကို ဝါသနာမပါပါဘူးရှင်"

"ဒါပေမယ့် ညက"

"ဒါကတော့ အစ်ကို့ကို မသားရက်ခဲ့နိုင်တာရယ် ... သစ္စာမရှိဘူး ကြောက်တယ်လို့ အပြောမခံချင်တာရယ်ကြောင့် ညက ကြောက်ကန်ကန်သွားတာ ... အခုတော့ လင်း ကြောက်လာတယ်"

သူမက ပြောပြီး တစ်နေရာတွင် လှိုင်ချလိုက်တော့သည်။

"မောတယ် အစ်ကိုရာ ... ပြီးတော့ ရင်ထဲမှာ ကတုန်ကယင်ကြီး"

"ဗိုက်ထဲ အစာမရှိလို့ ဖြစ်မှာပေါ့ ... နားနေချင်ရင်လည်း နားလေ"

သက်ညာမှုက စိုးဒေဝါတွင် အပြည့်။

သူမနှင့် မျက်စောင်းထိုးလောက်တွင် ထိုင်ချလိုက်သည်။ သူမ၏ မျက်ဝန်းတို့သည် ရီဝေနေကာ တစ်ခုခုကို အားတာ



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒနှင့် လိုလားတောင့်တနေပုံရနေသည်။

မျက်နှာကလေး ဖြူရော်နေသည်။ နှုတ်ခမ်းလေး တွေတောင် ဖြူရော်နေသည်။

ညက မအိပ်ရလို့ ဖြစ်မှာပါလေ။

စိုးဒေဝါနှင့် သူမ မျက်လုံးတွေ ဆုံမိကြချိန်မှာ သူမ၏ မျက်လုံးကလေးတွေကို လွှဲဖယ်၍ မျက်လွှာကိုအောက်ချ လိုက်သည်။ သူမ ထရပ်သည်။

"ဒါက ဘယ်လဲ"

"ဟိုသင်း ... အဲ ဟိုဟာ"

သူမ ဝမ်းဗိုက်ဘေးကို လက်ကလေးတစ်ဖက်နှင့် နှိပ်၍

"ကန်တော့နော် ... အစ်ကို ကန်တော့ ... တစ်လမ်းလုံး အောင့်လာရတာ ဘောင်းဘီကြီးနဲ့ဆိုတော့"

နားလည်ပါပြီ။

စိုးဒေဝါက သွားရန် လက်ရိပ်ပြလိုက်သည်။ ဘေးက ပိစပ်ပင်တွေ၊ အင်ပင်ပေါက်တွေ၊ တောစံပယ်ရိုင်းပင်တွေ ကြားထဲကို သူမ သွက်သွက်ကလေးဝင်ရောက်သွား၏။

ကိုယ်အလေးချိန်လျှော့သော လုပ်ငန်းကို သက်ရှိ သတ္တဝါတိုင်းတော့ လုပ်တတ်ကြပါသည်။

စိုးဒေဝါ မျက်လုံးကို ရုပ်ရှင်ရိုက်ထားသည်။ ဘေးဘ် ကိုလည်း နားစွင့်သည်။

ငါးမိနစ်လောက်အကြာတွင် သူမပြန်လာသည်။





"သွားကြရအောင်"

လင်းက နှိုးဆော်လိုက်သည်။

"နားဦးမယ်ဆို"

"မနားတော့ပါဘူး ... နောက်က ခါးပြတွေ မှီလာရင် ရှောင်ရ တိမ်းရ ခက်နေပါဦးမယ် အစ်ကိုရယ်"

သူမတောင် သွားနိုင်သေးတာ။ မိမိကကော ဘာမို့ လဲ။ သွားနိုင်ရမှာပေ့ါ။

"အစ်ကို့မှာလည်း ဆွဲနေရတဲ့ အိတ်ကြီးက ကန့်လန့် ကန့်လန့်"

"အထဲမှာ အဝတ်အစားလေး နည်းနည်းပါးပါးပါတော့ လွှင့်မပစ်ရက်ဘူး ... ဒါလေးနဲ့ ရန်ကုန်ပြန်မရောက်မချင်း လူတစ်လုံး သူတစ်လုံး လုပ်ရဦးမှာ ... လင်း"

"ဒီလိုဆိုလည်း အခုလဲလိုက်ပါလား ... လင်း စောင့်နေမယ် လေ"

"ရွာတစ်ရွာ ရောက်မှ လဲတော့မယ်"

သူတို့မှန်းသည့်အတိုင်း ရွာတစ်ရွာသို့ ရောက်ခဲ့ပါ သည်။ ရွာနာမည်က တော်လဲလား၊ တော်မဲလား၊ တော်ရွဲလား။ စိုးဒေဝါ မမှတ်မိ။

ရွာတွင် လူဦးရေနှစ်ရာလောက်ရှိမည်။ ဗမာကရင် ရော၍ နေထိုင်ကြသည်။ အိမ်တွေက အင်ဖက်မိုး အင်ဖက်ကာအိမ် တွေ။

ရွာထဲကို သူတို့နှစ်ယောက်အဝင် လူတွေက ခပ်စိမ်း



www.burmeseclassic.com

www.burmeseclassic.com



စိမ်းကြည့်နေကြသည်။ စုတ်ပြတ်ရသော အင်္ကျီနှင့် လူထွားလူချော ကြီး တစ်ယောက်၊ ကျောပိုးအိတ် လွယ်ထားသော လုလင်ပျိုတစ်ယောက်တွဲလာခြင်းသည် သူတို့အတွက် အမြင်ဆန်းနေသည်။

"ရွာလူကြီး ရှိသလား"

ထဘီရင်လျားနှင့် အမျိုးသမီးတစ်ဦးကို စိုးဒေဝါ အော်မေးသည်။ သူမသည် စပါးဆုံထဲကို စပါးတွေထည့်ပြီး ခြေနင်း မောင်းနှင့် အိမ်ဝင်းထဲမှာ မောင်းထောင်နေသည်။

"နင်တို့ ဘယ်သူလဲ"

သူမသည် ဗမာအမျိုးသမီးတစ်ဦးပင်ဖြစ်သည်။

"ကျွန်မတို့က သောင်းကျန်းသူတွေ လက်ထဲက ထွက်ပြေး လာတဲ့ လူတွေပါ ... မြို့ကို ပြန်မလို့ ... တောထဲလျှောက် ပြေးရင်းက ဒီကို ရောက်လာကြတာပါ"

အမျိုးသမီးသည် သူ့ကို အကဲခတ်၏။ ထိုသည် နောက် မလိုမလား ဖြစ်ဟန်နှင့် လက်ကာနှင်ထုတ်လိုက်၏။

"ဒီမိန်းမ ဘယ်လိုလဲ"

စိုးဒေဝါ မကျေမနပ်ရေရွတ်သည်။ ဆက်လျှောက် လာရင်း အိမ်ထဲမှ ရပ်ကြည့်နေသော ကရင်အမျိုးသားတစ်ဦးကို

"ဖတီး ... ကျွန်တော်တို့ ဒုက္ခသည်တွေပါ ကူညီပါဦး"

"အေး ... နင်ပဲ့ပြောတာ ငါကြားတယ်လေး ... ဟိုမိန်းမ က ရွာလူကြီးဆီ မသွားရဲဘူးကွယ့် ... တို့ရွာလူကြီးက ဆိုးသကွယ့်"

စိုးဒေဝါသည် ဘေးမှ ယှဉ်ရပ်နေသူ လင်းကို လှည့်





ကြည့်သည်။ လင်းက စိတ်ဝင်စားဟန်နှင့်

"အစ်ကို မေးစမ်းပါဦး ... နောက်လာတဲ့ မောင်ပုလဲဒိုင်းဝန် ထက်ကဲရင် လင်းတို့ ကွဲပြီသာမှတ်ပေတော့ ... သူ့စကား က ကြောက်စရာကြီး"

"ဖတီး ... ရွာလူကြီးက ဘာဆိုးလို့လဲ"

"သူက ရွာထဲ လူစိမ်းလာရင် မကြိုက်ဘူး ... သူက လူမိုက် လူလည်း သတ်တယ်ကွယ် ... တို့တောင် သူ့ကို ကြောက် ရတယ်လေ ... တစ်ရွာလုံး သူ့ကိုပဲ ကြောက်ရတယ် ... နင်တို့ သူနဲ့သွားတွေ့ဖို့ဟာ မလွယ်ဘူး"

"ဟာ ... ပြဿနာပါပဲဗျာ ... လူက မောလာ ထမင်း ဆာလာရတဲ့ အထဲ ... ဖတီး ... ဖတီးအိမ်မှာ ခဏနေလို့ မရဘူးလား"

"ရွာလူကြီးခွင့်ပြုရင် နင်တို့ ငါ့အိမ်တင် မဟုတ်ဘူး ... ကြိုက်တဲ့အိမ်မှာ နေလို့ရတာပေါ့ဟာ"

"ကဲဗျာ ... အဲဒီရွာလူကြီးအိမ်ကို ကျွန်တော့်ကို ညွှန်ပြပေး ပါဦး"

ကလေးတစ်ယောက်ကို ကရင်ကြီးက ခေါ်သည်။ ကရင်လိုပြောသည်။ သူပြောသော ကရင်စကားမှာ ပိုးကရင်စကား မဟုတ်ဘဲ တောင်ပေါ်ကရင်စကားတစ်မျိုးဖြစ်သည်။ စကောကရင် စကားနှင့်လည်း မတူပါ။

ကလေးငယ်က သူတို့ကို လမ်းတစ်လမ်းမှ ဖြတ် ခေါ်သွားသည်။ လမ်းမှာ လှိုလိုလို ချိုင့်လိုလိုလမ်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမရွာလို့ ကျေးဇူးတင်ရသည်။

အိုက်လာသဖြင့် စိုးဒေဝါသည် ဂျာကင်ကို လက်တွင် ကိုင်ကာ ပခုံးတစ်ဖက်ပေါ်တင်လာသည်။ ခြောက်လုံးပြူးကို ဘောင်းဘီဘေးအိတ်ထဲ ထည့်ထားသဖြင့် သေနတ်ဒင်က ပေါ်နေသည်။

လင်းကတော့ သူ့မသေနတ်ကို လွယ်ထားသော အဝတ်အိတ်ထဲမှာ ထည့်ထားခဲ့သည်။

ခြံတစ်ခြံရှေ့သို့ ရောက်လာ၏။

ပိန္နဲပင်၊ တညင်းပင်၊ ပိတောက်ပင်တွေ ဖုံးနေသော ခြံဖြစ်သည်။ ခြံထဲကိုဝင်တော့ တိုင်တစ်တိုင်မှာ ချည်ထားသော နွား နှစ်ကောင်ရှိ၏။

နွားချေးနံ့က သူတို့ကို ကြိုဆိုသည်။

ဒါတွေကို ဖြတ်သည်။

"ဝေ ... ဂါအူး ... ဝေးဂါအူး"

"ဟေး"

အိမ်ထဲက ထူးသံကြားရသည်။ မရေးမနှောင်းမိန်းမတစ်ယောက်ထွက်လာသည်။ ဗမာအမျိုးသမီးတစ်ယောက်။ ထဘီကို ရင်လျားထား၏။ ကိုယ်အထက်ပိုင်းတွင် အင်္ကျီမရှိ။

"မင်းတို့ ဘာကိစ္စလဲကွယ့်" ...

စိုးဒေဝါကိုရော လင်းကိုပါ အကဲခတ်သည်။

"အစ်မကြီး ... ကျွန်တော် ဒီရွာက လူကြီးနဲ့ တွေ့ချင်လို့ ကျွန်တော်တို့နှစ်ယောက်က သောင်းကျန်းသူတွေ ဖမ်းထား





တဲ့ကြားက ထွက်ပြေးလာကြတဲ့ လူတွေပါခင်ဗျာ"

"သောင်းကျန်းသူ ... အမယ်လေး ... ဒီလူတွေ လက်ထဲက ထွက်ပြေးလာတယ်ဆိုရင် ဘာ့ လက်ခံထားလို့ ဘယ်ဖြစ်မလဲ"

"အစ်မကြီးက ရွာလူကြီးလား"

"ရွာလူကြီးက ငါ့ယောက်ျား ... မင်းနဲ့ သူနဲ့ တွေ့လို့တော့ မဖြစ်ဘူး ... သူက ဆိုးတယ်"

"ရွာထဲကလူတွေ ပြောတော့ ဒီရွာမှာ ကျွန်တော်တို့ ဘည်းခိုရင် ရွာလူကြီးသိမှ လက်ခံဖြစ်မယ်ပြောလို့ ကျွန်တော်တို့ လာခဲ့တာပါ"

"အင်းနော် ... ဒီရွာက ဘာရွာမှန်းလည်း မသိဘူး"

လင်းပြောပုံက သွက်လာသည်။ လင်းသည် မနက်ပိုင်းလင်းစနှင့်မတူပါ။ သူမ လမ်းတွင် ကိုယ်အလေးချိန်လျှော့မည်ဟု ချုံတွေကြားထဲ ဝင်ပြီး ပြန်ထွက်လာကတည်းက မူတစ်မျိုး ပြောင်းခဲ့သည်။

ကြောက်စိတ်တွေ မောပန်းနွမ်းနယ်စိတ်တွေ လုံးဝ ပျောက်တော့ဘဲ သွက်လက်ဖျတ်လတ်နေသည်။ တစ်ကိုယ်လုံး အားအင်တွေ တက်ပြီး ဖျတ်ဖျတ်လတ်လတ် ရှိသည်မှာ ဒီရွာရောက်သည့်အထိ ဖြစ်သည်။

"လူတွေက ရွာလူကြီးကို ကြောက်နေရတယ်ဆိုတော့လည်း ဘယ်လက်ခံရပ့ါမလဲ လင်း"

စိုးဒေဝါက လေသံကလေးနှင့် လင်းကိုပြော၍ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က မိန်းမကို လှမ်းမေးပြန်၏။

“အစ်မကြီးယောက်ျားနာမည်က ဘယ်သူလဲ”

“နက်ကျော်”

“သရဲနာမည်ကြီး”

လင်းက အလိုက်မသိစွာ ရေရွတ်လိုက်သည်။

“ကိုနက်ကျော် ဘယ်မှာလဲ”

“ရွာအထက်ပိုင်းကို သွားတယ်”

“ကျွန်တော်တို့ အိမ်ပေါ်မှာ ခဏတက်စောင့်မယ်ဗျာ”

သူတို့စကားပြောနေစဉ် သူတို့နောက်ကျောဘက်မှ နက်ကျော်ခက်ထန်သော အသံကြီးတစ်သံ ထွက်လာသည်။

“ဘယ်သူတွေလဲဟေ့”

နောက်လှည့်ကြည့်မိကြသည်။ အသားက နက်မှောင်မှောင်။ လူက ထွားထွားမြင့်မြင့်။ မျက်နှာက အရိုးဆိုးဆိုးဟု ထင်ရမည်ဖြစ်သော်လည်း ယခုမြင်ရသူမှာ အသားက ဖြူဖြူ။ လူက ကျစ်ကျစ်လစ်လစ်နှင့် အရပ်ရှည်ပြီး မျက်နှာက အေးစက်စက်နှင့် ချောမွေ့၏။

အသက်က စိုးဒေဝါနှင့် ရွယ်တူလောက်ရှိမည်ဟု ထင်ရသည်။

သူ့မျက်နှာသည် ပြုံးချိုနေသည်။

“အဲဒါ ကိုနက်ကျော်ဆိုတာ”

အိမ်ပေါ်မှ မိန်းမက ပြောပြီးတော့ ထိုလူအား

“သူစိမ်းနှစ်ယောက် ရောက်နေတယ် ... ကိုနက်ကျော် ...





တောထဲကလူတွေ လက်ထဲက ထွက်ပြေးလာတာတဲ့”

ကိုနက်ကျော်

ထိုလူမှာ နာမည်နှင့် လားလားမှမတူ။

သူ့နောက်တွင် လူတစ်ယောက်က ခွေးတစ်ကောင်ကို လည်တွင် ကြိုးချည်ပြီး ဆွဲလာ၏။

ကိုနက်ကျော်သည် ရှေ့တိုးလာ၏။

မျက်နှာချင်းဆိုင်ရပ်သည်။

“အေး ... ငါ နက်ကျော်ပဲ”

* * *



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၉)

စိုးဒေဝါတို့က ဓားပြကို ဓားပြဟု မပြောပါ။

သောင်းကျန်းသူလို့ပဲ ပြောသည်။ ထိုခေတ်တွင် သောင်းကျန်းသူနှင့် ဓားပြမှာ သိပ်တော့ မထူးလှ။

စတုန်းကတော့ အုပ်ချုပ်သူကို မကျေနပ်လို့ လက်နက်ဆွဲကိုင်တော်ခိုကြတာပဲ။

နောက်တော့ လူထုဆိုသည့်အတိုင်း ပြည်သူလူထုမှာ လူချည်းအထုခံနေကြရသည်။ ထုသူက ရောင်စုံသောင်းကျန်းသူတွေ။ သူတို့သည် မူဝါဒကင်းမဲ့သော သောင်းကျန်းသူများဗိုလ် ဓားပြအဖြစ်သို့ ရောက်သွားကြသည်သာများသည်။

"အင်း ... ဘချောဆိုရင် ဒီကောင် ပြုံးမောင်တို့နဲ့ ဂိုဏ်းကွဲသွားတဲ့ ကောင်တွေပဲလား ... တခြားသက်သက်ဓားပြ





လုပ်နေတဲ့ကောင်တွေလားတော့ မသိဘူး ... ဘချောနာမည်ကို ကြားဖူးတယ် ... မင်းတို့က ဘယ်နှစ်ရက်နေမှာလဲ"

"တစ်နေ့နဲ့ တစ်ညလောက်ပါပဲ ကိုနက်ကျော်"

"ဒီမှာ ငါ့ကို ဆရာကြီးနက်ကျော်လို့ ခေါ်ကြတယ်"

"ဟုတ်ကဲ့"

"မင်းတို့ ငါ့ကိုခေါ်ရင် ဆရာကြီးနက်ကျော်လို့ပဲ ခေါ်"

"ဟုတ်ကဲ့"

စိုးဒေဝါက ငြိမ်းစင်းရွယ်ပြောသည်။

"ဟိုကောင်လေးရော ကြားလား"

လင်းက အောင့်သက်သက်မျက်နှာနှင့် ခေါင်းညိတ်သည်။ နက်ကျော်မှာ အသံခက်ထန်မာသလောက် မျက်နှာက ပြုံးချောမွေ့နေရာ လူမိုက်ဆိုသည်မှာ သူ့ရုပ်မြင်တာနှင့် ယုံနိုင်စရာ ခဲယဉ်းသည်။

စိုးဒေဝါက အတွေ့အကြုံများခဲ့သည်။

အရုပ်ဆိုးဆိုး၊ မာကျောကျောလူတွေထက် ရုပ်ချောချော ခပ်နွဲ့နွဲ့လူတွေက ပိုမိုက်၊ ပိုသတ်တတ်သည်ကို သူ့ထောက်လှမ်းရေးလုပ်ငန်းနှင့် ပတ်သက်ပြီး တွေ့ဖူးကြုံဖူးနေသည်။

နက်ကျော်သည်လည်း ထိုအစားထဲကဖြစ်မည်။

"ဒီရွာမှာ တည်းခိုဖို့ မင်းတို့ ငါ့ကို ဘာပူဇော်ပသနိုင်သလဲ"

"ကျွန်တော့်မှာ ငွေငါးဆယ်တော့ ကျန်ပါသေးတယ် ... ဒီငွေကို ကျွန်တော်ပေးပါ့မယ်"

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... တယ်ဟုတ်ပါလား ... ငွေငါးဆယ် ... ဟုတ်လာ
ဒီရွာမှာ တစ်နှစ်ကို ငွေငါးဆယ်ရအောင်ရှာဖို့ ဆိုတာ
လွယ်တာမဟုတ်ဘူးကွ ... မင်းဘောင်းဘီထဲမှာလည်
သေနတ်ကြီးနဲ့ပါလား ... ထုတ်စမ်း ... သေနတ်"

သေနတ်ကို ကပြင်ကချော်ထားမိခြင်းနှင့် ငွေ
ဆယ်ပေးမည်ပြောမိခြင်းကို စိုးဒေဝါ နောင်တရမိသည်။

ခုမှတော့ မတတ်နိုင်။

မီးစဉ်ကြည့်ကရမည်။

သေနတ်ကို ထုတ်ပေးလိုက်၏။ ငွေငါးဆယ်
သူ့ရှူးဖိနပ်ထဲတွင် နဂိုးကတည်းက ထိပ်ထဲတွင် လိပ်ထားခဲ့သ
ကိုဘချောမတွေ့သွားခဲ့ခြင်းဖြစ်သည်။

လမ်းမှာ နားစဉ်က ထုတ်ယူခဲ့၏။

စိုးဒေဝါပေးသော ငွေငါးဆယ်ထက် သေနတ်
နက်ကျော်က သိပ်သဘောကျနေသည်။ မျက်နှာတွင် ပင်းထိန်
သည်။

"ဒီသေနတ်ကို မင်း ဘယ်ကရလာခဲ့တာလဲ ... သေနတ်
ဘာတွေ ကိုင်တယ်ဆိုတော့ မင်းဟာ"

"ဟာ ... အထင်မလွဲပါနဲ့ ဆရာကြီးကိုနက်ကျော်ရယ်
ကျွန်တော်တို့ ဘောင်းကျန်းသူတွေလက်ထဲက ထွက်
တော့ ကင်းစောင့်တဲ့သူဆီက ရခဲ့တာပါ"

ဒီအဖြေက ယုတ္တိရှိသည်။ ကျေနပ်လောက်သည်

"ဒီနေ့နဲ့ ဒီညတော့ မင်းတို့ကို ခွင့်ပြုလိုက်မယ် ...





နောက်တစ်နေ့ နေချင်ရင်တော့ နောက်တစ်မျိုးပေါ့ကွာ"

"ကျွန်တော်တို့ ဘယ်မှာ နေရမှာလဲ"

"မင်းနေချင်တဲ့နေရာမှာ နေပေါ့ကွ ... ဘာလဲ ... ငါက
ထမင်းကျွေးရဦးမှာလား"

သူ့အိမ်မှာ ထမင်းစားဖို့လည်း စိတ်မကူးပါ။

အကြောင်းက သည်သို့။

သူက သေနတ်ကိုကိုင်ပြီး လူတမ်ယောက်ဆွဲခေါ်
လာသော ခွေးဘက်ကို လှည့်သည်။ ခွေးက မျက်လုံးကလေး
ပေကလပ်ပေကလပ်နှင့် ကြည့်၏။

ခွေးကိုယ်တွင် ဝဲနှင့် ပွေးကွက်တွေရှိနေ၏။

အဲဒီခွေးကို နက်ကျော်က ခြောက်လုံးပြူးနှင့်
ချိန်သည်။

သေနတ်ခလုတ်ကို ညှစ်ချလိုက်သည်။

ဒိုင်းခနဲသေနတ်မြည်သံက ပတ်ဝန်းကျင်ကို ဟိန်း
သွားသည်။ နက်ကျော်မိန်းမက လန့်အော်သည်။ ခွေးကိုင်ထားသူ
လန့်ခုန်သည်။

နက်ကျော်ပင် သေနတ်သံကြောင့် လန့်သွားပြီးမှ
မိုက်ကြွေ့ဆည်လိုက်၏။

ခွေးခမျာ ခေါင်းကျည်ထိသဖြင့် တစ်ခါတည်း
လကိကုပ် အသက်ထွက်သွားသည်။

"မရွှေရေ ... တို့ ထမင်းစားဖို့ ခွေးသားဟင်းသာ ဖော်လိုက်
တော့ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ခွေးတစ်ကောင်ကို ပစ်သတ်လိုက်ရသော သေနတ်ကျည်ဆံတစ်ဆံ ဖြုန်းတီးမှုအတွက် စိုးဒေဝါနှမြောသည်။

၎င်းသေနတ်ထဲတွင် ကျည်ဆံသုံးတောင့်သာ ကျန်တော့သည်။ နက်ကျော်က တစ်တောင့်ဖြုန်းလိုက်တော့ နှစ်တောင့်ပဲ ကျန်သည်။

သူ့အပိုကျည်ဆန်တွေကို ဘချောက နဂိုကတည်းက ယူထားလိုက်ပြီးမို့ ကျည်ဆန်အပိုမရှိတော့ပါ။

သူ့ခါးကြားထဲမှ တုတ်မားကိုပဲ အားကိုးရမည်။ တုတ်စားမှာ အမှတ်တမဲ့ဆို တုတ်နှင့် တူတာမို့ နေသားနက်ကျော် စိတ်ဝင်စားခြင်း ရှိဟန်မတူ။ အာရုံလည်း ငြိပုံမရ။

ခွေးသားဖော်ပြီး ဟင်းချက်စားမည်လုပ်သဖြင့် မချောလေး ဖြူးဝေလင်းမှာ ရွံ့ရှာဟန်နှင့် မျက်နှာလေးမဲ့ရှုံ့နေသည်။

သို့သော် ဒီမျက်နှာကို နက်ကျော်သိအောင် ထင်ထင်ရှားရှားမပြရဲရှာ။

"မင်းတို့ သွားကြ ... ကြိုက်တဲ့အိမ်မှာ ဝင်နေ ... တစ်ခု အနှောင်အယှက်ပေးရင်တော့ ခေါင်းပြုတ်ပြီသာမှတ်"

သွားချင်နေတာလည်း ကြာပြီ။

သုံးလေးလှမ်းသွားပြီးမှ နက်ကျော်က

"ဟေ့ နေဦး နေဦး ... မင်းတို့ ဟိုအိမ်တည်းရမလို ... ဒီအိမ်တည်းရမလို ဖြစ်နေဦးမယ် ... စောမူးသာ ... ဒီနေ ယောက်ကို ဦးရွှေလုံးဆီ လိုက်ပို့လိုက် ... ဆရာကြီးနက်





ကျော်က ခွင့်ပြုလိုက်တယ်လို့ပြော"

ဒါကချ်ခုလေး စိတ်ကောင်းဝင်သွားတာ ... တော်လှသာခုခေါ်စေသော်။

ရွာလယ်က အိမ်တစ်အိမ်ကို ရောက်သွား၏။ လိုက်ပို့သော ကရင်ကလေးက ပြန်သွားပါပြီ။

ဦးရွှေလုံး။

အဲဒီလူက ဗမာ။

နာမည်နှင့်လိုက်အောင် သူ့ကိုယ်က ရာဝင်စဉ့်အိုးဆို လုံးပြီး ဝနေသည်။

လိုက်ပို့သူက ဆရာကြီးနက်ကျော် မှာစကားတွေကို ... ထားရှုတ်သလို ဦးရွှေလုံးကို ရှက်ပြ၏။ ဦးရွှေလုံးအိမ်ကို ကြည့်ကာ ... ဒေဝါ စိတ်ပျက်သွားသည်။ ကလေးဘုရုတွေက မနည်း။

အိပ်ခန်းကလေးထဲတွင် အော်ငိုတဲ့လူက ငို။ ရန်ဖြစ်သည့်လူက ဖြစ်။ ဆဲသည့်လူက ဆဲ။ မြေပြင်ပေါ်မှာ ယောကျ်ားလေး နှစ်ယောက်က နပ်ချေးတွဲလောင်းနှင့် နပန်းချနေသည်။

ဇာကလေး မနိုင့်တနိုင် ဆင်ထိုးသို့ ယိုင်ဆိုတာ ... တဲမျိုးကို ရည်ရွယ်ခဲ့လေသလား။

တဲအိမ်တစ်ဖက်သို့ ယိုင်စပြုနေ၏။ ဘံဂံမရှိသော ... အိမ်အတွင်းဘက် ကြမ်းခင်းမှာ ဝါးပိုးဝါးကို ထက်ခြမ်းခွဲနှီးဖြာသလို ... ရိုက်ဖြာပြီး ကြမ်းခင်းထားသဖြင့် နင်းလိုက်တိုင်း ကျိုးကျိုးကျည် ... ကျည်မြည်နေသည်။

ဘေးက အင်ဖက်ထရံက ပေါက်။



www.burmeseclassic.com

www.burmeseclassic.com



အထက်က အင်ဖက်မိုးတွေမှာ ကျီးကန်းချေးပါတာ
တောင် မြင်နိုင်လောက်သည့် အပေါက်တွေနှင့်။

ဆင်မပြောနှင့် ခွေးတိုးတာနှင့်တောင် ယိုင်နိုင်
လောက်သည့် ကိုရွှေလုံး၏ အိမ်တော်မဟာ။

သိပ်ကောင်းပေ့ါ။

"ကျုပ် အိမ်ကို ခင်ဗျားတို့ အားမနာနဲ့ ကြိုက်သလိုနေ ...
ဒါထက် ဒီသူငယ်က မိန်းကလေးလား ယောကျ်ားလေး
လား ... တယ်လှ"

"ဒီကောင်လေးက ဂန်ဒူးဗျ ... ယောကျ်ားဖြစ်လျက်နဲ့ မိန်း
စိတ်ပေါက်နေတဲ့ ဂန်ဒူး"

လင်း၏ ဒေါသမျက်လုံးတွေက ပြောလိုက်သူ
စိုးဒေဝါပေါ် ဒိုင်းခနဲ ဆောင့်တက်လာသည်။

ထိုးချင်သလိုထိုး။ ဆွဲချင်သလို ဆွဲ။

ဒီမျက်စောင်းလောက်တော့ အပျော့။ အပျော့။

"ဂန်ဒူးဆိုတာ ဘာလဲ"

"ကျွန်တော်တို့ မြို့မှာပြောတဲ့ မဟာဗမာစကားပါ ...
ခေတ်ပေါ်စကားလုံးပဲ ... တင်ပါးကို ခေတ်ပေါ်စကားနဲ့
ဂန်လို့ ခေါ်တယ် ... ယောကျ်ားတစ်ယောက်ဟာ မိန်း
စိတ်ပေါက်လာရင် သူ့တင်ပါးက တခြားယောကျ်ားတွေ
တင်ပါး ... အဲ ဂန်နဲ့ မတူဘဲ မိန်းမတွေလို ကော့ကော့
ကော့ကော့ ဖြစ်လာတတ်တယ် ... အဲဒီဂန်က ယောကျ်ား
တွေထဲမှာ ထူးလို့ ဂန်ထူးခေါ်ရာက ပါးစပ်အလွယ် ဖျာ





လေယ်လေလှတ်ဘိုက်ပြီး ဂန်ထူးကနေ ဂန်ဒူးဖြစ်သွားတာ
ကိုရွှေလုံးရ"

"ဟား ... ဟား ... ဟား"

ဟုတ်သလား။ မဟုတ်သလားတော့ မသိ။ စိုးဒေဝါ
၏ ရှမ်းတုတ်ဝေါဟာရခေတ်စကား အဘိဓာန်ကြီးဟိ နားသောတ
ဆင်ပြီးသော ကိုရွှေလုံးက အော်ရယ်၏။ ပြီး ... လင်းကို ခပ်ရှုံ့ရှုံ့
ကြည့်၍

"ဒီကောင်လေး ... ဂန်ဒူးဖြစ်နေဟာ မှုက်ဘူးလား ...
မိန်းမတွေတောင် ယောကျ်ားဆူပန်ကြတာ ဒီကောင်လေး
ကျမှ မိန်းမစိတ် ဝင်ရတယ်လို့ဗျာ ... အလကားကောင်
လေးပဲ"

လင်းသည် မသိမသာ အံကလေးကြိတ်လိုက်သည်။
စိုးဒေဝါ၏ လက်မောင်းကို ဆွဲဆိတ်သည်။

"အံလာလာ"

စိုးဒေဝါ အော်မိ၏။

ဆွဲဆိတ်တာကို မမြင်လိုက်သော ဦးရွှေလုံးက တအံ့
တသြနှင့်

"ဘာဖြစ်တာလဲ"

"ဩော် ... လာလာလို့ ကောင်လေးကို ပြောတာပါဗျာ"

"အင်း ... ပြောမယ့်သာပြောတယ် ... ဒီကောင်လေး
မိန်းကလေးသာဖြစ်ရင် တန်ဖိုးသိပ်ရှိမှာ"

ဒီစကားကိုကြားတော့ ဟိုဟာမလေးက မျက်ရှုံး



www.burmeseclassic.com

www.burmeseclassic.com



မျက်ဖြူဆိုက်ပြပြီး အထက်ကို လှန်ကြည့်၏။ နှုတ်ခမ်းလေးက ပြ
ယောင်သန်းသွားလိုက်တာ။

ဒီနှုတ်ခမ်းလေးက နမ်းချင်စရာလေး။

စိုးဒေဝါ တေးထားလိုက်သည်။

ဦးရွှေလုံးက သူ့မိန်းမ မဒမ်ရွှေလုံးကို မျက်ရိပ်ပြ
သည်။

သူတို့ဆင်းရဲသော်လည်း စိတ်စေတနာကောင်းရှ
ပါသည်။

အိမ်အောက်က ကတော်ကတော်အသံ ကြားလိုက်
ရသည်။ ကြက်ကစ်ကောင်ခမျာ အမွေးနှုတ်ကာ ဝတ်လစ်စားလ
နှင့် ဟင်းအိုးထဲ ခုန်ဆင်းသွားရှာ၏။

ချက်သော ဟင်းမှာ ဆီမပါ။

ရေတ်သီးရဲရဲနှင့် ရေလုံပြုတ်။

ထမင်းပွဲကိုစားတော့ ကလေးတွေကို အခန်းတစ်
၏ တခြားတစ်ဖက်တွင် ပြွတ်သိပ်ထည့်ထား၏။

တစ်ညလုံး ဘာမှ မစားခဲ့ရ။

မနက်ကလည်း အူနဲ့ဟောင်းလောင်း။

ရေတ်သီးကြောက်သော စိုးဒေဝါမှာ ရေတ်သီးနှင့်
လာဆုံသော်လည်း ဟင်းက ဒီဟင်းပဲရှိတာမို့ ကြက်သားဟင်းကို
အနှိုက်။

"အမေ ... အဲဒီကြက်ဟာ ကျူပ်ကြက်ကြီးဗျ ... ဘာလို့
ချက်ကျွေးရတာလဲ"





ကလေးတစ်ယောက်၏ အော်သံ။

ဒီကောင်လေး တဲထရံက ချောင်းနေဟန်တူသည်။
စိုးဒေဝါ လက်တွန့်သွား၏။ ဟိုဟာမလေးက စိုးဒေဝါကို ပြုံးစိစိ
ကြည့်၏။

သူမနှိုက်မည် အပြု

"ကျူပ် ကြက်ကို ခင်ဗျား လျော်ရမှာပဲ ... အမေ ဘာလို့
ချက်ကျွေးရတာတုံးဗျ"

ဟယ် ... ဒုက္ခ။

လင်း လန့်သွားရှာသည်။ စိုးဒေဝါက တည်တည်ပဲ။
ရှေ့မျက်နှာနောက်ထားပြီး ကြက်သားဟင်းကို ခပ်လိုက်သည်။

ဟယ် ... ပြောလိုရာပြောစေတော့။

မဟာဝမ်းဗိုက်တော်ကို ဖြည့်လိုက်ဦးမှ။

"အီးဟီး ... ကျူပ်ကြက်မရှိတော့ဘူး ... အမေ သူတို့ကို
ဘာလို့ ကျွေးရတာလဲ ... ကျူပ်ကြက်သေပြီဗျ ... ကျူပ်
ကြက်ကို စားတဲ့ လူလည်း ချေးပါပြီး သေပါစေဗျာ"

မင်္ဂလာပါနော်။

* * *



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ ဖြိုးဝေလင်း အနေအထိုင်တတ်လျှင် ဘာမှ ပြဿနာမှ ဖြစ်ခဲ့မည်မဟုတ်။

ဖြိုးဝေလင်းသည် မိန်းမသားပီပီ စပ်စုတတ်သော ဥာဥ်ရှိသည်။

မစပ်စုရလျှင် မိန်းမ မပီသဟု အပြောခံရမည်စိုးလို့လားမသိ။

နောင်ဘဝဆက်တိုင်း ဆက်တိုင်း စပ်စုနိုင်ပါစေဟု ဆုတောင်းခဲ့လေသလားပဲ။

ညခနေ့ခေါင်းလျှင် မိုးမရွာဘူးဟု အကြောင်းပြ၍ ရွာထဲ လျှောက်ဦးမည်ဆိုကာ စိုးဒေဝါကားထားသည့်ကြားထဲက ထွက်သွား၏။

နာရီဝက်လောက်ပဲကြာမည်။





လူတစ်ယောက် ဖြန်းခနဲ ရောက်လာ၏။ ဆေးလိပ်သောက်နေသော ဦးရွှေလုံးကို တိုးတိုးပြော၏။ မျက်နှာတွင် အရေးတကြီးဟန်ဆောင်နေသည်။

စိုးဒေဝါသည်လည်း အိမ်ပုက္ကားကွယ်တွင် ထိုင်၍ ဆေးပေါ့လိပ် သောက်နေခိုက်ဖြစ်၏။ သူ့တွင် စီးကရက်မရှိ။

ရှိသည့် စီးကရက်ကလည်း ဓားပြစခန်းမှာ ကျန်ရစ်ခဲ့ချေပြီ။ တစ်ညနှင့် တစ်နေ့ စီးကရက်ပြတ်ခဲ့၏။ ဆေးလိပ်ပြတ်ရသူတို့၏ဒဏ်အတိုင်း ခံတွင်းချဉ်သည့်ဝေဒနာကို ကျိတ်မှိတ်ခံစားခဲ့ရ၏။

ကိုရွှေလုံးဆီက သူတို့လက်ဖြစ်ဆေးလိပ်ကို တောင်းသောက်သည်။ အနံ့ဆိုးသည့်ပြင် ချောင်းတဟွတ်ဟွတ်ဆိုးသည်။ ခံတွင်းချဉ်ကလေးတော့ ပြေသွားသည်။ ကိုရွှေလုံး သူ့ကို အရေးတကြီး လှမ်းပြော၏။

"ကိုစိုးဒေဝါ ... ခင်ဗျားကောင်လေးတော့ ရွာက အရက်ရောင်းတဲ့ အိမ်မှာ ပြဿနာဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"ကိုနက်ကျော်နဲ့ ဆွဲလား လွဲလား ဖြစ်နေကြတယ် ... ဆရာကြီး ကိုနက်ကျော်က ဒီရွာမှာ လူမိုက်နော် ... သူ့ကို ဘယ်သူမှ ယှဉ်ရဲကြတာ မဟုတ်ဘူး"

"လူတွေက သူ့ကို ကြိုက်ကြသလား"

"မကြိုက်ဘူး ... မတော်လှန်ရဲလို့ ကြည့်နေတာ"

စိုးဒေဝါ သူ့တုတ်ဓားကိုယူသည်။ လာပြောသူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ စိတ်ထဲမှာ တော်တော်ဒေါသဖြစ်မိသည်။ အရက်ရောင်းသည့်အိမ်နှင့် သင်းနှင့် ဘာဆိုင်သလဲ။ အတော်စပ်စုတဲ့ ဟာမလေး။

ဝေးဝေးတော့ မသွားလိုက်ရပါ။

ဆဲသံ ဆိုသံတွေ ထွက်နေဟာကို အိမ်နားရောက်ကာနီးမှာ ကြားနေရ၏။ လူတွေကလည်း အိမ်ရှေ့မှာ ပိုင်းနေသည်။ စိုးဒေဝါ လူတွေကို တွန်းဖယ်ဝင်ရောက်သွားသည်။

ပထမဆုံး ကြုံတွေ့လိုက်ရတာက လွင့်စဉ်လာသော သတ္တုရေနွေးကရားအိုးတစ်လုံးဖြစ်၏။ စိုးဒေဝါ ငုံ့ရှောင်လိုက်သည်။

ခေါင်းပေါ်မှ ကျော်ဖြတ်ထွက်သွား၏။

နောက်တစ်ခုလာတာက အကြမ်းပန်းကန်တစ်လုံး။

အရက်ကို ရေနွေးကရားထဲ ထည့်သောက်ကြဟန်တူလေသည်။

"သွား ... ရှင်အနားမလာနဲ့ ... တိရစ္ဆာန်ကြီး ခွေးကြီး ... ကျွန်မ ဒေါသဖြစ်နေပြီ သိလား"

ကြွက်ကြွက်ဆူညံသွားအောင် ရန်တွေ့လိုက်သော မချောလေး ဖြိုးဝေလင်းရဲ့အသံ။

"ဟဲ ဟဲ ... မင်းကလေးက လှသလောက် တယ်စွာတာကိုး ကွ ... ဒီရွာမှာ နက်ကျော်ကို အာခံရဲတဲ့ လူတစ်ယောက်မှ မရှိဘူး ... ခွေးက အစ ဝပ်နေတာ ... လာပါ အချစ်ကလေး ရဲ့"





နက်ကျော်၏ မူးနေသည့်အသံ။

မြင်ကွင်းကတော့ ပြတ်ပြတ်သားသားပဲ။ တဲ၏ ထောင့်တစ်နေရာတွင် ဖြိုးဝေလင်း ရပ်နေ၏။ လက်ထဲတွင် အကြမ်းပန်းကန်လုံး ကိုင်ထားသည်။

သူ့ရှေ့နှစ်လှမ်းကွာတွင် နက်ကျော်၏ ကြီးမားသော ကိုယ်ကြီးက ရပ်နေသည်။

စိုးဒေဝါ အေးအေးဆေးဆေးပဲ ပွဲကြည့်သလို ရပ်ကြည့်နေသည်။ တဲထဲတွင် သူတို့နှစ်ဦးသာ ရှိသည်။ သူတို့ဆိုတာ နက်ကျော်နှင့် ဖြိုးဝေလင်း။

နက်ကျော်က စိုးဒေဝါကို မမြင်။

"ဟဲ ... ဟဲ ... ဟဲ"

နက်ကျော်က ရယ်သည်။ ဆတ်ခနဲ ရှေ့တိုးသည်။ ဖြိုးဝေလင်း၏ လက်ကို ဖမ်းဆွဲ၏။ ဟိုဟာမက ပန်းကန်နှင့် ခေါင်းကို ထုသည်။ အဲဒီလက်ကို နက်ကျော်က ပုတ်ချ၏။ သူမတစ်ကိုယ်လုံးကို ပွေ့ဖက်လိုက်သည်။

"မင်းလေး ... ယောကျ်ားမဟုတ်ဘဲ မိန်းမဆိုတာ သိပါတယ်ကွာ ... မင်းလေးက လှတာကိုး ... ဒီတော့"

"လွှတ် ... တဏှာရူး ... လွှတ်"

အားရှိသရွေ့ သူမ ရုန်းကာစေကာမူ သန်မာဖွံ့ဖြိုးလှသော နက်ကျော်လက်တွင် သူမသည် အရုပ်ကလေး တစ်ရုပ်မျှသာ။

စိုးဒေဝါကို သူမ လှမ်းမြင်သည်။ လှမ်းအော်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"အစ်ကို ... အစ်ကို ... လုပ်ပါဦး ကယ်ပါဦး"

စိုးဒေဝါ အေးအေးဆေးဆေးရပ်ကြည့်နေ၏။ တဲထဲ

တွင် သူတို့ သုံးယောက်ပဲ။

လူတွေက အထဲကို ဝင်လာရဲကြဟန်မတူ။

"အစ်ကိုရေ ... အစ်ကိုရေ"

နက်ကျော်မှာ စိုးဒေဝါ ရပ်ကြည့်နေတာကို သိဟန်

မတူ။ ဖြူးဝေလင်း စိုးဒေဝါကို တမ်းတနေသည်ဟုပဲ ထင်သည်။

"ဟဲကောင်မလေး ... နင့်အကောင်ကို တမ်းတမနေနဲ့ ...

နင့်အကောင် ငါရှိတဲ့နေရာကို မလာရဲပါဘူး"

စိုးဒေဝါ ကြားသည်။

ဘေးထရံနားတွင် ငှက်ပျောဖူးတစ်ပုလင်း ထောင်

ထားသည်။ အဲဒီနေရာကို လျှောက်သွား၏။ ပုလင်းကို ကောက်ယူ

သည်။ ဖြူးဝေလင်းတို့ ဝုန်းဒိုင်းဖြစ်နေခြင်းကို ဂရုမစိုက်ပဲ ပုလင်းကို

ကောက်ယူသည်။ ပုလင်းပေါက်ကို နမ်းကြည့်သည်။ အရက်ပုလင်း

အရက်ပြတ်နေတာနှင့် အတော်ပဲ။

တင့်မော့သောက်လိုက်၏။

"အဟွတ် ... အဟွတ်"

ချောင်းဆိုးကာ သီးသွားသည်။ လည်ချောင်းထဲ

မီးစနှင့် ထိုးသလို ပူသွား၏။

အမယ်လေး ပြင်းလိုက်တဲ့အရက်။

အရက်ပေါင်းခံ ရေတွင် ပထမဆုံးရသော အရက်





သည် ဦးရည်ဖြစ်၏။ အပြင်းဆုံးဖြစ်သည်။

ချောင်းဆိုးသံကို ဟိုငနဲကြီး ကြားသွားသည်။ လှည့်

ကြည့်သည်။

သည်အတွင်း လင်းဂါ သူ၏ ဒူးနှင့် နောက်ကျော

၏ ပေါင်ခွဲထဲကို တအားပင့်ထိုးပစ်လိုက်သည်။

ယောကျ်ားတိုင်း၏ အားနည်းရာ ဗဟိုချက်ကို

မှတ်မိလေခြင်း။

"အာယိုယို"

ညည်းသံနှင့် ငနဲသား လင်းကို လွှတ်လိုက်သည်။

ခါးကြီးကုန်းပြီး နောက်ကို ဆုတ်သွားသည်။ စိုးဒေဝါက ပုလင်းနှင့်

ခေါင်းကို ရိုက်ချလိုက်သည်။

"ခွမ်း"

ငှက်ပျောဖူးပုလင်းကွဲထွက်သွား၏။ အရက်တွေ

ဘွင့်စဉ်သွားသလို နက်ကျော်ကိုယ်ပေါ်မှာ ရွှဲထွက်သွားသည်။

မျက်လုံးကြီး ပြူးကာ လှည့်ကြည့်၏။

စိုးဒေဝါ လန့်သွား၏။ ငတိကြီး ဘာမှ မဖြစ်ပါလား။

ဝေဒနာက အောက်မှ တက်လာရာ ခါးကုန်းနေ

သော်လည်း တုံးခနဲ လဲမသွား။

"မင်း ... မင်း"

သူ့ခေါင်းကို အတင်းခါယမ်းသည်။ သူ့ခါးကြားထဲ

တွင် စိုးဒေဝါ၏ သေနတ်က ရှိနေရာ ထိုသေနတ်ကို ဆွဲထုတ်သည်။

"ဒုတ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါ ညာလက်ဝါးစောင်းက သွက်လက်လွန်း
သည်။ လက်ကောက်ဝတ်ကို နှုတ်ချလိုက်ပြီးဖြစ်သည်။ သေနတ်မှာ
လွတ်ကျသွားသည်။

သေနတ်ကို ခြေထောက်ဖြင့် ကန်ထုတ်ပစ်လိုက်
သည်။ လျင်လွန်းသော ဖြိုးဝေလင်းက သေနတ်ကို ကောက်ယူ
လိုက်သည်။

နက်ကျော်က နက်ကျောကျောအသံကြီးနှင့်

"ဩော် ... မင်းက လူမိုက်လာလုပ်တာကိုး ... ကဲကွာ"

သူ့ညာလက်သီးက လျှပ်တစ်ပြက်မြန်လွန်းသည်။
စိုးဒေဝါမေးရိုးကို လာထိသည်။

လက်သီးက ပြင်းသည်။

စိုးဒေဝါကိုယ်သည် ဘေးကို ယိုင်ထွက်သွား၏။
စိုးဒေဝါ ခေါင်းထဲ တူနှင့် နှက်သလို ခံစားလိုက်ရသည်။

ဘယ်ရမလဲ။

စိုးဒေဝါ သူ့ကိုယ်ကို ထိန်းသည်။ ညာလက်သီးထဲ
တွင် ပခုံးအား၊ စိတ်အားရော ထည့်ပြီးသည်နှင့်

"ခွပ်"

ထိသံက အသားမာချင်း ထိသံ။

ညာလက်သီး။ နက်ကျော်၏ မေးအောက်ကို ပင့်
လက်သီးအဖြစ် ဝင်သွားသည်။

နက်ကျော်ကြမ်းပြင်ပေါ်မှ တစ်ပေနီးပါး မြောက်
တက်သွားသည်။ ကြမ်းပြင်ပေါ်ကျတော့ ခြေကားရား လက်ကား





း ငနဲသားခေါင်းကို ခါယမ်းသည်။ နွားသိုးကြီးတစ်ကောင်လို
ပ်နှင့် နှာခေါင်းမှ လေသံတွေက တဟူးဟူးထွက်နေသည်။

ပြန်ထသည်။

စိုးဒေဝါ မေးအောက်ကို လက်သီးသွင်းထည့်လိုက်
ည်။ စိုးဒေဝါ မရှောင်ပါ။

သူ့ထက်ပိုခံနိုင်ရည်ရှိပြီး ပိုမိုက်ရမယ်ပေါ့။

လက်သီးမှာ ပထမနှင့်စာလျှင် အနည်းငယ်ပျော့
ည်။ ဒါတောင် စိုးဒေဝါ နောက်ကို ခြေတစ်လှမ်းယိုင်သွားသည်။

အပြင်မှ လူတွေက မြင်သည်။

ဩဘာပေးကြသည်။ လက်ခုပ်တီးကြသည်။

စိုးဒေဝါ ခေါင်းကို ခါယမ်း၏။ သူ့မျက်လုံးတွေ
ကြည်လင်တော့။ အားလုံးကို ဝါးတားတားမြင်နေရသည်။ သူ့ရှေ့
နက်ကျော်ကိုပင် ဒီအတိုင်း။

စိတ်ကို ထိန်းသည်။ အသက်ကို ပြင်းပြင်းရှူသည်။
လေရှော့ကွာ။

"ဒုတ်"

သူက လက်သီးမသုံးတော့ဘဲ ညာတံတောင်ကို
ပြီး ညာတံတောင်နှင့်ပဲ သိမ်းကျုံးရိုက်ပစ်လိုက်သည်။

နက်ကျော်၏ မေးကို သွားထိ၏။ နက်ကျော်မှာ
ပြင်မှ ခြေလွတ်လက်လွတ်ဖြစ်သွား၏။ ဘိုင်းခနဲ ပစ်လဲသွား
ပြန်ထဖို့ ကြိုးစားသည်။

မထနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲ ပြန့်လဲသွားသည်။ လှုပ်တောင် မလှုပ်တော့

ဖါး နေသား မေ့ကြောကိုလိ၍ မေ့သွားပြီ။

ဒီစဉ် ဖြိုးဝေလင်းက သွက်သွက်လက်လက်လှုပ်ရှား

ပစ်လိုက်သည်။

လှစ်ခနဲ ရှေ့တိုးလာ၏။ သူ့မလက်ထဲက သေနတ်

ပြောင်းနှင့် နက်ကျော်၏ နဖူးကို ထောက်လိုက်သည်။

"လင်း ... လင်း မလုပ်နဲ့ ... မလုပ်နဲ့"

"ဒိုင်း"

စိုးဒေဝါ တားမြစ်ချက် ကပ်နောက်ကျသွားသည်။

မိန်းမချောလေးကပဲ နားမထောင်ရှာသလား။

တဲထဲတွင် ကျည်ဆန်ပေါက်ကွဲသံက စူးရှမြည်ဟိန်း

လှသည်။

"လူမိုက် လူဆိုးကို အသက်ဆက်ရှင်ခွင့်ပေးရင် အောက်

ဂျင်တွေ အကျိုးမဲ့ကုန်တယ်အစ်ကို"

ပြောပြီး အေးအေးဆေးဆေးပဲ သေနတ်ကို ပစ်

ထွက်သွားသည်။

စိုးဒေဝါ ငိုင်ကျန်ခဲ့သည်။

သတင်းကို သွေးနဲ့ရေးမှာလား လင်းရယ်။

* * *





## ဇာတ်လမ်းစဉ်(၁၀)

"တစ်ရွာလုံး ကြွက်ကြွက်ကို ဆူနေပြီ ကိုရွှေလုံး"

"နက်ကျော်သေတော့ ဝမ်းသာကြတာပေ့ါ ကိုစိုးဒေဝါ"

နက်ကျော် သေသွားပြီ။ ရွာသားတွေအတွက်

ဗျော်လင့်ဘဲ အသက်ဆုံးသွားခဲ့ရသော နက်ကျော်။

သူတို့ ကြောက်ရသော နက်ကျော်။

နက်ကျော်မရှိတော့ သူတို့တစ်ယောက်တစ်ပေါက်

ပြောကြ၏။ စိုးဒေဝါကို ချီးမွမ်းကြသည်။

ကိုရွှေလုံးပြောသလို ရွာသူရွာသားတွေ ဝမ်းသာနေ

ကြသည်။ ပျော်နေကြသည်။

"နက်ကျော် လူမိုက်ကို ခင်ဗျားတို့ ပြန်မရှင်းနိုင်ကြဘူးလား"

"မလွယ်ဘူး ကိုစိုးဒေဝါ ... ဒီကောင်က အကင်းပါးတယ်

ရက်စက်တယ် ... လက်မြန်တယ် ... သူ့ကို အာခံဖို့ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလူတွေမှန်သမျှ သူလက်ချက်နဲ့ သေကုန်ကြတာပဲ ဒီတော့ သူသေအောင် ဘယ်သူမှ မကြိုးစားရဘူး … သူဆိုးသရွေ့ လူမှာ ခေါင်းငုံ့ခံရတာ"

ပါလီမန်ဒီမိုကရေစီခေတ်တွင် ကောနယ်တွေမှာ သူကစ်လူ ဇိုလ်တစ်မင်းဖြစ်နေကြသည်။ အုပ်ချုပ်မှု အလှမ်းဝေးသောနေရာမျိုးတွင် ရောင်စုံသောင်းကျန်းသူတွေ သောင်းကျန်းသလောက် တောကြောင်လက်ခမောင်းခတ်သည့် လူတွေကလည်း ကစ်ပုံတစ်ပင်ကြီး။

"ဒီကောင် ဘယ်ကလဲ"

"တစ်ချို့က ပြောတော့လည်း ဒီကောင် ပြည်မကလို့ ပြောတယ် … တစ်ချို့ကလည်း လှိုင်းအွဲ့သားလို့ ပြောကြတာပဲ အတိအကျတော့ မသိကြပါဘူး … သေချာတာကတော့ ဒီကောင်ဟာ တစ်ချိန်က သောင်းကျန်းသူ ဖြစ်ခဲ့ဖူးတယ်ဆို တာပဲ … ဘယ်လိုက ဘယ်လို ဒီဘက်လွှင့်လာသလဲ မသိဘူး … ကျွန်တော်တို့ဆီက ရွာလူကြီးနဲ့ သားသမီးတွေကို သတ်ပစ်လိုက်ပြီး သူက လူမိုက်သွေးပြ ဇိုလ်လာစွဲနေတာပဲဗျာ"

"ရဲတွေ စစ်တပ်တွေ မလာဘူးလား"

"စစ်တပ်လာတယ် … ဒီကောင်က အပါးဗျ … စစ်တပ်လာရင် ရှောင်ထွက်သွားကော … တပ်လည်း မရှိရော သူလည်း ပြန်ဝင်လာတာပဲ … အဲ … တစ်ခါတစ်လေ တပ်နဲ့ဆုံခိုက် သူက တပ်က ခိုင်းသရွေ့ လုပ်ပေးတယ် … လူတွေက သူ





အကြောင်းနဲ့ ပတ်သက်ပြီး တပ်ကို မတိုင်ရဲဘူး … သူက တပ်နဲ့ ရောနေတာကိုး"

"အေးပေါ့ … တပ်ကသိရင်တော့ ဒီကောင်ကို ဖယ်ရှားပစ်လိုက်မှာပေါ့ … ပြည်သူတွေရဲ့ ရန်ရှားရန်ကြောင့်ကို ဘယ်ထားပါ့မလဲ … ခင်ဗျားတို့ကလည်း ညှဲ့ကို ညှံ့တယ် … ဟို မပြောရဲတာနဲ့ ဒီမပြောရဲတာနဲ့ ကွယ်ရာတိုက်တော့ ကြောကြပြီ"

"ကျွန်တော်တို့ကတော့ အေးအေးနေချင်တယ် ကိုစိုးဒေဝါ"

"ဥပဒေမရှိတဲ့နေရာမှာ ဥပဒေမဲ့ လုပ်လို့ဘဲရတာပဲ"

"ဘာပဲပြောပြောဗျာ … ခင်ဗျားတို့ ရှင်းပေးခဲ့လို့ လူတွေကတော့ ကျေးဇူးတင်ကြမှာပဲ"

ကိုရွှေလုံးပြောတာ မှန်သည်။

ကျေးဇူးတင်သော အထိမ်းအမှတ်အဖြစ် တစ်ရွာလုံးက ဟင်းပေါင်းစုံလာပို့ရာ ညနေစာမှာ ဘုန်းကြီးပွဲထက်တောင် မြင်သွား၏။ စိုးဒေဝါသည် သူ့စကားများမထောင်သော လင်းကို စိတ်ဆိုးနေသည်။ လင်းကို စကားမပြောပါ။

လင်းမှာ သူမအပြစ် သူမသိလို့ပဲလား။ (စိုး)ဒေဝါကိုပဲ ကြောက်လေသလားမသိ။ စိုးဒေဝါနှင့် ကိုရွှေလုံးပြောသမျှကို တစ်လုံးမျှပင် ဝင်မပြောဘဲ ထိုင်နေရာမှာ ကုပ်ကုပ်လေးထိုင်၍ နားထောင်နေခဲ့၏။

စိုးဒေဝါနှင့် မြူးခေလင်း ဒိုင်းသော ပါခြားစီ။

မြူးခေလင်းကို မိန်းမမှန်းဘစ်ရွာလုံး သိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုပြသူ၊ ရယ်မောသူ၊ အတင်းပြောသူ၊ တစ်ရွာလုံးမှာ ပြောမဆုံးပေါ မိုးလုံးမှောင်။

မိုးလုံးမှောင်ဆိုတာ သူတို့ပြောကြစဉ် မိုးတွေ မှောင် လာသည်။ သဲသဲမဲမဲဆော်၏။

ညဘက်တွင် အော်အော်ငိုသံကြားရ၏။ သွားဆေ သူကြီး နက်ကျော်၏ ကြင်ယာသခင်အိမ်ရှင်မကျေးဇူးရှင်မကြီး မခင်စိန်၏ လွမ်းဟာခွေ်ဆွတ် တမ်းတငိုသံ။

ဖြိုးဝေလင်း စပ်စပ်စုစုလုပ်တတ်တာမို့ သူမ ဟိုဝင် ဒီဝင် ဟိုမေး ဒီမေးလုပ်သည်။ သတင်းထောက်ဉာဉ်ဖြစ်လိမ့်မည်။

နောက်ဆုံး အရက်ရောင်းသည်ဆိုသော အိမ် သွားကြည့်သည်။ အဲဒီအချိန် နက်ကျော်က ရောက်လာသည်။ အရက်သောက်ဖို့ ရောက်လာခြင်းဖြစ်သည်။

ဖြိုးဝေလင်းကို ယောက်ျားလေး ထင်မှတ်ပြီး အရက် သောက်ဖို့ ခေါ်သည်။ ဖြိုးဝေလင်းက ငြင်းသည်။ ဖြိုးဝေလင်း ဝတ်လာသော သားရေဝေ့(စ်)ကုတ်ကို ငနဲကြီး သဘောကျသဖြင့် ဖြိုးဝေလင်းထံ ကောင်း၏။

မချောက ချွတ်မပေး။

လူမိုက်တို့၏ ထုံးစံအတိုင်း အတင်းအဓမ္မချွတ်ယူ သည်။

မိန်းကလေးတို့၏ ကိုယ်ပေါ်မှ အနွေးထည်ကို အတင်းအဓမ္မချွတ်လျှင် ဘယ်လိုဖြစ်မယ်ဆိုတာကို တွေးကြည့် တော့ ...





ကျိုးယောင်ဆောင်သော ဒေါင်း၊ ကြွက်စုတ်ယောင် ဆောင်သော ရေဆင်၊ ယောက်ျားယောင်ဆောင်သော မိန်းမ။

ဘယ်လိုသိပ္ပာက်လို့ ရမှာလဲ။ အရှိအရှိကို တွေ့ထိမိ တော့ မိန်းမဟာ မိန်းမပါပဲ။

နက်ကျော် ဒီလိုမြင်သွားသည်။

ဒါတွေကို စိုးဒေဝါအား ပြန်ပြောပြသူက အရက် ရောင်းသော ကရင်အမျိုးသမီး နော်မိုးဒါဖြစ်၏။

နော်မိုးဒါလည်း ထွက်ပြေး၏။

စိုးဒေဝါ လင်းကို စိတ်ဆိုးသည်။ သူကားမြစ်လျှက် နှင့် အိမ်မှ ထွက်သွားရတာရယ်။

နက်ကျော်ကို သတ်ပစ်လိုက်တာရယ်။

မိန်းကလေးတွေ လူသတ်တာ သူမလိုချင်ပါ။ ဖြိုး ဝေလင်းက ဒီမိုင်းတစ်မျိုး။

ကြောက်ကျွင်လည်း နှင်းကြောက်။ ရဲလျှင်လည်း သိပ်ရဲ။

တစ်ခါတစ်ခါ ကြောက်တတ်ပြီး ရေအိမ်သို့ အပေါ့ အပါးသွားမည်ဆိုကာ ထွက်သွားတတ်၏။

သူ့ကျောပိုးအိတ်ကို ယူသွားတတ်၏။

ကျောပိုးအိတ်ထဲမှာ ရွှေချောင်းတွေ ပါနေသည် ဟုတ်လား။

စိတ်မချပုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီက ထွက်လာတော့ အင်မတန်သွက်လက်ဖျတ်လတ် ရဲတင်း၏။

မျက်လုံးတွေက ရီဝေကာ သတ္တိရှိပုံကို ပြသည့်စကားပြောသွက်၏။

သူမ စိတ်သည် မှုမှန်သောစိတ်မဟုတ်ဟု စိုးအေး ထင်သည်။

* * *





"ဒိုင်း"

မြည်းဟည်းစူးရှသော သေနတ်သံ။

သေနတ်သံသည် ရွာ၏ အရှေ့အပြင်ဘက်မှ လေဟုန်နှင့်စီးကာ ရွာထဲအထိ ဝင်လာ၏။

ပတ်ဝန်းကျင်မှာလည်း ပွဲတင်ထပ်သွား၏

အိပ်မောကျနေသော စိုးဒေဝါသည် ဆတ်ခနဲ လန့်နိုးလာသည်။

"လင်း … လင်း … ဖြိုးဝေလင်း"

သူက အရေးတကြီးခေါ်သည်။ သူ့အိပ်ရာဘေးတွင်ရှိသော အဝတ်ထည့်အိတ်ကို စမ်းလိုက်သည်။

ငေါက်ခနဲ ထလိုက်၏။

"တစ်ယောက်မှ မလှုပ်ကြနဲ့ဟေ့ … မင်းတို့မယားတွေမုဆိုးမ ဖြစ်ကုန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ... ဒိုင်း"

သေနတ်သံတစ်ချက်နှင့် မရှေးမနှောင်း။ အော်ဟစ်ပြောဆိုသံတစ်ခု။

ဓားများ၏ လက်သုံးစကားဖြစ်သော မင်းတို့မယားတွေ မုဆိုးမဖြစ်ကုန်မယ်ဆိုသောစကားသည် ဘယ်ခေတ်ဘယ်ကာလ ဘယ်ဓားပြ ထွင်ခဲ့သော စကားမှန်းမသိ။

စေ့စေ့တွေးလျှင် အတော်အရေးပါအရာရောက်သော စကားဖြစ်သည်။ ခေတ်အဆက်ဆက်သုံးနိုင်သောစကား။

ဘယ်ယောကျ်ားက ကိုယ့်မိန်းမကို မုဆိုးမ အဖြစ်ခံဝံ့မလဲ။ အဲ ... တစ်ခုတော့ ရှိသည်။ ဒီစကားက လူပျိုကြွေအတွက်တော့ ရည်ညွှန်းဟန်မရှိ။

ဒါကြောင့် စိုးဒေဝါက မကြောက်။

"လင်းရေ ... လစ်ကြစို့ ... ဒီကောင်တွေ ဘချောတို့ အဖွဲ့ပဲ ဖြစ်ရမယ် ... တို့က မိန်းမ မရှိသေးတော့ မုဆိုးမဖြစ်ဖို့လည်း မလိုဘူး ... တို့ပြန်ချလို့လည်း တို့ပါ အကြာကြီး ဖြစ်မှာ လစ်ကြစို့"

အသံကျယ်ကြီးနှင့် လှမ်းအော်သည်။ လင်းမှာ သူ့ထက် အလျှင်နိုးပြီး ကိုရွှေလုံးမိန်းမကျွေးသော ကောက်ညှင်းပေါင်းကို စကောထဲက နှိုက်စားနေချိန်။

"ခေါ်စာပစ်တာတောင် ကောင်းကောင်းမွန်မွန်မစားရသေးဘူး ... မအေပေးသေချင်းဆိုးကြီး အစောကြီး"

လင်းက မကျေမနပ်နှင့် ရွှေတ်ကာ နောက်ကျော





ပိုးအိတ်ကို ကျောတွင် ကောက်လွယ်၏။ အဝတ်ထည့်အိတ်ကို လွယ်သည်။ ကိုရွှေလုံးနှင့် ကလေးတွေလည်း ပြေးကုန်ကြပြီ။ သူတို့နှင့်အတူ စိုးဒေဝါနှင့် လင်းသည်လည်း ရွာ၏အပြင်ဘက်တစ်နေရာကို ရောက်အောင် ခြေကုန်သုတ်ကြသည်။

စိုးဒေဝါ ခန့်မှန်းချက်မလွဲပါ။

ဘချောနှင့်အဖွဲ့ပင်ဖြစ်သည်။ ခြေရာကောက်လိုက်လာခြင်းဖြစ်သည်။ ဘချောက ပစ္စတိုလ်ကြီး တကိုင်ကိုင်နှင့် ရွာထဲဝင်လာသည်။

အလိုက်မသိသော ခွေးတစ်ကောင်က ခွေးသူ့ရဲကောင်းကြီးလုပ်ပြီး ဆီးကြိုနှုတ်ဆက်သည်။ ပန်းကုံးနှင့် မဟုတ်ပါ။ တဝုတ်ဝုတ်ဟောင်ခြင်း ဖြစ်သည်။

"ဟဲ့ခွေး ... နှင့်ထက်မိုက်လို့ ငါလူလုပ်နေတာဟဲ့ ရော့"

"ဒိုင်း"

ခွေးခမျာ ခွေးသူ့ရဲကောင်းလုပ်မိလို့ ခန္ဓာစဲသွားရှာသည်။ ဘချောနှင့် အဖွဲ့က ရွာပြင်တွင် ကင်းထားပြီး ကျန်အဖွဲ့က နေရာယူလိုက်ကြသည်။

ရွာထဲတွင် လူမြင်လျှင် လူပစ်သည်။ ခွေးမြင်လျှင် ခွေးကိုပစ်သည်။ တစ်ရွာလုံး ငရဲခန်းဖော်ထားသလိုရှိသည်။ လူကြီးတွေ၏ အော်သံ၊ ကလေးတွေ၏ ငိုသံ၊ ခွေးဟောင်သံ။

"ဘယ်ကောင်မှ မခုခံကြစေနဲ့ကွာ ... ခုခံတဲ့ကောင်ကို ပစ်သာပစ်"

ဘချော၏ တစ်ချက်လွှတ်အမိန့်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးမှာ မကြာခင် ငြိမ်ကျသွားတော့သည်။

တစ်နေရာတွင် မပြေးနိုင်သူများ စုရုံးရောက်ရှိနေသည်။ ငုပ်တုတ်ကလေးတွေ ထိုင်နေကြ၏။ နက်ကျော်အလောင်းကြီးကို အိမ်တွင်ထားကာ ငိုနေသော မခင်စိန်လည်း ပါ၏။

ညက မသာစောင့်ရင်း အရက်မူးနေကြသူတွေမှာတော့ ဝိုင်းရံထားသော ဓားပြများအလယ်တွင် မျက်နှာသေကလေးတွေနှင့် ဆောင့်ကြောင့်ကလေးထိုင်လို့။

နက်ကျော်က လူမိုက်။

ဘချောက ဓားပြ။

ပိုလို့တောင် ရက်စက်သေး။

လူတစ်ယောက်ကို ခေါ်ထုတ်ကာ ရှေ့တွင် သေနတ်နှင့် ပစ်သတ်ပြလိုက်၏။

အားလုံးတုန်လှုပ်ချောက်ချားပြီး ကြောက်သွားအောင်ဖြစ်သည်။

"ကျုပ်မေးတာ မှန်မှန်ပြော … မပြောရင် သတ်ပစ်မယ်"

ဟု နိဒါန်းပျိုးပြီးမှ စိုးဒေဝါ အကြောင်းကို ဆက်မေးတော့၏။

ဘယ်သူကမှ မဖော်မီ စတင်ဖော်ပြောသူက မခင်စိန်။ သူက နက်ကျော်နှင့် ပတ်သက်ပြီး စိုးဒေဝါတို့ကို အ… မကျေသူ။

သူမပြောသရွေ့တွင် ကျေနပ်စရာနှင့် စိတ်ဝင်စားစရာတွေချည်းဖြစ်သည်။





ကျေနပ်စရာဆိုတာ တစ်ခုပါ။ စိုးဒေဝါတို့ ထွက်ပြေးသွားသည့် အကြောင်းပဲဖြစ်သည်။ ဒါဆိုလိုက်လျှင် မှီသေးတာပေါ့။

စိတ်ဝင်စားစရာ ဒီသည်မှာ သူတို့စခန်းမှ စိုးဒေဝါလွတ်မြောက်ထွက်ပြေးသွားစဉ် စိုးဒေဝါတစ်ယောက်တည်းရယ်။

မိန်းကလေးတစ်ယောက်ပါလာသည်ဆိုတော့ ထိုမိန်းကလေးက ဘယ်က မိန်းကလေးလဲ။ စိတ်ဝင်စားမှုတွင် အတွေးကဝင်လာသည်။

ဤမိန်းကလေးကို ရလျှင် သူ့မယားလုပ်နိုင်သည်။ တစ်ဖက်မှ ကျူးကျော်ဝင်လာသော တရုတ်ဖြူကေအင်(မ်)တီများလက်သို့ ရောင်းချင်ရောင်း၊ လက်နက်နှင့် လဲချင်လဲလုပ်နိုင်သည်။

ဒါလောက် ပြောပြတာတောင် တစ်ရွာလုံးကို မီးတိုက်ပစ်မည်ဟု ကြိမ်းသေးသည်။ ရွာမှာ သူဆင်းရဲတွေချည်းပဲ … နွားကလွဲပြီး ဘာမှ ယူနိုင်စရာမရှိသည်ကို ဘချောတွေးမိသည်။

"ဒီရွာကို အသာထားလိုက် … စိုးဒေဝါနဲ့ ယောကျ်ားယောင်ဆောင်ကဲ့ မိန်းကလေးနောက်ကိုလိုက်မယ်"

ဘချော အော်ဟစ်အမိန့်ပေးလိုက်၏။

ကောင်းကင်တွင် နေခြည်က ပြုံးနေပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



၈

## ဇာတ်လမ်းစဉ်(၁၁)

"ဘယ်လိုလဲ ... မလျှောက်နိုင်တော့ဘူးလား ပြောပါဦး"

"မောတယ်ဗျ"

လင်းသည် တစ်ခါတစ်ခါ ယောက်ျားလေးလိုပဲ ပြောတတ်သည်။

"အခုမှ ယောက်ျားပုံစံ ဖမ်းမနေနဲ့တော့ ... မင်းဇာတ်ပေါ်သွားပြီးမှတော့ ဖမ်းဖို့ မလိုတော့ဘူး ... အလကားကောင်မလေး"

စိုးဒေဝါ ဝါးရုံပင်နားက တောင်ပို့တစ်ခုပေါ်တွင် ထိုင်ချလိုက်သည်။

သူ့အနားကောင်မလေးက လာရပ်ရင်း

"ကျွန်မကို အလကားကောင်မလေးလို့ မပြောနဲ့ ... ကျွန်မ အသုံးဝင်တဲ့အခါလဲ ဝင်တာပဲ"





"ဘာဝင်တာလဲ ... မင်းကို မိန်းကလေးဆိုတာ တစ်ရွာလုံးသိသွားပြီးမှတော့ မင်းကို ထဘီးလျှော်ခိုင်းဖို့ မောင်းထောင်းခိုင်းဖို့ပဲ အသုံး..င်တော့မှာ"

"တောက်"

ကောင်မလေးက တောက်ခေါက်သည်။ ရှေ့တိုး၍ ဒေါသံကလေးနှင့်

"ရှင်က ကျွန်မကို မကျေနပ်ဘူးလား"

"ဟော့ ... ရှေ့သိပ်မတိုးနဲ့ကွာ ... မင်းကိုယ်က လက်ပတ်စော် နံတယ်"

"ရှင့်ကိုယ်ကကော ဘာထူးလဲ ... ချဉ်စော်နံနေတာ"

"မင်းကို ဖြူးဝေလင်းလို့ မခေါ်ဘူး ... နံလို့ သုနန္ဒာလင်းလို့ ခေါ်ဖို့ ကောင်းတယ်"

"ရှင်ကော ... ချဉ်စော်နံလို့ စိုးဒေဝါခေါ်မယ့်အစား စိုးဒိန်ချဉ်လို့ ခေါ်လိုက်ရင် ပိုသင့်တော်မယ်"

"ငါက ရေမချိုးရသေးလို့ကွ"

"ကျွန်မကော ဘာဖြစ်လို့လဲ ... ရေမှ မချိုးရပဲ ... ရေချိုးရင် ရှင်က အနံ့ကလေးပေးပါဆိုတောင် တစ်ပြားသားမှ ရှုလို့ မရဘူးမှတ်"

"ရေချိုးတိုင်း စစ်မယ်မထင်နဲ့ နံတဲ့လူဟာ နံတယ်"

"အိုး ... ရှင်ပြောချင်တာတွေ လျှောက်ပြောမနေနဲ့ ... လူ့အရိုးမရှိတိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ငါအမှန်ပြောတာ ... ငါးတွေဟာ တစ်သက်လုံး ရေထဲမှာ နေပြီး ရေချိုးနေတာ ဘာလို့နံသလဲ"

"သူ့ဟာသူ နံချင်လို့ နံတာ ... ရှင် စကားကို ကပ်ဖဲ့မပြောနဲ့"

"ပြောရမှာပေါ့ ... ကိုယ့်စကား နားမထောင်တဲ့မိန်းကလေးမျိုး"

"ကျွန်မက ဘာနားမထောင်တာလဲ"

"မင်း နားမထောင်လို့ မင်းဓာတ်ရုပ်ပေါ်တာပေါ့ ... သတင်းထောက်တဲ့ ... ဘာသတင်းထောက်မှန်းလည်း မသိဘူး ရွာထဲမသွားပါနဲ့ဆို သွားတယ် ... ဒါနားမလည်တာပေါ့"

"ရှင့်လို ... နလပိန်းတုံး မထင်နဲ့ ... ရန်သူအခြေအနေ ရွာက လူတွေအခြေအနေ လိုက်ကြည့်တာ"

"နက်ကျော်ကို သတ်တာကော"

"သူမသေရင် ရှင့်ကို ဟိုက သတ်မှာ ... ဒီတော့ ကိစ္စတုံးပစ်လိုက်တယ်"

"မင်းဟာ ရက်စက်တဲ့ နှလုံးသားပိုင်ရှင်ပဲ"

"အမယ်လေးဟဲ့ ... ကဗျာဆန်လိုက်တာ ... ဟာ ... ဟ"

တိရစ္ဆာန်မလေးက ရယ်ဖြစ်သည်။

စိုးဒေဝါ သည်းမခံနိုင်တော့။

ကောင်မလေးကို သူ့ဘက်ဆောင့်ဆွဲလိုက်၏။ သူ့ပေါင်တွေပေါ် လင်းက မှောက်လျက် ထိုးလဲသွား၏။





"ကိုင်းကွာ ... ကဗျာမဆန်ရင် ဒီလိုပဲ ရိုက်တယ်ကွာ"

"ဖြန်း ... ဖြန်း ... ဖြန်း ... ဖြန်း"

ကောင်မလေးတင်ပါးကို သူ့လက်ဝါးနှင့် ခပ်ဆတ်ဆတ် လေးငါးခြောက်ချက်လောက် တီးထည့်လိုက်သည်။

ကဲ ... မှတ်ကရော။

"အား ... အားလား ... မလုပ်နဲ့ ... ဘာလုပ်တာလဲ"

ကောင်မလေးက စွတ်အော်သည်။ အော်သံလေးက ညံနေသည်။

စိတ်ပေါက်ပေါက်နှင့် ပစ်ချလိုက်၏။ မချော့လေး ထရုပ်သည်။

အီးခနဲ ငိုချလိုက်လိမ့်မည်ဟု ထင်မှတ်၏။

ဝေးလိုက်တာ။

"ဖြန်း ... ဖြန်း"

ဒီဟာမလေးက လက်ကလည်း သွက်ပါပေ့။ စိုးဒေဝါ ပါးနှစ်ဖက်လုံး ထူပူသွားသည်။

"ဟင်း ... ရှင်က ကျွန်မကို ရိုက်တယ်ပေါ့လေ ... ကျွန်မကလည်း ပြန်တီးမှာပဲ ... ကဲ"

"အမယ် ... သူကလည်း ဒေါကလေးကန်လို့"

စိုးဒေဝါ ပခုံးတွေ တွန့်လိုက်သည်။ ဒီကောင်မလေးကို မှတ်မှတ်ရရ ပညာကိုပေးရမည်။

သူကောင်မလေးကို ဖက်သည်။ ပါးတစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



နမ်းပစ်၏။

"ကဲ ... ဘယ်လိုလဲ"

"အမယ် ... ဘယ်လိုရမလဲ ... ရှော့"

မချောကလည်း မခေ။

စိုးဒေဝါပါးကို ထပ်ဆော်ထည့်လိုက်၏။ စိုးဒေဝါ ကောင်မလေးကို တစ်ကိုယ်လုံး ပွေ့ယူလိုက်သည်။

ထိုသည်နောက် တစ်ဖက်သို့ ခေါ်သွား၏။

"ရှင်ဘာလုပ်တာလဲ ... မယုတ်မာနဲ့နော် ... ဟော့လွှတ် လွှတ်"

သူမ အော်သည်။ သန်မာသော လက်မောင်းများ ကြားတွင် လွန့်လူးရုန်းကန်သည်။

ကောင်မလေး အတော်သန်တာပဲ။

စိုးဒေဝါ မနည်းကြီးကို ပွေ့ဖက်ထား၏။ သူ့မျက်နှာ ကို လှမ်းကုတ်သည်။

စိုးဒေဝါမျက်နှာကို ရှောင်တိမ်း၏။

ချုံတွေကြားထဲ ရောက်၏။ စိုးဒေဝါ ရင်အုံ တဖုန်းဖုန်းထု၏။

ဟိုဘက်တွင် စမ်းချောင်းလေးတစ်ခုက တသွင် သွင် စီးနေ၏။ စမ်းချောင်းရေက ကြည်လင်သည်။

အောက်ခံက ကျောက်စရစ်ခဲနှင့် သဲတွေရော သည်။ အဲဒီစမ်းချောင်းထဲ ကောင်မလေးကို ပစ်ချလိုက်သည်။





"ဝုန်း"

"အမေ့"

"အေး ... မင်းကိုယ်က အနံ့တွေရော ဒေါသတွေရော ပျောက်အောင် ရေလာချိုးပေးတာ ... ရေချိုးပြီးမှ ကမ်းပေါ် တက် ... မျက်နှာလဲ မသစ် ပါးစပ်လည်း မဆေးရသေးဘူး"

မချောလေးတစ်ကိုယ်လုံး ရေတွေ ရွှဲသွားသည်။ ကမ်းပေါ်ပြန်တက်ဖို့ ထသည်။

စိုးဒေဝါက သူမကို ရေတွေနှင့် ကိုယ်ရော မျက်နှာပါ ကုန်းပတ်၏။ ပထမတော့ သူမအော်ဟစ်ရန်တွေ့သည်။ ဆဲသည်။

နောက်တော့ တအီးအီး ထိုင်ငိုပါတော့၏။

ဒီတော့လည်း စိုးဒေဝါ သနားသည်။ သူမိန်းကလေး တော်တော်များများကို တွေ့ကြုံဖူး၏။ နူးညံ့သော မိန်းကလေး ဆက် စွာသော ကြမ်းသော မိန်းကလေးတွေက ပိုချစ်စရာကောင်း သည်ဟု ထင်၏။ ဒီကောင်မလေးကိုလည်း သူချစ်သွားသည်။ လင်း သည် တစ်ခါတစ်ရံ ကလေးဆန်သည်။ ကလေးဆန်သော မိန်း ကလေးများသည် ချစ်စရာလည်းကောင်းသည်။ တစ်ခါတစ်ခါ စိတ်ညစ်ရာလည်း ကောင်းသည်။ ထိုကဲ့သို့ ကလေးဆန်သော မိန်း ကလေးများမှာ အချော့ကြိုက်သတ္တဝါမလေးတွေဖြစ်ကြသည်။

"တို့ကို စိတ်ဆိုးသွားသလားဟင် ... လင်း ... ပြောစမ်း ပါဦး"

အနားသို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်း မပြောဘဲ ငိုမြဲငိုနေသည်။

မျက်ရည်စတွေကို လက်ဖမိုးနှင့် သုတ်လိုက်၊ သူ့
ဘောင်းဘီတွင် ပြန်သုတ်လိုက်။

"စိတ်မဆိုးပါနဲ့ကွာ ... မနေ့က လင်းအတွက်မိုးရိပ်မိစိတ်နဲ့
တို့စိတ်ဆိုးဒေါ်ပွနေမိတာပါ ... တိတ် တိတ်"

စိုးဒေဝါ ချော့တတ်ပါသည်။

သူ့အချောလေးတွေနှင့် မိန်းကလေးများ၏
အသည်းနှလုံးကို စိုးပိုင်ပေါင်းများခဲ့ပြီ။

"သွား"

ကောင်မလေးက စိတ်ဆိုးမာန်ဆိုးအော်ထုတ်လိုက်
၏။ စိုးဒေဝါလန့်သွားသလို နောက်တွန့်သွားသည်။ ပြီးမှ

"သွားက ဒီမှာ ရှိတယ်"

သူ၏ ဖြူဖွေးညီညာသော သွားတွေကို ဖြဲပြသည်။

ကောင်မလေး ရေထဲတွင် ခြေတွေကို ကန်ဆော့၍

"သွား ... လာမစနဲ့"

"လင်းကို တို့ချစ်တယ် ... လင်းကို တို့ ရိုက်မိတာ စိတ်
မကောင်းပါဘူးကွာ"

"လာမပြောနဲ့"

"လာပြီး မပြောပါဘူး ... ထိုင်ပြီး ပြောနေတာ ... တို့ကို
မကျေနပ်ရင် တို့ပါးကို ထပ်ရိုက်ရော့ ... ရိုက်"

လင်း လက်ကလေးတွေကို ဆွဲသည်။ သူ့ပါးကို ရိုက်





ခိုင်းသည်။

မိန်းကလေးတွေကို ဒီလိုလုပ်ခိုင်းလျှင် တော်ရုံနှင့်
ဘယ်မိန်းကလေးမှ ဒီကိုရိုက်လိမ့်မည်မဟုတ်သည်ကို သိထား၏။

မိန်းမသားတွေ၏ စိတ်က နူးညံ့သည်။

ဒီလိုနှင့်ပဲ ယောက်ျားတွေ၏ စကားလှ ပျားသကာ
အချော့ပန်းမွေ့ရာမှာလူးပြီး ကြေကွဲဘဝက်၏။

"မလုပ်နဲ့"

"တို့ကို ရိုက်လေ"

"မရိုက်ဘူး ... ဘာလို့ ရိုက်ရမှာလဲ"

"တို့ စိတ်မကောင်းပါဘူး ... လင်းကို ရိုက်မိတဲ့ တို့လက်ကို
ဒဏ်ပေးရမယ်"

ပြောပြောဆိုဆို သူ့လက်တစ်ဖက်ကို စိုးဒေဝါရေတွင်
ဖုန်းဖုန်းရိုက်သည်။ ရေထဲ ရိုက်လို့ကတော့ သိပ်မနာပါ။

ပထမတော့ သတ္တဝါမလေးက ကြည့်နေပါသည်။
ဒေဝါက စိတ်လိုက်မာပါနှင့် ရိုက်နေတာတွေ့တော့ ထိုလက်ကို
မှက ကပျာကယာဆွဲ၍

"မလုပ်နဲ့လေ ... မလုပ်နဲ့"

"ဒီလက်ကို တို့ဒဏ်ပေးတာပါ ... လင်း ... မဆွဲနဲ့ ...
တကယ်တော့ ဒီလက်ဟာ လင်းကို ကာကွယ်ပေးရမှာ
လင်းကို ရိုက်ဖို့မဟုတ်ဘူး"

"လင်း သိပါတယ် ... လင်းကလည်း လွန်ပါတယ် ... အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



စကားကို နည်းနည်းမှ နားမထောင်ခဲ့ဘူး"

မျက်ရည်တွေကြားထဲက သူမက မျက်နှာလေး ညှိုးလျှလျှနှင့် ပြောနေ၏။

ကြွေပါပြီ။ စိုးဒေဝါအချော့အခွယ် ပရိယာယ်တွေကြားထဲမှာ လင်းခများ ကြွေသွားပြီလေ။

"တို့ကို ... စိတ်မဆိုးဘူး မဟုတ်လား"

"နောက်ရိုက်ရင် စိတ်ဆိုးမှာပဲ"

"အခုကော"

"စိတ်မဆိုးလို့ စကားပြန်ပြောနေတာပေါ့ ... ဒါပေမယ့် အစ်ကိုလုပ်တာ မကောင်းဘူး ... လင်းကို စော်ကားတာ လင်းကို ရိုက်တာထက်နာတယ်"

သိပါတယ်။ နမ်းတာကို ပြောတာ။ နမ်းခဲ့တာ အပြစ်လား။

"တို့ လင်းကို ချစ်လို့ ... လုပ်မိလုပ်ရာ လုပ်ခဲ့တာပါ လင်းရာ ... လင်းကိုလေ တို့ချစ်တယ် ... တွေ့စကတော့ ရိုးရိုးသားသားပါပဲကွယ် ... ဒါပေမယ့် ခုလို နှစ်ယောက်တည်း သွားလာနေမိတော့လည်း တို့ရင်ထဲမှာ ငြိတွယ်လာတယ် အဲဒါ ဘာလဲ ... မမြင်ရတဲ့ ကြိုးကလေးတစ်မျှင်ပဲ ... ဒီကြိုးဟာ ရွှေကြိုးထက်လည်း သာတယ် ... ငွေကြိုးနဲ့လည်း မလဲနိုင်ဘူး ... ဘာကြိုးလည်း သိလား"

"ဘယ်သိမလဲ"





"စဉ်းစားပါဦး"

"ဖူးကျိုးကာလား"

"ဟိုက်"

ကောင်မလေးက ရွံ့ပြီး ရှင့်ရှင့်သီးသီးပြောချလိုက်သည်။ ပြီးတော့ ရယ်မောနေသည်။

စိုးဒေဝါ ခပ်တည်တည်ကြီးနှင့် သူ့ရင်အုံမှို့မှို့ကားကားကို ပုတ်ပြ၍

"အသည်းနှလုံးထဲက သံယောဇဉ်ကြိုး ... အသည်းနှလုံးထဲက သံယောဇဉ်ကြိုး"

"အစ်ကို ဒီစကားလေးတွေနဲ့ ကောင်မလေးတွေအပေါ် အနိုင်ယူလာတာ ဘယ်နှစ်ယောက်ရှိသွားပြီလဲ ... ဟင် အစ်ကိုရဲ့ ပြောစမ်းပါဦး ... မိလင်းကကော ဘယ်နှစ်ယောက်မြောက်လဲ"

စိုးဒေဝါ ကြောင်သွား၏။ အနည်းငယ်ကြာမှ ပြုံးမလို တည်မလို လုပ်သော လင်းအား

"ဟာကွာ ... မိလင်းကလဲ"

ပြောသည်။ လက်ဝါးထဲ ရေနှင့်ပက်၏။

မေတ္တာရေပါနော်။

"အစ်ကိုက ချောတယ် ... စကားပြောနားထောင်ကောင်းတယ် ... သတ္တိလည်းရှိတယ် ... အစ်ကိုက ခပ်တည်တည်ကြီးနေပေမယ့် အဲဒီတည်တည်ကြီးနေတာကိုက မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးအတွက် ဘဝမိုးစွဲမက်စရာကောင်းတယ် ... ဒီလို လူမျိုးဟာ မ[illegible]လေးနဲ့ မကင်းနိုင်ဘူး ... မိန်းကလေးတွေကလည်း အစ်ကို့ဆီ ခိုက်သွားမှာပဲ"

[illegible] ... [illegible]မှန်လိုက်တာ။

လင်း[illegible]ကောင်းသည်။ သိပ်ကို ဟုတ်၊ သိပ်ကိုမှန်။

[illegible] စိုးဒေဝါ ငေးမှေ့ရ၏။

"ဟို့ ဘဝ[illegible] ချစ်ခဲ့ပါဘူး ... လင်းနဲ့တွေ့ပြီးမှ လင်းနဲ့ သွားလာ[illegible]"

"ဟင်း ... [illegible]အသည်းတဲ့လား"

"ယောက်ျား[illegible] အနေရင် အသည်းမာတဲ့ရောဂါဖြစ်ပြီး[illegible] ... ဖျော့ဖျောင်းတဲ့နှလုံးသားရှိသူဟာ အချစ်ကို [illegible] ... အချစ်ကြောင့် သံယောဇဉ်နှောင်ကြိုး[illegible] ဖြစ်လာတယ် ... ဟောဒီစမ်းရေကို တားလို့[illegible] ... ယောက်ျားတွေရဲ့ အသည်းနှလုံးက စီးဆင်းလာ[illegible]ချင်ကိုတော့ တားလို့ မရဘူး"

"ဘုရား ... ဘုရား [illegible]ဒေဝါမှ ဟုတ်ရဲ့လား"

"လင်းကော [illegible] ... ဘုရား သတင်းထောက်မှ ဟုတ်ရဲ့လား"

[illegible]ဆိုတော့ စိုးဒေဝါကလည်း နောက်[illegible] လင်းကို ဖက်လိုက်သည်။





"အစ်ကို"

"အင်း ... "

"လင်း အစ်ကို့ကို ချစ်တယ် မချစ်ဘူးဆိုတာ လင်းစိတ်ထဲမှာ ဝေခွဲလို့ မရသေးပါဘူး အစ်ကိုရယ် ... ဒီတော့ လင်းကို ချစ်တယ်ဆိုရင် ဖက်လား ပြလားတော့ မလုပ်ပါနဲ့ အစ်ကိုရယ်"

"လင်းက အသာမိကော သာမိကောလား"

"ဘာလဲ ... နားမလည်ဘူး"

"ဟာကွာ ... လင်ရှိ မရှိမေးတာ"

"အင်္ဂလိပ်လိုပဲ ဖြေမယ် ... နိုး"

"ဘာနိုးလဲ"

"ယူနိုးအိုင်နိုး နှစ်ယောက်နိုးတော့ သူခိုးထွက်ပြေးရောတဲ့"

"ဟာကွာ ... ရယ်စရာ မလုပ်စမ်းပါနဲ့"

"ရယ်စရာက အစ်ကိုလုပ်နေတာ ... တောကြီးမျက်မည်းထဲမှာ မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောနေတာ တာဇံများအောက်မေ့နေသလား ... လွှမ်းစမ်းပါ အစ်ကိုရယ် ... ဒီဒုက္ခတွေထဲက လွတ်မြောက်သွားရင် မိလင်း အစ်ကို့ကို တိတိကျကျ အဖြေပေးပါ့မယ်"

မိန်းကလေးတစ်ယောက်ကို စိုးဒေဝါ အနိုင်မကျင့်တော့ပါ။ သူမတို့၏ နှလုံးသားကိုလည်း ဓားပြမတိုက်တတ်ပါ။

မချင့်မရဲ မျက်နှာလေးနှင့်သာ လင်းကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပခုံးတွေကို ဖက်ထားသော လက်တွေကို လွှတ်လိုက်သည်။

စမ်းရေပြင်ထဲတွင် အလျားလိုက် ဒိုင်ပင်မှန်းခန့် ထိုးချသွားသည်။

သူတို့နှစ်ယောက်လုံး အဝတ်အစားတွေတောင် မချွတ်ဘဲ မိနစ်အတော်ကြာကြာကြီး ရေချိုးကြသည်။

ချမ်းလာသည်။ ကမ်းပေါ်တက်၏။

အဝတ်အစားလဲသည်။ လင်းသည် ထဘီနှင့် ရှပ်အင်္ကျီတစ်ထည်ကို လဲသည်။

ဘောင်းဘီကိုရော အထက်က အင်္ကျီတွေရော လျှော်ဖွပ်လှန်းသည်။

နေရောင်က သဘောကောင်းစွာ ပွင့်နေသည်။

စိုးဒေဝါ လင်းကို ကျေကျေနပ်နပ်ကြည့်၏။

ဗလင်တီနိုဆံပင်တွေကို လင်းက လက်ချောင်းများနှင့် ထိုးဖွထားသဖြင့် ပွရှုနေသော ဆံပင်များမှာ လင်းနှင့် လိုက်ဖက်သည်။ အတော်လှတဲ့ မိန်းကလေး။

"အင်း ... ခုမှပဲ မိန်းမနဲ့ တူသွားတယ်"

"မိန်းမနဲ့ တူတော့ ဘာဖြစ်သလဲ"

"မိန်းမနဲ့ တူတော့ ရည်းစားစကားပိုပြောလို့ ကောင်းတာပေါ့"

"အစ်ကိုနော် ... လာပြန်ပြီ ဒီစကား"

"လင်းမှာ အပြောမခံနိုင်အောင် လင်းမှာ ချစ်သူရှိနေလား"





လင်းက မျက်နှာလေး ညိုသွားသည်။ ကျောပိုးအိတ်ကောက်လွယ်သည်။ အဝတ်ထည့်အိတ်ကို ဆွဲသည်။

"လင်း"

လင်းက ရှေ့မှ သွားရာမှ ရပ်သည်။ သမင်လည်ပြန်ကြည့်သည်။ စိုးဒေဝါက သူ့အဝတ်ထည့်သေတ္တာကိုဆွဲရင်း

"လင်း ... အဲဒီကျောပိုးအိတ်ထဲမှာ ဘာတွေပါသလဲ"

"အစ်ကို့ကို ပြောပြီးပါပကော ... ဒီအထဲမှာ ထဘီတွေ ထည့်ထားတယ် ... ရွှေချောင်းတွေပါတယ် ... ဘာလို့ မေးတာလဲ"

"တို့ကိုင်ထားတဲ့ အိတ်ကြီး ကိုးလိုးကန့်လန့်နဲ့ ထားပစ်ခဲ့ချင်ပြီ"

"နှမြောစရာ အစ်ကိုရယ် ... နိုင်ငံခြားဖြစ်အိတ်ပဲ"

"ဆွဲလာရတာ စိတ်မရှည်တော့ဘူး"

"အစ်ကိုရယ် ... ယောက်ျားပဲ ယူလာခဲ့စမ်းပါ"

ရှေ့မှ ထွက်သွားသည်။ စိုးဒေဝါ နောက်က လိုက်သည်။ တစ်နာရီအကြာတွင် လှည်းလမ်းကလေးတစ်ခုသို့ ရောက်လာ၏။

"ဒီလမ်းဟာ လှည်းလမ်းကြောင်းတစ်ခုပဲ ... ရွာနဲ့တော့ နီးနေပြီ"

ဝမ်းသာအယ်လဲ လေသံနှင့် လင်းက ပြောသည်။ လှည်းလမ်းကြောင်းသည် ဘေးက တောင်ကုန်းမြင့်လေးနှစ်ခုကြား



www.burmeseclassic.com

www.burmeseclassic.com



မှ ဖောက်ထားသည်။

ခဏဆက်သွားသည်။

လင်းသည် အသက်ရှုမြန်လာသည်။ မျက်နှာကူ ဖျော့တော့လာသည်။

သူမသည် ကိုယ်ခန္ဓာ၏ ဟိုဘက်နားက ယားသလို ဒီဘက်က ယားသလို ကုတ်လိုက် ခန္ဓာကိုယ်ကို ရိုက်လိုက် ပြုလာသည်။

"လင်း ... ဘာဖြစ်သလဲ"

"သွားရင်း အကြောတွေ တက်လာသလိုပဲ ... ပြီးတော့ အင်း ... အပြင် ... အဲ"

လမ်းသွားလျှင် လင်း ဒီလိုပဲ ဖြစ်လေ့ဖြစ်ထရှိသည်။ စိုးဒေဝါ ရိပ်မိ၏။

"အောင့်ထားလို့ မရရင်တော့ ထုတ်ပစ်လိုက်ပေါ့ ... အန္တရာယ်ဆိုတာ လွယ်မထားကောင်းဘူး"

"ဒီမှာ ခဏစောင့်နေနော် ... လင်းအခု ပြန်လာခဲ့မယ်"

ဘေးမှ သစ်ပင်တွေကြားထဲ လင်းဝင်သွားသည်။ စက္ကန့်ပိုင်းလောက်ပဲ စိုးဒေဝါစောင့်လိုက်၏။

လင်းဝင်သွားရာဘက်ကို စိုးဒေဝါ လိုက်သွားသည်။

သစ်ပင်တွေ ချုံတွေကို ဖြတ်သည်။ ခြေသံမကြား အောင်သွား၏။ ရှေ့လေးငါးလှမ်းအကွာတွင် မြေကွက်လပ်လေး ရှိ၏။





လူလေးငါးယောက်လောက် ထိုင်သာသော မြေကွက်လပ်ဖြစ်သည်။

ထိုနေရာတွင် လင်းသည် မုဆိုးဒူးထောက်ထိုင်နေသည်။ ကျောပိုးအိတ်ထဲမှ ပ[illegible]တစ်ခုခုကို နှိုက်ယူနေသည်။

ပုလင်းတစ်လုံးနှင့် ဆေးထိုးအပ်တစ်ခုပါလာသည်။ ပုလင်းထဲတွင် ဖြူဖြူရည်တွေရှိနေ၏။ စိုးဒေဝါ လင်းလုပ်ပုံတွေကို ပိစပ်ပင်၊ ထောလပတ်ပင်တွေကြားထဲက ချောင်းကြည့်နေသည်။

ခဏအကြာ သူမ၏ ရုပ်အင်္ကျီလက်မောင်းကို ပင့်ကာ လက်ဖျံရင်းတွင် ဆေးထိုးအပ်တင်လိုက်သည်။

သူမကို စိုးဒေဝါက ခုန်အုပ်လိုက်၏။

နှစ်ယောက်သား လုံးထွေးသွားကြသည်။ စိုးဒေဝါ လက်ထဲတွင် ဆေးထိုးအပ်နှင့် ပုလင်းပါသွား၏။

"ဒါ ဘာလုပ်တာလဲ"

စိုးဒေဝါမျက်နှာက တင်းမာနေသည်။ မေးလိုက်သံကလည်း ဒေါသသံ ပါနေသည်။

"ပေးပါရှင် ... လင်းကိုပေးပါ ... လင်းအတွက် အဲဒါ သိပ်အရေးကြီးတယ်"

"မင်းမဟုတ်တာတွေ လျှောက်လုပ်နေတာပဲ ... ဒါဘာလဲ"

ပြောပြီး စိုးဒေဝါပုလင်းထဲက ဖြူဖြူရည်တွေကို ကြည့်၏။ ပုလင်းမှာ လက်ညှိုးသာသာရှိ၏။ ဆေးထိုးအပ်ထဲက ဖြူဖြူရည်တွေကို လက်နှင့် ဆေးထိုးအပ်ကို ပင့်တင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရည်တွေ အနည်းငယ်ပန်းထွက်လာသည်။

စိုးဒေဝါ ပုလင်းကို နမ်းသည်။

"ဟား … ဒါမော်ဖီးယားတွေပဲ … မင်းမော်ဖီယာတွေကို သုံးနေတယ်ပေါ့"

"အစ်ကိုရယ် … ကျွန်မကို ငဲ့ညှာပါဦး … ဒီဟာတွေဟာ ကျွန်မရဲ့ အသက်ဆက်ဆေးပါ … ဒါမရရင် ကျွန်မ သေလိမ့်မယ် … အိုး … အီး"

သူမပြောသံအဆုံး ညည်းသံထွက်လာသည်။ သူမ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

မျက်နှာတွင် လူသေမျက်နှာလို ဖြူရော်ပြီး ချွေးသီးချွေးပေါက်တွေ ထွက်နေသည်။

လက်တွေက တုန်နေသလို သူမကိုယ်ကို ဟိုထုဒီထု လုပ်နေ၏။

ယင်းထနေပါပကော။

စိုးဒေဝါ မော်ဖီးယားအကြောင်းကို နားလည်သည်။

ဘိန်းမှ ထုတ်လုပ်သည့် နံပါတ်တစ်အဆင့်ဖြစ်သည်။ အရင်းရှင်နိုင်ငံကြီးများတွင် မာဖီးယားဂိုဏ်းသားတို့၏ တရားမဝင် ရောင်းဝယ်နေကြသော မူးယစ်ဆေးဝါးဖြစ်၏။

စိုးဒေဝါ အံ့လည်း အံ့သြသည်။ ဒေါသလည်း ဖြစ်နေသည်။

"မင်း ဒီပစ္စည်းကို … အသုံးပြုနေတယ်ပေါ့ … ဒါဟာ မင်း





သေမင်းကွ နားလည်လား"

"နားလည်ပါတယ်ရှင် … ကျွန်မကို ပေးပါ အစ်ကိုရယ် … ဒါမှ မရရင် ကျွန်မ သေရပါလိမ့်မယ်"

"သေချင်သေကွာ … မပေးဘူး … ဘာလို့ ပေးရမှာလဲ"

"ကျွန်မကို … အား"

သူမ မတိုးမကျယ်လေး ညည်းသည်။

အကြောအခြင်တွေ တောင့်တင်းပြီး ယားယံသလို ဖြစ်နေသဖြင့် သူမကိုယ်ကို တွန့်လိမ်ကုတ်သည်။

ပါးစပ်ကလေး ရွဲ့ထွက်သွားသည်။ မျက်နှာ ရှုံ့ကာ သွားရည်တွေ ယိုစီးလာ၏။

ဒီလိုဆိုတော့လည်း စိုးဒေဝါရင်ထဲမှာ ဂရုဏာသက် စိတ်ဝင်သွား၏။

သူသိချင်တာကို မေးသည်။

"မင်း ဘယ်သူလဲ"

"ကျွန်မ ဖြိုးဝေလင်း သတင်းထောက်"

"မင်းမလိမ်နဲ့ … ဘယ်နည်းနဲ့မှ ဖြိုးဝေလင်း မဖြစ်နိုင်ဘူး သတင်းထောက်တစ်ယောက်ဟာလည်း တော်ရုံတန်ရုံနဲ့ မူးယစ်ဆေးဝါးကို တို့နိုင်ငံမှာ မသုံးစွဲနိုင်ဘူး … မင်းမှန်မှန်ပြော"

"ကျွန်မ … ကျွန်မ ဖြိုးဝေလင်းပါ … ပေး … ပေးပါရှင် ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမက စိုးဒေဝါဆီက ဆေးထိုးအပ်နှင့် ပုလင်းကို လုယူမည်ပြုသည်။

စိုးဒေဝါ သူမကို တွန်းပစ်လိုက်၏။ ပြီးမှ စက်ဆုပ်ရွံရှာသံနှင့်

"မင်း ဖြူးဝေလင်း မဟုတ်ဘူး ... ခွေးမ ... ငါ့ကို ဗန်းပြပြီး မင်းတစ်နေရာက ထွက်ပြေးလာတဲ့ မူးယစ်ဆေးဝါးသုံးတဲ့ မိန်းကလေးပဲ ဖြစ်ရမယ် ... မင်းဘယ်သူလဲ"

မြေပေါ်တွင် သူမ တွန့်လိမ်နေ၏။ ထဘီတွေပင် အထက်ကို လန်တက်လာသည်။

"ကို ... ကိုစိုးဒေဝါ ... ရှင် ... ရှင် ... ကျွန်မကို ကြိုက် ကြိုက်သလိုအသုံးချ ... ချပါရှင် ... ဒီဆေးကို ကျွန်မကို ပြန်ပေးပါ ... ကျွန် ... ကျွန်မ မနေနိုင်တော့ဘူး"

"မနေနိုင်ရင် သေကွာ ... မင်းဘယ်သူဆိုတာ အမှန်အတိုင်း မပြောမချင်းတော့ ငါမပေးနိုင်ဘူး"

"ရှင်ပေးမလား ... မပေးဘူးလား"

သူမသည် ဖျစ်ညှစ်ထသည်။

သူမ၏ ကျောပိုးအိတ်ထဲက တစ်စုံတစ်ခုကို ဆွဲ[illegible] လိုက်၏။

ပီဘာရက်တာ ပစ္စတိုလ်လေး။

စိုးဒေဝါကို မယှဉ်နိုင်ပါ။

စိုးဒေဝါက သူမ၏ သေနတ်ကို လုယူကာ တစ်[illegible]





ရာသို့ ပစ်ချလိုက်၏။

ပြီး ... သူမ၏ မျက်နှာကို စေ့စေ့ကြည့်၍

"မင်းဘယ်သူဆိုတာ အမှန်ကို မပြောမချင်း ဟောဒီဆေးကို မပေးဘူး ... ငါမြေပေါ်သွန်ချလိုက်မယ်"

သူက ပြောပြီးတော့ ကျောပိုးအိတ်ကို လှန်းယူလိုက်သည်။

ဒီစဉ်မှာ တစ်နေရာက သေနတ်ကို လင်းက အားယူပြီး ဝမ်းလျားထိုးသွားယူလိုက်သည်။

လက်ထဲ သေနတ်ပါသွားသည်။

မြန်လိုက်တာ

ဆေ့(ဖ်)လုံခြုံရေးခလုတ်ကို ဖြုတ်၍ အီဂျက်တာကို ဆွဲတင်လိုက်သည်။

သူမ သေနတ်ပြောင်းက စိုးဒေဝါဘက် လှည့်လာသည်။ စိုးဒေဝါခြေထောက်က ထိုသေနတ်ကို ကန်ထည့်ပစ်လိုက်သည်။

"ဒိုင်း"

သူမ မောင်းပြုတ်အောင်တော့ ဖြုတ်ချလိုက်သေးသည်။

ကျည်ဆန်က လွဲထွက်သွားသည်။

"တယ် ... ငါတီးလိုက်ရရင်"

စိုးဒေဝါ ဒီလောက်သာ ရွှေတ်လျက် သူမနားတွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

"မင်း ဖြိုးဝေလင်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ... သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင်မပစ်တတ်ဘူး ပြောပြီး ခုပစ်တာက တကယ့်သေနတ်ကိုင်နေကျ အတိုင်းပဲ"

ဟု ဆိုလိုက်ပြီးမှ စိန်းစိန်းကြည့်ကာ ပြောချလိုက်သည်။

"မင်း နိုင်မ မဟုတ်လား ... ခင်စောနိုင်ခေါ်တဲ့ သောင်းကျန်းသူ ခေါင်းဆောင် နိုင်မ"

ပစ်ချက်ကောင်းသည်။

ငနဲမလေး တစ်ခါတည်း ငြိမ်ဆင်းသွားသည်။ နောက် မချိမဆံ့လေသံနှင့်

"ဟုတ်တယ် ... ကျွန်မ နိုင်မပါပဲ ... ကျွန်မကို ဒီဆေး မပေးရင် ကျွန်မကို ပစ်သတ်လိုက်ပါရှင်"

မိန်းကလေးပေါ်တွင် ရက်စက်တတ်သောစိတ်ဓာတ် စိုးဒေဝါတွင် မရှိပါ။ ကြင်နာတတ်သော နှလုံးသည်းပွတ်သာ သူ့ရင်ထဲတွင်ရှိ၏။

"မင်းကွာ ... တကယ်မိုက်တယ် ... တစ်လမ်းလုံး ငါမင်းအကြောင်း စဉ်းစားနေတယ် ... သာမန်မိန်းကလေးတွေ မလုပ်ရဲတဲ့ သွေးအေးအေးနဲ့ လူသတ်တဲ့အလုပ်ကို မင်းလုပ်လိုက်ကတည်းက မင်းဟာ ဖြိုးဝေလင်း ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူးလို့"





"ကျွန် ... ကျွန်မ နိုင်မပါ ... ကျွန်မပစ္စည်းပြန်ပေးပါ ... ကျွန်မ ဒါမရရင်မဖြစ်ဘူး"

ချွေးတွေ စို့ရွှဲအောင် ထွက်လာသော သူမမှာ အားမရှိသလိုဖြစ်နေ၏။ နှုတ်ခမ်းတွေမှာ သွေးမရှိ။

"ငါမေးတာတွေ ဖြေရင် မင်းကို မင်းဥစ္စာပြန်ပေးမယ် ... ဖြိုးဝေလင်း ဘယ်မှာလဲ"

"ဖြိုးဝေလင်းကို ကျွန်မအစ်ကို ဖြိုးမောင်က ဖမ်းထားတယ်"

"ဟင် ... ဟိုခင်သက်ထားဦးကော"

"ကျွန်မတို့ အဖွဲ့ကပါ ... သူက ကျွန်မကို ရှင်နဲ့တွေ့အောင် ဖန်တီးပေးခဲ့တဲ့သူ"

"ဖြိုးဝေလင်း ဘယ်ရောက်သွားလဲ"

"အဲဒါတော့ ကျွန်မ မသိဘူး ... သူ့ကို အစိုးရသတင်းပေးဆိုပြီး အစ်ကိုဖြိုးမောင်ဖမ်းပြီး ကျွန်မကို ဖြိုးဝေလင်း အယောင်ဆောင်ခိုင်းလိုက်တာပဲ"

"ဘာအတွက် ဆောင်ခိုင်းလိုက်တာလဲ"

"အဲဒီဆေးကို ကျွန်မပေးပါရှင်"

"မင်း သေဆေးကို မင်းတောင်းမနေနဲ့ဦး ... ငါမေးတာ ဖြေ"

ယင်းထနေသော ဝေဒနာကို မခံနိုင်တော့သည့် သူမသည် စိုးဒေဝါကို ရေရေလည်လည်ဆဲသည်။ မျက်ဝန်းမှ မျက်



www.burmeseclassic.com

ညည်ပေါက်တွေ လိမ့်ဆင်းလာသည်။

"အေးပါကွာ ... ငါမေးတာ ဒီတစ်ခွန်းတည်းဖြေပါ ... မင်းကို မင်းပစ္စည်းပေးလိုက်ပါ့မယ်"

နိုင်မ သူ့လက်ထဲမှာ ရှိတာမို့ စိုးဒေဝါက နှ[illegible] လေသံပေးသည်။

"ကျွန်မ ... ကျွန်မမှာ ရန်ကုန်က အဆက်အသွယ်[illegible] ရှိတယ် ... အဲဒီအဆက်အသွယ်တွေ လက်ထဲ ဒီပစ္စည်း[illegible] ပေးရမယ်"

"သူတို့က ဘယ်သူတွေလဲ"

နိုင်မမှာ မော်ဖီးယားဆေးထိုးလိုတာနှင့် ဘာ[illegible] မစဉ်းစားနိုင်ဘဲ အမည်တွေကို ပြောချလိုက်သည်။

"ဒေါ်ရော်သီဝင်းမင်းနဲ့ ဒေးဗစ်ဆိုတဲ့ လူပါ"

"သြော် ... သူတို့ကိုး"

မမျှော်လင့်သော နာမည်တွေကို ကြားရ[illegible] မအံ့သြပါ။ ဒီလူစားတွေက ဒါတွေပဲ လုပ်မည်။

"ရော့"

သနားစဖွယ်လား၊ ရွံရှာစက်ဆုပ်ဖွယ်လား ဆုံး[illegible] လို့ မရအောင်ဖြစ်နေသည့် နိုင်မကို သူဆက်မကြည့်လို[illegible] ဆေးထိုးအပ်နှင့် ပုလင်းကို ပေးခဲ့သည်။ စိတ်ထိခိုက်တာ[illegible] ပါသည်။





ကျော်ခိုင်းခဲ့၏။

တစ်နေရာတွင် မတ်တပ်ရပ်ကာ စဉ်းစား၏။ သူ့[illegible]တွက် လုပ်နိုင်ဘာ တစ်ချက်ပဲရှိသည်။

နိုင်မကို အပိုင်ဖမ်းခေါ်ရုံပဲ ရှိသည်။ နိုင်မကို ဖမ်းရာ[illegible]င် လွယ်မည်ဟုတော့ ယူဆ၏။

နိုင်မက ဖြိုးဝေလင်းယောင်ဆောင်၍ အမှောင်မှ[illegible]င်းထဲသို့ သူ့အားကိုးနှင့် တိုးဝင်လာကာ ဒေါ်ရော်သီဝင်းမင်းနှင့် [illegible]ဗစ်တို့နှင့် ဆက်သွယ်မှုကို ရယူပေလိမ့်မည်။ သူပါလာလျှင် [illegible]ဒေဘောင်အတွင်းမှ ဥပဒေသမားတွေက နိုင်မကို ရှာဖွေကြလိမ့်[illegible]မည်မဟုတ်။

နိုင်မက သူ့ကို လှည့်ကွက်နှင့် အသုံးချသွားခဲ့ပါပြီ။ ဒါဆို နိုင်မ ဘာတွေ ယူလာသလဲ။

သူနှင့် တစ်ဝက်စီ ခွဲဝေယူမည့် ရွှေချောင်းဆိုတာ [illegible]ာ့ ဟုတ်ချင်မှ ဟုတ်မည်။

တကယ်ဟုတ်ရမှာက မော်ဖီးယားဖြစ်မည်။

ဒီမော်ဖီးယားတွေကို သူမ၏ ကျောပိုးအိတ်ထဲသို့ [illegible]ည့်ယူလာလျှင်ကော။

အတွေးက ဝင်လာသည်နှင့် စိုးဒေဝါခြေလှမ်းတွေ [illegible]တ်တွေဘက် ပြန်လှည့်လိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၁၂)

"ဒိုင်း ... ဒိုင်း"

မထင်မှတ်သော သေနတ်သံနှစ်ချက်။

စိုးဒေဝါကြည့်သည်။

အဝေးတွင် လူတစ်စု။

အော်ဟစ်ဆဲဆိုသံများက သူ့ဘက်ကို လွင့်မျော သည်။

သေသေချာချာ နားထောင်တော့။

"မအေပေး စိုးဒေဝါ ... မအေပေး မပြေးနဲ့"

အော်ဆဲသံ။

ဟိုက် ... ဘချောတို့ လူစု။

အဲဒီလူစုကို သူမခံနိုင်ပါ။ လူများစုဖြစ်သည့်အ လက်နက်လည်း စုံသည်။

သူ့မှာက ဒီတောထဲမှာ တစ်ယောက်တည်း





သေနတ်ကတော့ ရှိ၏။ ရှိသည့်သေနတ်ကလည်း ကျည်ဆန်တစ်ထောင့်တည်း။

"နိုင်မ ... ဟေ့ နိုင်မ"

သူက လှမ်းခေါ်သည်။ နိုင်မရှိရာသို့ ပြေးသည်။

အဲ ... သွားပြီ။

နိုင်မ သူမ နေရာတွင် မရှိတော့။ ကျောပိုးအိတ်ရော လူပါ ပျောက်သွားသည်။

အဝတ်ထည့်အိတ်ပါ ပါသွားသည်။

နိုင်မ သေနတ်သံကြားကတည်းက လစ်သွားပြီး ထင်သည်။

စိုးဒေဝါ လှည်းလမ်းကြောင်းဘက် ပြန်ထွက်သည်။

လိုက်လာသော ဘချောတို့ လူစုက အပြေးအလွှား ကို လာနေသည်။

သေနတ်နှင့် နောက်ထပ်လှမ်းပစ်သည်။ စိုးဒေဝါ အဝတ်ထည့်သေတ္တာကိုတောင် မယူနိုင်တော့။

တစ်ချိုးတည်းစွတ်ပြေးသည်။

ဘာရှုံးပေးရမှာတုံး။

လက်နှစ်ဖက်သုံးမရတော့ ခြေထောက်ပေါ့။

မွေးကတည်းက မအေပေးထားတဲ့ ခြေထောက် ရှိနေတာပဲ။

"ဟေ့ကောင် ခွေးမသား ပုလိပ်စုတ် ... မပြေးနဲ့ ... မပြေးနဲ့"

ခေတ်ဟောင်းက ဝေါဟာရကို နှုတ်ကျိုးနေသော



www.burmeseclassic.com

www.burmeseclassic.com



ဘချောက အော်သည်။

သေနတ်နှင့် လှမ်းပစ်သည်။ စိုးဒေဝါ လှည်းလမ်းကြောင်းအတိုင်း ပြေးလို့ မဖြစ်ပါ။

အကာအကွယ်မဲ့နေသည်။ ဟာလာဟင်းလင်းဖြစ်နေသည်။

နောက်လိုက်လာသော ကျည်ဆန် တစ်ဆန်ဆန်က သူ့ခန္ဓာကိုယ်တစ်နေရာကို မြည်းသွားနိုင်သည်။

ဒီအတွက် ဘေးထဲ ဖွဲ့ဝင်သည်။

ဟပ်ထိုးလဲသွားသည်။ ရှေ့တွင် ကျွန်းပင်ကြီးနှင့် ဝါးတောတွေရှိနေသည်။

အဲဒီ ဝါးတောထဲကို သူဝင်သည်။

ဝါးတောသည် ကိုယ်ယောင်ဖျောက်လို့ အကောင်းဆုံးဖြစ်သည်။

ဝါးတော၏ အောက်ခြေတွင် အစို့ထွက်နေသော မျှစ်ထွားထွားကြီးတွေ ရှိနေလေသည်။

ဒီမျှစ်တွေကို သူတက်နင်း၍ ဝါးတောအရင်းမှ ကပ်ပြေးသည်။

ဝါးတွေက ထူထပ်စွာ ပေါက်နေပြီး ပြေးလမ်းကျဉ်းသည်။

ကိုက်သုံးလေးရာလောက်ပြေးလိုက်လျှင် သူ့အဖို့ ဆက်ပြေးနိုင်အောင် ဝါးတောက ပိတ်နေသည်။

အပြေးရပ်လိုက်သည်။ မောနေသည်။ ရင်အုံကျယ်





ကြီးက မြင့်ချည်နိမ့်ချည်ဖြစ်နေသည်။

ဝါးပင်တွေကြားထဲ တိုးကပ်လိုက်သည်။ လှည်းလမ်းဘက်မှ အသံတွေ ကြားရသည်။

“ဒီကောင် ... ဒီဘက်ဝင်သွားတယ် ထင်တယ်”

“အားလုံးပြုမလိုက်နဲ့ တစ်နေရာတည်း တို့လိုက်လို့ တခြားနေရာက ဒီကောင်လွတ်သွားရင် လွတ်သွားမှာ”

“လူစုခွဲရင် ကောင်းမယ် ကိုဘချော”

“အေး ... ဟုတ်တယ် ... အေးဟန်နဲ့ ပုတူး ... သန်းအေးငြိမ်းမောင် ... မင်းတို့က လှည်းလမ်းကြောင်းဆက်ပြီး လိုက်သွား ... တွေ့ရင် ပစ်သာပစ် ... ကောင်မကို တွေ့ရင် ခေါ်ခဲ့ ... မသတ်နဲ့”

“ကျွန်တော်တို့ လှည်းလမ်းရဲ့ ညာဘက်ကို လိုက်မယ် ကိုဘချော”

“ကြွက်နီနဲ့ ဆေးရိုးက မင်းတို့ပြောတဲ့အတိုင်း သွားကြ ... ငါနဲ့ တေးက ဒီညာဘက်က ကျွန်းပင်တွေကြားထဲ လိုက်မယ်”

တစ်ယောက်နှင့် တစ်ယောက် အော်ပြောနေကြသည်။ အသံတွေက တစစ စဲသွားသည်။

စိုးဒေဝါ ဝါးပင်ရင်းနားမှာ ငြိမ်သက်နေ၏။ တစ်တောင့်တည်း ကျည်ဆန်ရှိနေသော သေနတ်ကို သူအသုံးမချလိုပါ။ ခါးကြားတွင်ရှိသော တုတ်ဓားကို သူစမ်းနေမိ၏။

ရန်သူကို ညာတာလိုစိတ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ၏ ရန်ဆူးရန်ငြောင့်တွေကို ပြတ်ပြတ်သားသားသုတ်သင်ပစ်ရသည်။

နိုင်မအတွက် စိတ်မပူ။

ဒီဟာမသည် သူ့ကို လှည့်စားခဲ့၏။ မိမိမှာ အလှည့်စားခံဖြစ်ခဲ့သည်။ ဖြူးဝေလင်းအတု လုပ်ခဲ့သည်။ ခုတော့ ပြေးပြန်ပြီ။ ခြေသံတွေ ကြားရစပြုသည်။

စိုးဒေဝါ ဝါးရုံပင်တွေကို ကြည့်ရင်း ကြက်သေသေနေသည်။ ငန်းမြွေကြီးတစ်ကောင်။

အနက်နှင့် အဝါကျားအရောင်ရှိသော ငန်းမြွေကြီးတစ်ကောင်သည် ဝါးရုံပင်တွေ ကြားထဲမှ ထွက်လာသည်။

ချွန်သယောင်နှင့် လုံးနေသော နှုတ်သီး။ သုံးထောင့်ပုံသဏ္ဌာန်ရှိသော ခေါင်းနက်နက်ကြီးနှင့် မည်းနက်တောက်ပြောင်၍ ကြောင်တောင်တောင်မြူးတူးတူး မျက်လုံးတို့က အနီးမှာ ရန်သူရှိသည်ဟူသော အမှတ်လက္ခဏာကို သိဟန်ရှိသည်။

ဝါးရုံပင်တွေ အထက်ကြားမှာ ငြိမ်သက်သွားသည်။

စိုးဒေဝါနှင့် လက်တစ်ကမ်းအလိုမှာပဲ ရှိသည်။ စိုးဒေဝါ ငြိမ်နေသည်။ မျက်လုံးတွေက မြွေကြီးကို စိုက်ကြည့်နေသည်။

မြွေကြီးက ခေတ္တငြိမ်ကာ စိုးဒေဝါကို စိုက်ကြည့်နေ၏။ တောကြီးမြွေဟောက်ခေါ် ငန်းမြွေလောက် အဆိပ်ပြင်းတာမျိုး ကမ္ဘာမှာ မရှိဟု ကြားဖူးသည်။

ဒေါသကြီးသည်။ အငြိုးကြီးသည်။ ရန်လိုသည်။ သူ





အဆိပ်က ထိလိုက်လိုက်လျှင် ဘုန်းခနဲ လဲနိုင်သည်။

အဆိပ်ပြင်းသလို ခန္ဓာကိုယ်တွင်း လျှင်မြန်စွာ ပျံ့ကာ နှလုံးသွေးယိုပြီးတော့ အာရုံကြောတွေ ပျက်စီးနိုင်သည်ဟု ကြားဖူးသည်။

စိုးဒေဝါမလှုပ်ပါ။ ငန်းမြွေကြီးက ခေတ္တလှေလာစူးစိုက်ပြီးမှ ရန်သူမဟုတ်ဟု ယူဆဟန်နှင့် ခေါင်းနှင့် လည်ပင်းကို လန်းလန်း လန်းလန်းနှင့် ဆန့်ထောင်သည်။ စိုးဒေဝါဘက်ကို လှမ်းကူးလိုက်၏။

စိုးဒေဝါအသည်းတွေ အေးဆင်းသွား၏။

နဖူးတွင် ချွေးများ စို့လာသည်။

သူမလှုပ်ရဲ။

လှုပ်လိုက်တာနဲ့ မြွေစွယ်ကောက်ကောက်တွေက သူ့လည်ကုပ်ထဲ နစ်ဝင်သွားလိမ့်မည်။ နှလုံးက တုန်နေသည်။

သူ့စိတ်ကို ချက်တိုင် လက်နှစ်လုံးအောက်တွင်ထားသည်။ ငြိမ်အောင် စူးစိုက်နေ၏။ စိတ်ငြိမ်တော့ ခန္ဓာကိုယ်ကပါ ငြိမ်နေသည်။ မြွေခေါင်းက ပခုံးပေါ် ကူးလာ၏။

နှုတ်သီး၏ အေးစက်စက်အထိက သူ့ညာဘက်ပါးပြင်ကို လာထိသည်။ စိုးဒေဝါအသက်ကို အောင့်ထားသည်။

မျက်လုံးတွေက ရှေ့ကိုပဲ စိုက်နေ၏။

ကျောက်ဆစ်ရုပ်တစ်ခုအပေါ် မြွေတက်နေသည်နှင့် မခြားပါ။

မြွေ၏ အလေးချိန်က ပြောပလောက်အောင် မရှိ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ယောက်ျားလက်ကောက်ဝတ်ငန်းမြွေကျားကြီး တစ်ကောင် ကိုယ်ပေါ်တက်လာတော့ စိတ်ထဲယားကျိကျိလိုဖြစ် နေ၏။

သူ့နားအောက်က ဆံပင်တွေကြားထဲ ခေါင်းက တိုး ဝင်လိုက်သည်။ သူ့ချေးနံ့ကို မနှစ်သက်ဟန် မသက်သာဟန်ရှိ၏။

ခဏငြိမ်သွား၏။

ဒါလောက်ကို ဆယ်ကမ္ဘာလောက် ကြာသည်ဟု စိုးဒေဝါထင်ဟန်ရှိ၏။

ဒီအချိန် ရန်သူလာလျှင် သူဘာမှ မတတ်နိုင်။ ရန်သူ လက်ခုပ်ထဲက ရေပဲ။

မြွေက ပြန်လည်လှုပ်ရှားသွားသည်။ စိုးဒေဝါ အသည်းထဲ အေးစက်ပြီး ပါးစပ်မှ လန့်ဖျပ်အော်မိမလို ဖြစ်သွား သည်။ တစ်ကိုယ်လုံး အေးစက်သွား၏။

ငန်းမြွေ၏ လျှာနှစ်ခွ မျှင်မျှင်နီနီလေးက ထုတ် လိုက် သွင်းလိုက်အလုပ်မှာ သူနားများကို ထိမိသောကြောင့် ဖြစ် သည်။

လူ၏ အပူငွေ့နှင့် အငန်ဓာတ်ကို လျှာနှစ်ခွက ထိမိ တွေ့မိပုံရှိ၏။ ငန်းမြွေကြီး၏ ကိုယ်ကြီးက တွန့်သွားသည်။ ရှူးခနဲ နှာမှုတ်သံပေါ်လာသည်။

နားထဲ ခံစားရတာ ဗုန်းပေါက်ကွဲသလား အောက် မေ့၏။ စိုးဒေဝါမျက်စိတောင် မမှိတ်ရဲ။ မျက်စိမှိတ်လျှင် အကြော တွေ လှုပ်သွားမည်။





လှုပ်တာနဲ့ မြွေက လန့်ဖျပ်ပြီး ကိုက်ခံတော့မှာ သေချာသည်။

ငန်းမြွေ၏ ခေါင်းက သူ့ပခုံးမှ တန်းဆင်း၍ ကိုယ် နှင့် အမြီးဖျားက ဝါးရုံမှ လွတ်ကာ ‗ရင်ဘတ်ရှေ့ရောက်လာ၏။

"ဟာ"

အသံတစ်သံ။

ရန်သူ။

ရန်သူရဲ့ အသံ။

လူတစ်ယောက် နှစ်လုံးပြူးသေနတ်တစ်လက်ကို ကိုင်လျက် ဝါးရုံတွေကြားထဲမှ ပေါ်လာသည်။

ဘချော၏ လူ။

ငတိုး။

သူက စိုးဒေဝါကို စတင်တွေ့သွားပြီ။

ရိုးရိုးအနေနှင့်တွေ့လျှင် စိုးဒေဝါကို သူရန်မူကောင်း ရန်မူမည်။

ခုတော့မူ မြွေတစ်ကောင်၏ ရစ်ပတ်ခြင်းကို ခံနေ ရသော စိုးဒေဝါကို တွေ့တော့ လန့်ဖျပ်သွားသည်။ ကြက်သေ သေ သွားသည်။

စိုးဒေဝါ ငတိုးကို တွေ့သည်။

အတွေ့အကြုံများလာသူ။

ဘာလုပ်ရမည်ကို သိသည်။

မြွေခေါင်းက သူ့ရှေ့ရင်ဘတ်ပေါ်သို့ စူးစိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည် ပြန်ထိုးတက်နေပြန်သည်။

နောက်တစ်ခါဆို သူ့စပို့ရှပ်အင်္ကျီလည်ကုပ်ထဲ ဝင်တော့မည်။

ညာလက်က မြွေလည်ပင်းကို ဆတ်ခနဲ ဖမ်းဆုပ်လိုက်သည်။

အေးစက်၍ သန်မာသော မြွေ၏ လည်ပင်းမှာ အကြေးခွံကြောင့် ကြမ်းတမ်းမည်ထင်ရသော်လည်း နူးညံ့ပြောင်ချောနေသည်။

မြွေက ဒေါသနှင့် သူ့ကိုယ်ကို လူ့ပ်ကာ အစွယ်ဖွေးဖွေးဝါးစပ်ကြီးကို အဟမှာ စိုးဒေဝါ သူ့ကိုယ်ပေါ်မှ မြွေကို ဆွဲယူလိုက်သည်။

ပြီးတော့ ဝတိုးဘက်ကို ပစ်ပေါက်လိုက်သည်။ သူနှင့် ဝတိုးမှာ ငါးလှမ်းလောက်ပဲဝေး၏။ ဝတိုးသည် ဂူးဂူးဝါးဝါးနှင့် အော်သည်။

ကိုယ်ပေါ်မှာ ရောက်လာသော မြွေကြီးကို ခါချသည်။

ခုန်သည်။

သူ့လည်မျိုကိုရော၊ လက်ကောက်ဝတ်ကိုပါ မြွေက ဆတ်ခနဲ ဆတ်ခနဲ ပေါက်လိုက်သည်။

ဝတိုးက တဆတ်ဆတ်တုန်နေသည်။

သူ့မျက်လုံးထဲ ဘာမှ မြင်ရဟန်မတူ။ ပါးစပ်မှ ဂူးဂူးဝါးဝါးအော်ကာ လဲသွားသည်။





ပါးစပ်ထဲကရော နှားထဲကပါ သွေးတွေ စီးထွက်လာသည်။

အမြှုပ်တွေပါ ( )ထဲက ထွက်လာသည်။

စက္ကန့်ပိုင်းအတွင်း အကြောတစ်ချက်နှစ်ချက်ဆွဲ၍ ငြိမ်သက်သွားသည်။

လူကို ပေါက်ပြီးသော မြွေမှာ ခေတ္တမိန်းမောသွားဟန်နှင့် ငြိမ်သက်သွားသည်။

ထို့နောက် မြွေတွင် တွန့်လိမ်တွန့်လိမ်နှင့် တွားသွားထွက်ပြေးသည်။

ချုံပင်တွေကြားထဲ ဝင်ရောက်သွား၏။

မြွေက သူ့ကျေးဇူးရှင်။

စိုးဒေဝါ မှတ်တမ်းတင်လိုက်သည်။

နှစ်လုံးပြူးကို သူကောက်လိုက်သည်။ လာလမ်းအတိုင်း ပြန်ပြေး၏။

ကိုက်လေးငါးဆယ်အပြေးတွင် သစ်ပင်တစ်ပင်နောက်မှ လူတစ်ယောက် ဘွားခနဲ ထွက်လာသည်။

ဘချော။

လက်ထဲမှာ သေနတ်ကိုင်လို့။

စိုးဒေဝါ သူ့လက်မှ သေနတ်နှင့် ပင့်ရိုက်ထည့်လိုက်သည်။

ဘာချော မရှောင်သာ။

မေးရိုးကို သေနတ်ဒင် ထိကာ တုံ ခနဲ လဲသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

နေရာတွင်ပင် နာမည်နှင့်လိုက်အောင် ချောသွားခဲ့ချေပြီ။

မေးရိုးစတစ်ခုလုံး နှစ်လုံးပြူးဒင်ကြောင့် ကြေသွားသည်။

နှစ်လုံးပြူးသေနတ်ဒင်လက်ကိုင်မှာ ကျစ်လစ်ကျောသော ပိတောက်သားနှင့် ပြုလုပ်ထားသည့် လုပ်သေနတ်လက်ကိုင်ဖြစ်သည်။

စိုးဒေဝါလှည်းလမ်းဘက် ထွက်၏။

လှည်းလမ်းအတိုင်းပြေးသည်။

ကိုက်နှစ်ဆယ်အပြေး လူတစ်ယောက်က လှည်းလမ်းဘေးက ဖြုန်းခနဲ ထွက်လာ၏။

ဘချောရဲ့ တပည့်။

"ဟော့ ... နေဦး"

သူက အအော် စိုးဒေဝါက သေနတ်ပြောင်းနှင့် အော်ဟစ်တားမြစ်သူ၏ ရင်ဝကို ဆောင့်ထိုးထည့်လိုက်သည်။

"အား"

လဲကျကျန်ခဲ့သည်။

စိုးဒေဝါဟိုဘက်ပြေး၏။

သူ့ရှေ့တွင် လက်နက်ကိုင်လူတစ်ယောက်။

ဟိုလူက လှည့်အကြည့် သူ့ကိုယ်လုံးနှင့် ဝင်တိုက်မိသည်။





သေနတ်ဒင်လက်ကိုင်နှင့် လက်ပြန်ဆောင်ပစ်ခဲ့ပြန်သည်။

လဲသွားခဲ့ပြန်ပါပြီ။

စိုးဒေဝါ အရှူးအမူးကို ပြေးနေသည်။

သူ့ဘေးတွင် ရန်သူတွေ ပတ်ပတ်လည်ဝိုင်းနေသည်ဟု ထင်မြင်ထားသည်။

တစ်ယောက်က လှည်းလမ်းအလယ်မှ ဆီးကြိုစောင့်နေသည်။

စိုးဒေဝါနှင့် ဆယ်ကိုက်လောက်ဝေးမည်။

သူ၏ ရိုင်ဖယ်ကို မြှောက်သည်။ စိုးဒေဝါကို လှမ်းချိန်လိုက်သည်။

တရကြမ်းပြေးလာသော စိုးဒေဝါခြေထောက်အောက်ရှိ လမ်းမှာ ဆင်ခြေလျှောလမ်းဖြစ်နေ၏။

တောင်ကုန်းတစ်ခု၏ လှည်းလမ်းမှ သူပြေးဆင်းနေခြင်းသာဖြစ်သည်။

ကော်ဒိုက်ပေါက်ကွဲသံနှင့် ရိုင်ဖယ်ကျည်ဆန်ကို တဟုန်ထိုး ပြေးဆင်းလာသော အရှိန်က ကယ်သွားသည်။

မျက်နှာနားမှ ကျည်ဆန်က ကပ်လွဲသွားသည်။ စိုးဒေဝါအရှိန်နှင့် ရန်သူကို ပူးသွားမိသည်။

"ဒုတ်"

လက်ထဲက နှစ်လုံးပြူးလက်ကိုင်ဒင်ကို ပင့်လိုက်ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့ကိုယ်အထက်ပိုင်းကို သွားထိမိပြီးဖြစ်သည်။

ရန်သူ ခွေခွေလေး ကျန်ခဲ့ပါပြီ။

တောင်ကုန်းမှာ မမြင့်ပါ။

အောက်သို့ ခင်းရသည်မှာလည်း တိုသည်။

ဝှိုသောလမ်းအဆုံးအရောက် တစ်ဦးက သူ့ကို ခုန်အုပ်လိုက်သည်။

ဆေးရိုးပဲဖြစ်သည်။

ဆေးရိုးရော သူပါ မြေပေါ်တွင် တစ်ပတ်ပြီး တစ်ပတ် လိမ့်ဆင်းသွားသည်။

စိုးဒေဝါ လူးလဲထသည်။ ဆေးရိုးက ငါနှင့် ကိုင်တုတ်သည်။

သူ့လက်ထဲမှာ ဓါးရှည်။

စိုးဒေဝါကို တအားဝင်ခုတ်သည်။

စိုးဒေဝါက မိုးမားချက်ကို နှစ်လုံးပြူးသေနတ်အား ဖော်ကိုင်ကိုင်၍ ဖော်ထမ်းခံချက်နှင့် မြှောက်ခံသည်။ ဆောင့်ကန် ကန်ပစ်လိုက်သည်။

ကန်ချက်ကောင်းသည်။

ဆေးရိုးဝမ်းဗိုက် နှာဝင်ရှေ့သည့်နှယ် ခံစားလိုက်ရသည်။

မြေပြင်မှာ လိမ့်ထွက်သွားသည်။

စိုးဒေဝါ နှစ်လုံးပြူးသေနတ်နှင့် ထိုးချိန်သည်။ ပထမအဆင့် မောင်းကို ဖြုတ်ချသည်။





"ချောက်"

ဟယ် ... မစ်(စ်)ဖိုင်းယားပဲ။

မီးမကျ။

ဒုတိယအဆင့် မောင်းခလုတ်။

လာလေရော့။

"ချောက်"

ဟဲ့ ... ဒါကလည်း မလွယ်ပါလား။

လုပ်သေနတ်များ တယ်စိတ်ချရသကိုး။

စိုးဒေဝါ ဒီနေရာတွင် သိုင်းကွက်တွေ ,ဘာတွေနှင့် ချမနေချင်။

အပြတ်ကို တိုတိုကလေးရှင်းမှ။

သူ့ခါးကြားထဲက တုတ်ဓားကို ဆွဲထုတ်လိုက်သည်။ တစ်ဖက်စွန်းက ဝက်အူထိပ် နီကယ်ရောင်အဖုံးကို လှည့်ချွတ်လိုက်၏။

ဒီအချိန်တွင် ဆေးရိုးက သူ့ကိုယ်သူ သေနတ်ပြီးသည်များ ထင်သလားမသိ။

တိရစ္ဆာန်အရိုင်းတစ်ကောင်အသွင် အော်ဟစ်၍ ဓားကိုင်မြှောက်ပြီး ပြေးဝင်လာသည်။

စိုးဒေဝါက တုတ်ဓားခလုတ်ကို နှိပ်ပစ်လိုက်သည်။

ဖြောက်ခနဲ အသံနှင့်အတူ တုတ်ခေါင်းအတွင်းမှ သက်ညှိုးသာသာ သံမဏိဓားပြကလေးတစ်ခုက အတွင်းမှ စပရိန်၏ တွန်းကန်အားနှင့် ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လေထဲတွင် အဖြူရောင်ကွက် သန်းသွား၏။

ဘေးရှိးရင်ဝတွင် ပူခနဲ ဖြစ်သွားသည်။ စိတ်က ဆောင်နေတာမို့ စိုးဒေဝါကိုတော့ စလွယ်ပင်မျိုးဖြတ်ဓားချက်နှင့် ဝင်ခုတ်ဖြစ်အောင် ခုတ်သည်။

စိုးဒေဝါဘေးသို့ ညာခြေကြောင်လိမ်ကွက်နှင့် ဘယ်ခြေရှေ့ကွေးတတ်လိုက်၏။

"ဝှစ်"

ဓားသွားတစ်ခုလုံး ပခုံးနားမှ ကပ်ဝဲသွား၏။ မြေပြင်ကို ဒုတ်ခနဲ ခုတ်မိသွား၏။

ဆေးရှိး ဆက်လက်မလှုပ်နိုင်။

ရင်ဝဲသို့ ဓားသွားနှစ်မြှုပ်ခဲ့သော ဒဏ်ကြောင့် မြေပြင်တွင် မှောက်လျက်ထိုးလဲရာက ငြိမ်သွား၏။

နောက်ဘဝမှာ ဓားပြသွားတိုက်ပေတော့။

စိုးဒေဝါ ဆက်ပြေးမြဲပြေးသည်။

စိတ်ထဲမှာတော့ ရေရွတ်နေသည်။

ချိုး ... မောလိုက်တာ။

● ● ●





## ဇာတ်လမ်းစဉ်(၁၃)

တောထဲ တောင်ထဲ သွားရတာ သူ့အဖို့ ရိုးနေချေပြီ။

လက်ထဲတွင် အသုံးမဝင်တာ နှစ်လုံးပြူးကြီးကို လွှင့်ပစ်လိုက်ခဲ့၏။

ရွာတစ်ရွာသို့ ရောက်သည်။

ဝမ်းသာသွားသည်။

စစ်တပ် တပ်စုတစ်စုနှင့် သွားတိုးနေသည်။

သူ့ကို တပ်က ဆီးဖမ်းသည်။

တပ်မှာ စစ်ရဲတပ်ဖြစ်သည်။

ဗိုလ်မင်းဒင်က ခေါင်းဆောင်လာသည်။

စိုးဒေဝါက အကျိုးအကြောင်းရှင်းပြသည်။

နိုင်မသည် ဖြိုးဝေလင်းမဟုတ်ဆိုတာရယ်၊ မူးယစ်ဆေးဝါးသုံးစွဲခဲ့တာတွေကို ရှင်းမပြခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်က နိုင်မကို ရှာလိုသေးသည်။

ဖြူးဝေလင်းအနေနှင့်ပဲ ဆိုသည်။

နောက်ပြီး သူ့ဘောင်းဘီအောက်နားစကို ဓားနှင့် ချုပ်ရာဖြေချသည်။

အောက်နားစ၏ ခေါက်ထည့်ထားသော ဘောင်းဘီစထဲတွင် ဆီစိမ်စက္ကူနှင့် ပတ်ထားသည့် စာရွက်လေးတစ်ရွက် ရှိသည်။

ဦးရွှေမော် လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဌာန၏ တံဆိပ်တုံးနှိပ်ထားသော တာဝန်လွှဲစာပါ ပြလိုက်သည်။

ဗိုလ်မင်းဒင်တို့ ယုံကြည်သွားသည်။

သောင်းကျန်းသူအခြေအနေ၊ တရုတ်ဖြူအခြေအနေတွေကို မေးသည်။

နယ်စပ်မြို့အကြောင်း ပြောပြ၏။

နိုင်မနှင့် ပြူးမောင်တို့ ထိုနယ်တွင် သတင်းကြီးနေသည်။

တွေ့ခဲ့ မြင်ခဲ့ပါသလားဟု ဆက်မေးခံရ၏။

မမြင်ခဲ့ မသိခဲ့ပါဟု စိုးဒေဝါ ဖြေ၏။

သူ့ကို ဗိုလ်မင်းဒင်တို့ စစ်ရဲတပ်က အစိုးရလူမှန်း သိသဖြင့် ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုသည်။

လှိုင်းဘွဲ့သို့ ရှားသားတစ်ဦးအား လှည်းနှင့် လိုက်ပို့ခိုင်းလိုက်သည်။





စိုးဒေဝါ ရောက်နေသောရွာသည် လှိုင်းဘွဲ့နှင့် များစွာ ဝေးကွာသည်မဟုတ်ပါ။

လှည်းနှင့် ဆုံသော် နှစ်နာရီကျော်ကျော်ခရီးသာဖြစ်သည်။

လှိုင်းဘွဲ့ပတ်ဝန်းကျင်တွင်လည်း များစွာ အေးဆေးသည်မဟုတ်။

တိုက်ပွဲတွေက နေ့စဉ်ဖြစ်ပွားနေသည်။

အဲဒီဘက်တွင်တော့ စစ်တော့က ပျံ့ပိုရှားပြီး နယ်မြေတစ်ခွင်ကို ထိန်းသိမ်းနေသည်။

စိုးဒေဝါ လှိုင်းဘွဲ့တွင် အစစ်ဆေးခံရသေးသည်။

ဗိုလ်မင်းဒင်၏ ထောက်ခံစာနှင့် ဦးရွှေမော်၏ တာဝန် လွှဲအပ်ချက်စာကြောင့် လွတ်လွတ်လင်လပ်သွားလို့ရ၏။

ဒီတော့မှ နိုင်မ၏ ရည်ရွယ်ချက်ကို သိလာသည်။

နိုင်မသည် သူ့ကို အမှီပြုပြီး လွတ်ပေါက်ထွင်ခြင်း ဖြစ်သည်။

မိမိနှင့် နိုင်မတွဲလာလျှင် မိမိကြောင့် နိုင်မသည် အစစ်အဆေးမခံရတော့သည့်အပြင် သတင်းထောက်ဟူသော ဝတ်ပုဒ်နှင့် ချောင်ချောင်လေး လွတ်သွားနိုင်သည်။

ဆေးစွဲနေသော နိုင်မသည် ဆေးကြောင့်ပင် သူမ၏ ဘဝတစ်စိတ်တစ်ဒေသကို ဖော်ထုတ်လာနိုင်သည်။

ဤသို့ ဆိုစေကာမူ မိမိ၏ အန္တရာယ်ကို စိုးရိမ်ပြီး နိုင်မသည် သူမခရီးကို ရှေ့ဆက်ပါဦးမည်လား။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုပဲ ပြန်တပ်ခေါက်မည်လား။

ဒီလားနှစ်လားကို စိုးဒေဝါ ရင်ထဲပြေသနာတစ်ရပ် စွဲလာသည်။

ပြီးတော့ ရှိသေးသည်။

နိုင်မသည် ဖြိုးဝေလင်းယောင်ဆောင်တော့ ဖြိုးဝေလင်းအစစ်က သောင်းကျန်းသူလက်ထဲရောက်နေသည်။

သူ့မူလတာဝန်က ဖြိုးဝေလင်းကို ကယ်ဖို့ ဖြစ်သည်။

ယခု နိုင်မကို ဖြိုးဝေလင်းအဖြစ်နှင့် မှားခေါ်လာသည်။

ဒါကပဲ မိမိတာဝန်ကျေပွန်သည်ဆိုပေမယ့် မိမိ၏ မှားသည့် တာဝန်ဖြစ်နေသည်။

ဖြိုးဝေလင်းကို ထပ်မံကယ်ဖို့ ရှိနေ၏။

သို့လင့်ကစား

သူချက်ချင်းပြန်သွားလို့တော့ မဖြစ်နိုင်ပါ။

မိမိဟိုနယ်စပ်မြို့ကို လာခဲ့ကြောင်း သောင်းကျန်းသူတွေ တစ်နည်းမဟုတ်တစ်နည်း သိသွားကြမှာပဲ။

ဒါဆို မိမိပြန်သွားလျှင် ဟထားသော ကျားပါးစပ်ထဲ ခေါင်းထိုးပေးသည်နှင့် တူနေမှာပေါ့။

လှိုင်းဘွဲ့က ဘားအံအထိ မိုင်းကြောက်ရသည်။

ရထားလမ်းမှာ မိုင်း။





ကားလမ်းမှာ မိုင်း။

ဒီခေတ်က ပြည်သူတွေ သေမင်းကို ခေါင်းပေါ်ရွက်ပြီး တထိတ်ထိတ်ခရီးသွားနေရသောကာလ။

လမ်းပန်းအဆက်အသွယ်ကလည်းမကောင်း။

အစိုးရက ပြုပြင်လိုက်၊ သောင်းကျန်းသူက ဖျက်လိုက်နှင့် ကျွဲအေးသူ့အမေ ရိုက်နေသော ကိန်းဆိုက်နေသည်။

ရန်ကုန်မှ မော်လမြိုင်လာလျှင် စစ်တောင်းတံတားမရှိသဖြင့် စစ်တောင်းမြစ်ကို ဖြတ်ကူးပြီး တစ်ဖက်ကမ်းက ရထားပေါ် တက်ရပြောင်းရသော အလုပ်သည် ပြည်သူတွေအတွက် သွားလာရေးတွင် ဆင်းရဲသော မဟာဒုက္ခကြီးပင်ဖြစ်သည်။

မုပ္ပလင်မှ သထုံအပေါင်ကျွဲခြံစသည်တို့အထိ ရထားမိုင်းကို ကြောက်နေရသည်။

ဘားအံဘက်ဆိုတော့ ပိုတောင်ဆိုးသေး။ သံလွင်မြစ်အရှေ့ဘက်ကမ်းဖြစ်သွားပြီ။

ပြည်တွင်းသောင်းကျန်းသူအန္တရာယ်သာမက တရုတ်ဖြူအန္တရာယ်ကပါ ရှိနေသည်။

ဖွဲကပင်တောင်ကြီးကတော့ မြန်မာနိုင်ငံ၏ သမိုင်းကို သိရှိထားဟန်နှင့် ဘားအံမြို့နှင့် သံလွင်အနောက်ဘက်ကမ်းကို မျှော်ကြည့်နေပြီ။

လှည်းလမ်းနှင့် ကားလမ်းဆိုလျှင် လှည်းလမ်းက အန္တရာယ်မရှိနိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလည်း လှည်းလမ်းမှာ မိုင်းမထောင်။

ရွာနှစ်ရွာ သုံးရွာကိုဖြတ်ပြီးတော့ ဘားအံမြို့အဖြင် ဘက်က အောင်နန်းရွာဘက် ရောက်လာသည်။

အိမ်ခြေ လေးငါးဆယ်လုံးလောက်သာ ရှိသေးသည်။

လှည်းသမားက ကရင်အမျိုးသားဖြစ်၏။ သူ့ကို စိုးဒေဝါက ကျေးဇူးတင်ကြောင်း ပြော၏။

ပေးစရာဆိုလို့ သူ့ကိုယ်တွင် လွှမ်းထားသော သားရေဂျာကင်ပဲရှိသည်။

အဲဒီဂျာကင်ကြီးကို စိုးဒေဝါက ကျေးဇူးတင်လက် ဆောင်သဘောနှင့် ချွတ်ပေးခဲ့သည်။

ဆင်းရဲသော ကရင်အမျိုးသားကြီးမှာ ပထမတော့ မယူဟုဆိုသည်။

ရိုးသားသော သူတို့၏ အတွင်းသဘောကို သိသည့် စိုးဒေဝါက လှည်းခမဟုတ်ပါ။ မေတ္တာလက်ဆောင်ပြောမှပဲ ဝမ်းသာအားရယူသည်။

လာမည့်ဆောင်းတွင်းတွင် သူမှာ အနွေးထည်မရှိ တာနှင့် အတော်ပဲဟု ပြော၏။

အောင်နန်းရွာလေးမှ ဘားအံတဲအထိ သူခြေကျင် လျှောက်လာသည်။

နှစ်ရက်လောက်ကမှ မရွာသောမိုးသည် သဲသဲမဲမဲကို





ရွာ၏။ ဘယ်ဘက်ကိုပဲကြည့်ကြည့် တဝေါဝေါနှင့် ကျဆင်းပြီး ဖြူဖွေးနေသော ငွေပုလဲပေါက်တို့သာ မြင်နေရသည်။

စိုးဒေဝါသစ်ပင် တစ်ပင်အောက်တွင် သွားပြီး မိုးခို နေရသည်။

သစ်ပင်တွေကြားမှ မိုးသီးမိုးပေါက်တွေ ပက်နေ၏။

သစ်ပင်အောက်တွင် မြင်းလှည်းတစ်စီးရှိ၏။ သူ့လိုပဲ မိုးခိုနေပုံရ၏။

မြင်းလှည်းရော မြင်းပါ ရွှဲရွှဲစိုနေသည်။

မြင်းလှည်းသမားမှာလည်း ခိုက်ခိုက်တုန်။

"မိုးက သိပ်ရွာတာပဲ"

မြင်းလှည်းသမားမှာ ကရင်နှင့် မြန်မာစပ်၏။ သူ့အသံက ဝဲတဲတဲ။

"အေးဗျာ ... ငါ့ညီ ... တကယ်ချတဲ့မိုးပဲ ... ဘားအံမိုးက ရွာပြီဆိုရင် အိတ်သွန်ဖာမှောက်ကိုချတာ"

ဘားအံမိုးက မရွာဘူးဆိုလျှင်လည်းနေ၊ ရွာလျှင် လည်း သဲသဲမဲမဲ။

လေမပါတာကိုပဲ ကျေးဇူးတင်ရပါသေး၏။

"အစ်ကို ... ဘယ်သွားမှာလဲ"

"ငါလား ... မြို့ဘက်ကို သွားမှာပေါ့"

မြင်းလှည်းမောင်းသမားက လှုငယ်။

"ဘယ်က လာတာလဲ"



www.burmeseclassic.com

"သောင်းကျန်းသူတွေ လက်ထဲက ထွက်ပြေးလာတာ"

ကောင်လေးက သူ့ကို ပါးစပ်ဟကြည့်နေသည်။ ဖရိုဖရဲဖြစ်နေသော ဆံပင်တွေ၊ ညစ်နွမ်းနေသော စပို့ရှပ်အင်္ကျီနှင့် ဘောင်းဘီ။ ခါးကြားတွင် ထိုးထားသော တုတ်ဓား။

စိုးဒေဝါက သူ့သေနတ်ကို ခြေသလုံးတွင် ကြိုးနှင့် နိုင်မာစွာ ချည်ထား၏။

အဝတ်အစားပေသော်လည်း ရုပ်ရည်ကတော့ သားနားနေသည်။

ရူးဝင်သော မျက်လုံးတွေကို ကြည့်ရတာ ကောင်လေး စိတ်ထဲ မလုံမလဲဖြစ်သွားသည်။ ကြောက်သလိုလိုဖြစ်သွား၏။

ဤလူသည် အန္တရာယ်ပေးမည့်လူ မဟုတ်ဆိုတာကို သူ့မျက်နှာထားကို ကြည့်ခြင်းဖြင့် သိနိုင်သည်။

"ခင်ဗျား ... ဘယ်ကလဲ"

"တို့ ရန်ကုန်က"

"ရန်ကုန်"

ထိုစဉ်က ဘားအံရွှေဂွန်းဘက်မှ လူများသည် ရန်ကုန်ကို အရှေ့အပေါ်နည်းကြသည်။

ရန်ကုန်က လူဆိုလျှင် အထူးအဆန်းသတ္တဝါလို ထင်တတ်ကြသည်။

နောင်တစ်ခေတ်မှပင် မော်ဒိုကြောင့် အသွားအလာများပြီး ရန်ကုန်နှင့် ဘားအံ အိမ်ဦးနှင့် ကြမ်းပြင်ဖြစ်သွားကြသည်။

"မင်းကို ငါ ဘာမှ မလုပ်ပါဘူး"

ပြောပြီး ကောင်လေး ဆေးလိပ်သောက်နေတာကို ကြည့်၏။ သူ့တွင် ပိုက်ဆံတစ်ပြားမှ မရှိပါ။ တောင်းသောက်လိုသော ဆန္ဒလည်းမရှိပါ။

ခုလို မိုးအေးအေးမှာ ဆေးလိပ်သောက်လိုသော ဆန္ဒက သူ့တွင် နှိပ်စက်နေသည်။

ချမ်းချမ်းသာသာနေလာရသော လူတစ်ယောက် အဖို့ တောင်းဖို့ ရမ်းဖို့ဆိုသည့်စိတ်ဓာတ်က တွန့်ဆုတ်နေ၏။

ပါးစပ်မရဲ။ စိတ်မရဲ။

"ဆေးလိပ်သောက်ပါလား"

ကောင်လေးက အလိုက်သိသည်။

သောင်းကျန်းသူတွေ လက်ထဲက ထွက်ပြေးလာတယ်ဆိုတော့ တစ်ခုခုတော့ လိုနေမှာပဲဟု တွေးမိဟန်ပေါ်၏။

"အေး ... ကျေးဇူးပါပဲကွာ"

တကယ်ပဲ ကျေးဇူးတင်သည်။

အင်း ... ခုနေခါမှ ရန်ကုန်က မိတ်ဆွေတွေက သူများတိုက်သည့် ဆေးလိပ်ကိုတောင် ပေးမှသောက်ရသည့်သူတစ် ဖြစ်လည်း ဘဝကို ကြည့်ပြီး ရယ်ကြလိမ့်မည်။

စီးကရက်နှင့် ဆေးပေါ့လိပ်က အရသာတစ်မျိုးစီ ဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



ဆေးပေ့ါလိပ်က လေးပြီး၊ စီးကရက်က အရသာ ပေါ့သည်ဟု စိုးဒေဝါ ထင်သည်။

စီးကရက် သောက်နေကျဆိုတော့ စီးကရက်ပဲ ကြိုက်သည်။

အေးလေ ... သစ်မရှိတုန်း ဝါးပေါင်းကွပ်ပေ့ါ ... လုံချည် မရသေးတော့ လန်ကွတ်တီကိုပဲ အားကိုးရမည်ပေ့ါ။

ဆေးပေ့ါလိပ်ကျေးဇူးကြီးမားပါသည်။

ဆေးလိပ်တစ်ဝက်အကျိုးတွင် သူ၏ အေးချမ်းနေသော ကိုယ်မှာ အပူငွေ့ကြောင့် အချမ်းလုံသွားသည်။

မိုးလည်း စဲသွားပြီ။

"မြို့ထဲ လိုက်မလား"

"မင်းဘုံပြတ်ကို ဆက်ဆွဲမှာလား"

"နိုင်ပါတယ်"

ကောင်လေးက ပြောသည်။ ဒုတိယအကြိမ် ကျေးဇူးတင်စွာနှင့် စိုးဒေဝါလိုက်လာသည်။

ကောင်လေးမှာ ကရင်သွေးပါသူပီပီ စပ်စပ်စုစု မရှိပါ။

စိုးဒေဝါကို ဘာလုပ်သလဲ၊ နာမည်ဘယ်လိုခေါ်သလဲ စသည့် ကိုယ်ရေးရာဇဝင်တွေကို မမေး။ စိုးဒေဝါကလည်း မပြော။ စိုးဒေဝါမြို့ထဲ ရောက်လျှင် ဘာလုပ်ရမည်ကို စဉ်းစားသည်။ ဘားအံတွင် သူ့အသိအကျွမ်းတွေ မရှိပါ။ ထမင်းစားဖို့ လတ်တလောလုပ်ရမည်။





ငွေကလေး ကြေးကလေးရမှ သူထမင်းစားနိုင်မည်။

ဘားအံမှာ ဂ ` ၁၉၅၅ ခုနှစ်က ဖနပုဒ်သာ ရှိသေးသည်။

ထမင်းပွဲကို ဟင်းနှင့် အဝစားမှ ပြားသုံးဆယ် ပြားလေးဆယ်သာ ရှိသည်။

တစ်နေ့တစ်ကျပ်လောက် ရှာနိုင်လျှင် မဆိုး။

မော်လမြိုင်နှင့် ဘားအံ သွားလာရေးကို စုံစမ်း၏။ သင်္ဘောမှာ မော်လမြိုင်မှ ဘားအံသို့ တစ်ပတ်မှ တစ်ကြိမ်ပဲ ထွက်သည်။

သောင်းကျန်သူရန်ကို ကြောက်နေရသောကြောင့် ဖြစ်သည်။

အရှေ့ဘက်ကရော အနောက်ဘက်ကရော သင်္ဘောကို သောင်းကျန်းသူတွေက ပစ်တတ်ကြသည်။

အဟူးသဖြင့် ဖားကပ်နှင့် ထုံးအိုင်ကြားမှာ အဆိုးဆုံးဖြစ်သည်။ စိုးဒေဝါ မော်လမြိုင်ကို ကူးရမည်။

မော်လမြိုင်တွင် သူ့မိတ်ဆွေတွေ ရှိသည်။

အဲဒီမိတ်ဆွေတွေက စီးပွားရေးမိတ်ဆွေတွေရော ခေါ်မင်သည့် မိတ်ဆွေတွေပါ ဖြစ်သည်။

မြင်းလှည်းမောင်းသမားလေး၏ ပြောပြချက်အရ သင်္ဘောမော်လမြိုင်ကို ဆင်းမည့်ရက်ကိုတွက်တော့ သုံးရက်ခြောင်



www.burmeseclassic.com

www.burmeseclassic.com



လိုသေး။

"အစ်ကို သွားချင်ရင် စက်မော်တော်နဲ့သွား ... သူကတော့ တစ်ရက်ခြားပဲလေ"

နောက်ဆုံးပြောသည်။

သုံးရက်အတွင်း သူဘာလုပ်ရမည်ကို စဉ်းစားသည်။

ဘုန်းကြီးကျောင်းကိုလည်း အားမကိုးချင်။ ပစ္စည်းလေး ဘာလေး သယ်ပိုးရမည့်အလုပ်ကို ဝင်လုပ်မှပဲဟု စိတ်ကူးသည်။

ငါးပြား ဆယ်ပြားရလည်း မနည်းဟုတွက်၏။

သူ့အဖြစ်ကို တွေးပြီး စိုးဒေဝါဝမ်းထဲမှာ ကျိတ်ပြုံးကလေး ပြုံးမိသည်။

"ကျွီ"

လမ်းပေါ်မှ ကားတာယာ လမ်းမျက်နှာပြင်ကြိတ် ပွတ်သံ။

ကားဘရိတ်အုပ်သံကြောင့် အတွေးပြတ်သွားသည်။

မြင်းက လန့်ခုန်ပြီး ပတတ်ရပ်သည်။ ဟီသည်။ မြင်းလှည်းမှာ နောက်လန်သွားသည်။ စိုးဒေဝါ လှည်းရုံတိုင်ကို ဆုပ်ကိုင်လိုက်သည်။

အနေအထား ဖရိုဖရဲဖြစ်သွားမှုကို အချိန်မီ သိမ်းဆည်းနိုင်သည်။

ဂျစ်ကားတစ်စီးနှင့် မြင်းလှည်းတိုက်မိမလို ဖြစ်





သည်။

လမ်းက ကျဉ်းသည်။ ရှေ့မှလာသော ဂျစ်ကားကို မြင်းလှည်းသမားက မရှောင်မိဘဲ အနီးကပ်မှ ရှောင်ရာ မြင်းလှည်းကလည်း ထိုဂျစ်ကားဘက် ထိုးဝင်သွားခြင်းဖြစ်သည်။

ကားပေါ်တွင် လူခြောက်ယောက် ခုနစ်ယောက် လောက်ပါသည်။

ဂျစ်ကားဒရိုင်ဘာက မြင်းလှည်းသမားကို ဆဲသည်။ ကြိမ်းသည်။

မြင်းလှည်းသမားလူငယ်က သူ့အလွန်မို့ မျက်နှာသကလေးနှင့်။

"မင်းက ဘယ်လောက်မိုက်လို့ ငါ့ကားကို မင်းမြင်းလှည်းနဲ့ ပြိုင်တိုက်ရတာလဲ ... မင်းမြင်းရော မင်းပါ တစ်ခါတည်း သချိုင်းသွားချင်သလား"

ကရင်သွေးပါသဖြင့် ရှိုးအသော လူငယ်က မျက်နှာ ငယ်ကလေးနှင့်

"ကျွန်တော် မြင်းကိုဆွဲပါတယ် ဦးလေးရာ ... မြင်းကလည်း လမ်းကျဉ်းတော့ ကားကို လန့်ပြီး ဝင်တိုးမိတာပါ"

"မအေပေး ... နောက်တစ်ခါဆို သေမယ် ... မင်းတို့ မြင်းလှည်းသမားတွေ အားကြီးလူးပါးဝတယ်"

"ကျွန်တော် တောင်းပန်ပါတယ် ဦးလေးရာ"

"မင်းသေတာ အရေးမကြီးဘူး ... ငါ့ကား ပျက်စီးသွားရင်



www.burmeseclassic.com

မလွယ်ဘူး … နောက်တစ်ခါဆို မင်း ငါနဲ့ သိမယ်"

လူငယ်က ထပ်မပြော။

သူ့မြင်းကိုသာ ကားရှေ့မှ ဖယ်ဖို့ ကြိုးစားနေသည်

"ဟေ့ကောင် ကြားလား"

"မကြားဘူးဆိုရင် ခင်ဗျား ဘာလုပ်ချင်သလဲ"

ဒီစကား ဒီမြင်းလှည်းသမားလေးထံမှ လွင့်မြူးလာ သော စကားမဟုတ်။

စိုးဒေဝါ၏ တင်းမာသော လေသံသာဖြစ်သည်

အသားလွှတ်ကြီး ကြိမ်းနေသော ဒရိုင်ဘာကို ခ တင်တင်နှင့် မြင်ပြင်းကာတ်သွားသည်။

သက်သက်ကြိမ်းနေတာ မတရားဟု ထင်သည်

ယူဆသည်။

ဒရိုင်ဘာ၏ မျက်လုံးတွေက လှည်းကိုယ်ထည် နောက်ပိုင်းကို ရွေ့သွားသည်။

ဒေါသထွက်သွားသည်။

သူ့ကိုယ်သူ လူမိုက်ပုံစံနှင့်

"တေ့ကောင် … မင်းက ဘာကောင်လဲ"

"မင်းအမေလင်ပဲ"

ပိုင်နိုင်စွာ စိုးဒေဝါပြောပြီး ခုန်ဆင်းလိုက်သည်

မြင်းလှည်းသမားလေးက စိုးရိမ်စွာနှင့်

"အစ်ကို … အစ်ကို ရန်မဖြစ်နဲ့ အစ်ကို"





"မင်းကို မတရားစွတ်ပြောနေတာ ငါခံပြင်းလို့ကွ … ဒီကား လမ်းမှာ သူလာတာ ဘယ်သူက ရှောင်နိုင်မှာလဲ … လမ်းက ကျဉ်းတယ် … သူက ကား … တို့က မြင်းလှည်း … တို့ကို ဦးစားပေးရမှာပေါ့ကွ"

"ခွေးမသား … မင်းသိမယ်"

ပြောပြောဆိုဆို ဒရိုင်ဘာက ကားစက်လှည့်တံ ကောက်ကြီးကိုင်ကာ ဆင်းလာသည်။

"အို … မလုပ်နဲ့ စောထွန်းစိန်"

တားမြစ်သံက ကားထဲက ပေါ်လာသည်။

အမျိုးသမီးတစ်ယောက်၏ ဟန့်တားသံက စိုးဒေဝါ ကို မကြည့်ဘဲ မနေနိုင်အောင် ညို့ဆွဲလိုက်၏။

ဂျစ်ကားရှေ့ ဒရိုင်ဘာခန်းမှာပဲ ထိုင်နေသည်။

ခေါင်းအုပ်ပဝါကြီး တစ်ထည်ကို ခေါင်းတွင် အုပ် ကာ မေးအထိ သိုင်းထားသည်။

နေကာမျက်မှန်တစ်လက် တပ်ထားသည်။

ရှန်အကျီလက်ပြတ်နှင့်။

စိုးဒေဝါ အတော်အံ့အားသင့်သွားသည်။

သူမကို ဒီနေရာမှာ တွေ့ရမယ်လို့ လုံးဝမမျှော်လင့် ပါ။

သူမကလည်း စိုးဒေဝါကိုကြည့်ကာ ကြောင်တောင် တောင်လေးကြည့်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ နှစ်ဦးစလုံး နှုတ်မှ ပြိုင်တူ စကားသံ ထွက်လာလေသည်။

"ရှင်ကိုး"

"ခင်ဗျားပဲ"

ဒေါ်ရော်သီဝင်းမင်းရယ်။

ဒေါ်ရော်သီမျက်နှာကလေးမှာ ချက်ချင်း တင်းမာသွားသည်။

"ကြည့်စမ်း ... ရှင့်ကို ဒီမှာ လာတွေ့နေရတယ် ... ရှင် ကျွန်မတို့ နောက်ကို လိုက်နေတယ်ပေါ့"

သူမ၏ ထင်ရာမြင်ရာစွပ်စွဲပြောဆိုလိုက်သံနှင့်အတူ သူမ၏ မိန်းမဝတ်ဘလေဇာကုတ်အင်္ကျီကလေး၏အိတ်အတွင်းမှ ဒီလင်ဂျာခေါ် မိန်းမကိုင်တစ်ချက်ထွက် ပစ္စတိုလ်သေနတ်ကလေးက ရုတ်ခြည်းပေါ်လာ၏။

"ရှင်မလှုပ်နဲ့"

အေးအေးဆေးဆေးပဲ စိုးဒေဝါ ကြည့်နေ၏။

ကပြားမ ဒေါ်ရော်သီကို သူ ခုလိုတွေ့လာရသော်လည်း ဘာကိုမှ သူပြုလုပ်ဖို့ မစဉ်းစားနိုင်သေး။

"ဒီကောင်ဟာ ... ငါ့ရန်သူ ... မင်းတို့ ဒီကောင်ကို ဖမ်းချုပ်လိုက်ကြစမ်း"

ကားပေါ်ပါ လူနှစ်ယောက်ကို အမိန့်ပေးလိုက်သည်။





လူနှစ်ယောက်၏လက်ထဲတွင် သေမင်း၏ အဆောင် သွယ်လက်နက်တွေက အဆင်သင့်။

သူတို့ကားပေါ်က ခုန်ဆင်းလိုက်ကြသည်။

"နေပါဦးဗျ ... ခင်ဗျား ဘာလုပ်တာလဲ ဒေါ်ရော်သီ ... ရုပ်ရှင်ရိုက်ဖို့ လာလေ့ကျင့်နေတာလား ... ဒါမှမဟုတ် အရူးထနေတာလား"

မခန့်လေးစားဖြေပြီး ဟင်းစူးသောမျက်လုံးများနှင့် လူနှစ်ယောက်ကို ကြည့်လိုက်၏။

လူနှစ်ယောက်၏ အသည်းထဲ ဒီအကြည့်က စူးဝင်သွားသည်။

အသည်းထဲ ခါဆင်းသွားသည်။

တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

ဒီစဉ် ဒရိုင်ဘာက ဆဲသည်။

လက်တွင် ကိုင်ထားသော သံတုတ်နှင့် စိုးဒေဝါ ဖက်ပိုးကို ဖြတ်ရိုက်ချလိုက်သည်။

စိုးဒေဝါ ညံသွားလေရော့သလား။

သံတုတ်စာကို မိသွားသည်။

စိုက်ဆင်းသွားသည်။

လမ်းပေါ်မှာ လေးဖက်ထောက်ကို မှောက်သွားတာ။

လောကကြီးကို အမှောင်နှင့် လဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ကားပေါ် မြန်မြန်ဆွဲတင်လိုက်"

မိန်းမချော ဒေါ်ရော်သီဝင်းမင်း၏ အမိန့်စကားက ထိရောက်သည်။

ကားပေါ်သို့ တစ်မိနစ်အတွင်း တင်ပြီးဖြစ်သည်။

ဒီကြားထဲတွင် ခေါးစာခံရတာက ဘယ်သူမှတ်သလဲ။

မြင်းလှည်းသမားလေးပါပဲ။

လူတစ်ယောက်၏ လက်ချက်နှင့် ခေါင်းထဲ မီးပွင့်ကာ ဝေါက်ကွဲလုမတတ် ခံစားရပြီး မေ့သွားသည်။

ကားက နောက်ကို ပြန်ဆုတ်သည်။

လာလမ်းတိုင်း ပြန်သွားသည်။

"လမ်းပေါ်က ရန်စဆိုတာ အဲဒါပေါ့ကွ ... သူနဲ့ ငါက ကျောင်းတော်က ရန်စမဟုတ်ဘူး ... လမ်းပေါ်က ရန်စပဲလေ ... လမ်းပေါ်မှာ သူဆော်ခဲ့တာပဲ ... ဒီကောင်က တစ်ချိန်က ထောက်လှမ်းရေးမှာ လုပ်ခဲ့ဖူးတဲ့ ထောက်လှမ်းရေးသမားဟောင်းတစ်ယောက်ပဲ ... တို့လို လူမျိုးတွေ နိုင်ငံရဲ့အဖျက်သမားတွေကို ရှင်းမယ်ဆိုပြီး အစိုးရရဲ့ တာဝန်ပေးချက်တွေကို ယူပြီး လိုက်ရှင်းနေတဲ့ကောင် ... မင်းတို့ ကြားဖူးလိမ့်မယ် ... စိုးဒေဝါဆိုတာ သူပေါ့"

"သတင်းစာတွေထဲမှာ ပါတတ်တဲ့ ရွှေကိုယ်တော် စိုးဒေဝါဆိုတာ သူလား ... မမ"





တစ်ယောက်က မေ့ပြီး ခွေခွေလေးပါလာသော စိုးဒေဝါကို ငုံ့ကြည့်ပြီး ပြန်မေး၏။

"သူပဲပေါ့ကွ"

"နာမည်ကြီးပဲ"

"မင်းအကောင် ရှေ့ဆက်နာမည်မကြီးနိုင်တော့ပါဘူးကွာ သူတောင်းစားဖြစ်တော့မှာပါ"

"လမ်းပေါ်က ရန်စ အရှမ်းဆော်မှ ဟန်ကျဆိုတာ ဒါပဲပေါ့ဗျာ ... ကျောင်းတော်က ရန်စ ဆောင်းတော်လုံခဆိုခဲ့ပေမယ့် ... ခုအချိန်မှာတော့ လမ်းပေါ်က ရန်စ အရှမ်းဆော်မှ ဟန်ကျဆိုတာ ခုမှပဲ တကယ်ဟန်တာ ... ဟဲ ဟဲ"

ကားဆောင်းသမားနှင့် စာချွေ ယောက်ျားနှစ်ဦးမှာ ဒေါ်ရော်သီထက် အသက်ငယ်ကြသည်။

စိုးဒေဝါနှင့် မတီမ်းမယိမ်းလောက်ပဲ ရှိကြမည်။

"ဒီကောင် တစ်ကိုယ်လုံး ညစ်ပေနေတာဘဲ ... ဘယ်ချောင်ဝင်တိုးခဲ့သလဲ မသိဘူး ... ခုကတည်းက သူတောင်းစားဖြစ်နေပြီ မမရေ"

"ဒီကောင်က အင်မတန်စတိုင်ထွားတဲ့ အကောင် ... ချမ်းလည်းချမ်းသာတယ် ... ခုပုံနဲ့ကတော့ တခြားစီ ... မေးကြည့်ရဦးမယ်"

"မမ လှိုင်းဘွဲ့ဆက်မတက်တော့ဘူးလား"

"သိပ်တော့ စိတ်မချလို့ စိတ်ကတက်ဖို့မပါဖြစ်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်နဲ့တွေ့တာ သွားဖို့ကို ပယ်ဖျက်လိုက်ပြီ”

“ဒါဆို နိုင်မ”

“သူ မော်လမြိုင်ထိ လိုက်လာမှာပါ”

“ဆေးကော မပါလာမှာလား”

“သူ ယူခဲ့မှာပဲ ... တို့က ရန်ကုန်အထိ ပြန်သယ်သွားရုံပဲ”

ကားသည် ဘားအံမြို့ထဲ ဝင်လာသည်။

လမ်းတစ်ခုထဲသို့ ချိုးဝင်သွားသည်။

ဝင်းခြံနှင့် တိုက်တစ်လုံးရှေ့တွင် ရပ်လိုက်၏။

အဲဒီအိမ်ပေါ်မှ ကြည့်လိုက်လျှင် သံလွင်မြစ်ထဲတွင် ရှိသော မုတ္တထိကျွန်းကြီးကို အတိုင်းသား လှမ်းမြင်နေရလေသည်။

စိုးဒေဝါသတိရလေ၏။

အခန်းကျဉ်းတစ်ခုထဲမှာ ရောက်နေသည်။

လေးဘက်လေးတန်တွင် ခိုင်မာသော ကျွန်းသား ပျဉ်ချပ်တွေ့ရသည်။

တံခါးပေါက်က တစ်ပေါက်တည်း။

အထက်တွင် မာကျောသော ပျဉ်းကတိုးသားများနှင့် ရာဇမတ်ကွက် ကာထားသည်။

အလင်းရောင်က အဲဒီမှဝင်သည်။

ရာဇမတ်ကွက် သစ်သားပေါက်တွေ ကျဉ်းပြီး စိုးဒေဝါ၏ အရပ်နှစ်ရပ်စာရှိသည်။

ခုတင်တစ်လုံး၊ ခေါင်းအုံးတစ်လုံး။





အခင်းကတော့ ဖျာ။

ခုတင်နှင့် လက်တစ်ကမ်းအကွာတွင် သောက်ရေအိုးစင်တစ်လုံး။

ဖန်ခွက်တစ်လုံးက သောက်ရေအိုးဖုံးပေါ်မှာ တင်လို့။

ကြည့်ရတာ လူနေလက်စအခန်းဖြစ်မည်။

အလင်းရောင်က ချမ်းချမ်းသာသာလေး ကြွယ်ဝနေတာမို့ အားလုံးစစ်ဆေးနိုင်၏။

စိုးဒေဝါ ဇက်နာနေစေကာမူ ခေါင်းကတော့ ကြည်ကြည်လင်လင်ရှိသည်။

ပထမဆုံး သူ့ခန္ဓာကိုယ်က အစိတ်အပိုင်းတွေကို လှပ်ရှားကြည့်မိ၏။

ဗွဒ်။

အားလုံး စင်းလုံးချော။

နောက်ခြေသလုံးအောက်ကို စမ်းသည်။

ရှူးဝါး။

စိတ်ချရသည်။ သူ့တစ်တောင့်တည်းသော ကျည်ဆန်နှင့်ကိုလည်း သေနတ်က နေရာမရွှေ့ပါ။

ဒီကောင်တွေရော ဟိုဟာမကြီးပါ မျက်လုံးကန်းသွားကြပုံရသည်။

ရေအိုးစင်ရှိရာသွားသည်။ ရေတစ်ခွက် ခပ်သောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝမ်းဗိုက်ထဲအေးဆင်းသွားသည်။

ဒီမှာ သူရှိနေသရွေ့တော့ သူ့ဝမ်းအတွက် မပူရတော့ပါ။ ဆာလောင်နေသော ဝမ်းဗိုက်ကို ရေနှင့် ဖြည့်နေရသည်။

ခုတင်ပေါ် သွားလှဲနေသည်။

စိတ်က ဒေါ်ရော်သီတို့အုပ်စုဘက် ရောက်သွား၏။ ဒီငတိမ ဘားအံကို ဘာလာလုပ်သလဲ။

နိုင်မနှင့် တွေ့ဖို့ လာတာလား။

ဒါအဖြစ်နိုင်ဆုံးပဲ။

နိုင်မသည် မိမိကို ခုတုံးလုပ်၍ ဘားအံအထိ လာကာ ဒေါ်ရော်သီနှင့် ဆက်သွယ်တာဖြစ်မည်။

ဒေါ်ရော်သီမှာ ရတနာတွေ မှောင်ခိုတာ လုပ်ရုံမက မူးယစ်ဆေးဝါးပါ ကိုင်နေပြီထင်သည်။

ဒါဆို လွန်တာပေါ့။

နိုင်မကိုလည်း ဖရမက ဖမ်းရမည်။

နိုင်မသည် ပြည်သူ၏ ရန်သူ။ ဒီမိန်းကလေးအပေါ် သူဘယ်လောက်စိတ်ဝင်စားသည် ချစ်သည်ဆိုဦးတော့

အမှားလမ်းကို လိုက်နေသော သူမအား နရသိမ်ထောင်ထဲကို ထည့်ထားမှ ဖြစ်မည်။

ဟိုတွေး ဒီတွေး တွေးစဉ် တံခါးဖွင့်သံကြားရသည်။

ကျွန်းသားတံခါး ပွင့်ထွက်သွားသည်။

စိုးဒေဝါ အေးအေးစက်စက် လှမ်းကြည့်၏။





ဒေါ်ရော်သီနှင့် လူတစ်ယောက်။

ဒေါ်ရော်သီလက်ထဲတွင် ခေါက်ဆွဲကြော် တစ်ပန်းကန် ကိုင်ထား၏။

ကျန်လူ၏ လက်မှာ ပစ္စတိုလ်က အဆင်သင့်။

"ခေါက်ဆွဲကြော် စားမလား ... ကျည်ဆန်ကြော် စားမလား"

လှောင်သံနှင့် ဒေါ်ရော်သီက ဆိုလေတော့

"ကျည်ဆန်ကြော်က မာတယ်ဗျာ ... ကိုက်နိုင်မှာ မဟုတ်ဘူး ... ခေါက်ဆွဲကြော်က ပျော့ပျော့ပျောင်းပျောင်းနဲ့ဆိုတော့ ခေါက်ဆွဲကြော်ပဲ စားရမှာပေါ့"

"ဒါဆို လိမ်လိမ်မာမာနေပါ ကိုစိုးဒေဝါ ... ကေတိကာတိ မျက်စိရှုပ်စရာတွေ မလုပ်နဲ့ ... ကျွန်မ လူတွေက လက်ရွေးစင်တွေ အိမ်ပတ်ပတ်လည်မှာလည်း လူတွေ ချထားပြီးသား ... ပြီးတော့ ဘလက်ဟောင်း အမဲလိုက်ခွေးကြီးလည်း ရှိသေးတယ် ... သူကိုက်သတ်ခဲ့တာ သုံးလေးဦးရှိပြီ"

"ကျုပ်က ခွေးနဲ့ ပြိုင်မကိုက်ပါဘူးဗျာ ... အထူးသဖြင့် ခွေးထီးထက် ခွေးမနဲ့ ပြိုင်မကိုက်တတ်ဘူး"

"ဟုတ်တာပေါ့ ... ခွေးမက ကိုက်ရင် နှောင်ဘဝရဲရောက်တောင် ရုပ်ပေါ်မှာမဟုတ်ဘူး"

ကြမ်းပြင်ပေါ်တွင် ခေါက်ဆွဲပန်းကန်ကို ချထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အဆိပ်တော့ ခတ်မထားနိုင်ပါဘူးနော်"

"ကျွန်မ သတ်ချင်ရင် အခုပဲ ရှင့်ကို ပစ်သတ်လိုက်မယ် ကိုစိုးဒေဝါ ... ဉာဏ်နီဉာဏ်နက်များမနေဘူး"

စိုးဒေဝါ လူးလဲထလိုက်သည်။

ဒေါ်ရော်သီရဲ့ စကားကိုတော့ ယုံသည်။ ဒေါ်ရော်သီမှာ အသက်အနည်းငယ်ကြီးလာပေမယ့် ဘိုသွေးပါသူပီပီ ချောချဲ လှဆဲတောင့်ဆဲရှိသေးသည်။

သူမကိုယ်မှ ဝေထွက်လာသော အော်ဒီကလုံး ရေမွှေးနံ့တွေက သူ့ဆီ ပြေးကပ်လာသည်။

ခုအခါမှ သူ့ဒါတွေ စိတ်ဝင်စားဖို့ထက် ကြမ်းပြင်ပေါ်က ခေါက်ဆွဲကြော်ကိုပဲ စိတ်ဝင်စားသည်။

ဒေါ်ရော်သီတို့ နှစ်လှမ်းသုံးလှမ်းနောက်ဆုတ်သွားသည်။

"ရှင် ခေါက်ဆွဲကြော်ရှေ့မှာပဲ တင်ပျဉ်ခွေ ထိုင်လိုက်"

"ကျုပ်ကို ပူဇော်ပသနေတာလား"

ပြောမယ့်သာ ပြောသည်။ စိုးဒေဝါ တကြွတ်ကြွတ် ငြိမ်းသတ်ဖို့အတွက် ခေါက်ဆွဲကြော်ပန်းကန်ရှေ့မှာ တင်ပျဉ်ခွေ ထိုင်၏။

"ခွေးစားတော့ မစားနဲ့နော်"

ဒေါ်ရော်သီကလည်း ဆော်သည်။





စိုးဒေဝါခေါက်ဆွဲကြော် စားသည်။

"ရှင့်ကြည့်ရတာ ကျွန်မ စိတ်မကောင်းပါဘူး ... ငတ်ပြတ်လာတာနဲ့ တူတယ် ဘယ်လိုဖြစ်တာလဲ"

"လှိုင်းဘွဲ့ဘက်ကို အလုပဲကိစ္စနဲ့ သွားတာလေ ... တစ်ဖက်နိုင်ငံက ရတနာကုန်သည်တစ်ဦးက ရတနာလိုချင်တယ်လို့ ကျုပ်သွားပြီး စုံစမ်းတာ လမ်းတစ်ဝက်မှာပဲ ဓားပြတွေနဲ့ တွေ့တယ် ... ကျုပ်ကို ဖမ်းခေါ်သွားတယ်"

ခေါက်ဆွဲကို ဘယ်လောက်ဆာဆာ ဣန္ဒြေရရ သူစားသည်။

ခေါက်ဆွဲမှာ ဘားအံခေါက်ဆွဲကြော်မို့ ရန်ကုန်ခေါက်ဆွဲကြော်တွေလောက် အရသာ မရှိလှ။

ဆာနေတော့ တစ်လုတ်ပြီး တစ်လုပ် ပါးစပ်ထဲ ဂင်နေသည်။

"ဓားပြတွေ လက်ထဲက ကျုပ်ထွက်ပြေးလာတာ"

စကားကို အဆုံးသတ်သည်။ ခေါက်ဆွဲကြော်ကိုတော့ အဆုံးမသတ်သေးပါ။

ဒေါ်ရော်သီက ခေါင်းယမ်းလိုက်သည်။

ခေါင်းထက်ရှိ တွန့်လိမ်နေသော လှိုင်းတွန့်ဆံပင်တွေ လှုပ်ခါ ယမ်းသွားသည်။

"ရှင် ဓားပြတွေလက်ထဲက ထွက်ပြေးလာတယ်ဆိုတာတော့ ယုံပါတယ် ... ရတနာကုန်သည်တစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့တယ်ဆိုတာတော့ ယုံနိုင်စရာ မရှိဘူး"

"ဒါကတော့ သဘောပဲလေ"

ခေါက်ဆွဲကြော်မှာ တကဲတကဲစင်ပြောင်းသွားပြီ

သူ ထရပ်သည်။ လွတ်လမ်းကို ချိန်ဆ၏။ လွယ်တော့မလွယ်သေး။

သေနတ်သမားက သူနှင့် ဝေးကွာနေသည်။ သေနတ်သမားမှာ သန်မာသည်။

အတွေ့အကြုံများလာသည့် လက္ခဏာရှိသည်။

သူနှင့်လည်း ခြောက်လှမ်း ခုနစ်လှမ်းလောက် ကွာနေသည်။

သေနတ်ကို လုဖို့ရန် မဖြစ်နိုင်။

နမလက်လျှော့နေလေဦးတော့ကွယ်။

"ခုတင်ပေါ် ပြန်တက်ပါ"

"မယုံလို့လား"

"ရှင့်ကို အစာကြေအောင် လှုပ်လှုပ်ရှားရှား လေ့ကျင့်ခန်း လေးတော့ ကျွန်မ ခွင့်မပြုနိုင်တာ အမှန်ပဲ ... ဥက္က ခေါက်ဆွဲပန်းကန်ကို သွားယူလိုက်"

စိုးဒေဝါ ခုတင်ပေါ် ပြန်ထိုင်လိုက်ပြီးချိန်မှာ ဥက္က က ခေါက်ဆွဲထည့် သံပန်းကန်ပြားကို ခြေထောက်နှင့် နောက်ပြ ဆွဲယက်ယူလိုက်သည်။

သေနတ်နှင့် မျက်လုံးတွေက စိုးဒေဝါဆီက မခွာ





ပြီးတော့မှ သူတို့နောက်ဆုတ်နောက်ဆုတ်နှင့် ထွက်သွားကြသည်။

တံခါးရွက်က ဂျိ    နဲ့ ပိတ်သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၁၄)

စိုးဒေဝါ အိပ်မောမကျဘဲ မှုးဝေဝေဖြစ်နေသည်။

သူ့ကို မော်ဖိန်းထိုးပေးကြသည်။

မော်ဖိန်းထိုးပေးပြီး လူမှန်းသူမှန်းမသိသော သူ့ကို ဘားအံသင်္ဘောဆိပ်သို့ ကားနှင့် ကားသွယ်၏။

ဘားအံသင်္ဘောဆိပ်မှာ ယခု သင်္ဘောဆိပ်လို သားသားနားနား မရှိပါ။

ခုသင်္ဘောဆိပ်က သားနားသပ်ရပ်၏။

ဘောတံတားကြီးတစ်ခုက လွဲလို့ ဘားအံကမ်းမှာ ခေါက်ကပ်နေသည်။

ရှေ့က မုတ္တမကျွန်းနှင့် သင်္ဘောဆိပ်မှာ ကပ်နေသော ဖားရုပ်ကြီးနှင့် ရွှေရင်မျှော်ဘုရားသည်သာ ဘားအံသင်္ဘောဆိပ်၏ အထိမ်းအမှတ်ဟု ဆိုရမည်။





သူတို့သည် စိုးဒေဝါကို လူနာတစ်ယောက်လို ပုခက်နှင့် ထမ်းကာ ဆိုက်ကပ်ထားသော မော်တော်တစ်စီး ပေါ်လာကြသည်။

ကိုယ့်မော်တော်ကို ကိုယ် တာဝန်ယူသွားကြရသည်။

တကယ်လို့ တာဝန်မယူချင်လျှင်ရှေ့မှ ကင်းမော်တော်ကွန်ဗွိုင်းပါသော လူစီးသင်္ဘောနှင့် တစ်ပါတည်းသွားနိုင်သည်။ ဒါကလည်း တစ်ပတ်မှ တစ်ခါရယ်။

စက်မော်တော်ကို ဒေါ်ရော်သီက စင်းလုံးငှားထားသည်။ ယင်းမော်တော်ပေါ်တွင် သူ့လူခြောက်ယောက်ပါသည်။ ဆန်အိတ်တစ်အိတ်နှင့် ကြံသကာတောင်းတစ်တောင်းပါသည်။

အဲဒီဘက်မှာ သူမတို့၏ လျှို့ဝှက်လက်နက်တွေ ထည့်ထား၏။

စစ်ဆေးသူတွေက ပေါ့ပေါ့လျော့လျော့ပဲ စစ်ဆေးလိုက်ကြသည်။

ဒေါ်ရော်သီတို့ စက်မော်တော် မနက်ရှစ်နာရီကတည်းက ထွက်သည်။

မော်တော်ထဲတွင် စိုးဒေဝါ အိပ်မောကျနေခဲ့သည်။

မော်ဖိန်းက ဆယ်နာရီအတိုင်းအတာလောက် ထိုးထားသည်။

နေ့လယ်တစ်နာရီထိုး ထားဝယ်ဆိပ်ရောက်သည် အထိ ဘာအနှောင့်အယှက်မှ မတွေ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရော်သီမျက်နှာမှာ ရွှင်လန်းနေသည်။

ထားဝယ်ဆိပ်သို့ မော်တော်ကပ်သည်။

မော်တော်ပေါ်မှ ချက်ချင်းမဆင်းသေး။

ကားတစ်စီး ရှာခိုင်းလိုက်သည်။

စိုးဒေဝါ နိုးလာခဲ့သော်လည်း တစ်ကိုယ်လုံး ထုံထိုင်းနေသည်။

ခေါင်းတစ်ခုလုံး ကြည်ကြည်လင်လင်ဖြစ်မည့်အစားမူးနောက်ရီဝေနေသည်။

ကိုယ်တွေ လက်တွေ မလှုပ်ချင်။

မသယ်ချင်။

အငှားကားရလာသည်။

ဆိပ်ကမ်းထက်တွင် သဘော်ဘီးခြမ်းသဏ္ဍာန်ခရီးသည်တင်ကားလေးအချို့၊ ဘုံပြတ်၊ ဆိုက်ကားအချို့ လှုပ်ရှားကွက်ညီညီနှင့် ပြေးနေကြသည်။

ကမ်းနားလမ်းတွင် လူတစ်ချို့ လှုပ်လှုပ်ရှားရှားလှုပ်သွားနေ၏။

ဂျစ်ကားတစ်စီးပေါ်ကို စိုးဒေဝါအား တွဲပြီး တက်လိုက်ကြ၏။

ထားဝယ်တံတား၏ ဟိုမှာဘက်တွင် ဈေးကြီး ရှိ၏

အောက်လမ်းမကြီးပေါ် ရောက်လာသည်။

တိုက်သုံးလေးလုံးနှင့် ပျဥ်ထောင်အိမ်များက မော်လမြိုင်မြို့၏ ခေတ်နောက်ကျသော အသွင်ကို ပြနေ၏။





မြို့၏ တိုက်တာ အဆောက်အအုံတွေမှာ ညစ်နွမ်း၍ ညှိုးမှိန်နေသည်။

ပြည်တွင်းသောင်းကျန်းသူများဒဏ်ကြောင့်မော်လမြိုင်မြို့သူ မြို့သားတွေမှာ ကောင်းစွာမအိပ်ရ။

တစ်ခါတစ်ရံ မုဒိန်းကို ဝင်တိုက်သည်။

တစ်ခါတစ်ရံ ကျိုက်မရောကို ဝင်တိုက်သည်။

တစ်ခါတစ်ရံ မော်လမြိုင်ကို ဝင်တိုက်တတ်၏။

တိုက်လျှင်လည်း ညဘက်။

တပ်မတော်က ခုခံသဖြင့် သောင်းကျန်းသူတွေပဲထွက်ပြေးကြရသည်။

သံဖြူဇရပ်နှင့် ရေးတစ်ဝိုက်တွင် ထိုးစစ်တွေ နွှဲနေကြသည်။

ဓားပြကလည်း သောင်းကျန်းလိုက်တာ မပြောနှင့်။

ကျိုက္ခမိမှ မုဒုံကြားမှာ အဆိုးဆုံးဖြစ်သည်။

ဒါတွေကို အမှုပြုပြီး ဒေါ်ရော်သီ စီးပွားရှာကောင်းနေသည်။

ခု ...

သူမက နယ်စပ်မှ သောင်းကျန်းသူခေါင်းဆောင်နိုင်မနှင့် လျှို့ဝှက်ဆက်သွယ်မှုအရ ချိန်းထားသည်။

နိုင်မက မော်ဖီးယားတွေကို တစ်ဖက်နိုင်ငံနှင့်မြန်မာနိုင်ငံ နယ်စပ်ကြားမှ ထုတ်လုပ်၍ ဒီပြည်တွင်းသို့ သွင်းမည်။

ဒေါ်ရော်သီက ဝယ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးနှင့် စပ်လျဉ်းပြီး ဒေါ်ရော်သီက အားလုံး တာဝန်ယူသည်။

နိုင်ငံမကိုယ်တိုင် လိုက်လာခြင်းက တခြားသော ရည်ရွယ်ချက်တစ်ခုဟု ဆို၏။

ဘာရည်ရွယ်ချက်ဆိုတာကို ဒေါ်ရော်သီ မသိ။

သူမ မသိချင်။

လောကမှာ သူမ သိချင်တာ ငွေပဲဖြစ်သည်။

သူမက ဒီမော်ဖီးယားတွေကို မြန်မာနိုင်ငံတွင်းမှ ဖြတ်ယူသယ်ဆောင်ကာ မြန်မာနိုင်ငံအနောက်ဘက်က နိုင်ငံတစ်ခုခုသို့ သွင်းရန်ဖြစ်၏။

တစ်ဘက်မှ သူ့ကို စိန်နှင့် ရတနာမျိုးပေးမည်။

ဒါတွေက သူမ၏ အလုပ်အကိုင် တစ်စိတ်တစ်ဒေသသာရှိသေးသည်။

စိုးဒေဝါကို ကားပေါ်အတင်မှာ အိမ်တစ်အိမ်ပေါ်မှ နေပြီး လူတစ်ယောက် မှန်ပြောင်းနှင့် ဒေါ်ရော်သီတို့အား ကြည့်နေတာကို ဒေါ်ရော်သီ မသိ။

အဲဒီလူက မိန်းကလေး။

ဒေါ်ရော်သီတို့ကားက အောက်လမ်းမကြီးမှ အထက်လမ်းမကြီးသို့ တက်သည်။

တောင်ပိုင်းသို့ ရောက်သည်။

တောင်ပိုင်းသို့ရောက်တော့ မြေနီလမ်းကလေးတစ်ခု ထဲကို ဝင်သွားသည်။





ခြံကြီးတစ်ခြံက ထိုလမ်းကလေးအဆုံးမှာ ရှိ၏။

အဲဒီခြံကြီးကို ကျော်လိုက်လျှင် ဘုရားတစ်ဆူသို့မဟုတ် တောင်ပိုင်းဘုရားဘက်ကို သွားနိုင်သော ကွင်းပြင်ကြီးဘက်ရောက်သွားနိုင်သည်။

ဒေါ်ရော်သီ ကားပေါ်မှ ဆင်း၏။

"ဥက္ကာ ... ကျော်ကြီး ... စိုးဒေဝါကို မြေတိုက်ထဲ သွားပို့ထားလိုက်"

ခြံကြီးနှင့် အိမ်မှာ ဒေါ်ရော်သီ ဝယ်ထားသော ခြံကြီးနှင့် အိမ်ဖြစ်၏။

ခြံထဲတွင် ဒူးရင်းပင်၊ မင်းဂွတ်ပင်၊ အုန်းပင်တွေ ပြည့်နေသည်။

အခြားသော သစ်ပင်ငယ်များလည်း ပေါက်နေရာ ချုံတောလို ဖြစ်နေသည်။

လူဝင်လျှင် လူပျောက်သွားနိုင်သည်။

ဥက္ကာနှင့် ကျော်ကြီးက စိုးဒေဝါအား အိမ်ထဲကို သွင်းကာ မီးဖိုဘက် ခေါ်သွားသည်။

တံခါးချပ်တစ်ခုကို ဖွင့်ကာ မြေအောက်သို့ ခေါ်သွားသည်။

ဒီနေရာက ဒေါ်ရော်သီ၏ မူးယစ်ဆေးဝါးကုန်လှောင်ရာဖြစ်သည်။

ဒေါ်ရော်သီသည် သူမအတွက် မနက်စာကို အိမ်ပိုင် ခိုင်းထားသော အိမ်ဖော်မိန်းကလေးတစ်ယောက်အား ပြင်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ထိုက်သည်။ နေရှင်း (NATION) သတင်းစာကို လှည့်ကြည့်သည်။

သတင်းတစ်ခုကို စိတ်ဝင်စားသွား၏။

နိုင်ငံတွင် အရေးပါသော နိုင်ငံရေးပုဂ္ဂိုလ်ကြီးတစ်ဦး မော်လမြိုင်သို့ လာမည့် သတင်းဖြစ်သည်။

အင်း ... ဒီပုဂ္ဂိုလ်ကြီးကို မော်လမြိုင်မြို့သူ မြို့သားတွေက ကြိုရဦးမှာပေါ့။

နိုင်ငံရေးပုဂ္ဂိုလ်ကြီးက တရားလာဟောဦးမည်တဲ့။ သူလာသည့်ရက်။

အယ်။ ရက်စွဲအရဆိုလျှင် မနက်ဖြန်ပါလား။

အချိန်က ညနေ သုံးနာရီ။

အိုကေ။ ဟုတ်ပြီ။

သတင်းစာကို ဆက်လက်ဖတ်ပြီးမှ စိုးဒေဝါနှင့် ပတ်သက်ပြီး စဉ်းစားနေသည်။

စိုးဒေဝါကို သူမမုန်းသည်။ မုန်းတာမှ အသည်းထဲက ကို မုန်းတာ။

စိုးဒေဝါကို သေစေချင်သည်ထက် စိုးဒေဝါကို လူ့အောက်လွှာရောက်ပြီး အသက်မသေဘဲ စိတ်ဆင်းရဲပြီးမှ သူ့ဟာသူ သေစေချင်သောဘဝကို ရောက်စေချင်သည်။

ဒေးဗစ်။

သူမမောင် ဒေးဗစ်။





ဒေးဗစ်ကို သူမ ချစ်သည်။ သူမ ဖခင် မစ္စတာ အက်ဒဝပ် အင်္ဂလန်ကို ပြန်တော့ ဒေးဗစ်က မလိုက်ဘဲ သူမနှင့် နေခဲ့သည်။

ဝင်းမင်းသန်းသည် ဒေါ်ရော်သီ၏ မြန်မာနာမည် ဖြစ်သည်။ ဒေါ်ရော်သီအမည်ကိုသာ ချစ်မိသော သူမက အင်္ဂလန် နာမည်ကို ရှေ့ကထားပြီး မြန်မာနာမည်ကို နောက်က ထားခဲ့သည်။

ဒါကြောင့် ဒေါ်ရော်သီဝင်းမင်း။

သူမ၏ ဘိုကြက်ချေးဆန်သော ထိုနာမည်။

မြေတိုက်ခန်းထဲသို့ သူမဆင်းလာ၏။ ဒီတစ်ခါတော့ စိုးဒေဝါမှာ ဘားအံမှာ ထားခဲ့သလို မဟုတ်။

လက်တွေကို တင်ပါးနောက်မှာ တုပ်ထားသည်။ ခြေထောက်တွေကိုတော့ မတုပ်ပါ။ တုပ်နှောင်ခဲ့လျှင် သူ့သေနတ်ကို တွေ့သွားနိုင်၏။

သူတို့ သိပ်ပြီး တင်းတင်ကျပ်ကျပ်မလုပ်နိုင်စေရန် စိုးဒေဝါက ခုခံမည့်ပုံဟန်လည်း မပြ၊ အမူအရာလည်း မပြ၊ ထောင့်တစ်ထောင့်တွင် ထိုင်နေသည်။

"လူစွမ်းကောင်းကြီး ... မနက်ဖြန်အတွက် လူစွမ်းကောင်း မလုပ်နိုင်တော့ပါဘူးနော်"

"အင်း ... မနက်ဖြန်ရဲ့ လူစွမ်းကောင်းမဖြစ်ပေမယ့် မနက်ဖြန်ရဲ့ ခင်ဗျားလင်ကြီးများ ဖြစ်သွားမလား မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ … ဖဲ … ကျွန်မသာ ရှင့်မိန်းမဖြစ်ရင် သိပ်ဂုဏ်ယူမိမှာပဲပေါ့ … ကျွန်မကလည်း ရှင့်လို ယောကျ်ားမျိုးဆို ဆယ်ယောက်လောက်တောင် လင်တော်ရဲပါတယ် … ဒါမှ ကျွန်မအတွက် အတွင်းခံဘောင်းဘီတို့ ထဘီတို့ လျှော်ပေးမယ့်လူ ရလာမယ်မဟုတ်လား"

အနားသို့ ကပ်၍ စိုးဒေဝါ၏ ဆံပင်တွေကို ကိုင်ဆွဲ၍ ဆတ်ခနဲ မျက်နှာကို မော့လာစေ၏။

သိန်းငှက်မျက်လုံးထက်တောင် စိုးဒေဝါမျက်လုံးတွေက ကြောက်စရာကောင်းဘိ၏။

ဒီမျက်လုံးတွေကို မရွှေချောကြီးက ရင်မဆိုင်ပါ။

"ကျွန်မ မျက်နှာကို ကြည့်စမ်း … ရှင်နောက်ဆုံး ဝဝကြည့်ထားလိုက် … ဖရက်ဒီကို ထောင်ထဲပို့လိုက်တဲ့ ရှင့်ကို ကျွန်မကတော့ ကြည့်တောင် မကြည့်ချင်ဘူး"

ညာလက်တစ်ဖက် လှုပ်ရှားလိုက်သည်။ မြွေတစ်ကောင် ပေါက်သလိုပါပဲ။

ပါးရိုက်သံသည်။ အထူးအဆန်းမဟုတ်ပါ။ သို့တစေ သူမ၏ လက်ဖဝါးနုနုကလေးမှာ ထင်သလောက် ပါးပြင်ပေါ်တင်လိုက်တာကိုက မနာတာဘဲ ထူးဆန်း၏။

"ပပဝတီက မင်းကုသကို ပါးရိုက်တာလောက်ပဲ သဘောထားပါတယ် ဒေါ်ရော်သီ"

"ရှင် အခုထိ အပြောမလျှော့သေးဘူးပေါ့"





သူမ၏ လက်သီးလေးတစ်လုံးက စိုးဒေဝါ မျက်နှာပေါ် ကျလာသည်။

"အမယ် … ဒီတစ်ခါတော့ အတော်အီတာ … ဂျူးလူးဝစ်လက်သီးလား" အောက်မေ့ရသည်။

စိုးဒေဝါ၏ နှာခေါင်းဝမှ သွေးထွက်လာသည်။ စိုးဒေဝါမျက်လုံးတွေက မမှိတ်ပါ။

"ဒါက ဖရက်ဒီအတွက် … ဆေးရုံကို ရောက်နေတဲ့ ဒေးဗစ်အတွက် ကျန်သေးတယ်"

"အဲဒီအတွက်က ခေါင်းတစ်လုံးနဲ့ မြေကျင်းတစ်ခုပဲ ဖြစ်ရမှာပေါ့"

"ရှင်အခုထိ အာနိုင်တုန်းပဲလား"

စိုးဒေဝါ၏ ဘယ်လက်မောင်းက ဒဏ်ရာမှာ ကျက်တောင်မကျက်သေး။ ဒေးဗစ်၏ မားဒဏ်ရာ၊ ဒါကို နေ့မဏ ငုံ့ကြည့်ပြီးလျှင်

"မှန်စမ်း … ဒါဟာ ဒေးဗစ်ရဲ့ လက်ရာလေး မဟုတ်လား အင်မတန်ချစ်စရာကောင်းတာပဲ … ကိုင်း ပျောက်စေသတည်း"

"ဖုန်း"

"အား"

နာသွားတာမှ အသည်းခိုက်အောင် နာသွားတာပဲ။ အနာပေါ် တုတ်ကျတဲ့။ ခုတော့ ရွှေလက်ဝါးတော် နုနု ကျတာတောင် ဆတ်ဆတ်ခါသွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အနာပေါ် တုတ်မကျအောင် မီးစင်ကြည့်ကဦးမှာ။

"ရှော့ … ထပ်ယူ"

ညာဒူးက မြန်သည်။ မိန်းမဒူးရယ်လို့တောင် မဆိုသာ။ တော်ရုံလူ အမယ်လေး အော်လောက်သည်။

ကောင်မကြီးက ဗလလည်း ကောင်း၊ ဒေါင်းလည်း ကောင်းတော့ အတော်တော့ ခံရသည်။

မျက်လုံးထဲ မီးကို ပွင့်ထွက်သွားတာ။

ဆုပ်ကိုင်ထားသော ဆံပင်တွေကို လွှတ်လိုက်သည်။

စိုးဒေဝါ မလဲချင်သော်လည်း ပိုပြီး နာချင်ယောင်ဆောင်သည်။

အမယ်လေး မ'တ'သော်လည်း 'တ'ချင်ဟန်ဆောင်၏။

"အမယ်လေး … အမယ်လေး"

သူအော်သည်။ လိမ့်နေသည်။ သိပ်ကို ကျေနပ်စရာပဲ။

"မိန်းမဆိုပြီး အထင်မသေးနဲ့ ကိုစိုးဒေဝါ … ဒေါက်ဖိနပ်ကို မြင်းလုပ်စီးပြီး ထဘီကို အလံထူမယ့်မိန်းမတွေ ကမ္ဘာမှာ ပေါ်လာပြီ တိုက်ကြီးတစ်တိုက်မပြောနဲ့ ခုနှစ်တိုက်လုံး ပြိုအောင် ဒူးနဲ့တိုက်မယ့် မိန်းမတွေထဲမှာ ကျွန်မပါတယ်လို့ မှတ်လိုက်"

ပြောသံက မာကျောသည်။ သူမ၏ မျက်နှာကလေးကလည်း မာကျောသည်။





စိုက်ကြည့်၏။ လှည့်ထွက်သွားသည်။

ကျန်းမာချမ်းသာပါစေကွယ်။

ရက်စက်တာကိုး။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းခွေ(၁၄)

စိုးဒေဝါကို ခေါ်ထုတ်လာကြသည်။

စေ့စပ်ဆွေးနွေးပွဲ လုပ်ချင်သည်ဟု ဒေါ်ရော်သီက ဆိုသည်။

မြေတိုက်မှ အပေါ်သို့ တက်လာရတာ ဆုလာဘ်တစ်ခုရသလိုပဲ။

လေကောင်းလေသန့်ရသည်။ အလင်းရောင် ကောင်းကောင်းရသည်။

ရေလေးကောင်းကောင်းသောက်၊ အစားလေး ကောင်းကောင်းစားဖို့ပဲလိုသည်။

လက်တွင် ချည်ထားသော ကြိုးကို ဖြုတ်မပေးသေး ပါ။





"ထိုင်ပါ ... ကိုစိုးဒေဝါ"

အခန်းထဲက ကုလားထိုင်တစ်လုံးတွင် ထိုင်ရန် ဒေါ်ရော်သီက ညွှန်ပြ၏။

သူမသည် ရှပ်အင်္ကျီအနက်နှင့် ဘောင်းဘီနက်တစ်ထည်ကို ကိုယ်တွင် စွပ်ထားသည်။

လက်အိတ်တစ်စုံကလည်း သူမ၏ လက်များတွင် ရှိပြီသား။

ကြည့်လို့ ကောင်းပ။

မိုက်ချပ်ချပ်၊ ဒေါင်ကောင်းကောင်းဆိုတော့ အင်္ဂလန်ကြက်မကြီးလို တင့်တယ်ပါတယ်နော်။

သူမက စိုးဒေဝါ ထိုင်နေသော ကုလားထိုင် လက်ရန်းတွင် ခြေတစ်ဖက်လာတင်သည်။

"ရှင်နဲ့ ကျွန်မ တိုတိုနဲ့ လိုရင်းပဲ ဆွေးနွေးရအောင်"

"မင်းနဲ့ ငါနဲ့ ဘာမှ ဆွေးနွေးစရာ မလိုဘူး ဒေါ်ရော်သီ"

ခင်ဗျားတွေ၊ ကျုပ်တွေ လုပ်မနေ ပြောမနေတော့။ ကြမ်းတမ်းသည့်လူတန်းစားကြီးကို ကြမ်းတမ်းစွာပဲ ဆက်ဆံရချိမ့်မည်။

"စိတ်မဆိုးစမ်းပါနဲ့ ... ရှင့်ကို ကျွန်မ သတ်ပစ်ချင်လောက်အောင် မုန်းပေမယ့် ညက ကျွန်မ မအိပ်ခင် စဉ်းစားတယ် ကျွန်မ ရှင်နဲ့ ပြေလည်ချင်တယ် ... ပြေလည်အောင် လုပ်ရင် ကျွန်မ ရမယ်လို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ပြေလည်ချင်လို့လဲ"

မခန့်လေးစားမျက်နှာနှင့် စိုးဒေဝါက ပြောမိ၏။ ဒါကို ဒေါ်ရော်သီက ဂရုမစိုက်။

သူမ၏ တင်ထားသော ခြေမှ ပေါင်တစ်ဖက်ကို ပုတ်ကာ ...

"ရှင် စိတ်ဝင်စားလာပါပြီလား ကိုစိုးဒေဝါ ... ဒါပေးရင် ဖြစ်နိုင်မယ့် ပြေလည်စေမယ့် နည်းမျိုးပေါ့"

"သွားစမ်းပါ ... နင့်လင်ကိုပဲ သွားပြော"

တွယ်လိုက်သော စကားက ထိရောက်သည်။ ဒေါ်ရော်သီ၏ မျက်နှာချောချောမှ ရဲတွတ်သွားသည်။ ကပြားမ၏ ဒေါသ။

သူမသည် တစ်ခုခုလုပ်တော့မည်နှယ် ခြေထောက်ကို အောက်ချလိုက်သည်။

အသံတစ်သံက တံခါးပေါက်ဝမှ ပေါ်လာ၏။

"မမ ... ညှို့သည်"

ပြောလိုက်သူက ခြံဝတွင် အမြဲအစောင့်ချထားသော ဒေါ်ရော်သီ၏ လူတစ်ယောက်။

လူတွေ၏ အာရုံက တံခါးပေါက်ဘက် ပြောင်းသွား၏။

နိုင်မသည် တွေ့ရစဉ်ကထက် ပိုပြီးလှ ပိုပြီး သပ်ရပ်နေသည်။





နိုင်လွန်အင်္ကျီလက်ပြတ်တို့အတွင်းက အနက်ရောင် ဘော်လီခံကာ ဝတ်၍ အောက်မှာ ဘရိုကိတ်ဖဲထဘီကို ဝတ်ထားသည်။

အမောက်ကလေးကို နဖူးအထက်တွင် ပြေရုံက လေး တင်ထားသည်။

ကျစ်ဆံမြီးနှစ်စကို ပခုံးရှေ့တွင် ချထားသည်။

တစ်ခုပဲ ထူးသည်။

သူမ၏ ကျောပိုးအိတ်ကို နောက်ကျောတွင် လွယ် မထားတော့ပဲ ကိုင်ထားသည်။

စိုးဒေဝါကို သူတွေ့လိုက်တော့ အံ့ဩရိပ်တွေ ဖြတ် သန်းသွား၏။

သို့သော် ထိုအံ့ဩရိပ်ကို ဖျောက်ပစ်လိုက်၏။

"နိုင်မ ... နင်လာပြီပေါ့"

"ဟုတ်တယ် ဒေါ်ရော်သီ ... ကျွန်မ ဘားအံက မနေ့မနက် ပဲ ရောက်ခဲ့တယ် ... ဒေါ်ရော်သီတို့လာတာ ကျွန်မ မှန် ပြောင်းနဲ့ ကြည့်ခဲ့တာ"

စိုးဒေဝါဘက်ကို သူမ လှည့်မကြည့်တော့ပါ။ စိုးဒေဝါ ဘက်က အကင်းပါးသဖြင့် မသိဟန်ဆောင်ပြီးတော့ ဒေါ်ရော်သီကို ပဲ ရှုသိုးသိုးကြည့်နေသည်။

"နင့်အခြေအနေကကော"

"ကျွန်မတို့ နယ်ဘက်မှာတော့ ကျွန်မတို့ ဗိုလ်ပဲပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ထွက်လာတာကို အစ်ို ပြုံးမောင်က မလိုလား ဘူးလေ ... သူ့လူတွေနဲ့ ပိတ်ဖမ်းတယ် ... နိုင်မက ဒီကို လာချင်နေတော့ ရအောင်လာတယ် ... လုပ်စရာကလည်း ရှိတယ်မဟုတ်လား"

"အဲဒီဘက်ကို သွားမလို့ နိုင်မ ... နင့်အကူအညီကို ငါလိုချင် တယ်"

"ပြောပါ ကိစ္စပြီးရင် နိုင်မပြန်ရင် ဒေါ်ရော်သီကို နိုင်မ ကူညီ ရမှာပေါ့"

"နင်တို့ နယ်စပ်ကမြို့မှာ ငါ့သမီး ဖြိုးဝေလင်းရောက်နေ တယ် ... ဖြိုးဝေလင်းဆိုတာ အပျော်တမ်း သတင်းထောက်"

အို ... စိုးဒေဝါ ကြားက နားထောင်ရင်း သူ့နားကို တောင် သူမယုံဘဲ ဖြစ်သွားသည်။

ဖြိုးဝေလင်းက ဒေါ်ရော်သီရဲ့ သမီးတဲ့လေ။

နိုင်မကိုယ်တိုင်ပင် ပါးစပ်ကလေး ဝလုံးဖြစ်ကာ ဒေါ်ရော်သီကို ငေးမောနေသည်။

ဒေါ်ရော်သီက မရိပ်မိဘဲ

"မီလင်းဟာ သိပ်မိုက်တဲ့ သမီးလေးပါ ... ငါ့ရဲ့တစ်ဦးတည်း သော သမီးပဲ ... သူက ငါ့အကြောင်းတွေ သတင်းစာထဲမှာ ထုတ်ဖော်ရေးမတဲ့လေ ... သတင်းထောက်ပီပီ သိပ်အနေ အကာနဲလုပ်ချင်တဲ့သမီး ... အဲဒါ ငါက စိတ်ဆိုးပြီး အိမ်ပေါ် က နှင်ချင်လိုက်တာ နယ်စပ်ကို လွင့်သွားတယ် ... အဲ





နယ်စပ်မြို့မှာရှိတယ်လို့ သတင်းရထားတယ် နိုင်မရယ်"

နိုင်မ ပင့်သက်ကလေး ရှူလိုက်သည်။

အတွင်းဘက် လျှောက်လာသည်။

ကျောပိုးအိတ်ကို စားပွဲပေါ်တင်၍

"တတ်နိုင်သရွေ့ ကူညီမယ်လေ ... နိုင်မ တာဝန်ထားလိုက် စမ်းပါ ဒေါ်ရော်သီ ... ဖြိုးဝေလင်းတဲ့လား"

သက်ပြင်းကို ချပြီးမှ ဒေါ်ရော်သီက

"ဟုတ်တယ်"

"သူမြို့မှာ ရှိတယ်ဆိုရင် ဒေါ်ရော်သီနဲ့ အဆက်အသွယ် ရအောင် လုပ်ပေးလိုက်မယ်"

"ကဲ ... ထားလိုက်ပါတော့ ... တို့ကိစ္စကိုပဲ တို့ဆိုကြရ အောင် ... ဖြိုးဝေလင်းအကြောင်း နောက်မှ ဆက်ပြော မယ် ... ပစ္စည်းတွေပါသလား"

"ပါတာပေါ့"

"ပြစမ်းပါဦးကွယ် ... ကြည့်ရအောင်"

လေးလံသောကျောပိုးအိတ်ထဲက ပစ္စည်းတွေကို သူမ ထုတ်၍ စားပွဲပေါ် တင်လိုက်သည်။

ဆီစိမ်စက္ကူနှင့် ထုပ်ထားသော အတုံးအခဲတွေကို ပြောပြသည်။

စိုးဒေဝါ သိလိုက်ပါသည်။

အခဲအတုံးအရောင်တွေက ဖြူဖြူတွေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ ဘိန်းမှ ထုတ်လုပ်တဲ့ မော်ဖီးယားခဲ
တွေ။

နောက်ဆုံးရွှေချောင်းခြောက်ချောင်းကို ထုတ်
လိုက်၏။

"ဟယ် … ရွှေချောင်းတွေ"

"ရွှေထက်တောင် တန်ဖိုးရှိသေးတယ် ဒေါ်ရော်သီ"

သူက ပြောသည်။

ရွှေချောင်းတွေ တစ်နေရာကို စားပွဲစွန်းနှင့် ခပ်
ဆတ်ဆတ် ရိုက်လိုက်၏။

တစ်နေရာမှ ကွဲအက်လျက် ဖြူဖြူမှုန့်တွေ ကျလာ
သည်။

"လမ်းမှာ ရှာဖွေရေးနဲ့ တွေ့ရင် မော်ဖီးယားတွေကို လွှင့်
ပစ်ကောင်း လွှင့်ပစ်ရမယ် … ဒီရွှေရည်စိမ်ထားတဲ့ ရွှေ
ချောင်းအတုထဲက မော်ဖီးယားတွေကတော့ ရွှေချောင်းကို
လုံအောင်သိမ်းနိုင်ရင် အိုကေပဲလေ"

စိတ်ထဲကနေပြီးတော့ စိုးဒေဝါ ဆူပစ်လိုက်၏။

သူ့ကိုပေးမယ်ဆိုတဲ့ ရွှေချောင်းတွေက မော်ဖီးယား
တည့်လာတဲ့ ရွှေချောင်းအတုတွေ။

နိုင်မ သိပ်တတ်နိုင်တယ်ကွယ်။

မော်ဖီးယားအစစ် ဟုတ်မဟုတ်ကို ဒေါ်ရော်သီက
စမ်းသပ်စစ်ဆေးသည်။





ကျေနပ်သွားသည်။

"တန်ဖိုးက"

"အားလုံး ကီလို သုံးရာကျော်ရှိတယ် ဒေါ်ရော်သီ …
တစ်ကီလို နှစ်ထောင်ပဲ"

"ခြောက်သိန်းကျော်ဖိုးကြီးတောင်ပါလား"

"ကျွန်မတို့မှာ ငွေလိုတယ်လေ … နယ်စပ်က ဆက်ကြေးနဲ့
တော့ မလောက်ပါဘူး"

ကီလိုထုပ်တွေမို့ မယုံစရာတော့မရှိပါ။

ဒေါ်ရော်သီက လက်နှင့် ဆကြည့်ရုံမှလွဲပြီး ဘာမှ
မလုပ်။

"ကျေနပ်လား"

"ကောင်းပါတယ် … ငွေက ဘယ်တော့လဲ"

"ကျွန်မ ပြန်တော့ယူမယ် ဒေါ်ရော်သီနဲ့ လုပ်တာကြာပြီ
ဆိုတော့ ယုံပါတယ် … ဪ … ရဲမသိအောင် ယစ်မျိုး
ဘက်က မသိအောင်တော့ ဂရုစိုက်နော် ဒေါ်ရော်သီ …
ကျွန်မကတော့ ကိုယ့်ကိုယ်ကို အထင်မကြီးဘူး … နောက်က
ရဲလိုက်မလိုက် အမြဲပြန်ကြည့်နေရတာ"

"တို့က သိုသိပ်ပြီးသားပါ"

ပြောပြီး ဒေါ်ရော်သီက စိုးဒေဝါဘက် တစ်ချက်
မျက်လုံးကလေး စွေကြည့်သည်။

"ကျွန်မ လိုချင်တာကော အရန်သင့်ရှိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှာထားတယ် ... ပွိုင့်က သာတီးဖွိုင့်ဇီးရိုးဆစ် ... အမျိုး အစားက စပရင်းဖီး(လ်)အိစ်(စ်)ပရက်(စ်) (SPRING FIELD EXPRESS) ရိုင်ဖယ်ပဲ ... ကျည်ဆန်ဂရိမ်က နှစ်ရာ နှစ်ဆယ်ရှိတယ် ... အဝေးချိန်ပစ် တယ်လီစကုပ် (TELE-SCOPE) မှန်ပြောင်းပါ တပ်လို့ရတယ် ... လေးတော့ နည်းနည်းလေးတယ် ... ချိန်သားကောင်းတယ် ... ပစ်အားကောင်းတယ်"

"ခုပဲ လိုချင်တယ်"

"သိပ်အလျင်လိုသလား"

"တစ်နာရီအတွင်း ရရင် ပြီးတာပဲ"

"ရပါတယ် ... ဥက္ကာ ... မင်းတာဝန်ယူလိုက်"

"ဟုတ်ကဲ့ ... မမ"

သူမနေသော နေရာတစ်နေရာရာကို နိုင်မက ပြောပြသည်။

စိုးဒေဝါ ကျိတ်မှတ်ထား၏။

ဒေါ်ရော်သီက မလုံမလဲဖြစ်ဟန်တူသည်။

စိုးဒေဝါအား မြေအောက်ခန်းသို့ ခေါ်သွားရန် ပြော၏။

စိုးဒေဝါကို ခေါ်သွားကြသည်။

"သူက ဘယ်သူလဲ"

နိုင်မက မေးလိုက်သည့် အမှုအရာမှာ တကယ်





တော်သည်။

စိုးဒေဝါကို တစ်ခါမှ မသိဖူး မမြင်ဖူးသည့် ဒီနိုင်းပုံစံ။

"စိုးဒေဝါတဲ့ ... မင်းတို့ ကိုယ်တို့လိုလူစားတွေကို လိုက်ဖြိုဖျက်နေတဲ့လူ ... တစ်ချိန်ကရော ခုရော ကေအင်(မ်)တီ တရုတ်ဖြူတွေကို ထောက်လှမ်းပြီး စစ်တပ်နဲ့ သက်ဆိုင်ရာကို သတင်းပေးဖြိုဖျက်နေတဲ့လူ ... တို့ရဲ့ မဟာရန်သူ"

"သူက ရဲဘက်ကလား ... စစ်တပ်ဘက်ကလား"

"နိုင်ငံကိုချစ်တဲ့ ပြည်သူတစ်ဦးပဲ ... ဒါပေမယ့် သူ့မှာ ထောက်လှမ်းနိုင်တဲ့ အခွင့်အရေးတစ်ရပ်ကို သက်ဆိုင်ရာက ပေးထားတယ် ... နိုင်ငံရဲ့ တာဝန်ကို ပြည်သူတစ်ယောက် အနေနဲ့ ယူထားတဲ့ လူပဲ ... တစ်ခါကတော့ ထောက်လှမ်းရေးသမား လုပ်ဖူးတယ်တဲ့"

"အတော်လူးပါးဝတဲ့ ကောင်ပါလား"

"လူးပါးဝတာတော့ မပြောနဲ့ ... တို့လုပ်ငန်းကို ဒီကောင် နှောင့်ယှက်နေတာ ကြာပြီ"

"ဒေါ်ရော်သီတို့ ဒီလိုလူမျိုးကို ကြာကြာအသက်ရှင်အောင် ထားဖို့ မကောင်းဘူး"

"သူ့ဘဝဟာ သေတာထက်တောင် ဆိုးသွားစေရမယ်"

"ဘာလုပ်မလဲ"

"စောင့်ကြည့်ပေါ့"

"ကျွန်မ နားထောင်ရတာ အသည်းယားတယ် ... ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ကို သေသေချာချာကြည့်ချင်တယ်"

"ကြည့်ချင်လိုက်သွားလေ"

မြေတိုက်ထဲကို ဒေါ်ရော်သီကပဲ ဦးဆောင်ခဲ့သည်။

စိုးဒေဝါမှာ ကြမ်းပြင်ပေါ်တွင် လဲနေသည်။

ဥက္ကာနှင့် လူနှစ်ယောက်က လိုမ့်ကန်နေသည်။

ဒေါ်ရော်သီလာမှ သူတို့ရပ်သွားသည်။

"ဟေ့ကောင် ... ထစမ်း"

ခက်ထန်မာကျောစွာ နိုင်မက အမိန့်ပေးသည်။

စိုးဒေဝါဆံပင်တွေကို စကိုင်၍ ဆွဲထူသည်။

"ဒေါ်ရော်သီ ... ဒီကောင့်ကြည့်ရတာ မာကျောကျောနဲ့ ဒီလို ကောင်မျိုးတွေကို အချိန်မ ကြည့်လို့ကို မရဘူး"

ဒေါ်ရော်သီဘက် လှည့်ပြောသည်။

စိုးဒေဝါဘက်ပြန်လှည့်ကြည့်၍ မျက်နှာကို သူမ လက်ကလေးနှင့် နှစ်ချက်ရိုက်ပစ်လိုက်သည်။

စိုးဒေဝါ တော်တော်ဒေါသထွက်သွား၏။

သူခံရစဉ်ကထက် ပိုလို့ ဒေါပွဒေါကန်သွားသည်။

နှုတ်မှ တစ်ခုခုကို ပြောဖို့ ပါးစပ်ပြင်လိုက်သည်။

ရိုပ်မိသည်။

နိုင်မက ဘယ်သူမှမသိအောင် မျက်နှာရိပ် မျက်နှာကဲနှင့် မျက်လုံးတစ်ဖက်မှိတ်ပြလိုက်သည်။

စိုးဒေဝါ ငြိမ်သွား၏။





ခေါင်းငိုက်စိုက်ချလိုက်သည်။

"ဟေ့ကောင် ... မင်း ရဲဘက်က လူလား ... စစ်တပ်က လူလား ... ပြောစမ်း"

စိုးဒေဝါ ဒူးစုံထောက်၍ ကိုယ်ကို မတ်ထားအောင် ဆံပင်တွေကို အထက်သို့ ဆွဲထားခြင်း ခံရသည်။

"နင့်လင်ပဲ"

စိုးဒေဝါအသံက ပြတ်သားသည်။

ဒေါ်ရော်သီနှင့် သူ့လူတွေက ရယ်နေ၏။

နိုင်မ ရှက်လည်းရှက်၊ ဒေါသက ပိုဆင့်တက်လာ၏။

ဆံပင်တွေကို ဆွဲရာမှ စိုးဒေဝါနောက်ဘက်ကို ရွှေ့ပြောင်းရောက်၍ ကျောကို ဒူးနှင့် ထောက် ဆံပင်တွေ နောက်ဆွဲ၏။

"ဟေ့ကောင် ... နိုင်မဆိုတာ ကြားဖူးလား"

စိုးဒေဝါ မျက်နှာ အထက်ကို မော့လာသည်။

"နင်ကြားဖူးလား"

"မကြားဖူးဘူး"

"အင့် ..."

နိုင်မက ကျောကို တိုက်လိုက်၏။

"ထ"

စိုးဒေဝါကို ဆွဲထူသည်။ စိုးဒေဝါက ထရပ်လိုက်သည်။ သူ့လက်ထဲ ပါးပါးရှားရှား အရာလေးတစ်ခုဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘလီတ်ဓားတစ်ချောင်းမှန်းလည်း သိသည်။

"ကဲ ... တော်ပါတော့ နိုင်မရယ် ... ဒီကောင် တို့တီးထားလို့ အတော်နာပြီကွ ... လွှတ်လိုက်တော့"

ဒေါ်ရော်သီက ပြောမှ နိုင်မက စိုးဒေဝါကို ခပ်စောင်းစောင်းကြည့်ရင်း လွှတ်လိုက်သည်။

"ကဲ ... မင်းနေတဲ့အိမ်ကို မင်းပြန်သွား ... အဲဒီကို တို့ဥက္ကာကို လွှတ်လိုက်မယ် ... နေပါဦး ... မင်း ဒီသေနတ်ကြီးနဲ့ ဘာလုပ်မှာလဲ"

"လုပ်စရာရှိတယ် ဒေါ်ရော်သီ ... သေနတ်ကို ဒီရောက်မှ ယူရတာက လမ်းမှာ မသယ်လာချင်လို့ပဲ ... သေနတ်ရော ဒုတ်(ပ်) (DOPE) ရော သယ်လာရတာ မဟုတ်လား"

အင်္ဂလိပ်လို (DOPE) ဟု ညှပ်ပြောသည့် နိုင်မ။ ဒီဟာမလေး ခေတ်ပညာတတ်ဖြစ်ပုံပဲ။ သူတို့ခေတ်မှာတော့ မူးယစ်ဆေးဝါးကို (DOPE) လို့ ခေါ်သည်။ ဤမှာဘက်ခေတ်တွင် မူးယစ်ဆေးဝါးကို( DRUG)ဟု ခေါ်သည်။

တစ်ခေတ်နှင့်တစ်ခေတ် တွေးခေါ်မှုတွေ ကွဲပြားသလို အယူအဆတွေကလည်း ကွဲပြားလာကြသည်။ ဘာပဲဖြစ်ဖြစ် နိုင်ငံအတွက် ပြည်သူအတွက် အကျိုးဖြစ်မည့် ကောင်းသော အတွေးအခေါ်အယူအဆရှိဖို့ပဲ လိုသည်။

စိုးဒေဝါကို ထားကာ သူတို့ ပြန်ထွက်သွားသည်။ စိုးဒေဝါလက်ကို စမ်း၏။ ထက်မြက်သော ဘလိတ်ဓားသည် သေး





ငယ်ပါးလျားစေကာမူ ပုံဖြင့်ထဲက အကောင်းသေးသော်လည်း ဉာဏ်ပညာရှိသော ယုန်လို သူ့ဘဝလွတ်မြောက်ရေးလမ်းစကို ဖော်ပေးနိုင်ကြောင်း နားလည်သည်။

မိနစ်နှစ်ဆယ်လောက် ကြာမည်။

မီးသွေးဖိုကြီးတစ်ခုကို လူနှစ်ယောက်က သယ်လာသည်။ စိုးဒေဝါရှေ့တွင်ပင် ယင်းမီးသွေးဖိုကို ရဲနေအောင် ဆယ်မိနစ်အတွင်း ဖိုသည်။ လက်ကိုင်ပါသော သံချောင်းနှစ်ချောင်းကိုလည်း ထည့်ထားသည်။

ဘာလုပ်မည်ကို စိုးဒေဝါ နားလည်၏။

တံခါးရွက် ပွင့်သွားသည်။ ဒေါ်ရော်သီနှင့် နောက်လူတစ်ယောက် ထပ်ဝင်လာ၏။

ဒေါ်ရော်သီလက်ထဲတွင် တော်မီဂန်းတစ်လက်ကို ကိုင်ထားသည်။

လူနှစ်ယောက်က စိုးဒေဝါကို လက်တစ်ဖက်တစ်ချက်စီမှ ချုပ်ကိုင်ထားသည်။

"ကဲ ... စိုးဒေဝါ ... နင် ငါ့ချစ်သူကို မျက်လုံးတစ်ဖက်ပျက်အောင် လုပ်ခဲ့တယ် မဟုတ်လား ... ဒီတစ်ခါတော့ ငါ့အလှည့်ပဲ ... နင့်မျက်လုံးနှစ်ဖက်ပျက်အောင် ငါလုပ်ပြမယ် နင်ကန်းသွားရင် နင့်နိုင်ငံနဲ့ လူမျိုးအတွက် သူရဲကောင်းမလုပ်နိုင်တော့ဘူး ... လူစွမ်းကောင်းမလုပ်နိုင်တော့ဘူး နင်မျက်ကန်းမျိုးချစ်ဖြစ်ပြီး နောက်ဆုံး သူတောင်းစားဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်ပေတော့”

စိုးဒေဝါ၏ ရှုးဝင်းသောမျက်လုံးတွေကို ဖျက်လို ဖျက်ဆီးလုပ်ရမည့် အာသာဆန္ဒကို ဒေါ်ရော်သီကြာကြာ ထိန်းချုပ်ခြင်းငှာ မစွမ်းနိုင်။

သူနှင့် ပါလာသူကို လက်ရိပ်ပြလိုက်၏။

အဲဒီလူက မီးသွေးမီးဖိုထဲတွင် ထိုးနှစ်ထားသော သံချောင်းကြီး နှစ်ချောင်းကို ယူလိုက်သည်။

သံချောင်းတွေမှာ မီးရဲပြီး အငွေ့တထောင်းထောင်း ဖြစ်နေသည်။

မီးဖိုမှ မီးခဲရဲရဲများ၏ အပူရှိန်နှင့် သံချောင်းတွေ၏ မီးရဲမီးခံအပူရှိန်က ပတ်ဝန်းကျင်ကိုသာမက စိုးဒေဝါကိုပါ ဟပ်လာသည်။

“သူ့မျက်လုံးထဲ အဲဒီမီးရဲနေတဲ့ သံချောင်းတွေနဲ့ ထိုးနှစ်ပစ်လိုက်စမ်း ... ရေခဲ”

ဒေါသသံနှင့် ဒေါ်ရော်သီက အမိန့်ပေးလိုက်သည်။ မီးဖုတ်သံချောင်းတွေ ကိုင်ထားသည့် ရေခဲမှာ လက်မရွံ့လူမိုက်ဖြစ်ပုံပါပဲ။ စပ်ဖြီးဖြီးအမူအရာနှင့် သံချောင်းရဲရဲတွေကို ကိုင်ပြီး အနားကပ်လာ၏။

“ဖောင်း”

စိုးဒေဝါ၏ ညာခြေတစ်ဖက်လှုပ်ရှားမှုက မြန်ဆန်သွက်လက်လွန်းသည်။ ရေခဲ၏ ဆီးစပ်ခုံကို အားပါးတရ ပိတ်ကန်





ပြီးဖြစ်သလို ကြိုးပြေနေခဲ့သော သူ့လက်တွေကို စောင့်ရုန်းပစ်လိုက်၏။

ပြေစပြုနေသော ကြိုးကွင်းတွေထဲမှ သူ့လက်တွေက လျှောခနဲထွက်သွားသည်။ လက်ကြိုးချည်ထားသည့်ဟူသော ယုံကြည်ချက်အသိနှင့် ပေါ့ပေါ့တန်တန်ကိုင်ထားသော လူနှစ်ယောက်လက်ထဲက သူ့လက်တွေ အလိုအလျောက်ထွက်သွားသည်။

“ဖောင်း”

“ဒုတ်”

ဘေးကတစ်ယောက်၏ ဝမ်းဗိုက်ကို ခြေဖနောင့်နှင့် နောက်ပြန်ကန်ပစ်လိုက်သလို နောက်တစ်ယောက် လည်မျိုထဲကို ဘယ်လက်ဝါးစောင်းဖြင့် ပယ်ပယ်နယ်နယ်ခုတ်ပစ်လိုက်၏။

ဒီစဉ်မှာ ရေခဲ၏ပါးစပ်မှတအားအား အော်သံ ပေါ်ထွက်နေသည်။ ရေခဲမှာ ကန်အားကြောင့် နောက်ပြန်အလဲတွင် လက်ထဲရှိ မီးရဲနေသော သံချောင်းတွေက သူ့အကျီရင်ဘတ်နှင့် ရင်အုံသားတွေကို တရှဲရှဲလောင်ကျွမ်းသွားသောကြောင့် ဖြစ်၏။ စိုးဒေဝါလေထဲတွင် တစ်ပတ်လှည့်ခုန်လိုက်၏။ သူ့ကိုယ်က လေထဲမှာ လူတစ်ရပ်ကျော် မြောက်သွားသည်။ ပိတ်ကန်လိုက်သော ညာခြေက ဒေါ်ရော်သီရဲ့ ကိုယ်ကို ထိသွားသည်။ မြေတိုက်ထဲတွင် အသားကို မီးလောင်သော ညော်နံ့က လွှမ်းလာသည်။

စိုးဒေဝါ မြေတိုက်တံခါးကို ပွန်းခနဲ တွန်းဖွင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အထက်သို့ တက်သော အုတ်လှေကားထစ်အတိုင်း ပြေးတက်သွားသည်။

"ဒက် ... ဒက် ... ဒက်ဒက်"

ဆွဲပစ်လိုက်သော ခေါ်မီဂန်းသံက ဟိန်းထွက်သွားသည်။ မြေတိုက်တွင်းမှာ ထွန်းညှိပေးထားသော အောက်လင်းဓာတ်မီးရောင်အောက်တွင် လိမ္မော်ရောင်မီးပွင့်တွေက ပွင့်ထွက်သွားသည်။

ကျည်ဆန်တွေက တံခါးရွက်နှင့် အုတ်လှေကားထစ်တွေကို သွားမှန်သည်။ ဒေါ်ရော်သီသည် လဲနေရာကနေပြီး ပစ်မိပစ်ရာ ခွတ်ပစ်ခြင်းဖြစ်၏။

ဒေါသတကြီးနှင့် ထလိုက်သည်။ ပြေးလိုက်သွားသည်။ ဓာတ်မီးကို လက်နှစ်ဖက်နှင့် ချိန်ကိုင်လျက်မှ အုတ်လှေကားအတိုင်း ပြေးတတ်သွား၏။

အိမ်မှာ ခိုင်းသော အိမ်ဖော်မလေးမှာ ကြောက်ကြောက်လန့်လန့်နှင့် ကုန်းအော်နေသည်။

"ဟဲ့ ... ထိတ်စမ်း"

သူမကို ဒေါ်ရော်သီက ဟောက်လည်း ဟောက်ပစ်သည်။ ပါးကိုလည်း ဝိတ်ချပစ်လိုက်သည်။

ပြီးတော့ မီးဖိုခန်းနားမှ အိမ်အတွင်းခန်းကို ဖြတ်ပြေးသည်။ အိမ်ရှေ့ဧည့်ခန်းမှာ ဟာလာဟင်းလင်း။ ဒီကောင် ခြံထဲ





ပြေးပြီ။

ဒီသို့တွေးကာ အိမ်ရှေ့တံခါးဝကို ကျော်လွှားထွက်လိုက်၏။

"မမ ဘာဖြစ်သလဲ" ...

ခြံစောင့်ဖိုးတာ။

"ဖိုးတာ ... ဟိုကောင် စိုးဒေဝါ ထွက်ပြေးပြီ ... ခြံထဲ ထွက်ပြေးတာ မင်းမတွေ့ဘူးလား"

"မတွေ့ဘူး ... မမ"

မျက်မှောင်ကုတ်သွားသည်။ ခြံထဲက ချုံပုတ်တွေ သစ်ပင်တွေကြားထဲ သူခိုပုန်းနေနိုင်သည်။

"ခြံထဲရှာ ... တွေ့တာနဲ့ သတ်ပစ်"

"သူ့ဆီမှာ လက်နက်ပါသွားသေးလား ... မမ"

"ဘာမှ ပါမသွားဘူး ... ဒါပေမယ့် သတိထား ... ဒီကောင် သိုင်းတွေ ဘောက်ဆင်တွေ ကောင်းကောင်းတတ်တယ်"

"စိုးဒေဝါလောက်တော့ ဝါးစားပစ်လိုက်မယ်"

ကြိမ်းမောင်းသံက အသည်းအူတုန်လောက်ပါပေသည်။

ဒေါ်ရော်သီမှာ စိတ်လောကြီးနေသောကြောင့် ပတ်ဝန်းကျင်လူတွေ သိမှာကို ထည့်မစဉ်းစားမိ။

ဖိုးတာ ခါးကြားထဲက ဓားမြှောင်ကို နုတ်ပြီး ခြံဝဆင်းပြေး၏။ သူတို့ မမကို မျက်နှာလုပ်ချင်တာလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုးဒေဝါလွတ်သွားလျှင် သူတို့ထိမည်ကို စိုးရိမ်တာလည်း ပါသည်။

သူ့နောက်မှ ဒေါ်ရော်သီ ပါသွား၏။

ခန္ဓာကိုယ်ထွားထွားကျိုင်းကျိုင်း၊ မျက်လုံးပြာနှင့် ဉာဏ်ကပြားမကြီးသည် အနောက်နိုင်ငံသွေး၊ အနောက်နိုင်ငံ့ စိတ်ဓာတ်ပါသဖြင့် သူမကိုယ် သူမ အနောက်တိုင်းသူတစ်ယောက် လိုပဲ စိတ်ကြီးဝင်နေသည်။

မြန်မာမိန်းကလေးတွေလို စိတ်ဓာတ်နူးညံ့ မပျော့ပျောင်းဘဲ လူသတ်လိုစိတ်သာရှိနေ၏။

ချုံတွေထဲမှာ သူတို့ ရှာနိုက် ...

စိုးဒေဝါသည် အိမ်နောက်ဖေးနှင့် အလယ်ခန်းကြားရှိ ထမင်းစားပွဲကြီးအောက်တွင် ပုန်းနေခဲ့သည်။

သူ့လက်ထဲမှာတော့ တစ်တောင့်တည်းသောကျည်ဆန်ရှိနေသည်ကိုလည်း ခြောက်လုံးပြူးက ကိုင်လျက်သားပဲ။

ဟိုတိရစ္ဆာန်မကြီး ဖြတ်ပြေးတာကိုလည်းတွေ့လိုက်သည်။ နောက်အမြင်မှ ပြောစကားသံတွေကိုလည်း ကြားနေရသည်။ သူထလိုက်သည်။ ထမင်းစားပွဲအောက်က ခွာထွက်လိုက်၏။

"ဟင် ..."

ပင့်သက်ရှိုက်သံလေး။

အိမ်ဖော်ကောင်မလေးက စိုးဒေဝါကို မြင်သွားသည်။ ရှိုက်သံနှင့် ပါးစပ်ကလေးကို လက်ဖမိုးနှင့် ပိတ်လိုက်မိ၏။





"မအော်နဲ့"

တင်းမာကြောက်မက်ဖွယ်မျက်နှာကြီးနှင့် စိုးဒေဝါက သွားကြီးတွေ စေ့ပြီး ကြိမ်းလိုက်သည်။

သေနတ်ပြောင်းကလည်း မေးအောက်ကို ထောက်ထားပြီးသား။ ကောင်မလေးကြောက်ဖောနှင့် ဆတ်ဆတ်တုန်နေ၏။

"မသေချင်ရင် မအော်နဲ့ ... ငြိမ်ငြိမ်နေ"

လေသံနှင့် ကျိတ်ပြော၏။ ကောင်မလေး သူ့ကို မျက်လုံးရွဲကြီးများနှင့် ပြူးကြည့်နေသည်။ ရုပ်ကလေးမဆိုး။ ကိုယ်လုံးကလေးကလည်း တုတ်တုတ်။

"နားထောင်စမ်း ... ငါလူဆိုးမဟုတ်ဘူး ... ငါ အစိုးရလူ ဒေါ်ရော်သီကို ဖမ်းမယ့်လူ ... ငါ့ကို ကူညီစမ်း ... နင့်ကို မဖမ်းဘူး"

"ကျွန်မ ... ကျွန်မ ဘာမှ မသိပါဘူး ... ချမ်းသာပေးပါ"

"ငါ့ကို ကူညီရင် ချမ်းသာပေးမယ် ... မကူညီရင် နင် ထောင်ထဲရောက်မယ် ... ကူညီမယ်မဟုတ်လား"

ကောင်မလေးကြောကြောက်နှင့် ခေါင်းညိတ်ပြသည်။ စိုးဒေဝါ ကျေနပ်သွားသည်။

"အေး ... ဒါဆို ကျေးဇူးတင်ရမှာပဲ ... ဒီအိမ်ထဲကနေပြီး နောက်ဖေးက ထွက်တဲ့အပေါက်ရှိလား"

"ထင်းရုံဘေးမှာ ခွေးတိုးပေါက်တစ်ပေါက်တော့ ရှိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို"

"အဲဒီထင်းရုံက ဘယ်မှာလဲ"

"နောက်ဖေး မီးဖိုချောင်တံခါးက ထွက်ရင် ရေတွင်းရောက်မယ် … ရေတွင်းမှာ ရေချိုးရုံရှိတယ် … ရေချိုးရုံနောက်က ထင်းရုံပါ"

"ငါသွားမယ် … နင်အော်လား ပြလား အသိပေးလားလုပ်ရင်တော့ ငါပစ်သတ်ခဲ့မယ်"

"ကျွန်မ … မသိ … မသိအောင် … ဆောင် … ဆောင်နေပါ့မယ်"

ကောင်မလေးကို ခေါင်းတစ်ချက်ပုတ်လိုက်သည်။ ပြီးမှ ချော့မော့သံနှင့် …

"နှင့်ကို နောက်မှ ကောင်းကောင်းမုန့်ဖိုးပေးရမယ်"

သူ ကေ ာင်မလေးကို ထားပစ်ခဲ့၏။ မြေတိုက်ထဲက ဟိုကောင် ေတွကို ထည့်မစဉ်းစားတော့။

မီးဖိုချောင်ဘက် ကူး၏။

တံခါးပွင့်နေသည်။ ပွင့်နေသောတံခါးပေါက်မှ သူထွက်လိုက်သည်။

လှ သွားလမ်းအတိုင်း လှစ်ခနဲ ပြေးသည်။ ဘေးတွင်အဝတ်လှန်းထား ေသာ တန်းနှစ်တန်းနှင့် ပုဏ္ဏရိပ်ပင် တန်းစီပေါက်နေသည်။

အုန်း ပင်တွေကြားမှာ တွေ့ရတာက ရေတွင်း။





ရေတွင်းဘေးမှာက ရေချိုးခန်းရှိ၏။

ဟုတ်ပြီ။

ရေချိုးခန်းနောက်ကို လှမ်းလိုက်သည်။

"ခြံထဲမှာ ရှာမတွေ့ရင် အိမ်နောက်ဘက်ကိုလည်း ရှာဦးဖိုးတာ"

ဒေါ်ရော်သီ လှမ်းအော်ပြောသံ သဲ့သဲ့ကို ကြားရ၏။ သူ ထင်းရုံဘေးကို ကြည့်သည်။

ခြံစည်းရိုးကို ကျူပင်တွေနှင့် စည်းရိုးဖန်တီးထား၏။ ဟော … အောက်ဘက်မှာ အပေါက်တစ်ပေါက်။

ခွေးတစ်ကိုယ်သာမက လူတစ်ကိုယ်ဝင်သာ ထွက်သာသည်။

ခြံထဲမှာ ခွေး မထားတာကိုဘဲ ကျေးဇူးတင်စရာဖြစ်နေသည်။

ခြံခွေးတိုးပေါက်မှ သူဝမ်းလျားမှောက်ထိုးထွက်သည်။ ဝမ်းဗိုက်နှင့် ရင်ဘတ်တွင် ရွှံ့တွေ ပေနေ၏။

အိုကေ။

အပြင်ဘက်ကို ရောက်သွား၏။

အခြားအိမ်တစ်အိမ်၏ ခြံဝင်းနှင့် ဒေါ်ရော်သီ ခြံကြားရှိ လမ်းမြောင်ကလေးဖြစ်သည်။

"ဝုတ် … ဝုတ်"

အရေးထဲ ခွေးတစ်ကောင်နှင့် တိုးနေ၏။ ခွေးက



www.burmeseclassic.com

www.burmeseclassic.com



ခွေးလေခွေးလွင့်တစ်ကောင်ဖြစ်သည်။ သူ့ကိုမြင်တော့ ဘယ်ရှေးရေစက်ကြောင့် မသိ ဆီးကြိုးနှုတ်ဆက်၏။

မြီးထူးခုန်ပေါက်၏။

သူ့လိုပဲ လမ်းကြိုလမ်းကြားသွားဖို့ အဖော်ကောင်းတစ်ယောက် တွေ့လေဟန်ထင်၏။

"ရှတ် ... ရှတ်"

သူ ခွေးကို အသံထွက် ထပ်မနှုတ်ဆက်ရန် နှုတ်ခမ်းတွင် လက်ညှိုးကန့်လန့်ဖြတ်လုပ်ပြ၏။

"ကိုကို ခွေးရယ် မနှောင့်ယှက်ပါနဲ့"

အမယ် လိမ္မာသား။ ခွေးက အမြီးကလေး နန့်ကာဖင်ကလေး လှုပ်လှုပ် လှုပ်လှုပ်နှင့် အမျိုးစင်မလေးလို ဖင်ခါထွက်သွားသည်။

ခွေးမလေးဖြစ်ပါလိမ့်မည်။

စိုးဒေဝါတို့ ကုသိုလ်ထူးတဲ့ဘဝမှာ ခွေးမကတောင် ကြိုက်ပုံပဲ။

စိုးဒေဝါတစ်ချီတည်း လမ်းဘက်ကို သုတ်ခြေတင်သည်။ တောင်ပိုင်းသည် မော်လမြိုင်မြို့စွန်ပင်ဖြစ်သည်။

မျက်လုံးတွေ ကျယ်သွားသည်။

လမ်းဘေးတစ်နေရာတွင် စက်ဘီးတစ်စီးကို ဒေါက်ချရပ်ထားသည်။ ပိုင်ရှင်မဲ့။

အနားကပ်ကြည့်၏။

အမျိုးအစားက ဟာကြူလီ။

ဒေါက်ကို ဖြုတ်၍ ခြေတံရှည်ကြီးနှင့် ခွစီးထွက်သွားသည်။ ရဲစခန်းကို ဦးတည်လိုက်သည်။

မိနစ်နှစ်ဆယ်လောက်တွင် လက်နက်အပြည့်အစုံနှင့် ရဲကားတစ်စီး ရောက်လာ၏။

စိုးဒေဝါ မပါတော့ပါ။

ရဲတွေက ခြံကို ဝိုင်းလိုက်သည်။ ထွက်ပြေးရန် ပြင်နေသော ဒေါ်ရော်သီတို့လူစုကို မော်ဖီးယားများ။ လိုင်စင်မဲ့လက်နက်များနှင့်အတူ လက်ပူးလက်ကြပ်ဖမ်းလိုက်ကြသည်။

မကောင်းမှုကို ဘာပဲလုပ်လုပ် နောက်ဆုံးတရားဥပဒေလက်တွင်း သက်ဆင်းရမြဲ။

ဒေါ်ရော်သီ အံကြိတ်သည်။

ဘယ်သူ့လက်ချက်ဆိုတာ သိသည်။

စိုးဒေဝါရဲ့ လက်ချက်လေ။

* * *







www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဥ်(၁၆)

ရဲစခန်းတွင် ဝင်အကြောင်းကြား၏။

ဦးရွှေမော်၏ ညွှန်ကြားထောက်ခံလွှာကို ပြသည်။

နိုင်ငံကို လည်းကောင်း၊ ပြည်သူကို လည်းကောင်း မျိုးချစ်စိတ်နှင့် ကိုယ်ကျိုးစွန့်ကူညီနေသောလူဖြစ်ကြောင်း စိုးဒေဝါ အကြောင်း ဖတ်ဖူးကြားဖူး သိဖူးထားကြသည်။

အဆင်ပြေချင်တော့ ရန်ကုန်မှ ပြောင်းရွှေ့လာသော ရဲအရာရှိတစ်ဦးက ရဲဌာနတွင် တာဝန်ယူရခိုက်ဖြစ်သည်။

စိုးဒေဝါအတွက် ပိုအဆင်ချောသွား၏။

စိုးဒေဝါ သူ့စက်ဘီးကို ရဲစခန်းတွင် အပ်ခဲ့သည်။ ထိုသူ့အသိအရာရှိအား အကြောင်းအနည်းငယ်ပြော၍ အခြား ရဲတစ်ဦး၏ စက်ဘီးကို ငှားခဲ့သည်။ ရဲအရာရှိထံမှပင် ငွေ အနည်းငယ်





ချေးခဲ့ပြန်သည်။ သူ နိုင်မကို ဆုံကို ဆုံရမည်။

ရဲတွေမှာလည်း အလုပ်များနေသည်။ ဒီနေ့ သုံးနာရီတွင် နိုင်ငံအတွက် အရေးပါသော နိုင်ငံရေးပုဂ္ဂိုလ်ကြီးတစ်ဦး လာမည်။ မော်လမြိုင်တွင် တရားဟောဦးမည်။

မော်လမြိုင်မှ အခြေခံပါတီအဖွဲ့အစည်းအချို့နှင့် ထိုပုဂ္ဂိုလ်ကြီးနှင့် နွယ်သောသူများက ဆီးကြိုကြမည်။ မြို့ထဲ ကားနှင့် လှည့်မည်။ ရဲတွေ လုံခြုံရေးတာဝန်ကို ယူရမည်။

ချက်ဆို နားခွက်က မီးတောက်တတ်သော စိုးဒေဝါ အဖို့ ဦးနှောက်ထဲ လင်းခနဲ အသိဉာဏ်ဝင်ရောက်လာသည်။

အရေးပါပုဂ္ဂိုလ်ကြီးအတွက် စိုးရိမ်သွားမိသည်။ သူမ ရှိမည့်နေရာကို သွားသည်။

ဒိုင်းဝန်းကွင်းဘက်က လမ်းတစ်လမ်းထဲကိုသွားသည်။

မြင်းလှည်းတစ်စီးလာနေသည်။

စက်ဘီးကို တစ်နေရာသို့ သူထိုးဝင်လိုက်သည်။ အလုံးအထည်ကြီးမားသော ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် ဖြစ်သည်။

မြင်းလှည်းပေါ်မှာက သူတွေ့ချင်နေသော နိုင်မ။

ကြော့ကြော့မော့မော့လေး မြင်းလှည်းပေါ်မှ ထိုင်လာ၏။ စိုးဒေဝါ ကွယ်နေသောသစ်ပင်ကို ကျော်တက်သွား၏။ မြင်းလှည်းကို ဆွဲသော မြင်းခွံသံတစ်ဖြောက်ဖြောက်နှင့် လှည်းဘီးက လှည်းဝင်ရိုးချောင်သံဖြင့် တဂျောက်ဂျောက်မြည်သံသည်



www.burmeseclassic.com

www.burmeseclassic.com



သာယာနာပျော်ဖွယ်အသံဟု ဆိုရမည်လား၊ ဖျင်းစရာကောင်းသော အသံလားတော့ ခွဲခြားမရ။

သွားပါစေ။

မြင်းလှည်းအတော်လေး ဝေးကွာသည့်အထိ စောင့်ကာ စိုးဒေဝါ လှူလုံးမကွဲ မြင်နိုင်သည့်အထိ စောင့်၍ စက်ဘီးကို စီးခဲ့သည်။ မြင်းလှည်းကို မျက်ခြည်ပြတ် မခံ။

မော်လမြိုင်သည် သူနေရာ သူ့ဌာနအနေနှင့်တော့ စည်ကားသင့်သလောက် စည်ကားပါသည်။ ဒိုးပတ်သံ တညံညံနှင့် ဆိုင်းအဖွဲ့တစ်ဖွဲ့ ကမ်းနားဘက်သွားနေသည်။

ဝတ်ကောင်းစားလှနှင့် လူအချို့ တစ်သုတ်ပြီး တစ်သုတ်၊ တစ်ဖွဲ့ပြီး တစ်ဖွဲ့ သွားနေကြသည်။ အမျိုးသားတွေ၊ အမျိုးသမီးတွေ ပါနေကြသည်။ သူတို့သည် ပျော်ပျော်ရွှင်ရွှင် ရှိနေကြသည်။ တစ်ချို့လက်ထဲတွင် ပန်းကုံးတွေပါသွားတတ်၏။

ဩော် ... နိုင်ငံရေးပုဂ္ဂိုလ်ကြီး လာမည်ကိုး။ ဒိုင်းဝန်းကွင်းနှင့် ရှမ်းစုစပ်ကြားတွင် သားနားသော တရားဟောစင်မြင့်ကြီးတစ်ခုကို တွေ့ရ၏။

ပုဂ္ဂိုလ်ကြီးတရားဟောမှာကို သတိရမိ၏။ စိုးဒေဝါက လမ်းဘေးမှာ လမ်းလျှောက်လာသော သူတစ်ယောက်ကို အချိန်လှမ်းမေးလိုက်သည်။

နှစ်နာရီခွဲဆိုပါလား။

သူ့မိတ်ဆွေ ရဲအရာရှိကြီးက ပြောခဲ့၏။ နိုင်ငံရေးပုဂ္ဂိုလ်ကြီး မော်လမြိုင်ဆိပ်ကမ်းကို သုံးနာရီလာမည်တဲ့။





ဈေးကြီးဘက်မှာလည်း လော်ကြီးနှင့် ဖွင့်ထားသော သီချင်းသံတွေ၊ အိုးစည်ဗုံမောင်းသံတွေက တညံညံလွှင်နေသည်။

လူတွေက အုပ်စုလိုက် ကမ်းနားဘက်သွားနေကြသည်။ မြင်းလှည်းကောင် ကမ်းနားဘက် မသွားနိုင်။

အောက်လမ်းမကြီးတစ်နေရာတွင် ရဲက ရပ်ထားခိုင်းသည်။

အနေးယာဉ်၊ အမြန်ယာဉ်များ အဲဒီမှာ အကုန်လုံးရပ်ရသည်။

အောက်လမ်းမကြီးတွင် လူတွေတန်းစီစောင့်နေကြသည်။

နိုင်မသည် ထိုနေရာအထိ သူ့မြင်းလှည်းကို သွားမခိုင်းပါ။ တစ်နေရာတွင် ရပ်လိုက်သည်။ မြင်းလှည်းပေါ်မှ လက်ဆွဲသားရေသေတ္တာအိတ်ရှည်တစ်လုံးနှင့်အတူ ဆင်းလိုက်သည်။

သူမသည် မောင့်ဒေဝီ နိုင်လွန်လက်ပြတ်နှင့် တရုတ်မှလာသော ဟဲယားကော့ပွင့်ရိုက်ထဘီလေးကို ဝတ်ထားသည်။

ဆံပင်တွေကို နောက်တွဲသုံး၍ ဆံမြိတ်ချထားကာ နေကာမျက်နှာတစ်လက် တပ်ထားသည်။ လူတွေကို ကွင်းရှောင်ကာ လမ်းတစ်လမ်းဘက်မှ လျှောက်သွား၏။

မိုင်ဒါကွင်းဘက်ကို မသွားဘဲ အောက်လမ်းဘက်သွားသော သထုံတံတားလမ်းငယ်လေးအတိုင်း သွားသည်။ ထိုလမ်းငယ်မှ အောက်လမ်းဘက်ဆင်းလျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမှ တိုက်အိမ်တစ်ခုအပေါ်သို့ တက်သွားသည်။

သုံးထပ်တိုက်တစ်လုံး။

ထိုသုံးထပ်တိုက်သို့ တက်ကာနီး လှုလှုပ်ရှားမှုကို ကြည့်သည်။ ဘယ်သူကမှ မိမိကို ဂရုမစိုက်မှန်း သိတော့မှ ကျေနပ်သွား၍ လှေကားအတိုင်း တိတ်ဆိတ်စွာ တက်လာ၏။

သူမ တက်ရောက်သော တိုက်မှာ စစ်ကြိုခေတ်ကတည်းက ဆောက်ထားခဲ့ဟန်တူသည်။ အိုဟောင်းနေသည်။ ထုံးမသုတ် ဆေးမသုတ်သဖြင့် နွမ်းရော်နေပြီ။

အလယ်ထပ်တွင် အခန်းများ ပိတ်ထားသည်။ ဒါက နိုင်မအတွက် ကျေနပ်အားရစရာကောင်းသော အထောက်အကူ ဖြစ်သည်။

သူမသည် ဘယ်ဘက်က အခန်းကို သော့ပိတ်ထားသည်။ ညာဘက်အခန်းလည်း သော့ပိတ်ထားသည်။

ဒေါ်ရော်သီနှင့် အဆက်အသွယ်ပြုရန် ရယူလိုသော အခန်းက ညာဘက်အခန်းပဲ။

ညာဘက်ခန်းက သော့ခလောက်ကို သော့နှင့် ဖွင့်၍ ဝင်လိုက်သည်။ ရောက်ပြီပေါ့။

မိုးမရွာ။ ရာသီဥတုကြည်လင်နေသည်။ နေရောင်သည် ဟိုတစ်ကွက် ဒီတစ်ကွက်ဖုံးအုပ်ထားသော တိမ်အဖာအထေးတွေကြားမှ ဖျော့တော့စွာ ခေါင်းပြူနေသည်။

တစ်မြို့လုံးကို ကျဲဖြန့်ထားသည်။

ရှည်လျားသော ဥဩဆွဲသံကို သံလွင်မြစ်ပြင်ဘက်မှ





ကြားနေရတယ်။ နိုင်မ၏ ဘယ်လက်ကောက်ဝတ်ရှိ ရိုးလက်(စ်) မိန်းမပတ်လက်ပတ်နာရီကလေးကို ငုံ့မကြည့်ပဲ မနေနိုင်တော့။

သုံးနာရီထိုးဖို့ ဆယ်မိနစ်ပဲ လိုသည်။ သမိုင်းတွင် ညစ်ထေးစေမည့် အလုပ်တစ်ခုကို သူမကြာခင် ပြုလုပ်ရတော့မည်။

ဤသို့လုပ်ရန် ဗဟိုက မညွှန်ကြားခဲ့ပါ။ သူမ စိတ်ကူးနှင့် သူမ ထလုပ်ခြင်းသာဖြစ်၏။ ထိုသို့ ပြုလုပ်ခြင်းကို သူမအား ဗဟိုက ချီးကျူးမှာ သေချာသည်။

သူမ၏ ပတ်ဝန်းကျင်တွင် "သံမဏိသူရဲကောင်းမ" ဟု ချီးကျူးထောပနာပြုသံတွေ လျှံနေသည်ကို ကြားလိုသည်။

သူမ ရင်သည် မခုန်စဖူး ခုန်နေသည်။ ယခင်လဆန်းတွင် စစ်တပ်တွေနှင့် တိုက်ခဲ့တာတောင် ဒီလောက် ရင်မခုန်ခဲ့ပါ။

နာရီကို ထပ်ကြည့်သည်။

ထိုနာရီသည် သူမ၏ ငွေကြေးနှင့် စက်ဝယ်ခဲ့သည့် မဟုတ်။

ရွာတစ်ရွာသို့ရောက်ခိုက် မြို့မှ ထိုရွာသို့ လာလည်သော လင်မယားနှစ်ယောက်မှ မယားဖြစ်သူဆီမှ အပိုင်သိမ်းခဲ့သော နာရီဖြစ်၏။

သူတို့ ဘဝမှာ ဟစ်ကြွေးဆုံးကတော့ ပြည်သူ ကောင်းစားရေး ဆင်းရဲသား လောကနိဗ္ဗာန်တည်ဆောက်ရေးပဲ။

လက်တွေ့မှာတော့ ပြည်သူကို ထုပြီး၊ ပြည်သူ့ပစ္စည်းတွေကို အမွေလုယက်ယူငင်၍ ပြည်သူ့ပစ္စည်းနှင့် ကြီးပွားလာစေသူတွေဟု ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်နား တိုးကပ်သွားသည်။ အဝေးတွင် လမ်းမကြီး၏ တစ်ဘက်တစ်ချက်ဆီမှ တန်းစီစောင့်ဆိုင်းနေကြသော လူများ သွားလာလှုပ်ရှားနေသူများနှင့် ပြည့်နေ၏။

နောက်မိနစ်ပိုင်းတွင် နိုင်ငံမှာ ဟိုးလေးတကျော် ဖြစ်ကာ လူတွေတုန်လှုပ်ချောက်ချားတော့မည်။ လူသတ်မှုတွေ ဖြစ်တော့မည်။

နိုင်မ ပြုံးလိုက်သည်။

ကောက်ကျစ်ရက်စက်သော အပြုံး။

သေတ္တာရှည်ကို ဖွင့်လိုက်၏။ အထဲတွင် ဖြုတ်ထားသော လက်နက်အစိတ်အပိုင်းနှင့် ကျည်ဆန် ငါးတောင့်ရှိ၏။

ကျွမ်းကျင်သူပီပီ လက်နက်အစိတ်အပိုင်းတွေကို တစ်ခုနှင့်တစ်ခု ဆက်စပ်တပ်ဆင်လိုက်သော် ငါးမိနစ်အတွင်း သေနတ်ရှည်တစ်လက် ဖြစ်လာသည်။

လက်နက်ကျွမ်းကျင်သူဖြစ်ပါက ထိုလက်နက်သည် သုံးဆယ် ဒသမ သုညခြောက် စပရင်းဖီး(လ်)အိပ်(စ်)ပရက်(စ်) (30.06SPRINGFIELD EXPRESSRIFLE) ရိုင်ဖယ်သေနတ် ဖြစ်ပေသည်။

သေနတ်ပြောင်းနောက်တွင် တယ်လီစကုပ် အဝေးချိန်ပစ်မှန်ပြောင်းကို တပ်လိုက်သည်။

နေရောင်ကို ကြည့်၏။

ကျေနပ်စရာပေပဲ။





နေရောင်က သူမ နေသော တိုက်၏နောက်ကျောဘက် စောင်းစောင်းတွင် ရောက်နေသည်။

မှန်ပြောင်းကို လည်းကောင်း၊ သေနတ်ကို လည်းကောင်း နေရောင်မဟပ်နိုင်တော့ပါ။

ပြတင်းပေါက်နား ဒူးထောက်သည်။ ပြောင်းဝကို ထုတ်သည်ဆိုရုံလေးမျှ ထုတ်သည်။ တယ်လီစကုပ်နှင့် လိုက်ချိန်သည်။

မှန်ပြောင်းထဲ ပြေးဝင်လာတာက ပထမ သစ်ပင်တွေ၊ အဲဒီနောက် လမ်းပေါ်က လူတွေ။

လူတွေကို မှန်ပြောင်းနှင့် လိုက်ကြည့်ချိန်နေသည်။ အဲဒီနောက် လမ်းလယ်ခေါင်မှာ လူတွေကို ထိန်းသိမ်းနေသည့် တာဝန်ရှိသူတစ်ဦးကို ချိန်သည်။

အပေါင်းလက္ခာပြုထားသော အနီရောင်ကြက်ခြေခတ်အမှတ်အသားတွင် လူက ထင်းထင်းကြီးပေါ်နေသည်။

ခုန်နေသော ရင်သည် ထူးထူးခြားခြားပျောက်သွားသည်။ ကျေနပ်နှစ်သိမ့်မှုအပြုံးကလေးက နှုတ်ခမ်းတွင် ဝင့်ဝင့်ကလေး ပေါ်လာသည်။

သေနတ်ကို ပြန်ရုပ်သည်။ နံရံတွင် ထောက်လိုက်သည်။ ပြီးမှ မမြင်အောင် နံရံတွင် ကျောမှီထိုင်ချလိုက်သည်။

သူ၏ ချောင်းမြောင်းလုပ်ကြံမှုကို တော်ရုံလူ ဘယ်သူကမှ သိမည်မဟုတ်ပါ။

နိုင်မ သက်ပြင်းကလေးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးရွက်သည် ဂုန်းခနဲ ပွင့်ထွက်သွားသည်။ အဝင်အထွက်တံခါးသည် ဧည့်ခန်းနှင့် ဆက်နေသည်။

နိုင်မ အလုပ်လုပ်ရာကလည်း ဧည့်ခန်း။

စိတ်လောကြီးသွားသဖြင့် တံခါးပြန်မပိတ်မိသည်ကို နိုင်မ နောင်တ အကြီးအကျယ် ရမိသည်။ စိုက်ကြည့်နေမိသည်။ တံခါးဝတွင် စိုးဒေဝါ ခြေနှစ်ဖက်ခွဲထားပြီး ရပ်နေသည်။ ကို့(လ်)ခြောက်လုံးပြူးကို တွဲလောင်းကိုင်ထားသည်။

နိုင်မ၏ နီနီထွေးထွေးနှုတ်ခမ်းလေးများက စတင်လှုပ်ရှားလာသည်။

"ရှင်လိုက်လာသေးတာကိုး"

"တို့က မင်းရဲ့ အရိပ်ပဲ နိုင်မ"

စိုးဒေဝါ ညင်ညင်သာသာပြောသည်။ နှစ်ယောက်လုံး တည်ငြိမ်မှုရှိနေသည်။ စိုးဒေဝါသည် သေနတ်ကို တွဲလောင်းကိုင်ထားသော်လည်း နိုင်မကို အန္တရာယ်ပြုမည့်ပုံမရှိပေ။

ဒါကြောင့် နိုင်မကလည်း သူမ၏ သေနတ်ကို လက်လှမ်းမယူသေးပါ။ အကြည့်ကတော့ မပျက်။

"တို့ကို ကယ်ခဲ့တဲ့အတွက် မင်းကို တို့သိပ်ကျေးဇူးတင်တာပဲ"

"ရှင့်ကို ကျွန်မ ဘာချောလက်ထဲက မကယ်ဖြစ်ခဲ့ဘူးလေ နိုင်မက အပြောသမား မဟုတ်ဘဲ အလုပ်နဲ့ ပြတယ်ဆိုတာ ရှင် သိအောင် ကယ်ခဲ့တာပဲ ... ကျေးဇူး ... ကျေးဇူး ဆိုတာ ဘာလဲ ... ကျွန်မတို့ တောတွင်းလမ်းစဉ်မှာ ကျေးဇူးတရား





ဆိုတာ မသိဘူး ... ကျေးဇူးတင်တာကိုလည်း နားမလည်ဘူး"

သူမ ပကတိပ...ယ်စိတ်နှင့် ပြောနေ၏။ ဒါကြောင့် စိုးဒေဝါ တုန်လှုပ်သွားသည်။ ခုကော နိုင်မက အလုပ်နှင့် လက်တွေ့ပြတော့မည်။

"ကျေးဇူးတရားဆိုတာ တို့မြေပေါ်က လူ့ယဉ်ကျေးမှု အသိုင်းအဝိုင်းမှာတော့ လူမှုရေးအရ စံထားထိုက်တဲ့ အယူဝါဒတစ်ခုပဲ ... သတ္တဝါတွေဟာ သတ္တဝါလောကမှာ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ကျေးဇူးရှိနေကြတာပဲ ... တစ်ဦးက တစ်ဦးကို ကိုယ်စိတ်နှုတ် သုံးခုထဲက တစ်ခုခုနဲ့ ကူညီလိုက်ခဲ့ရင် အဲဒီကူညီမှုဟာ ကျေးဇူးပေါ့"

"ရှင် ဒါပြောဖို့ လိုက်လာတာ မဟုတ်ဘူး ... ဖြစ်တော့"

စိုးဒေဝါ နေရာက မရွေ့ပါ။

"မင်း တို့ကို အစ်ကိုလို့ မခေါ်တော့ဘူးလား ... ရှင် ... ရှင်လို့ မပြောစမ်းပါနဲ့ နိုင်မရယ် ... မင်းနဲ့ တို့ဟာ"

သူမက ခေါင်းကို ယမ်းပြလိုက်၏။

"အစ်ကိုလို့ခေါ်လိုက်ရင် နိုင်မ ရှင့်ကို သံယောဇဉ်ဖြစ်သွားမှာပေါ့ ... နိုင်မစိတ်ထဲ ဘာတွေဖြစ်နေသလဲဆိုတာ နိုင်မပဲ သိပါတယ် ... ရှင့်ကို သံယောဇဉ်ဖြစ်ရင် နိုင်မအလုပ်လုပ်ဖြစ်မှာ မဟုတ်တော့ဘူး"

"မင်း ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်။ သိလျှက်သားနှင့် မေးနေခဲ့ပါသည်။

နိုင်မ နှာခေါင်းလေး မသိမသာ ရှုံ့၍

"ရှင် မသိချင်စမ်းပါနဲ့"

သူမ၏ နေကာမျက်မှန်လေးကို ဟန်ပါပါ ဆွဲချွတ်သည်။

စိုးဒေဝါ သက်မကို ချလိုက်သည်။

"အဲဒီအလုပ်ဟာ ဘာဆိုတာကို တို့သိပါတယ် ... နိုင်မ ကျေးဇူးတရားဆိုတာ ဒါပါပဲ ... ပြည်သူတွေကြောင့် အခု လာမယ့်ပုဂ္ဂိုလ်ဟာ နိုင်ငံရဲ့ အရေးပါတဲ့လူတစ်ယောက် ဖြစ်လာတယ် ... သူကလည်း ပြည်သူတွေနဲ့ နိုင်ငံကို သူ့စွမ်းအားနဲ့ တတ်နိုင်သလောက် ဂရုစိုက်တယ် ... စောင့်ရှောက်တယ် ... လူထုနဲ့ နိုင်ငံကို တိုးတက်အောင် လုပ်တယ် လူထုနဲ့ သူဟာ တစ်ဦးကို တစ်ဦး အပြန်အလှန် ကျေးဇူးတရားနဲ့ နှစ်သိမ့်မှုတွေ ရှိနေကြတယ်"

"ဒါ ဘာဆိုင်လဲ"

"ပြည့်ပန်းညိုရှိုးချင်လျက် ဆားက ဖျက်တယ် ... တူနှစ်ကိုယ် ကြင်လျက်ကယ်နဲ့ ကြားကဖျက်တယ်ဆိုတာလို မင်းက ဝင်ဖျက်မယ်မဟုတ်လား"

"ကျွန်မက ဖျက်လိုက်ရင် နိုင်ငံရေးအခြေအနေက တစ်မျိုး ပြောင်းသွားနိုင်တာပဲ"

"မထင်နဲ့ ... တစ်ဗိုလ်ကျ တစ်ဗိုလ်တက်ဆိုတဲ့ စကားရှိတယ်လေ ... သူမရှိရင် နောက်လာဦးမှာပဲ ... သူ့ထက်





တော်ချင်လည်း တော်မယ် ... သူ့လောက်တော်ချင်လည်း တော်မယ် ... မင်းက အယူအဆမမှန်ဘူး နိုင်မ"

"ကျွန်မကတော့"

စကားဆက်မပြောနိုင်ပါ။ လူတွေဆီက စီကနဲအသံနှင့်အတူ ကြိုဆိုသံ၊ အော်ဟစ်ကြွေးကြော်ဆုတောင်းသံတွေက တိုက်ပေါ် ဖိန်းတက်လာသည်။ တိုက်ခန်းထဲဝင်လာသည်။

ဟော ... သူလာပြီ။

နိုင်မသည် စပရင်းဖီး(လ်)ရိုင်ဖယ်ကို ကောက်ကိုင်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၁၇)

လမ်းပေါ်မှ ဝမ်းသာရွှင်လန်းစွာ ကြွေးကြော်သော ပြည်သူလူထု၏အသံ။

အဝေးတွင် အစောင့်အရှောက်အခြံအရံများနှင့် ကားတန်းရှည်တစ်ခု လာနေ၏။

နိုင်မသည် ပြတင်းပေါက်ဘောင်ထက်တွင် သေနတ်ပြောင်းကို တင်လိုက်သည်

နောက်ကျောဘက်က စိုးဒေဝါကို မေ့ထားလိုက်သည်။

စိုးဒေဝါအတွင်းဘက်ကို ခြေတစ်လှမ်းတိုးလိုက်သည်။ ရပ်လိုက်သည်။

"နိုင်မ ... မင်းအမှားကို မလုပ်ပါနဲ့"

"ကျွန်မ အမှန်ကို လုပ်နေတာ"





လှည့်မကြည့်ပါ။

စကားသံသာ လွင့်လာသည်။

"မင်းလုပ်နေတာ အမှားကွ ... နိုင်ငံရေးသမားဟာ နိုင်ငံရေးသမားပဲ ... အယူအဆချင်းမတူလို့ ကွဲကြပြိုကြတာနဲ့ မင်းတို့ဟာ မင်းတို့အမှန်တရားတွေနဲ့ လက်နက်ကိုင်သောင်းကျန်းတယ် ... မင်းတို့ နိုင်ငံရေးအယူအဆတွေကြားအဖွဲ့အစည်းတွေကြားမှာ ပြည်သူတွေက မြေဇာပင်တွေဖြစ်ကြရတယ် ... ပြောရရင်တော့ နိုင်ငံရေးအယူအဆတွေ ဝါဒတရားတွေ ဝိဝါဒကွဲပြားလို့ ကွဲကြပြိုကြတာပဲ"

နိုင်မ သေနတ်ကို ရှေ့ဘက်ချိန်နေသည်။ နားတွေကတော့ စိုးဒေဝါစကားတွေကို စွင့်နေသည်။

စိုးဒေဝါ ဆက်ပြောသည်။

"တကယ်ဆို မင်းတို့ဟာ နိုင်ငံရေးအယူအဆတွေ ဝိဝါဒကွဲပြားတာတွေ စွန့်လွှတ်ပြီး တစ်ယောက်ကို တစ်ယောက်မေတ္တာတရားနဲ့ မြင်သင့်ကြတယ် ... အချင်းချင်းစည်းလုံးသင့်တယ် ... မင်းတို့ လုပ်နေတာ ဟိုပုဂ္ဂိုလ်ကြီးတွေလုပ်နေတာ နိုင်ငံရေးကို ဗန်းပြပြီး ကိုယ့်အယူအဆတွေမှန်အောင် လုပ်နေကြတာလား ... အာဏာရဖို့ လုပ်နေကြတာလား ... တကယ်ဆို မင်းလုပ်သင့်တာ နိုင်ငံရေးသမားလုပ်သင့်တာက ပြည်သူတွေကောင်းဖို့ နိုင်ငံကို ကောင်းဖို့လုပ်သင့်တယ် ... ဟိုပုဂ္ဂိုလ်ကတော့ နိုင်ငံကောင်းအောင် ပြည်သူကောင်းအောင် ကြိုးစားနေလို့ ပြည်သူက လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... ပြည်သူက ပုဂ္ဂိုလ်ကို ကြည့်ညီးမှ အဖွဲ့အစည်းကို ကြည်ညိုမှာပေါ့"

နိုင်မ မျက်လုံးတစ်ဖက်မှေးကာ မှန်ချိန်ကို ရွှေ့ပြီးမှ မှန်ပြောင်းထဲ ကြည့်သည်။

လိုချင်သော ပစ်ကွင်းကို တွေ့အောင်ရှာနေလေသည်။

"ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်ဆိုတာ မှန်တယ် ... မင်းတို့က ပုဂ္ဂိုလ်ခင်အောင် မလုပ်တတ်ဘူး ... ကိုယ်လိုချင်တာ မရတာနဲ့ မင်းတို့ဆရာကြီးတွေ လက်နက်စွဲကိုင်ပြီး အကြမ်းဖက်ကြတယ် ... အကြမ်းဖက်ဝါဒဆိုတာ ကမ္ဘာပေါ်မှာ မကောင်းဘူး ... ပြည်သူတွေလည်း မလိုလားဘူး ... အကြမ်းဖက်သမားတွေဟာ နောက်ဆုံးကျဆုံးသွားကြတာပဲ ... မင်းတို့သောင်းကျန်းသူတွေ လက်နက်ကိုင်သောင်းကျန်းနေတာတွေကို ပြည်သူတွေက နှစ်သက်တယ် ထင်နေသလား ငေးသေးတယ် ... မင်းတို့လက်နက်ကိုင်သောင်းကျန်းနေသမျှ ကမ္ဘာတည်သရွေ့ မအောင်မြင်ဘူး"

နိုင်မ ငြိမ်သက်နေသည်။

"မင်းအခု ဒီပုဂ္ဂိုလ်ကို ချောင်းမြောင်းပစ်ခတ်ဖို့ပြင်နေပြီ ... ဒါဟာ မင်းမှားတာပေါ့ ... ဒီပုဂ္ဂိုလ်မရှိရင် နောက်လူတက်မယ် ... နောက်လူမရှိရင် နောက်လူရှိမယ် ... ပြည်သူတွေက သူတို့အကျိုးနဲ့ နိုင်ငံအကျိုးကို လုပ်နေတဲ့လူမှန်သရွေ့ လက်ခံနေမှာပဲ ... လက်နက်ကိုင်သောင်းကျန်းနေတဲ့





အကြမ်းဖက်သမားတွေကိုတော့ လက်ခံမှာ မဟုတ်ဘူး မင်း ပုဂ္ဂိုလ်ကြီးကို ဖျက်စီးလိုက်လို့ ပြည်သူတွေက မင်းကို ကြည်ညိုလိမ့်မယ်မထင်နဲ့ ... သူတို့ ချစ်ကြည်အားထားတဲ့ လူကို ဖျက်ဆီးမှုနဲ့ မင်းကို အမုန်းတရားနဲ့ ဆွဲစုတ် ဆွဲဖြဲကြလိမ့်မယ် ... မေတ္တာဆိုတာ ကိုယ်က ထားတတ်မှ ပြန်လာမှာ ... ပြည်သူတွေရဲ့ အမုန်းတရားကို မင်းမလိုချင်ပါနဲ့"

"သွားစမ်းပါ ... ရှင်က စစ်တပ်ကလူ ... ရဲလူပီပီ လာမပြောနဲ့"

"ငါဟာ စစ်တပ်လူ ရဲလူမဟုတ်ဘူး ... ပြည်သူ့ရဲ့လူ ... ပြည်သူ့ဘက်တော်သား မိုးဒေဝါပဲ ... မင်းကို အမှားတရားလုပ်မိမှာ စိုးလို့ ပြည်သူကိုယ်စား ပြောကြားနေတာ ... နိုင်ငံရဲ့ အရေးပါတဲ့လူ နိုင်ငံကို ကောင်းအောင်လုပ်နေတဲ့လူကို ဖျက်ဆီးတာဟာ နိုင်ငံကို ဖျက်ဆီးလိုက်တာနဲ့ အတူတူပဲ ... မင်းမှာ ဦးနှောက်ရှိပါတယ် ... နိုင်မ"

"ရှင် လာမပြောနဲ့"

ပစ်ကွင်းကို မိလိုက်ပြီ။

နိုင်မ မပစ်သေး။ တွေဝေနေသလား။

မိုးဒေဝါက သူ့လက်နှစ်ဖက်နှင့် သေနတ်ကို မပြီး နိုင်မ၏ ကျောပြင်နှလုံးသားရှိမည့်နေရာကို ချိန်လိုက်သည်။

"နိုင်မ ... မင်းကို ပြောရရင်တော့ ဒီသေနတ်ထဲက တစ်ခဲတောင့်တည်းရှိတဲ့ကျည်ဆန်နဲ့ ပစ်ထည့်လိုက်မယ်"

www.burmeseclassic.com



"ပစ်လိုက်လေ … နိုင်ငံရေးသမားကို သောင်းကျန်းသူက သတ်တာ ဆန်းသလား"

"မင်းတို့ သောင်းကျန်းသူတွေဟာ မှားပြီးရင်း ထပ်မှားနေကြတယ် … တကယ် မင်းတို့လုပ်သင့်တာက လက်နက်ကိုင်လမ်းစဉ်ကို စွန့်ပြီး အလင်းဝင်ဥပဒေဘောင်ထဲ ဝင်ဖို့ပဲ အဲဒီထဲရောက်ရင် ဥပဒေဘောင်အတွင်းက ပြည်သူတွေ လေးစားလာအောင် ခံယူဖို့ လိုတယ် … ပြည်သူတွေ လေးစားလာအောင် အလုပ်နဲ့ ပြပေါ့ … အဲဒီအခါ မင်းတို့ အတွက်ရော ပြည်သူအတွက်ပါ ငြိမ်းချမ်းခြင်းပဲ"

"ရှင်သွားတော့"

နိုင်မ လှည့်မကြည့်။ ဇွတ်တိုးမည့်ပုံ။

"မင်းကိုငါ သေနတ်နဲ့ ချိန်ထားတယ်"

"သတ္တိရှိရင် ပစ်လိုက်"

စိုးဒေဝါ သူ့သေနတ်မောင်းတွင် ကွေးထားသော လက်ညှိုးကို ညှစ်ချလိုက်သည်။ ကျန်ဆန်၏ တွန်းကန်အားကြောင့် လက်နှစ်ဖက်ထဲတွင် သေနတ်က တုန်သွားသည်။

သေနတ်သံက ဟိန်းထွက်သွားသည်။

နိုင်မ၏ လက်ပြင်နောက်ကျောတွင် အမည်းပေါက်ကလေးတစ်ပေါက် ဖြစ်သွားသည်။ နိုင်မ ကျောကလေးကော့၍ ဆတ်ဆတ်တုန်ကာ လဲသွားသည်။

သူ၏ စိတ်ကူးမြင်ကွင်းထဲမှာတော့ ဒါပဲဖြစ်၏။ တကယ်တော့ သူ မောင်းမဖြုတ်လိုက်မိခဲ့သေး။ မောင်းဖြုတ်ရမှာ





ကို လက်တွန့်နေနေသည်။

ဖြုတ်လေ … ဖြုတ် … ဖြုတ် … ပစ်လိုက်။

စိတ်ကတိုက်တွန်းနေသည်။ ဆုံးဖြတ်ချက် ချလိုက်သည်။ ပစ်မယ်

"ဒုန်း"

နိုင်မသည် သေနတ်ကြီးကို လွှတ်ချလိုက်၏။ ထိုင်နေရာမှ ဆတ်ခနဲ ထသည်။ သူမ မျက်နှာသည် ညှို့မှိုင်းနေရာမှ တည်ငြိမ်ရင့်ကျက်သော အသွင် ပြောင်းလွဲသွားသည်။

မမျှော်လင့်သော အပြုအမူကို ပြုလိုက်၏။

စိုးဒေဝါကို ပြေးဖက်လိုက်သည်။

"ရှင်ပြောတာ မှန်တယ် ကိုစိုးဒေဝါ … ကျွန်မ ပြည်သူတွေရဲ့ အမုန်းတရားကို မယူပါရစေနဲ့တော့ … ဒီနိုင်ငံရေးပုဂ္ဂိုလ်ကြီးကို သတ်လိုက်ရင် သူ့သေပေမယ့် နောက်လူစွမ်းကောင်းတွေ လာဦးမှာပဲ … အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦးကို သတ်တာဟာ အကြမ်းဖက်လိုက်တာပဲဆိုတာ ကျွန်မ စဉ်းစားမိလာတယ် … ကမ္ဘာကလည်း လက်ခံမှာ မဟုတ်ဘူး … ရှင်ပြောတာ မှန်တယ် … ကျွန်မ ဒီလိုလုပ်လည်း ကျွန်မတို့ တောတွင်းသောင်းကျန်းသူလမ်းစဉ်တွေကလည်း အောင်မြင် မှာ မဟုတ်ဘူး … ကျွန်မတို့ မြန်မာနိုင်ငံသားတွေဟာ အကြမ်းဖက်လမ်းစဉ်ကို လုံးဝလက်မခံဘူးဆိုတာ ကျွန်မသိနေခဲ့တာပဲ"

စိုးဒေဝါ ဝမ်းသာလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူသာ အဆောတလျင် မောင်းဖြုတ်ခဲ့ပါလျှင် ဒီလို ဖြစ်လာမည်မဟုတ်။

သူက အကြမ်းဖက်ခြင်းကို စွန့်ပြီး သဲအောတရားနှင့် သိမ်းသွင်းခဲ့လို့သာ နိုင်မအမြင်မှန်ရလာတာ။

"တို့ သိပ်ဝမ်းသာတယ် နိုင်မရယ် ... တကယ် မင်းကို အများ တရားပို့နေတာက တောထဲက မင်းတို့ဆရာကြီးတွေရဲ့ သွေးဆောင်ဖြားယောင်းမှုတွေနဲ့ မင်းအခု ကိုယ်မှာ ထိုး ထားတဲ့ မူးယစ်ဆေးဝါးပါပဲ ... ဝါဒတွေ အယူအဆတွေကို မူးယစ်ဆေးဝါးလိုပဲ လူကို သိမ်းသွင်းပြီး မျက်ဆီးဘာပါပဲ အမှားဝါဒ အမှားအယူအဆတွေ လူတွေမှာ မဖြစ်ကြဖို့ အရေးကြီးသည့် ... အယူဝါဒအမှားတရားတွေဖြစ်လာရင် လူတွေရဲ့ ဦးနှောက်ဟာ မူးယစ်ပြီး ဘာမှမမြင်တော့ဘူး အဲဒီအခါ ဝဋ်ပြဿနာတွေဖြစ်လာတယ်"

"နိုင်မ ဒီပဋိပက္ခတရားတွေ မလိုချင်တော့ပါဘူး ... နိုင်မ တို့ လက်နက်ကိုင်သောင်းကျန်းနေတာဟာ ပြည်သူတွေက လက်မခံတဲ့ အမှားတရားတွေပါ အစ်ကိုရယ် ... အစ်ကို ပြောသလို နိုင်မတို့ လက်နက်ကိုင်သောင်းကျန်းနေတဲ့ လူတွေဟာ လူမျိုးနဲ့ နိုင်ငံကို တကယ်ကောင်းစားစေချင် တဲ့ စေတနာရှိရင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်ပြီး ဥပဒေ ဘောင်ထဲ ဝင် ... ပြည်သူတွေနဲ့ လက်တွဲအလုပ်လုပ်ဖို့ ရှိကြ တာပဲအစ်ကို"

"ကိုယ် သိပ်ဝမ်းသာတာပဲ နိုင်မ ... ဒါဆို နိုင်မ လက်နက်





ကိုင်ဆူပူမှုလမ်းစဉ်ကို စွန့်လွှတ်လိုက်ပြီပေါ့"

"ဒါပါပဲ အစ်ကိုရယ်"

"နိုင်မ တို့ကို အစ်ကိုလို နဲ့ခေါ်တယ်နော်"

"နိုင်မလေ ... အစ်ကို့ကို ချစ်ခဲ့ပါတယ် ... သံယောဇဉ်ဆို တာလည်း ဖြစ်ခဲ့တယ် ... အဲဒီသံယောဇဉ်နဲ့ ချစ်မိတဲ့ နှလုံး သားကို နိုင်မ အလုပ်မဖြစ်မှာစိုးလို့ မောင်းထုတ်ခဲ့တယ် ဒါပေမယ့် မရပါဘူး အစ်ကိုရယ်"

"တို့လေ နိုင်မ အမှားတရားတွေ လုပ်မိမှာစိုးလို့ ချစ်မိတဲ့ စိတ်နဲ့ ဒီအထိ လိုက်ခဲ့မိတယ် ... နိုင်မကို တို့ ပစ်သတ်နိုင် လျက်နဲ့ မပစ်ရက်ခဲ့တာ ကြည့်တော့"

နိုင်ငံရေးသမား ပုဂ္ဂိုလ်ကြီးပါသော ကားတန်းကြီး လမ်းပေါ်မှာ ရောက်နေပါပြီ။ ပြည်သူလူထု၏ ဟစ်ကြွေးသံတွေက ကျက်အောင် ရိုက်ခတ်သွား၏။

ပြည်သူတွေ ပျော်နိုင်ကြပါစေ။

ပြည်သူတွေ ဝမ်းသာနိုင်ကြပါစေ။

တို့နိုင်ငံတော်လည်း သာယာဝပြောပါစေ။

စိုးဒေဝါသည် နိုင်မကို တင်းတင်းကျပ်ကျပ်ဖက် ထား၏။ နိုင်မ မျက်ဝန်းမှာ မျက်ရည်မကွဲ ပြည့်လို့။

ကြည်နူးမှုနဲ့ ဝမ်းသာမှု မျက်ရည်တွေပါကွယ်။

လေ့ကားမှ ခြေသံတွေ ကြားရသည်။ စိုးဒေဝါ အကြောင်းကြားခဲ့မှုကြောင့် နိုင်မကို လာခေါ်ကြမည့် ရဲတွေ ဥပဒေကို ရှိသေကြရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်မလက်နက်ကိုင်လမ်းစဉ်ကို စွန့်ပြီး ဥပဒေဘောင်ထဲ ဝင်ရောက်ဖို့ ကြိုဆိုလက်ခွာမ်းလာမည့်သူတွေ။

စိုးဒေဝါစိတ်ကူးကြည့်မိ၏။

နိုင်မ သူ့သေနတ်ကျည်ဆန်မှန်ပြီး လဲနေမည်။

နောက် ရဲတွေ ရောက်လာမည်။

နိုင်မခမျာ အသက်ကုန်ဆုံးနေပြီ။ သူမ၏လုပ်ရပ်ကို အမှားနှင့်သာဆုံးဖြတ်ကြတော့မည်။

ခုတော့ ...

ဆုံကြဦးမယ်ကွယ်

စောညို

၁၀·၁၁·၂၀၀၉



www.burmeseclassic.com